
ရှောက်ရှီ၏အုယံကုန်းကြည်
တက္ကသိုလ်
နေလင်းအောင်
သိုင်းမြေမဟာဓိမှန်းဇာတရိ
စာစဉ်(၈)
၄ အုပ်တွဲသိုင်းစာစဉ်
သိုင်းစာစဉ်များPAGE



တရုတ်သိုင်း
နှေလင်းဒေါင်
သိုင်းမြေမဟာမှုန်နှင်းကောရီ
တစဉ်(၈)

တက္ကသိုလ်နေလင်းအောင်

# သိုင်းမြေမဟီမှ နန်းကောရီ

စာစဉ် (၁)

စာမူခွင့်ပြုချက်အမှတ် ၅၀၀ရ၉၁၀၅၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၈၀၅၀၇

၂၀၀၅ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်(၀၄၆၈၂)
၂၃၉၊ ဓမ္မာသီလလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှိုက်**
ဦးထွန်းလင်း၊
(ဖိုးဝအော့ဖ်ဆက်)
အမှတ် ၁၄၇၊ ၄၅ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အခန်း ၄၃။

## ရန်သူတော်ကို တွေ့ဆုံခြင်း

တနေ့ဝင်၍ တမိုးချုပ်ခဲ့ပြန်ပြီတည်း။

ဟိုက်ဝူရန်သည် ဇရပ်အုတ်ခုံပေါ် ထိုင်နေရာမှ ဖြတ်ခနဲ မတ်တတ်ရပ်လိုက်ပြီး ရိပ်ဆန်ရန်ကို လှမ်းပြောသည်။

"ဆရာကြီး .... သွားကြစို့"

"ဟိုအဘိုးကြီးကို မစောင့်တော့ဘူးလား .... "

"စောင့်ဖို့ မလိုပါဘူး....အချိန်တန်ရင် ပြန်ဆုံကြမှာ သေချာပါတယ် .... "

"ကောင်းပြီ .... ကောင်းပြီ .... "

ဟိုက်ဝူရန်နှင့် ရိပ်ဟန်ဆန်တို့သည် ဇရပ်ပေါ်မှ ဆင်းလာကြပြီးသည်နှင့် မြင်းများပေါ် ခုန်တက်လိုက်ကြသည်။ ရိပ်ဆန်ရန်က လှမ်းပြောသည်။

"ဆရာလေး ဒီနေရာဟာ လူသူအရောက်အပေါက်အတော်နည်းတဲ့ နေရာပဲ .... ထူးခြားတာက ကျုပ်အသက်ရှူရတာ မဝသလိုပဲ၊ ဘျွန်တော်တို့ ရောက်နေတဲ့ နေရာက အင်မတန်မြင့်တဲ့ တောင်ထိပ်ပေါ် ရောက်နေ လို့ပါ....နောက်နှစ်ရက်လောက်ဆို ကျင့်သားရသွားမှာပါ"

"ဒါနဲ့….ဆရာလေးဆီမှာ ဘယ်လိုအစီစဉ်တွေ ရှိနေသေးသလဲ ကျုပ်တို့ မတွေးတတ်ဘူး…. ကျုပ်ကတော့ ….ဆရာလေးခိုင်းတာနဲ့ ဘာမဆို လိုက်လုပ်မယ့်လူပါ….အခြေအနေကတော့ ရတနာသိုက်ကို မက်မော သူတွေ တယ်များနေတာပဲ …. "

"လူ့လောကမှာ လောဘသားကောင်တွေ များတယ်ဗျ…. အများအကျိုးအတွက် အနစ်နာခံလုပ်မယ့်လူက နည်းတယ်…. ဒီတော့ ကျွန်တော်တို့ဟာ ကိုယ့်ရည်မှန်းချက် မပျောက်အောင်လုပ်ရ လိမ့်မယ် …. "

"ဟုတ်ပါတယ် ဆရာလေး…. ဒါပေမယ့် ရတနာသိုက်ကို လိုချင်နေတဲ့လူတွေက မပျော်ရွှင်အဖွဲ့ကြီးရယ်၊ အဝတ်ဖြူ လင်မယား ရယ်၊ ဆွတ်နီအဖွဲ့က လိုချန်ကြင်းရယ်၊ ပူတာလနန်းတော်က ကျခက် ဟန်ဘတို့ အုပ်စုရယ်ဆိုတော့ ရန်သူတွေက အများကြီး ဖြစ်နေတယ်၊ တကယ့်ပွဲကြီးပွဲကောင်းကို ဆင်နွှဲရမှာဆိုတော့ ပျော်စရာကောင်းသေး၊ ဟား …. ဟား …. ဟား"

ဟိုက်ဝူရန်သည် ရိပ်ဆန်ရန်ကို ဘာမျှပြောမနေတော့ဘဲ ရှေ့ကို သာ အာရုံစိုက်ပြီး အသော့နှင်လာခဲ့တော့သည်။

ရိပ်ဆန်ရန်သည် ဟိုကြည့်သည်ကြည့် လုပ်နေရင်းက ခပ်ဝေး ဝေး ရောက်သွားသော ဟိုက်ဝူရန်ကို လှမ်းအော်လိုက်ပြန်သည်။

"ဟျို့ဆရာလေး…. ဖြည်းဖြည်း သွားပါဗျ…. မြန်လိုက်တာ လွန်ရော …. "

ဟိုက်ဝူရန်သည် နောက်ကို လုံးဝလှည့်မကြည့်တော့ပေ၊ ရိပ် ဆန်ရန်သည် မြင်းတင်ပါးကို ပုတ်လိုက်ပြီး ခပ်သော့သော့လိုက်သွား



သည်။ ရုတ်တရက် ဝှစ်ခနဲ အသံတစ်ခု ပေါ်လာပြီး အရာဝတ္ထု သည် ရိပ်ဆန်ရန် ကျောပေါ်ကျရောက်လာသည်။

"အို …. "

ရိပ်ဆန်ရန်သည် အလန့်တကြားဖြစ်သွားပြီး ကျောပေါ်ကျ ရောက်လာသောအရာကို ဖျတ်ခနဲ ဖမ်းဆုပ်လိုက်သည်။ အရာဝတ္ထု သည် ကြိုးတစ်ချောင်းပင် ဖြစ်သည်။ ရိပ်ဆန်ရန်သည် အခြေအနေ ကို ရိပ်မိလိုက်သဖြင့် ကြိုးစကို ဆောင့်ပြီး ဆွဲယူလိုက်သည်။

သို့သော် ကြိုးသည် သံချောင်းကြီးလို တောင့်ခနဲဖြစ်သွားပြီး တဖျပ်ဖျပ် မြည်လာသည်။ တစ်ဖက်ကြိုးစကို ကိုင်ထားသော ရန်သူ သည် အားကြီးသူပင် တကား။

ရိပ်ဆန်ရန်သည် တစ်ဖက်ကြိုးကို မြဲမြဲစွာ ဆုပ်ကိုင်ရင်း အားယူဆွဲနေမိပြန်သည်။ သို့သော် တစ်ဖက်မှ တုံ့ပြန်ဆွဲအားသည် ကြီးမားပြင်းထန်နေသဖြင့် ရိပ်ဆန်ရန်သည် မြင်းပေါ်မှ ပြုတ်ကျသွား တော့၏။ မကြာမီမှာပင် ရိပ်ဆန်ရန်၏ ကိုယ်လုံးကြီးသည် ကြိုးစကို ဆုပ်ကိုင်ထားရင်း မြောက်ပါသွားသည်။

ရန်သူသည် သစ်ပင်ပေါ်မှ ရှိနေပါတကား။

ရိပ်ဆန်ရန်သည် ရန်သူကို လှမ်းကြည့်ရင်း တအံ့တသြဖြစ် သွားတော့သည်။ သစ်ပင်ပေါ်မှလူသည် တဟားဟားရယ်နေရင်းက ကြိုးကိုဆွဲပြီး မြောက်တက်လာသော ရိပ်ဆန်ရန်ကို ဝှစ်ခနဲ လှမ်းရိုက် လိုက်တော့သည်။

ရိပ်ဆန်ရန်သည် ကြိုးစကိုလွှတ်လိုက်ပြီး မြေကြီးပေါ် ခုန်ချလိုက် ရ၏။ ထိုအချိန်မှာပင် သစ်ပင်ပေါ်မှလူသည် အောက်သို့ ခုန်ဆင်းလာ

တော့သည်။

ရိပ်ဆန်ရန်သည် အလွန်ဒေါသထွက်လာပြီ ဖြစ်သဖြင့် လက်ဝါးနှစ်ဖက်ကို ဇှေ့ယမ်းလိုက်ပြီး ဖျတ်ခနဲ ပြေးရိုက်လိုက်တော့သည်။

"ဖြန်း .... ဖြန်း"

ရန်သူ၏ လက်နှစ်ဖက်နှင့် ရိပ်ဆန်ရန်၏ လက်နှစ်ဖက်သည် အရှိန်ပြင်းစွာ ထိတွေ့သွားပြီး အသံကျယ်ကြီး မြည်ဟည်းသွားတော့သည်။

ရိပ်ဆန်ရန်သည် ရန်သူကို လွယ်လွယ်တိုက်၍ မရကြောင်း သဘောပေါက်လာသည်။

ရိပ်ဆန်ရန် ငြိမ်ရပ်နေစဉ် ထိုလူက ရှေ့ကိုတိုးလာသည်။

ထိုအချိန်ကျမှ ထိုလူ၏ မျက်နှာတွင် မျက်နှာဖုံးတပ်ထားကြောင်း သိရတော့သည်။ မျက်နှာဖုံးသည် ငှက်စွန်ကြီးနှင့်တူသော မျက်နှာဖုံးပင်။

လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သောအခါတွင် တကယ့်ငှက်စွန်ကြီးလား အောက်မေ့ရသည်။

ရန်သူသည် လက်နှစ်ဖက်ကို ဆန့်တန်းထားရင်း ဖြတ်ခနဲ လှမ်းကုတ်လာသည်။ ရိပ်ဆန်ရန်သည် ထိတ်ခနဲ ဖြစ်သွားပြီး ခါးကြားတွင် ချိတ်ထားသော သံကွင်းကြိုးကို ဖြုတ်ယူလိုက်ရတော့သည်။

ထို့နောက်တွင်မူ ရှေ့ကိုတိုးလာသော ရန်သူကို ဝှစ်ခနဲ ဝှစ်ခနဲ ရိုက်ချလိုက်တော့သည်။

သို့သော်.... မျက်နှာဖုံးစွပ်လူက အသာလေးရှောင်ထွက်သွား



ရုံမက သံကွင်းဆက်ကြိုးကို ဖမ်းဆွဲလိုက်တော့၏။ ထို့နောက်တွင်မူ အားနေသော လက်တစ်ဖက်နှင့် ရိပ်ဆန်ရန်၏ မျက်နှာကို ဆွဲကုတ်လိုက်ပြန်သည်။

ရိပ်ဆန်ရန်သည် ကြောက်ရွံ့ထိတ်လန့်သွားပြီး မြေကြီးပေါ် လိမ့်ချကာ တစ်ဖက်သို့ ရှောင်ထွက်လိုက်ရတော့၏။

ထိုစဉ် မျက်နှာဖုံးစွပ်လူက လွှားခနဲ ခုန်အုပ်လာပြန်သည်။ ရုတ်တရက် မျက်နှာဖုံးစွပ်လူရှေ့သို့ လူရိပ်တစ်ရိပ်သည် လှစ်ခနဲ ရောက်လာတော့သည်။

မမျှော်လင့်ဘဲ ရောက်လာသော အရိပ်သဏ္ဍာန်ကြောင့် မျက်နှာဖုံးစွပ်လူသည် ထိတ်ခနဲဖြစ်သွားပြီး မျက်လုံးပြူးသွားတော့၏။

ထိုအချိန်မှာပင် သစ်ရွက်ကြားမှ လရောင်သည် ဝင်းပစွာ ဖြာကျလာတော့သည်။ မြင်ကွင်းသည် စောစောထက်ပိုပြီး ထင်ရှားလာလေပြီ။

လူနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အကဲခတ်မိနေကြသဖြင့် ကျားကြီးနှစ်ကောင်လို မာန်စောင်ပြီး ရပ်နေကြလေပြီ။

ရုတ်တရက် ရောက်လာသူသည် ဟိုက်ဝူရန်ပင် ဖြစ်သည်။ ဟိုက်ဝူရန်သည် စွန်ငှက်မျက်နှာဖုံးနှင့်လူကို စိုက်ကြည့်နေပြီး တအံ့တသြဖြစ်နေမိသည်။

စွန်ငှက်မျက်နှာဖုံးနှင့်လူက ဟက်ခနဲရယ်ပြီး လှမ်းမေး၏။

"မိတ်ဆွေရဲ့နာမည်က ဘယ်သူများလဲ ...."

"ဟိုက်ဝူရန်ပါ .... ခင်ဗျားကကော ...."

စွန်ငှက်မျက်နှာဖုံးရှင်က မဖြေ၊ ခေါင်းကိုသာ ခါယမ်းပြီး

မကြာဘူးဟန် ပြသည်။ ထို့နောက် ရိပ်ဆန်ရန်ကို လှမ်းမေးသည်။

"ဗျို့ ....မိတ်ဆွေကြီး ခင်ဗျားနာမည်ကရော တဆိတ်လောက် သိပါရစေ .... "

ရိပ်ဆန်ရန်သည် ဒေါသဖြစ်နေသူဖြစ်သဖြင့် မိုက်ကန်းကန်း လှမ်းကြည့်သည်။

"မင်းက ဘာကောင်မို့ ဟိုမေး ....ဒီမေး လျှောက်မေးတာလဲ"

စွန်ငှက်မျက်နှာဖုံးရှင်က တဟားဟားရယ်သည်။

"ဟား ....ဟား ....လူက ခေါင်းဖြူစွယ်ကျိုး ....ဒေါသကတော့ တယ်ကြီးကိုး .... "

စွန်ငှက်မျက်နှာဖုံးရှင်သည် ရိပ်ဆန်ရန်ကို စိုက်ကြည့်လိုက်၏။ စူးရဲသောအကြည့်ကြောင့် ရိပ်ဆန်ရန် ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ သို့သော် ဟိုက်ဝူရန် ရှေ့မို့ ရှက်လည်းရှက်၊ ဒေါသလည်းပိုထွက်လာသဖြင့် ခပ်မိုက်မိုက် ရှေ့ကိုတိုးလာသည်။

"ဒီမယ်မိတ်ဆွေ ....ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးမနေစမ်းပါနဲ့ .... "

စွန်ငှက်မျက်နှာဖုံးရှင်က ရိပ်ဆန်ရန်ကိုကြည့်ပြီး ဟက်ခနဲ ရယ်လိုက်ပြန်သည်။

ရိပ်ဆန်ရန်သည် သိုင်းပညာ ညံ့ဖျင်းလွန်းသူ မဟုတ်ပါ။ သို့သော် စွန်ငှက်မျက်နှာဖုံးရှင်ကိုကား အနိုင်မတိုက်နိုင်ကြောင်း သိနေသည်။

ဟိုက်ဝူရန်က ရိပ်ဆန်ရန်၏ အခြေအနေကိုကြည့်ပြီး စွန်ငှက်မျက်နှာဖုံးရှင်၏ သိုင်းပညာကို တွက်ချက်နေမိသည်။



စွန်ငှက်မျက်နှာဖုံးရှင်သည် သိုင်းပညာ ကောင်းသူကား အမှန်ပင်။ မိမိပင်လျှင် ထိုလူကို သတိထားပြီး တိုက်ရမည့် အခြေအနေဖြစ်သည်။

ထို့ကြောင့် ရှေ့ကိုတိုးပြီး ရိပ်ဆန်ရန်ကို လှမ်းပြောသည်။

"ဆရာကြီး ....ခဏလောက် အနားယူလိုက်ပါ ....ဒီမိတ်ဆွေရဲ့ သိုင်းပညာကို ကျွန်တော်စမ်းကြည့်ချင်ပါတယ် .... "

ရိပ်ဆန်ရန်သည် ယခုမှ အသက်ရှူပေါက် ရသွားတော့၏။

စွန်ငှက်မျက်နှာဖုံးရှင်သည် မချိုပြုံး ပြုံးရင်းက ဟိုက်ဝူရန်ဘက်ကို ပြန်လှည့်လာသည်။ ဟိုက်ဝူရန်သည် အတွင်းအားများစုစည်းပြီး ရှေ့ကို တစ်လှမ်းကိုးသွားသည်။ စွန်ငှက်မျက်နှာဖုံးရှင်သည် ငြိမ်သက်စွာ ရပ်နေဆဲပင်။

ဟိုက်ဝူရန်သည် ရှေ့ကို ထပ်တိုးသွားပြန်သည်။

မျက်နှာဖုံးစွပ်သည် မျက်မှောင်ကြုတ်လိုက်ပြီး အံကြိတ်လာသည်။

ဟိုက်ဝူရန်က လက်နှစ်ဖက်ကို မြှောက်တင်လိုက်သည်။

မျက်နှာဖုံးစွပ်ကလည်း လက်နှစ်ဖက်ကို မြှောက်တင်လာ၏။

[illegible]လေးဘက်သည် ဖြန်းခနဲ တွေ့သွားပြီး တစ်ယောက်ကို တစ်ယောက် တွန်းနေကြတော့သည်။

အရိုးမြည်သံ တဖျစ်ဖျစ်ပင် ကျယ်လောင်စွာ မြည်လာသည်။

မျက်နှာဖုံးစွပ်သည် နှစ်ကြိမ် နောက်ဆုတ်ပေးရသည်။

ရိပ်ဆန်ရန်သည် ကြောက်စရာကောင်းသော အတွင်းအားပြိုင်ဆိုင်မှုကို မျက်လုံးပြူးပြီး ကြည့်နေမိသည်။

မျက်နှာဖုံးစွပ်ထဲမှ ချွေးများ ယိုစီးကျလာနေသည်။

ရုတ်တရက် လက်လေးဖက် ကွဲကွာသွားသည်။

စွန်ငှက်မျက်နှာဖုံးရှင်၏ မကျေမနပ် တက်ခေါက်သံ ပေါ်လာသည်။

ဟိုက်ဝူရန်က အေးတိအေးစက်နှင့် စိုက်ကြည့်နေတုန်းပင်။

အတွင်းအားပြိုင်ပွဲတွင် စွန်ငှက်မျက်နှာဖုံးရှင် ရှုံးနိမ့်သွားချေပြီ။

"အခြေအနေက သိသာနေပါပြီ .... "

ဟိုက်ဝူရန်က ခပ်တိုးတိုးပင် ပြောသည်။

စွန်ငှက်မျက်နှာဖုံးရှင်သည် အံကြိတ်ပြီး ငြိမ်နေရာမှ ဟိုက်ဝူရန်ကို ဝုန်းခနဲ ခုန်အုပ်လာသည်။

သတိကြီးမားလှသော ဟိုက်ဝူရန်သည် ဘေးသို့ ဖျတ်ခနဲ ရှောင်ထွက်လိုက်ပြီး ညာလက်ဝါးနှင့် ပင့်ရိုက်ပစ်လိုက်သည်။

ဖြန်း .... ဖြန်း .... ဟူသော အသံကြီးသည် ကြောက်စရာကောင်းအောင် မြည်ဟည်းသွားသည်။

စွန်ငှက်မျက်နှာဖုံးရှင်၏ လက်ဝါးနှင့် ဟိုက်ဝူရန်၏ လက်ဝါး ထိတွေ့သွားခြင်းပင်။

စွန်ငှက်မျက်နှာဖုံးရှင်သည် နောက်သို့ ကျွမ်းပစ်ထွက်သွားပြီး ခုန်ပျံပျောက်ကွယ်သွားတော့သည်။

◆◆◆



ဟိုက်ဝူရန်သည် မြင်းပေါ်ခုန်တက်ပြီးသည်နှင့် ရိုပ်ဆန်ရန့်ကို လှမ်းကြည့်လိုက်သည်။

ရိုပ်ဆန်ရန့်သည် တအံ့တသြ ဖြစ်နေရာမှ မြင်းပေါ်ခုန်တက်လိုက်ရတော့သည်။

"ဆရာလေးက ဘာဖြစ်လို့ ပြန်လွှတ်လိုက်ရတာလဲ .... "

"ရှေ့ဆက်ရမယ့်ခရီးဟာ .... တစ်ချိန်ထက်တစ်ချိန် ပိုပြီး ကြမ်းတမ်းခက်ခဲလာမှာ သေချာတယ် .... မျှော်လင့်ထားတာထက် အန္တရာယ်ပိုများမှာ သေချာနေတယ် .... "

ရိုပ်ဆန်ရန့်သည် ဟိုက်ဝူရန်၏ ဆိုလိုချက်ကို နားမလည်ချေ။

မြင်းနှစ်ကောင်နှင့် ကုလားအုပ်တစ်ကောင်သည် တောင်ပေါ်တောလမ်းကလေးထဲတွင် ကွေ့ချည်ကောက်ချည်သွားနေဆဲပင်။

"ဆရာလေး ဟိုလူ ဘယ်သူဆိုတာ သိလား .... "

ဟိုက်ဝူရန်က ပြုံးစိစိလုပ်နေပြန်သည်။

"ဆရာလေး ကြည့်ရတာ .... ဟိုလူ့ကို သိထားသလိုလိုပဲ"

"ကျွန်တော် ဒီလူ့ကို တွေ့ချင်နေတာ ကြာပြီ .... ခုတော့ မမျှော်လင့်ဘဲ လာတွေ့ခဲ့တယ် .... သူ ဘယ်သူဆိုတာ ဆရာကြီး သိရင် သိပ်အံ့သြသွားမယ် .... "

"သူက ဘယ်သူမို့လဲ .... "

"ကျခက်ဟန်ဘဖြစ်ဖို့ များပါတယ် .... ကျွန်တော်ကတော့ ကျခက်ဟန်ဘလို့ပဲ ယူဆတယ် .... "

"ကျခက်ဟန်ဘ ဟုတ်လား .... "

ရိုပ်ဆန်ရန့်၏အသံသည် လိုအပ်သည်ထက်ပိုကျယ်သွားသည်။

"ဟုတ်တယ် .... သူမှ သူပဲ .... ခုချိန်မှ ဒီလောက်ကြီးတဲ့ စွမ်းအားရှင်ဟာ.... သူကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူး.... ပြီးတော့ သူ့သိုင်းကွက်တွေဟာ.... တော်တော် ထူးဆန်းတဲ့ သိုင်းကွက်တွေပဲ"

"ဒီလိုဆိုရင်.... သူက ဘာဖြစ်လို့ မျက်နှာဖုံးစွပ်ထားရတာလဲ .... "

"ဆရာကြီးကလည်း မျက်နှာဖုံးမစွပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ သူက ဘုရင့်အနားက ထိပ်တန်းပုဂ္ဂိုလ်ပဲဥစ္စာ .... တခြားလူတွေ သိသွားလို့ ဘယ်ဖြစ်မလဲ.... နောက်တစ်ချက်က သူဟာ ကျွန်တော်တို့ကို ဘယ်သူမှ မသိအောင် ရှင်းပစ်ချင်နေတာ .... ဒါကြောင့် ခုလို စွန့်စားလာတာပဲ.... လက်တွေ့ကျတော့ အဖြေက သူဖြစ်ချင်သလို ထွက်မလာဘူး .... "

"သူ့သိုင်းအားနဲ့ ပညာက ဘယ်လိုလဲ .... "

"တော်တော်ကောင်းတယ်.... ဖျိုင်းဖြူခေါင်းလစ်နဲ့ တန်းတူလောက်ရှိတယ် .... "

"အို .... ဒါဆို မလွယ်ဘူးထင်တယ် .... "

"ဟုတ်တယ် .... လွယ်တော့မလွယ်လှဘူး .... ဒါပေမယ့် မလွယ်တာကို လွယ်အောင်လုပ်ရမှာက ကျွန်တော့်တာဝန်ပဲ .... "

"မှန်ပါတယ်.... ဒီလူရောက်လာတာဟာ.... သွေးတိုးလာစမ်းတာပါ.... ပညာကုန်ပြသွားတာ မဟုတ်သေးဘူး.... နောက်တစ်ခါ တွေ့ရင်တော့ .... အစွမ်းကုန်ကျဲလာမှာ သေချာတယ် .... "

မြင်းခွာသံသည် စည်းချက်မှန်စွာ ထွက်ပေါ်နေလေသည်။ ...င်းနေသော နေရောင်သည် တဖြည်းဖြည်းပျောက်ကွယ်သွားသည်။



အမှောင်ထုသည် ဝိုပြီး မည်းလာသည်။

ရိပ်ဆန်ရန်သည် မြေပြန့်တွင် အနေများသူဖြစ်သဖြင့် တောင်ပေါ်သို့ ရောက်သောအခါ အနေရအထိုင်ရ ခက်သလိုဖြစ်နေသည်။ အသက်ရှူမဝခြင်းသည် ဝေဒနာတစ်ခုပင်။ ယခုလည်း မြင်းစီးရင်း အသက်ကိုမနည်းမှန်အောင် ရှူနေရသည်။

"ခက်လိုက်တာ.... ဒီနေရာရောက်မှ အသက်ရှူရဖို့ ခက်လာတယ် .... အသက်ကြီးလာလို့ ရောဂါထူလာတာပဲ .... အသုံးမကျတဲ့ရောဂါ .... "

ဟိုက်ဝူရန်သည် ရိပ်ဆန်ရ၏ အခြေအနေကို ရိပ်မိလိုက်သဖြင့် နောက်ပြန်လှည့်လာသည်။

"ဆရာကြီး အနေရအထိုင်ရ တော်တော်ဆိုးသလား"

"သိပ်အဆိုးကြီးတော့ မဟုတ်ပါဘူး.... ရောဂါဟောင်းပြန်ထတာနဲ့တူပါတယ် .... "

ဟိုက်ဝူရန် စိတ်မောသွား၏။ သက်ပြင်းပင် ချလိုက်မိသည်။

"ဟင်း.... အရေးထဲ အရာပေါ်ဆိုတာ ဒါမျိုးပဲ.... ကျွန်တော်က ဆရာကြီးဆီက အကူညီရလိမ့်မယ်လို့ မျှော်လင့်ထားတာ .... ခုဆို အခြေအနေက တစ်မျိုးဖြစ်သွားပြီ.... ခရီးမဆက်နိုင်ရင်လည်း ပြန်ချင်ပြန်ပါ .... "

"ဟား .... ဟား .... ဆရာလေးက ကျုပ်ကို အထင်သေးတာကိုး .... ကျုပ်ဟာ .... အမှိုက်သရိုက်ဘဝကို မရောက်သေးပါဘူး၊ ကျုပ်ရောဂါက ဆယ်နှစ်ကျော်က ရောဂါပါ .... ကျခက်ဟန်ဘနဲ့ တိုက်ရင်း ချွေးတွေရွှဲခဲ့လို့ အအေးမိတာ ဖြစ်လိမ့်မယ်.... ဒါမှမဟုတ်

ရောဂါပျောက်ပြန်ထတော ဖြစ်မှာပါ....ဒါပေမယ့် တိုက်နိုင်တဲ့အားကတော့ ရှိပါသေးတယ် ...."

ဟိုက်ဝူရန်က ဘာစကားမျှ မပြောတော့ဘဲ အင်္ကျီအိတ်ထဲမှ ဆေးလုံးတစ်လုံးကို ထုတ်ယူကာ ရိပ်ဆန်ရန်ကို လှမ်းပေးသည်။

"ရော .... ဒီဆေးကို သောက်လိုက်ပါ ...."

ရိပ်ဆန်ရန်သည် ဟောဟဲ....ဟောဟဲ ဖြစ်နေရာမှ လေကို စုတ်ယူပြီး အသက်ရှူနေရပြန်သည်။ ထို့နောက် ဆေးလုံးကို ပါးစပ်ထဲ ပစ်ထည့်လိုက်ပြီး အတင်းမျိုချလိုက်ရတော့သည်။

သို့နှင့် ရှေ့ကိုဆက်လာမိသောအခါ လေကွယ်သော ချောက်ကမ်းပါးကြီးထဲသို့ရောက်ရှိခဲ့ကြတော့သည်။ ချောက်ကမ်းပါးအောက်တွင် လိုဏ်ဂူလို နေရာများရှိနေသဖြင့် ခိုအောင်းနေထိုင်၍ ကောင်းမည့်နေရာကို ရွေးချယ်ပြီး မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြလေ၏။

"ကဲ .... ခဏတဖြုတ် နားလိုက်ကြဦးစို့ ...."

"ကျေးဇူးပဲ ဆရာလေး ...."

ရိပ်ဆန်ရန်သည် ကျောက်နံရံကိုမှီရင်း မျက်လုံးကိုစုံမှိတ်ထားလိုက်တော့သည်။

ဟိုက်ဝူရန်သည် မီးတုတ်တစ်ခုကိုထုတ်ယူလိုက်ပြီး မီးထွန်းညှိလိုက်လေ၏။ ထို့နောက်တွင်မူ မီးတိုင်ကို မြေတွင် စိုက်လိုက်ပြီး၊ တင်ပျဉ်ခွေ ထိုင်ကာ ဆတ်သားရေ မြေပုံညွှန်းကို ထုတ်ယူလိုက်ပြီး စစ်ဆေးကြည့်လိုက်ပြန်၏။ ထို့နောက် ရိပ်ဆန်ရန်ကို လှမ်းပြောသည်။

"နောက်ထပ်ဆယ့်ခုနစ်မိုင်လောက် ခရီးပေါက်ရင် မြို့ကလေးတစ်မြို့ကို ရောက်လိမ့်မယ် ဆရာကြီး....နာမည်ကတော့ 'ဆားမိုးရွယ်' မြို့လို့ခေါ်တယ်....ဟိုရောက်မှ အေးအေးဆေးဆေး အနားယူပြီး ခရီးဆက်မယ် ...."

နှစ်ယောက်စလုံးသည် အချိန်အတော်ကြာအောင် အနားယူပြီးသည်နှင့် ခရီးဆက်ကြပြန်တော့သည်။

◆◆◆

တောကြီးတစ်ခုနှင့် တောင်ကြီးတစ်လုံးကို ကျော်မိကြသောအခါ ဆားမိုးရွယ် မြို့ကလေးကို တွေ့ရတော့သည်။

ဆားမိုးရွယ်မြို့သည် မြို့ဟုဆိုရသော်လည်း ရွာကလေးသာသာမျှသာ ဖြစ်သည်။

လမ်းခုနစ်လမ်းမျှသာရှိပြီး အိမ်တိုင်းလိုလို ရှက်ထည်တဲများ ဖြစ်သည်။

တဲအိမ်များသည် တစ်စုတစ်ဝေးကြီးဖြစ်ပြီး မြို့ရိုးလို ခြံဝင်းကြီးခတ်ထားသည်။ ဝင်ပေါက် ထွက်ပေါက်များလည်း ရှိသည်။

ဟိုက်ဝူရန်က တိဗက်ပြည်နှင့် တိဗက်လူမျိုးတို့၏ လေ့ထုံးစံများကို ကြိုတင်လေ့လာပြီး ဖြစ်၏။ တိဗက်တွင် တည်းခိုရိပ်သာနှင့် အငှားအိမ်များ မရှိပေ။ တဲအိမ်ရှင်ထံ သွားပြီး ခွင့်တောင်းမှသာ တည်းခိုနိုင်သည်။

စင်စစ် တိဗက်တို့မှာ နေရာအတည်တကျ နေထိုင်လေ့မရှိပေ။ သူတို့သည် ခရီးသွားဧည့်သည်များ လာရောက်တည်းခိုခြင်းကို သာသဘောကျဂုဏ်ယူတတ်သူများဖြစ်သဖြင့် ဧည့်ဝတ်လည်း ကျေပွန်တတ်ကြသည်။

မြို့အဝင်မှာပင် ခွေးဟောင်သံများကို ကြားကြရသည်။

ဟိုက်ဝူရန်တို့က ခွေးဟောင်သံများ ပေါ်လာသည်နှင့်မြင်းခက်ကြိုးကို ဆွဲပြီး ရပ်နေလိုက်ကြသည်။

ကွမ်းတစ်ယာညက်ခန့်ကြာသောအခါ ဆိတ်သားရေ မြိုထားသော လူတစ်ယောက်မှာ ဂီတာကြီးကို ကိုင်ပြီး ခပ်သုတ်သုတ် လျှောက်လာနေသည်ကို တွေ့ရတော့၏။ လက်တစ်ဖက်တွင် ဆေးတံကြီးပါ,ပါလာသည်။ ထိုလူအနီးသို့ ရောက်သောအခါ ရိုပ်ဆန်ရန်က ဤမြို့တွင် ခေတ္တတည်းခိုလိုကြောင်း ပြောလိုက်သည်။

ဆေးတံလူက ဟိုက်ဝူရန်တို့ကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီးမှ တိဗက်လို ပြောသည်။ ရိပ်ဆန်ရန်က ဟိုက်ဝူရန်ကို ဘာသာပြန်ပြသည်။

"ဆရာလေး.... ဒီလူကပြောတာယ်.... တည်းခိုဖို့ ရောက်လာတဲ့ တရုတ်ဧည့်သည်တွေ မနည်းတော့ဘူးတဲ့ .... "

"ဒါဆိုအဲတော်ပဲ ဆရာကြီးရေ.... ကျွန်တော်တို့ တွေ့ချင်တဲ့ လူတွေကို တွေ့ရတော့မယ် ထင်တယ် .... "

ထိုစဉ် ဆေးတံကြီးနှင့်တိဗက်က တဲကြီးတစ်လုံးကို လက်ညှိုးထိုးပြရင်း ပြောလာပြန်သည်။

" .... .... "

"ဆရာလေး.... ဟိုရှေ့က တဲကြီးမှာ တည်းခိုရင် ရမယ်တဲ့"

ဟိုက်ဝူရန်က ဆေးတံကြီးနှင့်အတူ ညွှန်ပြသော တဲအိမ်ကို လှမ်းကြည့်သည်။

ကြီးမားသော ရွက်ဘုည်တဲကြီးငါးလုံးကို တွေ့ရသည်။ တဲရှေ့



တွင် မီးအိမ်ကြီးများ ထိန်နေအောင် ထွန်းထားသည်။ ထိုတဲကြီးငါးလုံး၏ ပုံစံမှာ အခြားတဲကလေးနှင့် မတူချေ။

ဟိုက်ဝူရန်နှင့် ရိပ်ဆန်ရန်တို့သည် မြို့တွင်းသို့ ဝင်ခဲ့မိကြသည်။ ထို့နောက် ဆေးတံကြီးနှင့်လူညွှန်ပြသော တဲကြီးရှေ့သို့ ရောက်ခဲ့သည်။ ထိုစဉ် တဲအိမ်ကြီးထဲမှ လူတစ်ယောက်က တံခါးဖွင့်ပြီးထွက်လာ၏။ ထိုလူက ဟိုက်ဝူရန်တို့ကို သေသေချာချာ အကဲခတ်လိုက်ပြီး တိဗက်စကားနှင့်ပြန်ပြော၏။ ရိပ်ဆန်ရန်ကလည်း မထောက်တခေါက် တတ်ထားသော တိဗက်စကားနှင့် ပြန်ပြောသည်။

ထို့နောက် တဲအိမ်ထဲမှ ထွက်လာသူကတိဗက်စကားနှင့် မပြောတော့ဘဲ တရုတ်စကားနှင့် ပြောလာသည်။

"မိတ်ဆွေတို့က တရုတ်တွေနော် .... "

"ဟုတ်ပါတယ် .... "

"ကောင်းပြီ .... ကဲ .... အထဲကိုကြွကြပါ .... "

ထိုလူသည် ဟိုက်ဝူရန်တို့ကို ခေါ်ရင်း၊ တိဗက်စကားနှင့် ခပ်ကျယ်ကျယ် လှမ်းအော်၏။ ဤတွင် တဲကြီးထဲမှ လူငယ်လေးတစ်ယောက်ထွက်လာပြီး ဟိုက်ဝူရန်တို့၏ မြင်းနှစ်ကောင်နှင့် ကုလားအုတ်ကို မောင်းနှင်သွားသည်။

"ကျေးဇူးတင်ပါတယ် မိတ်ဆွေ.... ဒါနဲ့ မိတ်ဆွေရဲ့နာမည်က"

ရိပ်ဆန်ရန်က မေးသည်။ ထိုလူက ....

"ကျုပ်နာမည်က လောလျှံပါ.... ဒီမှာ ဌာဆောင်တာဝန်ယူထားတဲ့လူပါ .... မိတ်ဆွေတို့ကကော ဘာများ လုပ်ကိုင်ကြပါသလဲ

"ကျုပ်တို့က နေရာအနှံ့သွားနေတဲ့လူတွေပဲ.... ကုန်သည်ပွဲစား

ဆိုပါတော့ .... ပိုးသားကတ္တီပါနဲ့ အဝတ်စတွေပါ .... ”

“ဟား .... ဟား .... ကောင်းတယ် .... ကဲ .... အထဲကိုကြွကြပါ .... ”

ထိုလူ၏ ဦးဆောင်မှုဖြင့် ဟိုက်ဝူရန်တို့ တဲအတွင်းသို့ရောက်ရှိခဲ့ကြသည်။

တဲအိမ်ကြီးအတွင်းသို့ ရောက်သောအခါ ဟိဗက်တို့၏ အဆောင်အယောင်အခင်းအကျင်းများကို လုံးဝမတွေ့ရသဖြင့် ဟိုက်ဝူရန်အံ့သြသွားမိသည်။ စင်စစ် ဤကိစ္စသည် ဆန်းကြယ်မှုကား မဟုတ်ချေ။ တဲအိမ်ရှင်သည် တရုတ်လူမျိုး တစ်ယောက်သာဖြစ်၍ အခင်းအကျင်းသည် တရုတ်ပုံစံပင် ဖြစ်တော့သည်။

“ထိုင်ကြပါ .... ထိုင်ကြပါ .... ခရီးဝေးကလာတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ .... အေးအေးဆေးဆေးနားပြီး လက်ဖက်ရည်ကြမ်းသောက်ကြပါဦး .... ရာသီဥတုက အေးတော့ .... နွေးနွေးထွေးထွေး ရှိမှကောင်းတာ .... ခဏနေရင် နေရာထိုင်ခင်း စီစဉ်ပေးပါ့မယ် .... ထမင်းကော စားပြီးကြပြီလား .... ”

“အင်း .... မိတ်ဆွေက စေတနာကောင်းတဲ့ မိတ်ဆွေပဲ .... ညဥ့်လည်း နက်နေပြီ .... ဘာမှ လုပ်မနေပါနဲ့တော့ .... ”

“အို .... ရပါတယ် .... အားနာစရာမလိုပါဘူး .... ကိုယ့်လူမျိုးအချင်းချင်းပဲဥစ္စာ .... စကားလေး ဘာလေးပြောကြရအောင်လား၊ ပြီးမှ ထမင်းသုံးဆောင်ကြတာပေါ့ .... ”

လောလျှံသည် ဟိုက်ဝူရန်ကို စကားပြောနေရင်းက တဲအိမ်ကြီး၏ အတွင်းဘက်သို့ လှမ်းအော်လိုက်ပြန်သည်။



“မိန်းမရေ.... ထပါဦး.... ဒီမှာဧည့်သည်တွေ ရောက်နေတယ်”

မကြာမီမှာပင် ကန့်လန့်ကာကိုဖွင့်ပြီး အမျိုးသမီးတစ်ယောက် ထွက်လာသည်။ ချောမောလှပသော တိဗက်အမျိုးသမီးဖြစ်သည်။

ဧည့်သည်များကို ပြုံးပြပြီးသည်နှင့် ချက်ပြုတ်ရန် စီစဉ်တော့သည်။

◆◆◆

လောလျှံ၊ ဟိုက်ဝူရန်နှင့် ရိပ်ဆန်ရန်တို့ကား ရေနွေးကြမ်းသောက်ရင်း စကားလက်ဆုံ ကျနေကြလေ၏။

လောလျှံသည် ဟိုက်ဝူရန်ကို လှမ်းကြည့်ရင်း ....

“မိတ်ဆွေတို့က တိဗက်အကြောင်း.... သိပ်နားလည်ထားပုံမရဘူး .... ဒီတော့ .... ကျုပ်ပြောပြပါ့မယ် .... ”

“ပြောပါလောလျှံ.... ကျုပ်တို့က တိဗက်အကြောင်းကို စိတ်ဝင်စားနေတဲ့ လူတွေပါ .... ”

“အင်း .... ပြောဆို အစကစမှဖြစ်မယ် .... တိဗက်ဆိုတာ တစ်ပြည်တည်းဖြစ်ပေမယ့် .... အရှေ့တိဗက်နဲ့ အနောက်တိဗက်ဆိုပြီး တည်ရှိနေတာပဲ .... ကျယ်လွန်းအားကြီးလို့ ခေါ်တာပါ .... ခုခင်ဗျားတို့ ရောက်နေတာက အရှေ့တိဗက် .... ဒါနဲ့ ကျခက်ဟန်ဘ ဆိုတာကို ကြားဖူးသလား .... ”

“ကြားဖူးပါတယ် .... ”

“အင်း .... ဒီ အရှေ့တိဗက်ဟာ .... အဲဒီ ကျခက်ဟန်ဘရဲ့ အာဏာစက်အောက်မှာ ရှိနေတဲ့ တိဗက်ပဲ .... ”

"သြော် .... သြော် .... ဒီလိုဆို ခင်ဗျားကိုဟာ .... သူ့ရဲ့ လက်အောက်ခံ ပြည်သားတွေပေါ့ .... "

"ဒီလိုပဲဆိုရမယ် .... ဒါပေမယ့် ကျုပ်ပြောချင်တာက .... တစ်မျိုးပါ .... တကယ်တော့ ဒီတိဗက်ဟာ .... ဆယ့်ငါးဆက်မြောက် ဘုရင်ရဲ့တိဗက်ပါ .... ခုတော့ .... ဘုရင်မင်းမြတ်ဟာ .... အကြီးအကျယ် နာမကျန်းဖြစ်နေလို့ ကျခက်ဟန်ဘက တာဝန်ယူအုပ်ချုပ်နေတာပဲ၊ တကယ်တော့ .... ကျခက်ဟန်ဘဟာ တိဗက်ကို ရောက်လာတာ ခြောက်နှစ် .... ခုနစ်နှစ်ပဲရှိသေးတယ် .... သူ ရောက်မလာခင်တုန်းကတော့ .... ဒီ အရှေ့တိဗက်ကို အုပ်စုနှစ်စုက အုပ်ချုပ်ခဲ့တယ် .... အဲဒီတုန်းက အုပ်စု ခေါင်းဆောင်ဟာလည်း သြဇာအာဏာကြီးတဲ့ သူပ .... "

"အဲဒီ ခေါင်းဆောင်ဟာ .... ဒီမြို့က တဲအိမ်ရှင် တစ်ယောက် မဟုတ်လား .. "

ဟိုက်ငှရန်က ကြားဖြတ်မေးသည်။ လောလျှံက ခေါင်းညိတ်ပြီး ဖြေသည်။

"မဟုတ်ပါတယ် .... နာမည်က အူဖူလို့ခေါ်တယ် .... တရုတ်စကားလည်းတတ်တယ် .... အစကတော့ ကုန်သည်တစ်ယောက်ပါ၊ တိဗက်မှာ စတည်းချရင်း တဖြည်းဖြည်း ကြီးပွားလာတဲ့ သူပေါ့၊ ဒီလိုနဲ့ အုပ်စုဖွဲ့ပြီး ခေါင်းဆောင်ဖြစ်လာတာပဲ .... "

"အုပ်စု တစ်စုကတော့ .... မြစ်အောက်ဘက်ခြမ်းမှာ ရှိတယ်၊ ခေါင်းဆောင်နာမည်က ချစ်ပတ်တဲ့ .... အဲဒီကောင်ကတော့ အူစုနဲ့ ဆန့်ကျင်ဘက်ပဲ .... သူ ငယ်ငယ်တုန်းက လူဆိုး .... ခိုးဆိုးလုယက်



ပြီး အသက်မွေးခဲ့တဲ့လူ .... နောက်မှ မြင်းရောင်း .... နွားရောင်းနဲ့ ကုန်သည်ဖြစ်လာတယ်၊ အဲဒီနောက်တော့ တစ်နေ့တခြား ကြီးပွားလာတယ် .... နောက်ဆုံးကျတော့ လားမားကျောင်းကြီးတစ်ကျောင်း ဆောက်ပြီး လားမားအဖြစ် ပြောင်းလဲသွားတယ် .... သူ့ကိုယ်သူ ခြစ်မဝင်လားမားတဲ့' နတ်သိကြားဖန်ဆင်းသူလို့ တင်စားထားတယ်၊ အရှေ့တိဗက်ဟာ .... အဲဒီ အုပ်စုနှစ်ခုရဲ့ အနီးကပ်အုပ်ချုပ်မှု အောက်မှာ ရှိနေတာပဲ .... တကယ်တော့ .... ကျခက်ဟန်ဘရဲ့ သြဇာခံတွေဆိုပါတော့ .... "

"သြော် .... သြော် .... ကျုပ်သဘောပေါက်ပါပြီ .... ဘုရင်မင်းမြတ်ဟာ .... အဲဒီ အုပ်စုနှစ်စုရဲ့ အင်အားကိုယူပြီး အာဏာတည်နေရတဲ့ သဘောပဲ .... ဒီလိုမဟုတ်လား မိတ်ဆွေရဲ့ .... "

ဟိုက်ငှရန်က ထင်မြင်ချက်ပေးသည်။ လောလျှံက ပြုံးပြီး ခေါင်းညိတ်သည်။

"ဒီသဘောပါပဲဗျာ .... ဒါပေမယ့် ကျခက်ဟန်ဘ သြဇာရှိလာတော့ အခြေအနေက တစ်မျိုးပြောင်းသွားတယ်ဗျ .... ကျခက်ဟန်ဘဟာ အင်မတန်ဆိုးသွမ်းရက်စက်တဲ့သခင်ပဲ .... သူရောက်လာတာနဲ့ ဒီအုပ်စုနှစ်ခုကို ရန်ရှာလာတယ် .... ခြင်မတ်က မကျေနပ်တာနဲ့ သိုင်းချင်းပြိုင်တယ် .... ခြစ်မတ် အသက်ပျောက်သွားတယ် .... ရှိသမျှစည်းစိမ်လည်း အကုန်အသိမ်းခံလိုက်ရတယ် .... "

ရိပ်ဆာန်ရန်က ဆေးတံကိုဖွာရှိုက်လိုက်ပြီး ဖြတ်မေးသည်။

"အူစုကကောဗျ .... "

"အူစုကတော့ ပူတာလနန်းတော်မှာ အမတ်ကြီးအဖြစ် အမှု

ထမ်းနေရတာဗျ .... ဒါပေမယ့် ကျခက်ဟန်ဘ ရောက်လာတော့ အခြေအနေမကောင်းဘူး.... ဒါနဲ့ ဒီကိုပြန်လာတယ်... အနားယူလိုက် တယ်ဆိုပါတော့ .... ဒါပေမယ့် .... ကျခက်ဟန်ဘက သူ့ကိုလည်း အလွတ်မပေးဘူး.... ငွားခြံနဲ့ မြင်းခြံသုံးဆယ်တော့်ကို အကြောင်း အမျိုးမျိုးပြပြီးတော့ သိမ်းပစ်လိုက်တယ် .... ဒီ တစ်ဝိုက်ကိုသာ ကွက်ကွက်ကလေး ချန်ထားပြီး အပိုင်စားပေးတယ် .... "

ရိပ်ဆန်ရန်သည် ငြိမ်ပြီးနားထောင်နေရာက ဒေါသထွက်လာ၏။

"အုနုစ်ဆိုတဲ့ ... ကာ .... တယ်ပျော့ညံ့တာပဲ .... ဒါမျိုးဆိုတာ ခေါင်းငုံ့ခံရတာမျိုး မဟုတ်ဘူး.... ကျုပ်သာဆို ဘတပြန်ကျားတပြန် ပြန်ချမှာပဲ .... "

ဟိုက်ဝူရန်သည် ရိပ်ဆန်ရန်ကို မနှစ်မြို့ဟန်နှင့် စိုက်ကြည့် လိုက်သည်။

ရိပ်ဆန်ရန်သည် ခုမှသူစကားလွန်သွားကြောင်း အမှတ်ရလိုက် သည်။ ငြိမ်ပြီး ပါးစပ်ပိတ်သွားတော့၏။

လောလျှံက တဟဲဟဲရယ်ရင်း ဘာမှုမထူးသလို ပြောလာ သည်။

"ဟား.... ဟား.... မိတ်ဆွေကြီးက အပြောတယ်လွယ်တာကိုး။ ကျခက်ဟန်ဘ ရက်စက်တာကို မကြားဖူးသေးဘူးနဲ့တူတယ် .... ဟား .... ဟား .... "

လောလျှံသည် စကားပြောနေရင်းက ဆတ်ခနဲအပြင်ကို ထွက် သွားသည်။ ဟိုဟိုသည်သည် ကြည့်လိုက်ပြီးမှ နေရာတွင် ပြန်ထိုင် သည်။



"မိတ်ဆွေကြီး .... စကားကို သတိထားပြောပါ .... ခုနက ပြောခဲ့တာတွေကိုလည်း မပေါက်ကြားပါစေနဲ့.... ဒီလိုသာ မဟုတ်ရင် အားလုံး ဒုက္ခရောက်သွားလိမ့်မယ် .... "

လောလျှံသည် ချက်ချင်း ကြောက်စိတ်များ ဖြစ်ပေါ်လာသည်။

"ခင်ဗျားကလည်း ဘာကြောက်စရာရှိလို့လဲ .... ဒီမယ် .... "

ရိပ်ဆန်ရန်က စကားဆက်ရန်ကြံသည်။

ဟိုက်ဝူရန်က မျက်ရိပ်ပြပြီး တားသည်။ ထို့နောက် ....

"ကျခက်ဟန်ဘဆိုတာ တော်တော်စွမ်းတဲ့လူပဲ ထင်တယ်"

"စွမ်းဆို.... ပြောမပြတတ်အောင် စွမ်းတဲ့လူဗျ.... အစွမ်းထက် သလောက်လည်း ရက်စက်တယ်.... စောစောက ပြောတဲ့ စကားတွေ သာ သူ့နားပေါက်သွားရင်.... ကျုပ်တို့တွေ လူပြည်မှာ သုံးရက်ထက် ပိုနေရမှာ မဟုတ်ဘူး .... ကဲ .... ဒါတွေထားလိုက်ပါ .... အန္တရာယ် များတဲ့ စကားတွေဖြတ်ပြီး တစ်ခုခုစားကြရအောင်လား .... "

ထိုအချိန်မှာပင် ချက်ပြုတ်နေသော အမျိုးသမီးက အစား အသောက်များ လာချ၏။ ထို့နောက် အခန်းထဲ ပြန်ဝင်သွားသည်။

ဟိုက်ဝူရန်နှင့် ရိပ်ဆန်ရန်သည် အစားအစာများကို ဟိုတစ်ဖွန့် သည်တစ်ဖွန့် စားလိုက်ကြပြီး ရေနွေးကြမ်းသောက်ကာ စကားဆက် ကြပြန်သည်။

"ဒီလိုဆိုရင် ခင်ဗျားတို့တဲအုပ်စုရဲ့ ခေါင်းဆောင် အုနုစ်ဟာ မတတ်သာလို့ ငြိမ်နေရတဲ့လူပေါ့ ဟုတ်လား .... "

"ဒါပေါ့ဗျာ.... လူဆိုတာ အသက်ရှည်ရှည် နေချင်တာချည်း ပဲ ဥစ္စာ .... "

ရိပ်ဆန်ရန်က ဝါးလက်စ အစာများကို မျိုချလိုက်ပြီး လှမ်းပြောသည်။

"ဒီလိုပေါ့ဗျာ .... အားမတန်တော့လည်း မာန်လျှော့ရတော့မှာပေါ့ .... ဒါပေမယ့် .... အားကောင်းလာတဲ့အခါ ပြန်ချရဲဖို့ အရေးကြီးတယ်ဗျ .... "

လောလျှံသည် အပြင်ကို လှမ်းကြည့်လိုက်ပြန်သည်။ အတန်ကြာမှ သက်ပြင်းချပြီး ခပ်တိုးတိုးပြောသည်။

"လူဆိုတာ.... နာစရာရှိရင် နာတတ်တာပဲဗျ.... မတတ်သာလို့ ငုံ့ခံနေပေမယ့် .... တစ်နေ့ကျရင်တော့ ပြန်ချချင်တာပေါ့ဗျာ .... အရိုက်ခံရတဲ့ခွေးတောင် ချောင်းကိုက်တတ်သေးတာပဲဟာ .... "

ထိုစဉ် ကန့်လန့်ကာနောက်မှ အမျိုးသမီး၏ တီးပက်စကားသံများ ပေါ်လာ၏။ လောလျှံလည်း ဆတ်ခနဲ နောက်ပြန်လှည့်ကြည့်လိုက်ပြီးမှ နှောင်တစကားပြောလာသည်။

"ကျုပ်မိန်းမ ပြောတာ မှန်တယ်.... ဒီည ကျုပ် စကားသိပ်များနေတယ်.... ကဲ ခင်ဗျားတို့လည်း အေးအေးဆေးဆေး အနားယူကြပါ .... ကဲ .... လာ .... လာ အိပ်ရမယ့်နေရာကို သွားကြမယ်"

လောလျှံက မီးအိမ်တစ်ခုကို ဆွဲကိုင်ပြီး တဲထဲမှဦးဆောင်ထွက်သွားသည်။ ဟိုက်ဝူရန်နှင့် ရိပ်ဆန်ရန်လည်း အသာထလိုက်သွားကြသည်။

မြေလှမ်းပေါင်း တစ်ရာမျှ လှမ်းမိကြသောအခါ တဲငယ်ပေါင်းသုံးဆယ်ကျော်ကို ပြတ်ကျော်မိကြ၏။ တဲအိမ်များရှေ့တွင် မီးအိမ်ကလေးများ ထွန်းညှိထားကြသည်။



လောလျှံသည် ခပ်သုတ်သုတ် လျှောက်လှမ်းနေရင်းက ဟိုက်ဝူရန်ကို လှည့်ပြောသည်။

"ကျုပ်တို့ရဲ့ တဲအိမ်စုသေးကြီးဟာ ဧည့်သည်လာရင် သိပ်သဘောကျတဲ့လူပဲ.... ဧည့်သည်ဘယ်နှစ်ယောက်လာလာ.... မညည်းတမ်း လက်ခံလေ့ရှိတယ်.... မီးထွန်းထားတဲ့ တဲတိုင်းမှာ ဧည့်သည်တွေ ရှိနေကြတယ်ဗျ.... တချို့ဆို နှစ်နဲ့ချီပြီး နေကြတယ်.... ဒီရွာမှာ ဧည့်သည်လာလုပ်ရင်း ဆယ်နှစ်ကျော်နေနေတဲ့ လူတွေတောင်ရှိတယ် .... "

"အို .... တယ်သဘောကောင်းတဲ့ အိမ်ရှင်တွေပါလား .... ကျုပ်တောင် နေချင်လာပြီ .... "

ရိပ်ဆန်ရန်က ခပ်နောက်နောက်ပြောသည်။

သို့နှင့် ရွက်ထည်တဲအိမ်တစ်လုံးရှေ့သို့ ရောက်လာကြသည်။ လောလျှံသည် တဲအိမ်ရှေ့ရှိ မီးအိမ်ကို မီးညှိလိုက်ပြီးသည်နှင့် ရွက်ထည် တဲတံခါးကို ဆွဲဖွင့်လိုက်သည်။ သူတို့အားလုံး တဲအတွင်းသို့ဝင်မိကြသည်။ တဲသည် မည်းမှောင်နေသည်။ မီးအိမ်တစ်လုံးကို တက်ထွန်းလိုက်သောအခါမှ လင်းလင်းချင်းချင်း ဖြစ်လာသည်။

အထဲတွင် အုတ်ခုံရှည်ကြီးတစ်ခုကို တွေ့ရသည်။ အိပ်ရန်ခုတင်အဖြစ် ပြုလုပ်ထားခြင်း ဖြစ်ဟန်တူသည်။ အုတ်ခုံရှည်ပေါ်တွင်ကား ဖွမ်းစောင်အထူကြီးတစ်ထည်ရှိသည်။

ရိပ်ဆန်ရန်က မနေနိုင် မထိုင်နိုင် ရေရွတ်လိုက်သည်။

"ဒီတဲက ဟော်ကော်ညစ်ပတ်တဲ့ တဲပဲ .... စောင်ကလည်း မည်းညစ်နေတာပဲ ....

လောလျှံက အားနာနေဟန်နှင့် ....

"ဟုတ်တယ် .... စောင်က တော်တော်ညစ်ပတ်နေပြီ .... မိတ်ဆွေတို့နဲ့ မသင့်လျော်ပါဘူး .... ကျုပ် ငွမ်းစောင်အသစ်ထပ်လဲပေးပါ့မယ် .... "

"ကျေးဇူးပဲ လောလျှံ .... သွားယူမနေပါနဲ့တော့ .... ကျုပ်တို့မှာ အိပ်ရာလိပ်တွေ ပါပါတယ် .... ကုလားအုတ်ပေါ်မှာ ရှိပါတယ်"

"ဟုတ်လား .... ကဲ .... ကျုပ် လူလွှတ်ပြီး ယူခိုင်းလိုက်ပါ့မယ်၊ မိတ်ဆွေတို့က ဘယ်နှစ်ရက်လောက် နေကြမှာလဲ .... "

ဟိုက်ဝူရန်က ကမန်းကတန်း ပြန်ဖြေသည်။

"ကျုပ်တို့က နားနားနေနေ နေဖို့ စိတ်ကူးထားပါတယ် .... ဖြစ်နိုင်မယ်ဆိုရင်တော့ .... လေးငါးရက်လောက် နေချင်ပါတယ်"

"ရပါတယ် .... ကျုပ်တို့ရဲ့ တဲအိမ်စု ခေါင်းဆောင်သခင်ကြီးနဲ့ တွေ့ဆုံပေးပါဦးမယ် .... "

"ဟုတ်ကဲ့ .... အစကတော့ မနက်ဖြန်မှာ ခရီးဆက်ထွက်ဖို့ပါ .... ဒါပေမယ့် ခင်ဗျားတို့ သခင်ရဲ့ စေတနာကို လေးစားမိတာနဲ့ အေးအေးဆေးဆေးနေဖို့ ဆုံးဖြတ်တာပါ .... မိတ်ဖြစ်ဆွေဖြစ်တွေ့ဆုံကြရင် ပိုကောင်းတာပေါ့ .... "

စကားကောင်းနေစဉ် လူငယ်လေးတစ်ယောက်က အိပ်ရာလိပ်များ လာပို့သည်။ ရိပ်ဆန်ရန်က ကျေးဇူးတင်စကားပြောပြီး ဆောက်ဆုးလှမ်းပေးသည်။ ရိပ်ဆန်ရန် ပေးသည့် ငွေသည် အဆမတန်များနေသဖြင့် လောလျှံမှင် အံ့အားသင့်သွားသည်။ ဤလူနှစ်ယောက်သည် ချမ်းသာသော ကုန်သည်များသာ တကား။



ဇေ   ပွဲသည် သဘောကျနေမိပြန်သည်။ ကုလားအုတ်ကျောပေါ်မှ အဝတ်ထုပ်များသည် ထိုသူတို့၏ ကုန်သည်အလုပ်ကို ဖော်ပြနေချေသတည်း။

◆◆◆

ဟိုက်ဝူရန်နှင့် ရိပ်ဆန်ရန်တို့သည် အုတ်ခုံကြီးပေါ်တွင် လဲလျောင်းနေမိကြလေပြီ။

ရိပ်ဆန်ရန်သည် တစ်စုံတစ်ရာကို စဉ်းစားနေရာမှ ဟိုက်ဝူရန်ကို လှမ်းပြောသည်။

"ဆရာလေး .... ခင်ဗျားက တဲအိမ်စုသခင်နဲ့တွေ့ဦးမလို့လား"

"တွေ့ချင်တယ် ....၊"

"တွေ့ချင်လည်း တွေ့ပေါ့ကွာ .... "

ရိပ်ဆန်ရန်သည် ငွမ်းစောင်ကြီးကို ခေါင်းမြီးခြုံလိုက်ပြီး အိပ်စက်လိုက်တော့သည်။

ဟိုက်ဝူရန်ကား လဲလျောင်းထပြီး တင်ပျဉ်ခွေထိုင်ကာ အတွင်းအားကျင့်စဉ်ကို ကျင့်နေလိုက်ပြန်သည်။

ရွက်ထည်တဲအပြင်ဘက်ရှိ မီးအိမ်ကား ခပ်မှိန်မှိန်ပင်ရှိတော့သည်။

မကြာမီ အလင်းရောင်သည် ဖျတ်ခနဲ ငြိမ်းသေသွားသည်။

ဟိုက်ဝူရန်သည် အတွင်းအားကျင့်စဉ်ကို ကျင့်ပြီးသည်နှင့် လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ ပြန်ဖြစ်လာသည်။

ထို့နောက် အုတ်ခုံပေါ်မှ ဆင်းပြီး ဆိတ်သားရေဖိနပ်ကို

ဝဲစီးလိုက်သည်။ ဤနေရာသည် ဟစ်ကြီးတစ်ခါမျှ မရောက်ဘူးသော နေရာမဟုတ်ချေ။

ထို့ကြောင့် အေးအေးဆေးဆေး လျှောက်ပြီး လေ့လာစူးစမ်းရန် ဆုံးဖြတ်လိုက်သည်။ သို့နှင့်ရွက်ထည်တဲအပြင်သို့ ထွက်လာမိတော့သည်။ ရွက်ထည်တဲအိမ်ကလေးများကို တစ်တဲပြီးတစ်တဲ ဖြတ်ကျော်ခဲ့ရာမှ တဲတွင်းရှိ အခြေအနေများကို အာရုံပြုပြီး လျှောက်လာခဲ့သည်။ တဲအိမ်ထဲမှ လူများသည် တခေါခေါဟောက်ပြီး အိပ်မောကျနေကြလေပြီ။

ဟိုက်ဝူရန်သည် အရာရာကို ဂရုစိုက်လာခဲ့ရာမှ အစွန်းဆုံးတွင်ရှိသော တဲရှေ့သို့ရောက်လာသည်။ အလိုလို သက်သမကောင်းဖြစ်လာသဖြင့် တဲနားကပ်ပြီး နားစွင့်လိုက်သည်။ ထိုအခါကျမှ အလွန်တိုးညင်းသော အသက်ရှူသံကို သတိပြုမိတော့သည်။

တဲအတွင်းမှလူသည် အပြင်ဘက်မှ လမ်းလျှောက်လာသံကို ကြားနေရသဖြင့် သတိထားနေလျက်ရှိသည်။ ဟိုက်ဝူရန် တဲနားကပ်ပြီး နားစွင့်နေစဉ်မှာ တဲထဲမှ လှုပ်ရှားမှုကို သိလိုက်သဖြင့် ကိုယ်ဖော့သိုင်းကို အသုံးပြုပြီး အခြားတဲဘက်သို့ ခုန်ကူးသွားသည်။ ထို့နောက် မြေကမူတစ်ခုနောက်တွင် ဝပ်နေလိုက်သည်။

ထိုအချိန်မှာပင် တဲအတွင်းမှ လူတစ်ယောက်ထွက်လာသည်ကို တွေ့ရတော့သည်။

ဟိုက်ဝူရန်သည် အသက်ကိုပင် မရှူရဲတော့ဘဲ ထိုလူကို အကဲခတ်နေသည်။

ခန္ဓာကိုယ်သည် ပိန်ပြီးရှည်သည်။ မျက်လုံးသည် စူးရှတောက်



ပြောင်သည်။ မှ နှာမှာ မြင်းမျက်နှာနှင့်တူလှ၏။

ဟိုက်ဝူရန်သည် ထိုလူကို တွေ့ဖူးသလိုလိုရှိသဖြင့် တွေပြီး ကြည့်နေမိသည်။

ဘယ်မှာ တွေ့ဖူးပါလိမ့်၊ ဘယ်မှာတွေ့ဖူးပါလိမ့်။ ရုတ်တရက် ထူးခြားသော အမှတ်အသားကို တွေ့လိုက်ရသည်။ ထိုလူ့တွင် လက်တစ်ဖက်မရှိချေ။

လက်တစ်ဖက်ပြတ် ဓားတချက်ပင် ဖြစ်တော့သည်။

ဓားတချက်ရှိနေလျှင် ဖျိုင်းဖြူခေါင်းလစ်လည်း ရှိနေမည်မှာ သေချာလှသည်။

ဟိုက်ဝူရန်သည် လှုပ်ရှားတက်ကြွနေသောစိတ်ကို မနည်းကြီး ချုပ်တည်းလိုက်ရသည်။

ယခုအချိန်သည် ဓားတချက်နှင့် ရင်ဆိုင်ရန် မသင့်သေးပေ။ ဤနေရာသည် မိမိအတွက် နေရာကောင်းမဟုတ်ချေ။ အခြေအနေကို သည်းခံပြီး စောင့်ရပေဦးတော့မည်။

ဓားတချက်သည် တဲပတ်လည်ကို လျှောက်ပြီးကြည့်နေပြန်သည်။ သို့သော် ထွေထွေထူးထူးဆို၍ ဘာမျှမတွေ့ရသဖြင့် ဖြတ်ခနဲ ခုန်ပျံပြီး ပျောက်ကွယ်သွားတော့သည်။

ဟိုက်ဝူရန်သည် ဓားတချက် တစ်နေရာသို့ထွက်သွားသည်ကို တွေ့လိုက်သည်နှင့် သူ၏တဲအတွင်းသို့ လှစ်ခနဲ ဝင်လိုက်မိတော့သည်။

တဲအိမ်အတွင်းတွင် မီးအိမ်ကလေးတစ်ခု ထွန်းညှိထားသည်ကို တွေ့ရပြန်သည်။ အလင်းရောင်မှိန်မှိန်အောက်မှ အခင်းအကျင်းသည်

ရှိုးရှိုးပင် ဖြစ်သည်။ အုဝ ခုံတန်းတစ်ခုနှင့် ပွမ်းစောင်ကြီးတစ်ထည်ကိုသာ တွေ့ရသည်။

နံရံပေါ်တွင်မူ ဓားအိမ်တစ်ခုကို ချိတ်ဆွဲထားလျက်တွေ့ရ၏။ ဓားတချက်၏ ဓားအိမ်ပင် ဖြစ်ပေလိမ့်မည်။

ဓားတချက်သည် မိမိ၏လက်နက်ကို ပေါ့ဆစွာ ထားခဲ့သူပါတကား။ ဟိုက်ဝူရန်သည် ချိတ်ထားသော ဓားနှင့်ဓားအိမ်ကို ဖြုတ်ယူရန် ဟန်ပြင်လိုက်စဉ်မှာပင် အေးစိမ့်စိမ့် လေးတိုးမှုကို ခံစားလိုက်ရသဖြင့် ထိတ်ခနဲဖြစ်ကာ ဖျတ်ခနဲ ရောင်တိမ်းလိုက်မိသည်။ ထိုစဉ် တဲအိမ်အပေါက်ဝမှ လူရိပ်တစ်ရိပ်ကို ဖျတ်ခနဲ မြင်လိုက်ရသဖြင့် လှစ်ခနဲ ပြေးထွက်မိတော့သည်။ ထိုအချိန်မှာပင် တဲအိမ်တစ်ခုဘေးမှ ပြေးထွက်သွားသော လူတစ်ယောက်၏ အရိပ်သဏ္ဌာန်ကို ထပ်မံတွေ့လိုက်ရပြန်သည်။ ထိုလူသည် ပထမလူနောက်သို့ ပြေးလိုက်နေသော ဓားတချက်ပင် ဖြစ်တော့သည်။

ဓားတချက်သည် အလိုက်ပြန်သလောက် အပြန်လည်း မြန်လှသည်။

ဓားတချက်သည် ရှေ့မှလူကို လိုက်မမီ၍လော၊ မတွေ့တော့၍လောမသိ။ တဲရှေ့သို့ ပြန်ရောက်လာသည်။

ထို့နောက်တွင်မူ တဲအတွင်းသို့ဝင်ပြီး ငြိမ်သက်သွားတော့သည်။

ဟိုက်ဝူရန်သည် ဓားတချက် ပျောက်ကွယ်သွားသည်နှင့် ပုန်းနေရာမှ ပြန်ထွက်လာပြီး ပထမလူရှိမည်ဟု ယူဆထားသည့် တဲတစ်လုံးကို ခဲနှင့်လှမ်းပေါက်လိုက်လေ၏။



ဤတွင် ပုန်းကွယ် နေသောလူသည် ပုန်းနေရာမှ ထွက်လာပြီး ခုန်ပျံပြေးလွှားပြန်တော့ သည်။

ဟိုက်ဝူရန်သည် ထိုသဏ္ဌာန်ကို မျက်ခြည်ပြတ် မခံတော့ဘဲ တရကြမ်း ပြေးလိုက်မိတော့သည်။

◆◆◆

## အခန်း ၄၄

## ငါးစာမရှိသော ငါးမျှားချိတ်

မှုန်ဝါးဝါးလရောင်အောက်၌ ပြေးသူသည် အားသွန်ပြေးနေသကဲ့သို့ လိုက်သူကလည်း အားသွန်လိုက်နေ၏။

မကြာမီ တောင်ကတုံးတစ်ခုပေါ်သို့ ရောက်သွားကြ၏။ တောင်ကတုံးပေါ်တွင် မြက်ပင်များမှအပ ကြီးကြီးမားမား အပင်ဟူ၍ ဘာအပင်မျှပင် မရှိချေ။

ရှေ့မှပြေးနေသူ ဘာကြောင့်ရယ်မသိ၊ တုံ့ခနဲ ရပ်လိုက်ပြီး နောက်ပြန်လှည့်ကြည့်နေလေ၏။

ဟိုက်ဝူရန်သည် ထိုလူ့အနီးသို့ ရောက်နေသော်လည်း ထိုလူသည် ဟိုက်ဝူရန်ကို မသိဟန် ပြုနေ၏။

ဟိုက်ဝူရန်က ထိုလူ့ကို တိုက်စစ်ဆင်ရန်ပင် ဟန်ပြင်လိုက်လေ၏။

"ဘယ်လိုလဲ .... "

ရပ်နေသူက ဒါပဲပြောပြီး ငြိမ်နေပြန်၏။ ဟိုက်ဝူရန် ငေးနေစဉ်မှာပင် ထိုလူက ဆက်ပြောသည်။



"ရှင်က .... ဘယ်လိုရန်ငြိုးနဲ့ ဒီလောက်တောင် သဲကြီးမဲကြီး လိုက်လာခဲ့တာလဲ .... "

ပြေးသူမှာ မိန်းမတစ်ယောက်ဖြစ်မှန်း ခုမှ သိရတော့သည်။

ဟိုက်ဝူရန်မှာ ပါးစပ်အဟောင်းသားနှင့် ကြောင်ငေးသွားတော့သည်။

"မင်း .... မင်း"

ဟိုက်ဝူရန်မှာ စကားကိုပင် ဆုံးအောင် မပြောနိုင်တော့ချေ။

"ကောင်းပါတယ် .... ကျွန်မကိုတောင် မမှတ်မိတော့ဘူး မဟုတ်လား .... "

အမျိုးသမီး၏ အသံသည် ငိုသံပါလာသည်။

"တစ်ယောက်နဲ့တစ်ယောက် .... မတွေ့ကြရတဲ့ ရက်တွေ နှစ်တွေဟာ....ငါးနှစ်ပဲရှိပါသေးတယ်....ဒါတောင် မမှတ်မိလောက်အောင် မေ့နေပြီလားဟင်,... "

အသံသည် ငိုသံနှင့် ကြေကွဲသံရောနေသည်။

ဟိုက်ဝူရန်မှာ မထင်မှတ်သောလူကို မမျှော်လင့်သော နေရာတွင် တွေ့နေရသဖြင့် မှင်တက်နေတော့၏။ စိတ်လှုပ်ရှားလွန်းသောကြောင့် ဘာစကားမျှမပြောနိုင်သေးပေ။ ထိုအမျိုးသမီးသည် ဟိုက်ဝူရန်၏ အချစ်ဟောင်းပင်။

"ဖန် .... ရိုး .... ဆစ်"

အသံသည် အကြင်နာလွှမ်းသော ကရုဏာပါသောအသံဖြစ်၏။ ရင်ထဲမှ လှိုမ့်ထွက်လာသော အသံပင်။

ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်းများသည် ရင်ထဲတွင် လှိုင်းထ နေသည်။

တွယ်မိ ... သံယောဇဉ်ကို အဖြတ်ရခက်လှချေတကား။

◆◆◆

ဟိုက်ဝူရန်နှင့် ဖန်ရှီးဆစ်တို့သည် ဝေဒနာဟောင်းကို ပြင်းထန်စွာ ခံစားနေကြရင်း ကျောက်ရုပ်ကြီးများပမာ ငြိမ်သက်နေကြပါ၏။

, နှစ်ဦးစလုံး၏ ရင်ထဲတွင်မူ အချစ်၏ ချမ်းမြေ့ခြင်း သုခနှင့် အမုန်း၏ ခါးသီးခြင်း ဒုက္ခတို့ကို လွန်ဆွဲနေသကဲ့သို့ ခံစားနေရကြပြန်လေ၏။

ဟိုက်ဝူရန်သည် အတန်ကြာအောင် ငြိမ်သက်နေရင်းက သက်ပြင်းကြီးချပြီး တုန်လှုပ်စွာ လှမ်းပြောလေ၏။

"တို့နှစ်ယောက် မတွေ့ကြတာ အတော်ကြာခဲ့ပြီနော် ...."

"အင်း ... ဒါပေမယ့် ကျွန်မတို့ ထပ်မတွေ့ကြမှ ကောင်းမယ် ထင်ပါတယ် ...."

ဖန်ရှီးဆစ်သည် ပြောသာပြောလိုက်ရသည်။ ရင်ထဲ၌ကား ကျဉ်ခနဲ ဖြစ်သွားသည်။

"နှစ်တွေ အတော်ကြာခဲ့ပြီပဲ ...."

ဟိုက်ဝူရန်က ဒါပဲပြောသည်။

ဖန်ရှီးဆစ်၏ မျက်လုံးများသည် ကရုဏာလွှမ်းသော လွမ်းဆွတ်သော မျက်လုံးများ ဖြစ်လာပြန်၏။ သို့သော် စိတ်ထဲ၌ကား ဤလူသည် မိမိကို ပြင်းထန်သော ဝေဒနာခံစားမှုကို ပေးကမ်းခဲ့သူ



ပင်တည်း' ဟု တွေးနေမိပြန်သည်။

"ကဲ .... ကျွန်မ သွားမယ် .... ရှင် ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေလို့ ဆုတောင်းခဲ့ပါတယ် ...."

ဖန်ရှီးဆစ်က အံကိုတင်းခနဲ ကြိတ်လိုက်ပြီး လှည့်ထွက်မည်ပြုလိုက်သည်။

"နေဦး ...."

ဟိုက်ဝူရန်က အလန့်တကြား တားပြန်သည်။ ဖန်ရှီးဆစ်က ကြေကွဲသောခံစားမှုနှင့် လှည့်ကြည့်လာသည်။

ဟိုက်ဝူရန်၏ ရင်ထဲ၌လည်း ဖော်ပြရန်မစွမ်းသော ဝေဒနာများကို တုန်လှုပ်စွာ ခံစားနေရဆဲတည်း။

"ဖန်ရှီးဆစ် .... မင်း ဒီကိုရောက်လာတာ ...."

"ဘာလဲ .... ကျွန်မစိတ်နဲ့ ကျွန်မကိုယ် ရောက်ချင်လို့ ရောက်လာတာပဲ .... ဒီနေရာဟာ .... ရှင့် သတ်မှတ်နယ်မြေမို့လား ...."

"မင်း .... မင်း .... ငါ့သဘောကို နားမလည်ပါလား၊ ဒီနေရာ ဒီဒေသဟာ အန္တရာယ်သိပ်များလှဲနေရာပဲ .... ဒါကြောင့်မို့ ...."

ဟိုက်ဝူရန်က စိုးရိမ်စွာနှင့် ပြောပြန်သည်။ ဖန်ရှီးဆစ်သည် ဟိုက်ဝူရန် သဘောကို နားလည်နေသော်လည်း စကားကောင်းမပြောချင်ပြန်ချေ။

"ကျွန်မ နားလည်ပါတယ် .... ကလေးလေး မဟုတ်ပါဘူး၊ ရှင်ဆိုလိုတာက .... ပူတာလနန်းတော်က ပုဂ္ဂိုလ်ကို ညွှန်နေတာ မဟုတ်လား ...."

"ဟုတ်တယ် .... ငါက စေတနာနဲ့ သတိပေးနေတာ .... နင့်

အပေါ်ထားတဲ့စေတနာကို နင် သိဖို့ကောင်းတယ်.... ကျခက်ဟန်ဘဆိုတာ သိုင်းပညာသိပ်ကောင်းတဲ့ ပုဂ္ဂိုလ် .... လက်ရုံးရည်ကောနှလုံးရည်ပါ ပြည့်စုံတဲ့လူ ....”

“သူ ဘယ်လိုလူစားဖြစ်ဖြစ် ကျွန်မ ဂရုမစိုက်ပါဘူး ... ကျွန်မက သူ့ရန်သူမှ မဟုတ်တာ.... သူ့ကို ရန်စဖို့လည်း စိတ်ကူးရှိမထားပါဘူး ....”

ဟိုက်ဝူရန်သည် ဘာစကားဆက်ပြောရမှန်းပင် မသိတော့။

ဖန်ရှီးဆစ်က ကျောပေးရပ်လိုက်ပြီး အဝေးကိုငေးကာ ပြောပြန်သည်။

“ရှင်ကတော့ သူ့ကို ရန်လုပ်ဖို့ ရောက်လာတဲ့ လူပဲ....”

“ဒါကြောင့်မင်းက ငါ့နောက်ကို နောက်ယောင်ခံပြီး လိုက်လာခဲ့တယ်ဆိုပါတော့ ....”

ဖန်ရှီးဆစ် ဘာပြောရမှန်း မသိတော့ပြန်ချေ။ မိမိကိုယ်ကိုပင် နားမလည်နိုင်အောင် ဖြစ်နေတော့သည့်။ ခေါင်းထဲ၌ကား ဟိုက်ဝူရန်၏ အလျှော့ပေးလိုက်လျှော့သံများ၊ ဂရုဏာအပြည့်နှင့်ချော့မော့သံများ၊ အကြင်နာများစွာနှင့် ယုယပိုက်ထွေးမှုများ၊ ယင်းတို့ကို ခံစားလိုသော အတွေးများ ဖြစ်ပေါ်လာပြန်လေသည်။

ကြာသော် အားမလို အားမရဖြစ်လာပြီး တလှိုက်လှိုက်ငိုရှိုက်မိတော့သည်။

ဟိုက်ဝူရန်သည် မိမိချွတ်ယွင်းချက်များကို သတိပြုမိသော်လည်း တစ်စုံတစ်ရာပြောကြားခြင်း မပြုတော့ဘဲ ရေငုံနှုတ်ပိတ်နေလိုက်ပြန်သည်။



ဖန်ရှီးဆစ်ကား မချိသောရင်နှင့် လှိုင်းဘောင်ဘင်ခတ်သကဲ့သို့ ငိုရှိုက်နေဆဲတည်း။ အတန်ကြာမှ ....

“ရှင်က ဘာတွေ လာမေးနေတာလဲ....ငါးဖယ်က မြောင်းပြန်လုပ်မနေပါနဲ့....တကယ်တမ်းကျတော့....ရှင်ဟာ ယောက်ျားရင့်မကြီးဖြစ်လျက်သားနဲ့ ဘဝကို ရဲရဲရင်မဆိုင်ဘဲ ထွက်ပြေးတဲ့လူပဲ .... ကိုယ့်ကိုယ်ကို လိမ်နေတဲ့လူပဲ....ကိုယ့်နှလုံးသားကို ညာနေတဲ့လူပဲ”

ဆန်ရှီးဆစ်သည် ခံစားချက်ပြင်းထန်စွာနှင့် ကရားရေလွှတ်ပြောချလိုက်ပြန်သည်။

ဟိုက်ဝူရန်ကား ဘာမျှမပြောဘဲ ငြိမ်ချက်သားကောင်းနေဆဲပင်တည်း။

ဖန်ရှီးဆစ်သည် ပြင်းထန်သော ခံစားမှုကို ရက်လများစွာခံစားလာခဲ့ရသူဖြစ်သဖြင့် ရင်ထဲမှစကားများကို ရေကာတာကြီးချိုးဖောက်ပစ်လိုက်သကဲ့သို့ တရစပ်ပြောပြန်တော့သည်။

“ရှင်ဟာ ယောက်ျားတစ်ယောက် မဟုတ်သလိုပဲ....ကိုယ့်ရင်ထဲက ခံစားချက်ကိုတောင် အမှန်အတိုင်း မပြောဝံ့မဆိုဝံ့ဘူး.... ဘဝကို သတ္တိရှိရှိ ရင်မဆိုင်ရဲဘူး .... အလကားလူ.... အလကားလူ”

ဖန်ရှီးဆစ်သည် ပြောရင်းက ဟီးခနဲ ငိုချလိုက်ပြန်၏။

အတန်ကြာမှ စီးကျနေသော မျက်ရည်များကို အင်္ကျီလက်စဖြင့် သုတ်ပစ်လိုက်ပြီး အံကိုတင်းခနဲ ကြိတ်လိုက်ပြန်လေ၏။

“ကောင်းပါတယ်....ရှင် ဒီလိုလုပ်နေတာပဲ ကောင်းပါတယ်၊ ကျွန်မလည်း လူ့ပြည်မှာ အသက်ရှင်ပြီး မနေချင်တော့ပါဘူး.... ယောဟိုက ချောက်ကမ်းပါးကြီးထဲ ခုန်ချပြီး သေလိုက်တာပဲ ကောင်း

တယ် .... ဒါမှမဟုတ်လည်း မယ်သီလရှင် ဝတ်လိုက်တာပဲ ကောင်းတယ် ....”

ဖန်ရှီးဆစ်၏ စကားများသည် မျှော်လင့်ချက်များ ပျောက်ဆုံးနေသူ၏စကားများသာတည်း။

“ဟင်း .... ဟင်း .. လောကမှာ ဘာသံယောဇဉ်မှ မထားဘဲ စိတ်လွတ် ကိုယ်လွတ်နေတာပဲ ကောင်းတယ် .... သံယောဇဉ်ဆိုတာ မိုးပဲ .... ရှင်ဟာ မိန်းမတွေကို ချစ်ဟန်ဆောင်ပြီး လှည့်စားနေတဲ့လူပဲ”

ဟိုက်ဝူရန်သည် အခံရခက်နေသော်လည်း မည်သို့မျှ ဖြေရှင်းခြင်း မပြုချေ။ အခြေအနေသည် ဖြေရခက်၊ မဖြေရခက်သော အခြေအနေပင်။

အချစ်ကြီးသူသည် အမုန်းကြီးတက်စမြဲပင်။ မိမိဖြေရှင်းမှုများ မှားယွင်းချွတ်ချော်ခဲ့ပါက ပြဿနာသည် ပို၍ကြီးမားလာပေဦးတော့မည်။ ထို့ကြောင့် လှုပ်ရှားနေသော စိတ်ကို ထိန်းသိမ်းလိုက်ပြီး ....

“ဖန်ရှီးဆစ် .... မင်းပြောချင်သလို ပြောနိုင်ပါတယ် .... တစ်နေ့ကျရင် တိကျတဲ့အဖြေမှန်ကို မင်းတွေ့လာရမှာပါ .... အကောင်းဆုံးကတော့ ပြီးခဲ့တာတွေကို မေ့ပစ်လိုက်ပါ .... ဖြစ်ခဲ့တာတွေကို သင်ပုန်းချေလိုက်ပါ .... ”

ပြောသာပြောရသည်။

ရင်ထဲ၌ကား ခံ့နင့်ကြေကွဲသော ဝေဒနာ ကို ခံစားနေရပြန်သည်။ ဖန်ရှီးဆစ်က အံကြိတ်ပြီး မျက်နှာချင်းဆိုင်လာသည်။

“ရှင်ပြောသလို ဖြစ်ရပါစေမယ် .... ဒါပေမယ့် ရှင်ဘာဖြစ်လို့ ခုလို ရှောင်ဖယ်နေရတယ် .... ကိုယ့်ကိုယ်ကို လိမ်ညာနေရတယ်



ဆိုတာကို အမှန်အတိုင်း ပြောစမ်းပါ .... အဲဒီအခါကျရင် ရှင့်ကို ဘယ်တော့မှ အနှောင့်အယှက်မပေးတော့ဘူး .... ကျေနပ်အောင် ပြောမပြနိုင်ရင်တော့ .... ကိစ္စကို လွယ်လွယ်နဲ့ အဆုံးမသတ်နိုင်ဘူး၊ သူများရဲ့ နှလုံးသားအစစ်ကို ရယူပြီးမှ လွယ်လွယ်ရှောင်ပြေးလို့တော့ ဘယ်တော့မှ မရဘူး .... ”

ဟိုက်ဝူရန်က သက်ပြင်းရှည်ကြီးကို ဟင်းခနဲ ချလိုက်သည်။

“မင်းကို ရှင်းပြစရာတွေ အများကြီးရှိပါတယ် .... ဒါပေမယ့် အချိန်မတန်သေးလို့ ဘာမှမပြောချင်သေးဘူး .... တစ်နေ့ကျရင် အကြောင်းစုံသိရမှာပါ .... ”

“ရမလား .... ရှင် ဒီလိုလုပ်လို့ ရမလား .... ”

ဖန်ရှီးဆစ်၏ အချစ်ပေါက်ကွဲမှုဒေါသကို မထိန်းသိမ်းနိုင်တော့ချေ။

ဟိုက်ဝူရန် လှည့်ထွက်သွားသည်ကို ငေးကြည့်နေရင်းက တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာတော့သည်။

ရုတ်တရက် ဖန်ရှီးဆစ်၏ ကိုယ်လုံးကြီးသည် လေဟာပြင်ထဲ မြောက်တက်သွားပြီး ဟိုက်ဝူရန်၏ ရှေ့ကို ကျရောက်သွားတော့သည်။

“ရပ်စမ်း .... ”

ဆန်ရှီးဆစ်သည် ဒေါသနှင့်ဓားကို ဆွဲထုတ်လိုက်ပြန်သည်။ ထို့နောက်တွင်မူ သူမ၏လက်ထဲမှ ဓားသည် ဟိုက်ဝူရန်၏ မျက်နှာပေါ်သို့ ဝဲကျသွားတော့သည်။

ဟိုက်ဝူရန်သည် ရှောင်နိုင်တိမ်းနိုင်သော အခြေအနေရှိသော်လည်း လုံးဝ ရှောင်တိမ်းခြင်းမပြုဘဲ လည်စင်းခံလိုက်တော့သည်။

ဓားသည် ငိုးခနဲမြည်သွားရာမှ မျက်ခုံးနှင့် တစ်လက်မလောက် အလိုတွင် တန့်ခနဲ ပြန်ရပ်သွားသည်။ ဓားသွားသည် မျက်လုံးအနီး၌ တလက်လက် တောက်ပနေဆဲတည်း။

သို့တိုင် ဟိုက်ဝူရန်၏မျက်နှာသည် ကြောက်လန့်ခြင်း ကင်းမဲ့နေလေ၏။

မျက်လုံးအစုံသည် အရောင်တဖျပ်ဖျပ် တောက်နေရင်းက ဖန်ရှီးဆစ်ကိုသာ ကရုဏာသက်စွာ ကြည့်နေမိတော့သည်။

ဖန်ရှီးဆစ်သည် ဓားကို ဆုပ်ကိုင်ရင်း ငေးကြောင်နေတော့သည်။

"မင်းရဲ့ .... သိုင်းပညာတိုးတက်လာတာ အံ့ရှိန်ကြီးပေမယ့် အတွင်းအားက နည်းနေသေးတယ်.... ဒါဟာ.... ငါ့ကို မသတ်ရက်ဘူးဆိုတဲ့ သက်သေပြချက်ပဲ .... "

ဟိုက်ဝူရန်က ဒါပဲပြောပြီး ဆက်လျှောက်သွားသည်။

ဖန်ရှီးဆစ် လက်ထဲမှ ဓားသည် မြေကြီးပေါ်သို့ကျသွားပြီး ထန်ခနဲ မြည်သွားသည်။

ဖန်ရှီးဆစ်သည် မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။

◆◆◆

ဟိုက်ဝူရန်သည် ရွက်ထည်တဲအတွင်းသို့ ပြန်ဝင်ခဲ့မိသည်နှင့် အုတ်ခုံရှည်ကြီးပေါ်လှဲချလိုက်တော့သည်။ အတန်ကြာအောင် မှေးနေမိသော်လည်း အိပ်၍ မပျော်ပေ။



ခေါင်းထဲတွင်မူ အတွေးမျိုးစုံဖြစ်ပေါ်နေသဖြင့် သက်ပြင်းကိုသာ တဟင်းဟင်းချမိတော့သည်။

မိမိသည် လက်ရုံးရည်ကော၊ နှလုံးရည်ပါ ပြည့်စုံသူဖြစ်သော်လည်း အချစ်ရေးကိစ္စ၌ကား အရှုံးပေးရသူ ဖြစ်နေသည်။

ဖန်ရှီးဆစ်၏ ကြီးမားပြင်းထန်သော အချစ်ဝေဒနာကို ကုစားပေးချင်သော်လည်း ဘာမျှမတတ်နိုင်ပါချေတကား။

မိမိ၏ အေးဆေးတည်ငြိမ်နေပြီဖြစ်သော စိတ်နှလုံးမှာ နောက်ကျိရှုပ်ထွေးလာပြန်သည်။

သည်ကြားထဲ အတိတ်၏ အချစ်ရုပ်ပုံများသည် မြင်လွှာထဲ၌ တစ်ကန့်ပြီးတစ်ကန့်၊ တစ်လွှာပြီးတစ်လွှာ ပေါ်လာပြန်သည်။

အချစ်၏ ချိုမြိန်သော အယုအယများ၊ မွှေ့ဖက်ကျီစယ်ကြည်နူးခဲ့ရမှုများ စသည်တို့သည် တစ်ခဏအတွင်း ပြန်လည်ခံစားနေရသလား အောက်မေ့နေမိပြန်သည်။

ဖန်ရှီးဆစ်နှင့် ပြန်လည်တွေ့ဆုံရခြင်းသည် အနာဟောင်းကို တုတ်နှင့် အဆွခံလိုက်ရသကဲ့သို့သာတည်း။

"ဖန်ရှီးဆစ်.... ဖန်ရှီးဆစ်.... တကယ်တော့ ငါဟာ နင့်အပေါ် ရက်စက်သူမဟုတ်ပါဘူးကွယ် .... နင့်ရဲ့ဘဝရှေ့ရေး ကောင်းကျိုးအတွက်ကို ရှေ့ရှုနေတဲ့လူပါ .... တစ်နေ့ကျရင်တော့.... ငါ့ရဲ့စိတ်ရင်းစေတနာနဲ့ မေတ္တာသဘောကို နားလည်လာရမှာပါ .... တကယ်တော့ တိုက်ပွဲမှာသာ ဒုက္ခမဖြစ်ခဲ့ရင်.... ခုလိုအခြေအနေမျိုးဖြစ်မှာ မဟုတ်ပါဘူးကွယ် .... ခုတော့ .... ခုတော့"

မြင်လွှာထဲတွင် အုယုံပင်းသမီး၏ ရုပ်ပုံပေါ်လာပြန်သည်။

ဤမင်းသမီးလေး၏ ရုပ်ပုံလွှာသည် မိမိ၏ ခံစားချက်ကို ပိုပြီး ပြင်းထန်နေစေသည်။

တလှိုက်လှိုက်ခံစားနေရသော ဝေဒနာသည် တိကျသော အဖြေတစ်ခုကို ထုတ်ဖော်ပြသနေလေပြီ။

မိမိသည် ပြဿနာများကို ဘာကြောင့် စေ့စပ်ဖြေရှင်းခြင်း မပြုခဲ့သနည်း။

ဟိုက်ဝူရန် မတွေးတတ်၊ မစဉ်းစားတတ်တော့ချေ။

ဖန်ရိုးဆစ်နှင့် ရင်းနှီးကျွမ်းဝင်ပြီးခါမှ အုယုံမင်းသမီးလေးနှင့် တွေ့ဆုံခဲ့ခြင်းသည် မူလက ရှုပ်ထွေးနေသော ပြဿနာကို ပိုပြီးရှုပ်ထွေးစေသည့် အဖြစ်တစ်ခုပင်။

တွေးရင်း တွေးရင်း ဖျိုင်းဖြူခေါင်းလစ်၏ မျက်နှာကြီးသည် မျက်ဝန်းအိမ်ထဲ၌ ထင်းခနဲ ဖြစ်လာပြန်၏။

ဖျိုင်းဖြူခေါင်းလစ်၏ သုံးထောင့်ကံလက်ရာသည် ပျောက်ကွယ်သွားပြန်ပြီဖြစ်သော်လည်း အတွင်းဒဏ်ရာကား လုံးဝပျောက်ကင်းခြင်း မရှိသေးချေ။

သိုင်းလောက၌ ထိုလက်ရာကို အသက်ရှင်လျက် လွတ်မြောက်သူ မရှိဘူးခဲ့သော်လည်း မိမိသည် အသက်ချမ်းသာရာရနေတုန်းပင်။

မိမိအသက်ရှင်အောင် ကြိုးစားရုန်းကန်နေခြင်းသည် ခံစားနေရသော ဒုက္ခအတွက် တုံ့ပြန်ရန်လှုပ်ရှားနေခြင်းပင်။

ဤဆန္ဒကို မည်သည့်စိတ်ခံစားရမှုကမျှ ဖုံးအုပ်ကျော်လွှားခြင်း မပြုနိုင်ချေတကား။

◆◆◆



အမှောင်ထုသည် တစ်စတစ်စ ပါးလျားသွားပြီး အရှေ့မိုးကောင်းကင်သည် အနီရောင်သမ်းလာသည်။

မိုးစင်စင်လင်းတော့မည်။

ရိပ်ဆန်ရန်သည် အိပ်ရာမှ လူးလိမ့်ပြီး ထလာသည်။

ဟိုက်ဝူရန်သည် အတွင်းအား ကျင့်စဉ်ကို ကျင့်နေဆဲတည်း။

"အို .... ဆရာလေးက အိပ်ရာထ တယ်စောသကိုး ...."

ဟိုက်ဝူရန်သည် သိုင်းကျင့်စဉ်ကို အချိန်အတော်ကြာအောင် ကျင့်ပြီးပြီဖြစ်၍ အသာရပ်ပစ်လိုက်သည်။ တစ်ကိုယ်လုံးမှ နာကျင်ကိုက်ခဲမှုများသည် လုံးဝ ပျောက်ကွယ်သွားပြီး လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာသည်။

ထိုအခါကျမှ ရိပ်ဆန်ရန်ကို လှမ်းပြောသည်။

"ကဲ .... ဆရာကြီးလည်း လေ့ကျင့်ခန်းလုပ်လိုက်ပါဦး"

"လုပ်ပါ့မယ် .... လုပ်ပါ့မယ်"

ရိပ်ဆန်ရန်သည် ကိုယ်လက်သန့်စင်ပြီးသည်နှင့် လေ့ကျင့်ခန်းကို စလုပ်တော့သည်။

ဟိုက်ဝူရန်သည် ရိပ်ဆန်ရန်၏ လှုပ်ရှားမှုများကို စေ့စပ်စွာ အကဲခတ်ရင်း လိုအပ်ချက်များကို ညွှန်ကြားပြသည်။

သို့နှင့် ကျင့်စဉ်များ ကျင့်ပြီး သွားကြပြန်သည်။ ရိပ်ဆန်ရန်နှင့် အတူသွားအတူလာ ရှိလာကတည်းက သိုင်းအားနှင့် သိုင်းကွက်များ တိုးတက်လာခဲ့သဖြင့် ကိုယ့်ကိုယ်ကို အားရကျေနပ်လာသည်။ ထို့ကြောင့် ပြုံးပြုံးရွှင်ရွှင်နှင့် လှမ်းမေး၏။

"ဆရာလေး ဒီနေ့ ဘယ်လိုအစီအစဉ်ရှိသလဲ ...."

"ထူးထူးထွေထွေ ရှိသေးပါဘူး .... ဒါနဲ့ အုစုရဲ့ဧည့်သည်တွေထဲမှာ သိုင်းပညာကောင်းသူတွေ ရှိနေတယ်ဆရာကြီး .... ကျုပ်တို့ရဲ့ ရန်သူတောင် ရောက်နေပြီ .... "

"ဟုတ်လား .... ဘယ်သူများလဲ .... "

"ဓားတချက်လေ .... "

ရိုပ်ဆန်ရန်သည် ကြားရသောစကားကြောင့် ခေါင်းနားပန်းကြီးသွားသည်။

"ဆရာလေးက ဓားတချက်ကို တွေ့ခဲ့ပြီလား .... "

"ဟုတ်တယ် .... ညကပဲ တွေ့ခဲ့တာ.. ဂူကတော့ ကျွန်တော့်ကို မတွေ့ခဲ့ပါဘူး .... "

"အင်း .... ဒီကောင်ဟာ ဓားပညာအတော်ကောင်းတဲ့ကောင်ပဲ"

"ဟုတ်တယ်ဆရာကြီး .... သူနဲ့တွေ့ရင် သတိကောင်းကောင်းထားဖို့လိုတယ် .... "

"ဆရာလေးလည်း အစစ သတိထားဖို့လိုပါတယ် .... "

ရိုပ်ဆန်ရန်က သတိပြန်ပေးသည်။ ဟိုက်ဝူရန်သည် အဝေးကိုငေးပြီး ငြိမ်သွားသည်။

မိမိသည် မဖြစ်ဖြစ်သည့်နည်းနှင့် မပျော့်ရှင်အဖွဲ့ကို ဖြိုခွင်းရပေလိမ့်မည်။ ဓားတချက်ကို တုံ့ပြန်အနိုင်ယူပြီး ဒဏ်ခတ်ရမည်။

အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ပြီး ရတနာသိုက်ကိုရှာရလိမ့်မည်။ ဟိုက်ဝူရန်သည် ရှေ့ခရီးကိုသွားပြီး ငေးနေမိတော့သည်။

◆◆◆



ဝေ းရာသီ ဖြစ်သဖြင့် နေရောင်ခြည်သည် ပူပြင်းခြင်းမရှိလှချေ။

အုစုနှင့်ဓားတချက်သည် ကြိမ်ကုလားထိုင်ကြီးများပေါ်တွင် ထိုင်နေရင်း သူတို့ရှေ့ရှိ ကွင်းပြင်ကြီးကို လှမ်းကြည့်လိုက်သည်။ ကွင်းပတ်ပတ်လည်တွင် ကျောက်ခုံတန်းကလေးများ ရှိနေပြီး လူမျိုးပေါင်းစုံနှင့် ဧည့်သည်တော်များသည် ဝိုင်းရံပြီး ထိုင်နေကြသည်။

တဲအိမ်စု အရှင်သခင် ခေါင်းဆောင်ကြီး အုစုသည်ဓားတချက်ကို ကြည့်ပြီး ပြုံးလိုက်သည်။

သူသည် တိဗက်လူမျိုးတစ်ယောက် ဖြစ်သော်လည်း နယ်မျိုးစုံရောက်ဖူးသည်။ တရုတ်ပြည်ကြီးတွင်လည်း ကာလအတန်ကြာအောင်နေခဲ့ဖူးသူ ဖြစ်သည်။ ဤတွင်မက တရုတ်ပြည်တွင် သိုင်းပညာသင်ကြားတတ်မြောက်လာခဲ့သူတည်း။

တိဗက်သို့ ပြန်လာပြီးနောက် ကုန်သည်လုပ်ရင်း ဘုရင့်အမှုထမ်းဖြစ်ခဲ့သည်။ ပို့ နောက်တွင်မူ အရေးပါသော ရာထူးတစ်ခုရပြီးကြီးပွားလာခဲ့သည်။ သို့သော် ကျခက်ဟန်ဘ ညီအစ်ကြီးချိန်တွင် သူ့ဘဝသည် စောက်ထိုးမိုးမျှော် ဖြစ်ခဲ့ရသည်။ ဤအဖြစ်သည် သူ့အသည်းတစ်နေရာ၌ နာကြည်းစွာ စွဲမြဲနေသော ကိစ္စပင်။

အုစုသည် ဓားတချက်နှင့် ယှဉ်ပြီး ထိုင်နေရာမှ ပရိသတ်များကို လှမ်းကြည့်ပြန်သည်။

ခုံတန်းများပေါ်တွင် ထိုင်နေကြသူများသည် လူမျိုးစုံလှသည်။

တရုတ်၊ မွန်ဂို၊ ဟာဆားခက်၊ တိဗက်၊ ပန်းသေးစသည်တို့ဖြစ်သည်။

အူစုသည် ဟက်ခနဲပြုံးလိုက်ပြီး လက်ထဲမှ သံလုံးနှစ်လုံးကို ကစားနေရာမှ ထရပ်လိုက်သည်။

စင်စစ် ဤနေ့သည် ထူးခြားသော သိုင်းပညာပြပွဲနှင့် ပြိုင်ပွဲကို ကျင်းပမည့်နေ့ပင်တည်း။

အူစုသည် ပရိသတ်များကို ဝေ့ဝဲကြည့်လိုက်ပြီး မိန့်ခွန်းပြောကြားသည်။ အကြောင်းကား ....

ဤနေ့ ဤရက်သည် ဤဒေသမှ လူများအတွက် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်မှ နာမည်ကျော်သိုင်းဆရာကြီးတစ်ယောက်ရောက်ရှိလာပြီဖြစ်ကြောင်း၊ အမည်သည် ဓားတချက်ဟု ခေါ်ကြောင်း၊ သူသည် သူ၏ သိုင်းပညာများကို ထုတ်ဖော်ပြသမည်ဖြစ်၍ မည်သူမဆို သူ၏ပညာရပ်များကို လိုအပ်သလို လေ့လာနိုင်ကြောင်း၊ ယှဉ်ပြိုင်လိုလျှင် ယှဉ်ပြိုင်နိုင်ကြောင်း အမိန့်ကြားခြင်းပင်တည်း။

သူ၏ စကားဆုံးသွားချိန်တွင် လက်ခုပ်သံ တဖြောင်းဖြောင်းမြည်ဟည်းသွားသည်။

အူစုသည် ကြိမ်ကုလားထိုင်ကြီးတွင် ပြန်ထိုင်လိုက်ပြီး ဓားတချက်ကို လှမ်းပြောပြန်သည်။

"ဆရာကြီး .... ဒီအစီအစဉ်ကောင်းပါတယ်နော် .... "

ဓားတချက်က ဘာမျှမပြော၊ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

ပရိသတ်ထဲတွင် သိုင်းပညာ ထက်မြက်သူများ ရှိကောင်းရှိနေလိမ့်မည်။

သို့သော် ဓားတချက် သိပ်စိတ်မဝင်စားလှချေ။



ဓားတချက်သည် အူစု၏ ဖိတ်ခေါ်ချက်ကို လက်ခံခဲ့သည်ကား သူ့တွင်အကြောင်းရှိ၍ ဖြစ်သည်။

အူစုကလည်း သူ့ရည်ရွယ်ချက်နှင့်သူ ဓားတချက်ကို မြှောက်နေခြင်းဖြစ်သည်။

ရည်ရွယ်ချက်ကား ဓားတချက်နှင့်ပေါင်းပြီး ကျခက်ဟန်ဘကို တုံ့ပြန်ရန် ဖြစ်သည်။ မိမိလက်လွတ်ဆုံးရှုံးခဲ့သော ဩဇာအာဏာနှင့် စည်းစိမ်များကို ပြန်ယူရန် ဖြစ်သည်။

သို့သော် သူသည် မပျော်ရွှင်အဖွဲ့ဆိုသည်ကို ကြားဖူးသော်လည်း ထိုအဖွဲ့သည် မည်သည့်အဖွဲ့မျိုးဖြစ်သည်ကို သိသူမဟုတ်ချေ။ စိတ်ထဲ၌ကား ဓားပြအဖွဲ့ခေါင်းဆောင် တစ်ယောက်ဟုသာ ထင်မှတ်ပြီး သိမ်းသွင်းစည်းရုံးနေခြင်းပင်။ သူသည် ဓားတချက်သိုင်းပညာတော်ကြောင်း ကြားဖူးသော်လည်း အဘယ်မျှတော်သည်ကိုကား မြင်ဖူးသူ မဟုတ်ချေ။ ထို့ကြောင့် ဓားတချက်၏ သိုင်းပညာကို မြင်တွေ့ချင်လွန်းသဖြင့် ဤသို့စီစဉ်ခြင်း ဖြစ်သည်။

ဟိုက်ဝူရန်နှင့် ရိပ်ဆန်ရန်တို့သည် ပရိသတ်များကို အကာအကွယ်ပြုပြီး အခြေအနေကို စောင့်ကြည့်နေကြသည်။ သူတို့နှစ်ယောက်သည် သာမန်အဝတ်အစားများကိုသာ ဝတ်စားထားကြသဖြင့် မည်သူကမျှ ဂရုမစိုက်ကြချေ။

ဟိုက်ဝူရန်သည် ဦးထုပ်ကြီးတစ်လုံးကို ခပ်ငိုက်ငိုက်ဆောင်းထားပြီး အခြေအနေကို လေ့လာသည်။

ယခုအချိန်၌ သူ့အဖို့ ဓားတချက် ကို မြင်ခွင့်မပေးနိုင်သေးချေ။

ဂျက်တရက် ပရိသတ်ထဲမှ ပိန်ရှည်ရှည် လူတစ်ယောက်သည် ကွင်းထဲသို့ဝင်လာပြီး ဓားတချက်ရှိရာ လျှောက်သွားသည်။

"ပွဲကြီး ကောင်းတော့ စပြီ ...."

ရိုပ်ဆန်ရန်က ဟိုက်ဝူရန်ကို တံတောင်နှင့်တွက်ပြီး ပြော၏။

"ခင်ဗျား ဒီလူ့ကို သိသလား ...."

"သိတယ် .... ဖန်ကျန်းတဲ့ ဓားပြတစ်ယောက်ပဲ .... "

"ဩော် .... ဒါကြောင့် မိုက်တာပဲ .... "

ဖန်ကျန်းသည် ကွင်းထဲသို့ရောက်သည်နှင့် ပရိသတ်များကို လက်အုပ်ချီပြီး ဂါရဝပြုလိုက်သည်။ အားလုံးလက်ခုပ်သံတဖြောင်းဖြောင်းနှင့် ဩဘာပေးသည်။ ထို့နောက်မှ ဓားတချက်အနီးသို့ တိုးကပ်သွားသည်။

အူစုက ဖန်ကျန်းကိုကြည့်ပြီး ခပ်ကျယ်ကျယ် လှမ်းပြော၏။

"ဆရာဖန်ကျန်းပါလား.... ဆရာဖန်ကျန်းက သိုင်းပညာပြိုင်ချင်လို့လား .... "

"ဟဲ .... ဟဲ .... သခင်ကြီး မေးတဲ့အတိုင်းပေါ့ဗျာ .... ခုခင်းကျင်းထားတဲ့ပွဲဟာ.... သိုင်းပြိုင်ပွဲနဲ့ ပညာစမ်းပွဲလုပ်ဖို့ပဲ မဟုတ်လားဗျ .... ဓားတချက်ဆိုတဲ့နာမည်ကိုတော့ ကြားဖူးတာ ကြာပါပြီ ပညာစွမ်းကို မတွေ့ဘူးလို့ စမ်းကြည့်ချင်လို့ပါ .... ဟဲ .... ဟဲ"

ဖန်ကျန်းက ရှင်းရှင်းနှင့် ဘွင်းဘွင်းပြောသည်။

အူစု ကျိတ်ပြီး ဝမ်းသာသွားသည်။ ဖန်ကျန်းသည် ဤဒေသ၌ သိုင်းတော်သူတစ်ဦးပင်။ ယခုမူ သူ့ကိုအသုံးချပြီး ဓားတချက်ပညာကို အကဲဖြတ်ရပေလိမ့်မည်။



ဖန်ကျန်းသည် အူစုကိုပြုံးပြရင်း ဓားတချက်ရှိရာ တိုးကပ်သွားသည်။

ဓားတချက်သည် ဖန်ကျန်းကို လုံးဝဂရုမစိုက်ဘဲ အဝေးကိုသာ ငေးမြှိုငေးနေသည်။ ဤတွင်မက ဆံနွယ်တန်းထားသော ခြေထောက်နှစ်ချောင်းကို ကားပစ်လိုက်ပြီး သမ်းပြနေသေး၏။

ဓားတချက်၏ မခန့်လေးစား အမူအရာသည် ဖန်ကျန်း၏ ဒေါသကို နှိုးဆွပေးလိုက်သကဲ့သို့ ဖြစ်သွားသည်။

ဖန်ကျန်းသည် ရှေ့ကိုတိုးပြီး အသံကိုထိန်းပြောလိုက်ပြန်၏။

"ဆရာကြီး ဓားတချက် .... ဖန်ကျန်းက ယှဉ်ပြိုင်ပွဲကလေး ကျင်းပကြရအောင် လာပြီးနှုတ်ဆက်ပါတယ် .... "

ဖန်ကျန်းသည် ဤသို့ပြောရင်း လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။ အရိုးအဆစ်များမှ အသံများ တဖြောက်ဖြောက်မြည်သွားသည်။ ဓားတချက်သည် အိပ်ချင်မူးတူးဖြစ်နေဟန်နှင့် တသမ်းသမ်းတဝေဝေလုပ်ပြီး မျက်လုံးဖွင့်သည်။

မျက်လုံးသည် ဖန်ကျန်းကို မကြည့်ဘဲ ကောင်းကင်ကိုသာ မော့ကြည့်နေသည်။

ဖန်ကျန်း စိတ်မထိန်းနိုင်တော့။ နွားသိုးကြီးလို ဒေါသကြီးလာသည်။

ဓားတချက်၏ အပြုအမူသည် ဆဲရေးတိုင်းထွားခြင်းထက်ပင် အခံရခက်လှသည်။

အူစုလည်း မနေနိုင်တော့။ ဓားတချက်ကို လှမ်းပြောသည်။

"ဆရာဓားတချက် သိုင်းပြိုင်မယ့်လူ ရောက်နေပါပြီ"

"ကျုပ်သိပါတယ် ...."

ဓားတာ က ဒါပဲပြောပြီး အငေးကို ငေးနေပြန်သည်။

ဖန်ကျ ၏ ဒေါသသည် ယမ်းအိုးကြီးထဲ မီးကျသွားသ ပေါက်ကွဲလာတော့သည်။ မျက်နှာကြီး ဖြူရာမှ ရဲရဲနီလာပေပြီ။

"ဒီမယ်....ဓားတချက် ခင်ဗျား ကျုပ်ကို မထီမဲ့မြင်လုပ်မ ပါနဲ့ .... သတ္တိရှိရင် ထိုင်ရာက ထလိုက်စမ်းပါ ...."

ဓားတချက်က မထ၊ ငြိမ်မြဲငြိမ်နေသည်။ ဖန်ကျန်း မခံနိုင်တော့။ ကျားကြီးလို မာန်သွင်းသံပေးပြီး ဝုန်းခနဲ ခုန်အုပ်လိုက်တော့သည်။

အုစုသည် ဘာလုပ်ရမှန်း မသိတော့ဘဲ မျက်လုံးကြီးပြူးနေ၏။ ပရိသတ်များ၏ အောက်ဟစ်သံများကလည်း ငရဲပွက်သလို ဆူညံသွားတော့သည်။

◆◆◆

သို့သော် ....

အခြေအနေသည် ပရိသတ်ထင်သလို မဟုတ်တော့ဘဲ ပြောင်းပြန် ဖြစ်သွားသည်။

ဓားတချက်သည် ကြိမ်ကုလားထိုင်ကြီးပေါ် ထိုင်နေရင်း လက်တစ်ဖက်ကို ဝှေ့ယမ်းပြီး လှုပ်ခါလိုက်သည်။

"အို ...."

ဖန်ကျန်း ဤသို့သာ အော်လိုက်နိုင်သည်။ ကိုယ်လုံးကြီးသည် နောက်သို့ တစ်လံမျှ လွင့်ထွက်သွားတော့သည်။



ပရိသတ်သည် ပါးစပ်အဟောင်းသား ဖြစ်နေရာမှ ကိုးရိုးကားရား ဖြစ်သွားသော ဖန်ကျန်းကို ကြည့်ရင်း ဝါးခနဲဖြစ်သွားကြသည်။

ဖန်ကျန်းသည် အခြေအနေကို သဘောပေါက်သွားသည်။ မိမိသည် ဓားတချက်၏ သိုင်းပညာကိုယှဉ်နိုင်သူ မဟုတ်ချေတကား။

သို့သော် လူပုံအလယ်၌ လွယ်လွယ်အရှုံးပေး၍ မဖြစ်ချေ။ မိမိသည် ဤအသင်း၌ နာမည်တစ်လုံးနှင့် နေနေသူဖြစ်၍ နာမည်အပျက် မခံနိုင်ပေ။ အံကိုတင်းတင်းကြိတ်ပြီး ရှေ့ကိုတိုးလာပြန်သည်။

"သိပ်ကောင်းတဲ့ သိုင်းကွက်ပဲ .... ကဲ .... နောက်တစ်ခါ စမ်းကြည့်ရအောင်လား ...."

ဖန်ကျန်းသည် စကားဆုံးသည်နှင့် ကျားဆိုးကြီးလို ခုန်အုပ်လိုက်ပြန်သည်။

ပရိတ်သတ်၏ လက်ခုပ်သံနှင့် အော်ဟစ်သံများကလည်း သောင်းသောင်းညံသွားသည်။

အခြေအနေသည် ဓားတချက် ရှောင်တိမ်းရန်မဖြစ်သည့် အခြေအနေပင်တည်း။

သို့သော် ဓားတချက်သည် ဖန်ကျန်း၏ ခုန်အုပ်တိုက်ခိုက်မှုကို ဂရုမစိုက်လှချေ။

ဖန်ကျန်း၏ လက်ဝါးကြီး ခေါင်းပေါ်ရောက်၍ လက်တစ်လုံး အလိုလောက်မှ သူ၏ လက်တစ်ဖက်ကို မြှောက်တင်လိုက်သည်။ ဤတွင် ဖန်ကျန်း၏ လက်သည် တန့်ခနဲ ဖြစ်သွားသည်။

ထို့နောက်တွင်မူ ဓားတချက်၏ လက်တစ်ဖက်နှင့် ဖန်ကျန်း၏ လက်နှစ်ဖက်သည် ရှုပ်ယှက်ခတ်သွားသည်။

ရုတ်တရက် ဖန်ကျန်း၏ လက်ချောင်းကလေးများသည် မားတချက်၏ ဆုပ်ညှစ်ခြင်းကို ခံလိုက်ရတော့သည်။ တဖြောက်ဖြောက် အသံများ မြည်သွားပြီးနောက်တွင်မူ ဖန်ကျန်း၏ လက်ချောင်းကလေးများ ကျိုးကုန်ကြတော့သည်။

"အ .... အား .... အား"

ဖန်ကျန်းသည် ခြေကိုပင် မြဲအောင် မရပ်နိုင်တော့ဘဲ ခွေကျသွားတော့သည်။

မားတချက်သည် ဖန်ကျန်း၏ ဒုက္ခကို မကျေနပ်နိုင်သေးသဖြင့် အသေရိုက်သတ်ရန် လက်နှစ်ဖက်ကို မြှောက်တင်လိုက်ပြန်သည်။

ထိုစဉ် ပြင်းထန်သော အရှိန်နှင့် လက်နက်ပုန်းလေးတစ်ခု ပြေးဝင်လာတော့သည်။ မားတချက်သည် လန့်ဖျပ်သွားပြီး နောက်သို့ ဆုပ်ပေးလိုက်ရသည်။

ဤလက်နက်ငယ်သည် ဘယ်ကလာသော လက်နက်ပါနည်း။

မားတချက် ကြာကြာမစဉ်းစားနိုင်။ ဖန်ကျန်းကိုသာ ဒေါသနှင့် ဆောင့်ကန်ပစ်လိုက်သည်။ ဖန်ကျန်းသည် အသေကောင်ကြီးလို လွင့်ထွက်သွားသည်။

ပရိသတ်အားလုံး မျက်လုံးပြူးသွားတော့သည်။

မားတချက်က လက်နက်ပုန်းကို လှမ်းကြည့်လိုက်သည်။ ကျောက်တုံးလေး တစ်တုံးပင် ဖြစ်သည်။

ထိုစဉ် ဖန်ကျန်းက ရှုံ့မဲ့ပြီး ပြန်ထလာသည်။

"မားတချက် .... ခင်ဗျား ထမင်းဝအောင်စားထား .... ခင်ဗျားရဲ့ သွေးကြွေးကို ခင်ဗျားရဲ့သွေးနဲ့ ပြန်ဆပ်ရမယ် .... "



ဖန်ကျန်းက ဒါပဲပြောပြီး လှည့်ထွက်သွားသည်။ မားတချက်ကား ဖန်ကျန်းကို စိတ်မဝင်စားဘဲ ကျောက်ခဲတုံးလေးနှင့် ပစ်လိုက်သူကိုသာ စိတ်ဝင်စားနေရတော့သည်။

အူစုက မားတချက်ကို ချီးကျူးသည်။

"ဟဲ .... ဟဲ .... ဆရာ မားတချက်ရဲ့ သိုင်းပညာဟာ နတ်သိကြားတွေလို ပြောင်မြောက်တဲ့ပညာပဲ .... ချီးကျူးပါတယ် .... လှိုက်လှိုက်လှဲလှဲချီးကျူးပါတယ် .... "

မားတချက်က ဘာမျှပြန်မပြောချေ။ ကျောက်တုံးလေးကိုသာ ငေးပြီးကြည့်နေသည်။

ပရိသတ်ထဲမှာ သိုင်းပညာထက်မြက်သူရှိနေပြီမှာ သေချာနေပြီ။

ထိုသူ မည်သူဖြစ်လေသနည်း။ မားတချက်အံကို ကြိတ်လိုက်မိတော့သည်။ ထို့နောက် အူစုကို လှမ်းကြည့်ပြီး ....

"တဲအိမ်စုသခင်ကြီး....ပရိသတ်တွေထဲမှာ သိုင်းပညာကောင်းတဲ့ လူတွေရှိနေပါလား .... ဟား .... ဟား"

အူစု ဘာပြောရမှန်းမသိချေ။

မားတချက်ကား ပရိသတ်ကို ခြုံကြည့်လိုက်ရာမှ တစ်ယောက်ချင်း လိုက်ကြည့်နေပြန်၏။ ထို့နောက် ထိုင်ရာမှထပြီး ရှေ့ကိုတိုးလာတော့သည်။

"ကျောက်တုံးရှင် မိတ်ဆွေ....ပုန်းမနေစမ်းပါနဲ့ မြန်မြန်ထွက်လာစမ်းပါ .... "

မားတချက်၏ စကားကြောင့် ပရိသတ်များ အူကြောင်ကြောင်

ဖြစ်သွားကြပြန်သည်။

ထိုစဉ် တဟဲဟဲ ရယ်သံကြားရပြီး အဘိုးအိုကြီးတစ်ယောက် ထွက်လာသည်ကို တွေ့ကြရတော့၏။

ရိပ်ဆန်ရန်သည် အဘိုးအိုကြီးကို ကြည့်ပြီး 'လတ်စသတ်တော့ သူကိုး'ဟု ရေရွတ်လိုက်သည်။

ဟိုက်ဝူရန်က တံတောင်နှင့်တွက်ပြီး သတိပေးသည်။

သည်ကြားထဲက ....

"ပွဲကြီး ပွဲကောင်းတော့ကြည့်ရပြီ"ဟု ပြောလိုက်သေး၏။

စင်စစ် ဤအဘိုးအိုကြီးသည် ဆိတ်နီအဖွဲ့မှ အကြွင်းအကျန် အဘိုးအိုကြီးပင်။ အဘိုးအိုကြီးသည် အင်္ကျီလက်အိုးကြီးကို တဖျပ်ဖျပ် လှုပ်ခါလိုက်ရင်း ကွင်းထဲသို့ လှမ်းလာသည်။

ပရိသတ်များ၏အသံများသည် တဝေါဝေါ ဆူညံလာပြန်သည်။

အူစုလည်း ဂနာမငြိမ်ဖြစ်နေလေပြီ။ စိတ်ထဲ၌ကား ဤအဘိုးကြီးသည် ပိန်လှီသော အဘိုးကြီးဖြစ်သဖြင့် ဓားတချက်က လက်ညှိုးနှင့်ထိုးလိုက်လျှင်ပင် အသက်ထွက်သွားနိုင်သည်ဟု တွေးနေမိပြန်သည်။

စင်စစ် ထိုအဘိုးအိုကြီးကို အူစု မသိပေ။ ဤအဘိုးကြီးသည် ဤဒေသသို့ ဘယ်အချိန်က ရောက်နေသနည်း။ အူစု ခေါင်းရှုပ်နေတော့သည်။

နောက်ဆုံးတွင်မူ တဲအိမ်စု တာဝန်ခံ လောလျှံကို မေးရတော့သည်။

"လောလျှံ ... ဒီလူက ဘယ်ကလူလဲ .... "

"မသိပါ သခင်ကြီး ...."



လောလျှံသည် အူစုကို ဖြေပြီးသည်နှင့် အဘိုးအိုကြီးရှိရာ လျှောက်သွားသည်။ အဘိုးအိုကြီးသည် လောလျှံကို ကြည့်ပြီးခပ်ဆတ်ဆတ် လှမ်းမေး၏။

"ဘာကိစ္စလဲ မိတ်ဆွေ .... "

"ဟဲ .... ဟဲ .... ကျုပ်က ဒီဒေသ တဲအိမ်စုတာဝန်ခံပါ .... ဆရာကြီးကို တစ်ခါမှမတွေ့ဘူးလို့ လာမေးတာပါ .... နာမည်ဘယ်လိုခေါ်ပါသလဲ .... ဘယ်က ဘယ်လို ရောက်လာတာပါလဲ .... "

အဘိုးကြီးက ဆေးတံကြီးကို တဖွားနှစ်ဖွာ ရှိုက်ဖွာလိုက်ပြီးမှ ....

"ဟဲ .... ဟဲ .... ကျုပ်က တနယ်တကျေးက ရောက်လာတဲ့ ခရီးသည်တစ်ယောက်ပါ၊ လမ်းကြုံတုန်း သိုင်းပြိုင်ပွဲ ကျင်းပနေတယ် ကြားတာနဲ့ ဝင်ကြည့်တာပါ .... ဒေသတာဝန်ခံကြီး မနှစ်သက်ဘူးဆိုရင် ကျုပ်လမ်း ကျုပ်ပြန်သွားမှာပါ .... ဟဲ .... ဟဲ .... ကျုပ်ဘယ်သူဆိုတာတော့ မပြောနိုင်ဘူး .... "

အဘိုးအိုကြီးသည် စကားဆုံးသည်နှင့် ဆေးမှုန့်များကို ခါချလိုက်ပြီး ဆေးတံကို ခါးကြားထဲ ထိုးထည့်လိုက်သည်။ ထို့နောက် ကွင်းထဲမှ ပြန်ထွက်ရန် ဟန်ပြင်လိုက်သည်။

"ဟိတ် .... ခဏနေဦး"

အသံရှင်သည် ဓားတချက်ဖြစ်သည်။

အဘိုးအိုကြီးကား ခြေလှမ်းကိုပြင်ပြီး ပြန်လှည့်လာသည်။

"ဘာ့းမယ့်သူရှိသားပဲ .... ဟား .... ဟား"

အဘိုးအိုကြီးစကား ကြောင့် လောလျှံမျက်လုံးပြူးသွား၏။

ဓားတချက်၏ တားမြစ်ချက်သည် မိမိကို နောက်ပြန်ဆုတ်ခိုင်းခြင်းပင် ဖြစ်သည်။ ထို့ကြောင့် လက်အုပ်ချီပြီး နောက်ပြန်ဆုတ်သွားသည်။

အဘိုးအိုကြီးက ဓား ချက်ကို ခပ်ရဲရဲ မျက်နှာချင်းဆိုင်လာသည်။

ဓားတချက်၏ မျက်လုံးသည် ကြောက်စရာကောင်းအောင် အရောင်တောက်လာသည်။

"ဒီမယ် အဘိုးကြီး .... ခင်ဗျားနဲ့ကျုပ်ဟာ ဘယ်တုန်းကမှ သိခဲ့ဖူးသူတွေ မဟုတ်ဘူး .... ဒါကောင် ဘာကိစ္စနဲ့ ခုလိုရန်စတာလဲ ...."

"ဟား .... ဟား .... အဖွဲ့ချုပ်ကြီးက ကျုပ်ကို သက်သက်အထင်လွဲနေတာပဲ .... ကျုပ်က ခင်ဗျားကို ရန်စနေတာ မဟုတ်ပါဘူး၊ လူ့အသက်တစ်ချောင်းကို ကယ်တင်ခြင်းဟာ ကောင်းမြတ်တဲ့ အလုပ်ပါ .... ကျုပ်က လူ့အသက်တစ်ချောင်းကို ကယ်တင်လိုက်တာပါ"

"ခင်ဗျားစကားက တော်တော်နားထောင်ကောင်းသားပဲ ...."

ဓားတချက်သည် လက်တစ်ဖက်ကို အသာမြှောက်လိုက်၏။ ထို့နောက် လက်ဝါးကို ဖြန့်ပြလိုက်၏။ ကျောက်တုံးကလေးတစ်တုံးပင်ဖြစ်သည်။

ထို့နောက်တွင်မှ အဘိုးအိုကြီး၏ မျက်နှာကို ဝှစ်ခနဲပစ်ပေါက်လိုက်တော့သည်။

အဘိုးအိုကြီးက သိပ်ဂရုမစိုက်ချေ။ လွင့်လာသော ကျောက်တုံးကလေးကို ဖြတ်ခနဲ ဖမ်းယူလိုက်သည်။

သို့သော် ဓားတချက်၏ ပစ်အား းသည် အလွန်ပြင်းထန်လှ



သဖြင့် အဘိုးအို၏ လက်ချောင်းကလေးများကြားမှ လွင့်ထွက်လာပြီး ဆိတ်သားရေအင်္ကျီကို ထိမှန်သွားတော့သည်။

အဘိုးအိုကြီးသည် ဒဏ်ရာမရခဲ့သော်လည်း မျက်နှာပျက်ခနဲ ပျက်သွားသည်။ ဓားတချက်သည် အတွင်းအားကောင်းလှသူပေတည်း။

"ဟဲ .... ဟဲ .... အဖွဲ့ချုပ်ကြီးရဲ့ပညာက တော်တော်ကောင်းသားပဲ .... အခြေအနေက တိုက်ပွဲကြီး ဆင်နွှဲရတော့မယ့် အခြေအနေပဲ"

အဘိုးအိုကြီးက စကားပြောရင်း သိုင်းကွက်များကို နင်းလိုက်တော့သည်။

ပရိသတ်၏ လက်ခုပ်သံကား တင်ပုဟုတ်ချင်း ဆူညံလာတော့သည်။

ဓားတချက်သည် မျက်ခုံးနှစ်ဖက်ကို မြှင့်တင်လိုက်ရင်း ကြိမ်ကုလားထိုင်ကြီးကို ခတ်ပစ်လိုက်သည်။

"အဖွဲ့ချုပ်ကြီး ကျုပ်လာပြီ ...."

အဘိုးအိုကြီးသည် ဖြုတ်ခနဲ ခုန်ပျံလိုက်သည်။ ကိုယ်လုံးကြီးသည် ဝှီးခနဲမြည်ပြီး မြောက်တက်သွားသည်။

အဘိုးအိုကြီးသည် ဓားတချက်၏ ခေါင်းပေါ်ရောက်လာလေပြီ။ ထို့နောက်တွင်မှ ဓားတချက်၏ ခေါင်းကို ဝှစ်ခနဲ ရိုက်ချလိုက်တော့သည်။

ဓားတချက်က ကိုယ်ကို ကျုံ့ပစ်လိုက်ပြီး ညာလက်ဝါးကို ထောင်တင်လိုက်သည်။

လက်နှစ်ဖက် ထိက ်သွားချိန်တွင် အဘိုးအိုကြီးက နောက်

ကျောဘက် ရောက်သွားပြန်သည်။ တစ်ပြိုင်နက်တည်းတွင် သူ၏ လက်တစ်ဖက်က ကျောပြင်ပေါ် ဝဲကျလာပြန်သည်။

ဓားတချက်သည် ကိုယ်ကို ဖျတ်ခနဲလှည့်ပစ်လိုက်ပြီး အဘိုးအိုကြီး၏ လက်ဝါးကို ရိုက်ပစ်လိုက်သည်။ သို့သော် အဘိုးအိုကြီးက လက်ဝါးကို ရိပ်ခနဲ ပြန်ရုပ်လိုက်သည်။

ဤကား အပေါ်ယံသာမန်မြင်ကွင်းပင် ဖြစ်သည်။

ဟိုက်ဝူရန်၏ မျက်လုံးထဲ၌ကား ဤသို့မဖြစ်ပေ။

ဓားတချက်နှင့် အဘိုးအိုကြီးသည် သိုင်းကွက်တစ်ကွက်တည်းမှာပင် အကွက်ငယ်ပေါင်း လေးငါးကွက်ကို လျှပ်ပြက်သည်ထက် မြန်အောင် အသုံးချသွားကြခြင်းပင်။ ကြောက်စရာကောင်းသော ထိပ်တိုက်တွေ့ဆုံချိန်တွင်မူ နှစ်ယောက်စလုံးက ပါးနပ်စွာ ရှောင်ထွက်သွားကြခြင်းပင်။

သို့သော် ဓားတချက်သည် ဒေါသပိုထွက်လာ၏။ အသေသတ်ရန် ကြံလာသည်။ အားကို တစ်ချိန်ထက် တစ်ချိန်ပိုထုတ်လာသည်။

အဘိုးအိုကြီးကား ဤအထိ ရင်ဆိုင်လိုခြင်း မရှိချေ။

ဓားတချက်၏ အားအရှိန်ကား တစ်စတစ်စ ပြင်းထန်လာ၏။

ရုတ်တရက် အဘိုးကြီးသည် ဟက်ခနဲ ရယ်လိုက်ပြီး တိုက်ပွဲကွင်းထဲမှ ခုန်ထွက်သွားတော့သည်။ မကြာမီမှာပင် အဘိုးအိုကြီး ပျောက်ကွယ်သွားတော့သည်။

ဓားတချက်သည် မကျေမနပ်ဖြစ်နေရာမှ မချိသွားဖြဲကြီးရယ်မောလိုက်ပြန်သည်။



အဘိုးကြီးသည် မိမိ၏ပညာကို အပေါ်ယံအားဖြင့် စမ်းသပ်လေ့လာသွားခြင်းပင်။ တနေ့နေ့တွင် ထပ်မံတွေ့ဆုံကြရန် အခွင့်အရေးယူသွားခြင်းဖြစ်ဟန် တူလေသည်။

အူစုသည် ကြောင်ငေးငေးနှင့် ဘာကိုမျှ မဝေခွဲတတ်တော့ချေ။ ဓားတချက်က အူစုကို ဒေါသနှင့် လှမ်းမေးလာသည်။

“တဲအိမ်စုသခင်ကြီး....ဒီအဘိုးကြီးကို သိသလား....ဘယ်သူလဲ .... ”

အူစုက ခေါင်းကိုတွင်တွင်ကြီးခါယမ်းလိုက်သည်။ လောလျှံကို လှမ်းကြည့်သည်။

“လောလျှံ .... မင်းသိသလား”

“ကျွန်တော် .... ကျွန်တော်လည်း မသိပါဘူး .... ဒါဟာ .... ဒါဟာ”

ဓားတချက်က မချိပြုံး ပြုံးနေပြန်သည်။ ဤအဘိုးကြီးသည် အူစုတို့ မသိနိုင်သော အားကောင်းသည့်ရန်သူ တစ်ဦးပင်။

သို့သော် ဓားတချက် ဂရုမစိုက်ချေ။ မိမိ၏သိုင်းကွက်ကလေးလေးငါးကွက်ကို ပရိသတ်သည် အားရလိမ့်မည်မဟုတ်ဟုလည်း တွေးသည်။ ထို့ကြောင့် အစွမ်းကုန် ပြလိုစိတ်များ ထက်သန်လာသဖြင့် အူစုကို ထပ်မေးသည်။

“တဲအိမ်စုသခင်ကြီး....ပြိုင်ချင်တဲ့လူရှိသေးသလား....မြန်မြန်ခေါ်ထုတ်လိုက်ပါ .... ”

အူစု ဝမ်းသာသွားသည်။ ဓားတချက်၏ သိုင်းပညာကောင်းသည် မှန်သော်လည်း မည်မျှအထိ ကောင်းလှသည်ကို မမြင်ရသေး

ပေ။ ထို့ကြောင့် လောလျှံကို ခေါင်းညိတ်ပြပြီး လူခေါ်နိုင်းရတော့သည်။

လောလျှံက ပရိသတ်ကို မျက်နှာမူပြီး တိဗက်စကားနှင့်အော်ပြောလိုက်သည်။ မကြာမီ လူအုပ်ထဲမှ လူနှစ်ယောက် ခုန်ထွက်လာသည်။

တစ်ယောက်သည် သံလုံးနှစ်လုံးကို တစ်ဖက်တစ်ချက်စီကိုင်ထားသည်။

တစ်ယောက်သည် တစ်ဖက်ကဓား၊ တစ်ဖက်က စူးချွန်များပါသော သံတုတ်။

သူတို့ထွက်လာသည်နှင့် လက်ခုပ်သံများ တဖြောင်းဖြောင်းမြည်သွားသည်။

ဤ မွန်ဂိုနှစ်ယောက်သည် ဤအရပ်မှ ဒေသခံများပင်။

"ကျား ခြသေ့ညီနောင်"ဟု အမည်ရထားသူများပင်။

အစ်ကိုဖြစ်သူ၏ နာမည်ရင်းသည် တင်စန်းမိန်ဖြစ်ပြီး ညီဖြစ်သူသည် 'တာမွတ်အောင်' ဖြစ်သည်။

အုစုထံတွင် အမှုထမ်းနေသူများဖြစ်ပြီး အုစု၏ အလေးထားမှုကို ခံရသူများ ဖြစ်သည်။

ညီအစ်ကိုနှစ်ယောက် တစ်ပြိုင်နက် ထွက်လာသည်ကို အုစုက မသင့်လျော်ဟု ယူဆမိသည်။

ဓားတချက်သည် သိုင်းပညာကောင်းသူဖြစ်သော်လည်း ဤညီအစ်ကိုနှစ်ယောက်ကလည်း ခေလှသူများ မဟုတ်ချေ။

နှစ်ယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်ပွဲတွင် ဓားတချက်



ဒဏ်ရာရခဲ့ပါက မိမိမျက်နှာကောင်းရုံသည် မဟုတ်ချေ။ ဤပွဲသည် တရားသောပွဲလည်း ဖြစ်လိမ့်မည် မဟုတ်ဟု ထင်သည်။

ထို့ကြောင့် ကျားခြသေ့ညီနောင်ကို လှမ်းအော်လိုက်သည်။

"ဟေ့.... မင်းတို့ လက်နက်တွေပြန်သိမ်းလိုက်ပါ.... လက်ချည်းပဲ ကစားပြပါ .... "

ဓားတချက်က တဟားဟားရယ်ပြီး တားသည်။

"နေပါစေ .... အုစု .... နေပါစေ .... ဒီလိုမှ သူတို့ရဲ့လက်စွမ်းကို ပိုသိရမှာ.... သူတို့လက်နက်နဲ့ သူတို့ကြိုက်သလို ပြိုင်ကြပါစေ"

"ဖြစ်ပါ့မလား ဆရာဓားတချက် .... "

"ဖြစ်ပါတယ်....ဒါမှ သူတို့ အစွမ်းကုန်တိုက်ခိုက်နိုင်ကြမှာပါ .... ကျုပ်လည်း ကျုပ်ပညာကို ကောင်းကောင်းပြရသေးတာမဟုတ်ပါဘူး.... ပရိသတ်ကလည်း ပွဲကောင်းကို ကြည့်ချင်နေကြတာပါ .... ကျုပ်အတော်ဆုံးလူတွေနဲ့သာ ပြိုင်ချင်တာပါ .... "

ဓားတချက်၏စကားကြောင့် ကျားခြသေ့ညီနောင် ဒေါသထွက်လာသည်။

ထို့ကြောင့် ဓားတချက်ကို မိုက်ကြည့်ကြည့်ပြီး သိုင်းကွက်နင်းလိုက်ကြသည်။

အစ်ကိုဖြစ်သူ တင်စန်းမိန်သည် ဒေါသကြီးသူဖြစ်သည်နှင့် ပန်းကန်လုံးလောက်ရှိသော သံလုံးကြီးကို ပစ်လွှတ်လိုက်တော့သည်။

ဓားတချက်သည် သံလုံးကြီးကို ကြည့်ပြီး လက်ညှိုးနှင့်လှမ်းတားလိုက်သည်။ ထို့နောက် လက်ညှိုးကို ဝှေ့ပစ်လိုက်သည်။

သံလုံးသည် တန်းခုနဲ့ဖြစ်သွားရာမှ ချာချာလည်ပြီး ဦးခနဲမြည်

ကာ တင်စန်းမိန်ဆီ ပြန်ပြေးလာသည်။

ပရိသတ်သည် တအံ့တသြဖြစ်သွားကြပြီး လက်ခုပ်တဖြောင်းဖြောင်း တီးလိုက်ကြတော့သည်။

တင်စန်းမိန်သည် ထိတ်ခနဲဖြစ်သွားရာမှ ပြေးဝင်လာသော သံလုံးကြီးကို ဆုပ်ရင်း နောက်သို့ လွင့်ထွက်သွားသည်။

လက်ခုပ်သံများ တဖြောင်းဖြောင်း မြည်ဟည်းသွားသည်။

တင်စန်းမိန်သည် သူ့ကိုယ်သူ မဟန်နိုင်ဘဲ ဗိုင်းခနဲလဲကျသွားသည်။

တာမွတ်အောင်က တင်စန်းမိန်၏ အဖြစ်ကြောင့် သံတုတ်ရှူးချွန်ကြီးကို ကိုင်ပြီး လှစ်ခနဲ ပြေးဝင်သွားသည်။ ထို့နောက်တွင်မူ ဓားတချက် ကိုယ်လုံးကြီးကို သံတုတ်ရှူးချွန်ကြီးနှင့် သိမ်းရိုက်လိုက်သည်။

ဓားတချက်က ကိုယ်ကိုယိုင်ပြီး ကော့ရှောင်လိုက်သည်။ သံတုတ်ရှူးချွန်သည် ဗိုးခနဲမြည်ပြီး ဒါးရိုးပေါ်မှ ကပ်ထွက်သွားသည်။

ဤတွင် တာမွတ်အောင်က ကျန်တစ်ဖက်မှ ဓားကို ဇွေ့ယမ်းလိုက်ပြီး ဗိုက်ထဲကို ထိုးသွင်းလိုက်ပြန်သည်။ သို့သော် ဓားတချက်က နောက်ကျွမ်းပစ် ထွက်သွားရာမှ ဓားကိုပါ လက်ချောင်းနှင့် လှမ်းညှပ်လိုက်သည်။

တာမွတ်အောင်သည် တန့်ခနဲ ဖြစ်သွားရာမှ ဓားကိုဆောင့်သွင်းလိုက်ပြန်သည်။ ဓားကား မလှုပ်ချေ။ ဆောင့်ခွဲပြီး ထုတ်လိုက်ပြန်သည်။ ဓားကား မလှုပ်ချေ။

တာမွတ်အောင် ဘာဆက်လုပ်ရမှန်း မသိတော့သဖြင့် ဓာချေး



ပြန်[illegible]နေကာသည်။

[illegible]ဘ်တရက် တာမွတ်အောင်သည် ဓားကို ဆော[illegible]ခွဲလိုက်ပြန်သည်။ ဓားတစ်ချက်သည် ဆွဲရှိန်ကိုယူပြီး တာမွတ်အောင်၏ခေါင်းပေါ်မှကျော်ကာ နောက်ကျောသို့ ရောက်လာသည်။ တာမွတ်အောင်သည် နောက်သို့ဖျတ်ခနဲပြန်ထပြီး သံလုံးကြီးနှစ်လုံးနှင့် ရိုက်ချလိုက်သည်။

ထိုစဉ် .... လဲကျနေသော တင်စန်းမိန်က ဖျတ်ခနဲပြန်ထပြီး သံလုံးကြီးနှစ်လုံးနှင့် ပစ်ပေါက်လိုက်ပြန်သည်။

သို့သော် ဓားတချက်သည် လျှပ်တစ်ပြက်တိုက်ခိုက်လာသော ညှပ်မှူးညှပ်ပိတ် တိုက်ကွက်ကို လျှပ်ပြက်သလို ရှောင်ထွက်သွားပြန်သည်။ ထို့နောက် သူ၏ဓားကို ထုတ်ယူလိုက်ပြီး တပြိုင်နက် ထပ်ဝင်လာသော တိုက်ကွက်များကို ဇွစ်ခနဲ ဇွစ်ခနဲ ရိုက်ပစ်လိုက်တော့သည်။

"အိုး .... " "အား .... " ဟူသောအော်သံကြီးနှစ်သံပေါ်လာတော့သည်။

တာမွတ်အောင်နှင့် တင်စန်းမိန်တို့သည် ပြင်းထန်စွာ ဒဏ်ရာရသွားလေပြီ။ နှစ်ယောက်စလုံးသည် မတ်မတ်ပင် မရပ်နိုင်တော့ဘဲ ပုံလျက်သား လဲနေလေပြီ။

◆◆◆

အူစုသည် ဓားတချက်၏ သိုင်းပညာ ပြောင်မြောက်ပုံကို ကောင်းကော ြင်ခဲ့လေပြီ။

ဓားတ ျက်အနေဖြင့် ကျားခြေသံ့ညီနောင်ကို မထိတထိလေ လုပ်ခဲ့ခြင်းသာ ဖြစ်သည်။ အူစုသည် ဓားတချက်ကို ချီးကျူးမဆုံ နိုင်တော့ပေ။

နောက်ထပ် သိုင်းပညာ ယှဉ်လိုသူ မရှိတော့ချေ။

ရိပ်ဆန်ရန်သည် ဟိုက်ဂူရန်ကို ကြည့်ပြီး မကျေမနပ်ဖြစ်နေ တော့သည်။

"ကျုပ်သိတယ် .... မင်းအတွေ့မခံချင်ဘူး မဟုတ်လား... ကျုပ်ကတော့ ဒီအကောင့်ကို ပြေးတွေ့လိုက်ချင်တယ်.... လိုအပ်ရင် အကူအညီပေးစမ်းပါ .... "

ရိပ်ဆန်ရန်သည် စိတ်မြန်ကိုယ်မြန် ထရပ်ဟန် ပြင်သည်။

ဟိုက်ဂူရန်က ပခုံးကို ဖိချပြီး တားသည်။

"ထင်ရာစွတ်မလုပ်ချင်စမ်းပါနဲ့ဗျာ.... ကျွန်တော် အတွေ့မခံ ချင်သေးပါဘူး... ပွဲကလည်း ပြီးသေးတာ မဟုတ်ဘူး... နောက်ဆက် တွဲတွေ ရှိသေးတယ် .... "

"မင်းဆိုလိုတာက .... "

ဟိုက်ဂူရန်က ဘာမျှပြန်မပြောတော့ချေ။

ဟိုက်ဂူရန်နှင့် ရိပ်ဆန်ရန်တို့လည်း လူအုပ်နှင့်ရောပြီး ထွက်လာ ခဲ့ကြသည်။

ရိပ်ဆန်ရန်က မကျေမနပ်နှင့် ပြောလာပြန်သည်။

"ဆရာလေး ပွဲဆက်ရှိသေးတယ်ဆို.... ဆရာလေးက ဘာကို



ဆိုလိုတာလဲ.... ပြိုင်ပွဲကြီးကတော့ ပြီးသွားပါပြီ.... အခင်း ဓားတချက် က ဘာရည်ရွယ်ချက်နဲ့ လက်စွမ်းပြနေတာလဲ .... "

ရိပ်ဆန်ရန် ဆက်တိုက်မေးသည်။ ဟိုက်ဂူရန်က ပြုံးသည်။

"ဆရာကြီးဟာ.... သိုင်းလောကသားဖြစ်နေတာ ကြာလှပါ ပြီ.... ဒါလေးကိုတောင် သဘောမပေါက်ဘူးလား.... ဒီပွဲက အူစုနဲ့ ဓားတချက်တို့ တစ်ယောက်ကိုတစ်ယောက် အသုံးချနေတဲ့ပွဲပါ... ကျွန်တော်တို့အတွက်က ဘယ်လိုမှ ကောင်းကျိုးမဖြစ်နိုင်တဲ့ပွဲပါ.... နောက်ဆက်တွဲပွဲကို မကြာခင် တွေ့ရမှာပါ .... "

"အဲ.... ခုမှ သဘောပေါက်တော့တယ်.... အူစုက ဓားတချက် ရဲ့ စွမ်းအားကို အားကိုးပြီး ကျခက်ဟန်ဘကို တော်လှန်မယ်ဆိုပါ တော့.... ဒီအတွက် ဒီပွဲကို ကျင်းပတာ.... ဟုတ်တယ် မဟုတ်လား၊ ဓားတချက်ကလည်း အူစုရဲ့ ဩဇာအာဏာကို အသုံးချပြီး သူ့ကိစ္စကို ဆောင်ရွက်မယ်ဆိုပါတော့ .... "

"ဟုတ်တယ်.... အူစုဟာ သိုင်းပညာကောင်းသူကို ရှာမွေနေတဲ့ လူပဲ .... ခုတော့ .... တွေ့သွားပြီ .... ဒီတော့ သူ့ကိုဒုက္ခပေးခဲ့တဲ့ ကျခက်ဟန်ဘကို တုံ့ပြန်ဖို့ပဲ ရှိတော့တယ်.... ဓားတချက်ကတော့ အူစုရဲ့ တတ်သိနားလည်မှုနဲ့ ဩဇာအာဏာရှိမှုကို အသုံးချပြီး ရတနာသိုက်ကိုရှာမယ် .... ကိစ္စကဒါပဲ .... "

"အဲဒီအတိုင်း ဖြစ်နိုင်ပါ့မလား.... မပျော့်ရှင်အဖွဲ့ဟာ သူတို့ အလုပ်ကိုတခြားလူတွေနဲ့ ပူးပေါင်းလုပ်တတ်တာမှ မဟုတ်ကာ... "

"ဟုတ်တယ်.... ဒီအချက်ဟာ အရေးကြီးချက် တစ်ချက်ပဲ အဖြစ်မှန်ကို စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်ရမှာပဲ .... "

ဟိုက်ရှုရန်နှင့် ရိပ်ဆန်ရန်တို့သည် စကားတပြောပြောနှင့် တည်းခိုရာ ရွက်ဝါ ကဲအနီးသို့ ရောက်လာကြသည်။

ဟိုက်ရှုရန် ညှိ ခြေလှမ်းမှန်မှန် လျှောက်နေရင်းက တဲအနီးသို့ ရောက်မှ သုတ်ခြေတင်သွားတော့သည်။ မကြာမီ တဲအတွင်းသို့ ရောက်လာကြသည်။

ရိပ်ဆန်ရန်က ဟိုဟိုသည်သည် ကြည့်ပြီးမေးသည်။

"ဘာထူးသလဲ"

"ဒီတဲထဲကို တစ်ယောက်ယောက် ဝင်မွှေသွားပြီ ...."

"ဟုတ်လား ...."

"ဟုတ်တယ် .... ဝင်မွှေတဲ့လူဟာ .... သိုင်းပညာကောင်းတာ သေချာတယ် .... ခြေရာလက်ရာ သိပ်မတွေ့ရဘူး .... ပေါ့ပေါ့ပါးပါး ထွက်သွားပုံပဲ ...."

ထို့နောက် လိပ်ထားသော အိပ်ရာကို ဖြေကြည့်လိုက်၏။ လက်ရာပျက်နေလေပြီ။ လိပ်ထားစဉ်ကတစ်မျိုး၊ ယခုတွေ့ရသည်က တဖုံ။

"ဒီလောက်တောင် အတင့်ရဲတာ ဘယ်တိရစ္ဆာန်များလဲ ...."

ရိပ်ဆန်ရန်က ဒေါသနှင့် ရေရွတ်လိုက်သည်။ ထို့နောက် ပိုက်ဆံများ ထည့်ထားသည့်အိတ်ကို စစ်ကြည့်မိလိုက်သည်။ တစ်ပြားတစ်ချပ်မှ မလျော့ဘဲ ရှိနေပြန်သည်။

"ဒီကောင်က ဘာလိုချင်လို့ ဝင်ခဲ့တာလဲ ...."

"ငွေလိုလို့ ဝင်ခဲ့တာ မဟုတ်ပါဘူး ...."

ဟိုက်ရှုရန်က အိပ်ရာလိပ်ကိုလိပ်ပြီး လှမ်းပြောသည်။



ရိပ်ဆန်ရန်က ခေါင်းယမ်းလိုက်သည်။

"ဒီလူ ဘာလူလဲ .... ဘာပစ္စည်းမှလည်း ပျောက်တာမတွေ့ဘူး .... ကျခက်ဟန်ဘရဲ့ သူလျှိုများလား ...."

"မဖြစ်နိုင်ဘူး ...."

"ဒီလိုဆိုရင် ဘယ်သူဖြစ်နိုင်သလဲ ...."

"ဆရာကြီး သတိထားမိလိမ့်မယ် ထင်တယ် .... စောစောက သိုင်းပြိုင်ပွဲမှာ အဘိုးအိုကြီး ထွက်သွားတာ မမြင်ဘူးလား ...."

"ဟုတ်ပြီ .... သူပဲဖြစ်မယ် ...."

"ဟုတ်တယ် .... သူမှသူပဲ .... ဒီအဘိုးကြီးဟာ ဆိပ်ဟ်နီအဖွဲ့ အကြွင်းအကျန်လိုချင်ကြင်းပဲ ...."

"သူက ကျုပ်တို့ကို ဘာဖြစ်လို့ နောက်ယောင်ခံလိုက်နေတာလဲ ...."

"အကြောင်းရှိပါတယ် .... သူက ကျွန်တော်တို့ကို အစောကြီးကတည်းက တွေ့ထားတာပါ .... ကွင်းထဲက ချက်ချင်းထွက်သွားတာဟာ .... ရည်ရွယ်ချက်ရှိလို့ပဲ .... အဲဒီကနေ ဓားတချက်နဲ့တည်းခိုတဲ့ အိမ်ကို သွားတာပဲဖြစ်မယ် .... ကျွန်တော်တို့ တဲထဲဝင်ခဲ့တာက လမ်းကြုံလို့ ဝင်ကြည့်တာပဲဖြစ်မှာပါ ...."

"ဒါ ဘာသဘောလဲ ...."

"သိုက်စာညွှန်းမြေပုံကို လိုချင်လို့ပဲ .... ဒီပြင်ဘာရှိနိုင်သေးလို့လဲ ...."

"အင်း .... သူလည်း စိတ်ကူးယဉ်အိပ်မက်သမားတစ်ယောက်ကိုး ရတနာသိုက်ကိစ္စကလည်း သိုင်းသမားတိုင်း သိနေပြီ ...."

"ဒါဟာ မဆန်းပါဘူး....ကျွန်တော် စဉ်းစားလို့ မရတာက ဓားတချက် ရောက်နေပမယ့် ဖျိုင်းဖြူကို မတွေ့ရသေးတာပဲ... သူတို့ ဘယ်လိုအစီအစဉ်ရှိနေပြန်ပြီလဲ ...."

"ကျုပ်တော့ ဘာမှမတွေးတတ်ဘူး.... ဆရာလေးပဲ စဉ်းစားပါ"

"အင်း.... မပျော်ရွှင် အဖွဲ့သားတွေဟာ ဉာဏ်ပညာထက်မြက်ပြီး ကွက်ကျော်မြင်တတ်သူတွေချည်းပဲ .... လုပ်ပုံကိုင်ပုံကလည်း သူများအထင်မှားအောင် လုပ်တတ်လေ့ရှိတယ်.... နောက်တစ်ခုက အလုပ်တစ်ခုကို မသေချာဘဲ လုပ်လေ့မရှိဘူး.... အရာရာကို လျှို့ဝှက်တတ်တဲ့ သဘောလည်းရှိကြတယ်.... ဒါပေမယ့် လောလောဆယ်မှာ ဓားတချက်က ပေါ်ပေါ်ထင်ထင် လုပ်နေပြန်တယ်.... ဒီနောက်မှာတော့ လျှို့ဝှက်ချက်ရှိလိမ့်မယ်ထင်တယ် ...."

"ဖြစ်နိုင်တယ် ...."

"ကျွန်တော်စဉ်းစားမိတာက ဖျိုင်းဖြူတို့ဟာ.... ဓားတချက်ကို ဒီကိုတစ်ယောက်တည်း လွှတ်လိုက်တာဖြစ်မယ်.... ရည်ရွယ်ချက်ကတော့ အုစုနဲ့ အပေးအယူလုပ်နိုင်အောင် စီစဉ်လိုက်တာ ဖြစ်မယ်... ဒီနောက်မှာ အုစုရဲ့ ဩဇာနဲ့အင်အားကို အသုံးချပြီး .... မပျော်ရွှင်အဖွဲ့ကို အားကောင်းအောင် လုပ်တာပဲ.... ဖြစ်နိုင်တာက မပျော်ရွှင်အဖွဲ့ခွဲတည်ရာကို တိဗက်အထိ တိုးချဲ့ဖို့ ပြင်ဆင်တာပဲဖြစ်မယ်"

"နောက်တစ်ချက်က အုစုကို ရှေ့တင်ပြီး ရတနာသိုက်ကို ရအောင်ယူဖို့ ရည်ရွယ်ချက်ပဲ ...."

"ဒီလိုဆိုရင် ဖျိုင်းဖြူခေါင်းလစ်က ရတနာသိုက်ကိုအရယူဖို့ ဆုံးဖြတ်ချက်ပြီးပြီပဲ.... ဒီအချက်ဟာ ပိုင်ကွက်ရှိနေတဲ့ လျှပ်ရှားမှုမျိုးပဲ



"ဒီအတိုင်း ဖြစ်နိုင်ပါတယ် ...."

ဟိုက်ဝူရန်သည် မျက်မှောင်ကြုတ်ပြီး အတွေးနက်နေပြန်တော့သည်။

ဖျိုင်းဖြူခေါင်းလစ်သည် ရောက်ရီကျိုလက်ထဲမှ သိုက်စာညွှန်းမြေပုံကို ရရှိသွားသော်လည်း ရေးသားထားသော စာများသည် တိဗက်နန်းတွင်းသုံးစာများ ဖြစ်နေသဖြင့် ဘာမျှအသုံးချမရဘဲ ဖြစ်နေသည်။

မိမိလည်း ထိုသဘောပင်။ မျက်မမြင်အဘိုးကြီး၏ သိုက်စာညွှန်းမြေပုံကို ဘာသာပြန်စာရွက်ကို ရထားသော်လည်း မြေပုံညွှန်းမရှိ၍ ဘာမျှလုပ်၍မရချေ။

အရေးကြီးချက်ကား သိုက်စာညွှန်းမြေပုံကို မရရအောင်ယူရန် ဖြစ်သည်။

သို့သော် ဖျိုင်းဖြူခေါင်းလစ်ကား ဘယ်ကိုရောက်နေမှန်း မသိချေ။

◆◆◆

## အခန်း ၄၅

# အကြံတူရန်သူ-ကောက်ကျစ်သူ

လရောင်အောက်၌ ပူတာလနန်းတော်ကြီးသည် ရွှေရောင်အဝင်းဝင်းနှင့် ခန့်ညားထည်ဝါနေသည်။

တစ်ခါတစ်ခါ နန်းတော်ကြီးအနီးရှိ လားမားကျောင်းတော်ကြီးမှ တရားတော်ရွတ်ဖတ်သံများ ပေါ်လာသည်။

တစ်လောကလုံး အေးဆေးငြိမ်သက်နေချိန်၌ ကြားနေရသော တရားသံသည် ညွတ်နူးကြည်ညိုဖွယ် ကောင်းလှသည်။

ဤလားမားကျောင်းသည် ပူတာလနန်းမြို့ရိုး အေးတွင် တည်ထားသော ကျောင်းဝင်။ ဤကျောင်းကြီး တည်ရှိနေသည်မှာ ပူတာလနန်းတော်ကဲ့သို့ နှစ်ကာလ ရှည်ကြာလှချေပြီ။

ယခုမူ ဤကျောင်းတော်၌ လားမားကြီး ဆယ့်ခြောက်ပါး သီတင်းသုံးနေထိုင်လျက်ရှိကြသည်။

ဤလားမား ကျောင်းတော်ကြီးသည် အမှတ်ဆယ့်လေး ဘုရင်ကြီး နတ်ရွာစံပြီးနောက် အမှတ်ဆယ့်ငါးဘုရင် နန်းထိုင်နေသည့် ယခုအချိန်အထိ အပြောင်းအလဲ များစွာဖြစ်ပေါ်ခဲ့သော်လည်း ထို



အပြောင်းအလဲများသည် သူနှင့်ဘာမျှမဆိုင်သကဲ့သို့ ရှိနေသည်။

ယခင်က ဤလားမားကျောင်းတော်ကြီးတွင် လားမားကြီးများနှင့် သာမန်လူစုစုပေါင်း နှစ်ဆယ့်ခုနစ်ယောက်ရှိသည်။

အမှတ်ဆယ့်သုံးဘုရင် နတ်ရွာစံပြီးနောက် အမှတ်ဆယ့်လေးဘုရင်လက်ထက်တွင် ဤကျောင်းတော်မှ လားမားများ အချုပ်အနှောင်ခံခဲ့ရသည်။ ရာထူး အချခံခဲ့ရသည်။

ထို့နောက် ပြန်လွတ်လိုက်သောအခါ လွတ်လာသူအားလုံး တရားရိပ်ကွင်သာ ခိုလှုံနေကြတော့သည်။ ယခုမူ လားမားကြီးများ ဆယ့်ခြောက်ပါးသာ ရှိတော့သည်။

ထိုဆယ့်ခြောက်ပါးထဲတွင် စုလတ်အမည်ရှိ လားမားကြီးသည် အကြီးအကဲ ဖြစ်သည်။ ယခု အသက်ရှစ်ဆယ်ရှိနေပြီ။

သူသည် အမှတ်ဆယ့်သုံးဘုရင်လက်ထက်က ကိုယ်ရံတော် တပ်မှူးချုပ် ဖြစ်၏။ သိုင်းပညာ အလွန်ကောင်းသည်။

ယခုမူ ကျခက်ဟန်ဘကို မနှစ်မြို့သဖြင့် မည်သည့်အမှုတော်ကိုမှ ထမ်းဆောင်ခြင်း မပြုတော့ဘဲ တရားကိစ္စများကိုသာ လုံးပန်းနေသူဖြစ်သည်။

အတိတ်ကာလဆီမှ ကြည်နူးဖွယ်ရာများနှင့် နာကြည်းဖွယ်ရာများမှာ အချိန်ကာလ၏ ဟိုက်စားမှုကြောင့် မှုန်ဝါးဝါးပင် ဖြစ်နေလေပြီ။

စုလတ်လားမားကြီး ယနေ့ညမှ ထူးထူးခြားခြား စိတ်လက်မပေါ့ပါးနေ၏။ ထို့ကြောင့် မကိုင်ခဲ့သည်မှာ ကာလကြာပြီဖြစ်သော တိဗက် မယ်ဒိုလင်ကို ကောက်ယူလိုက်ပြီး အသံစမ်းကြည့်သည်။

စုလတ်လားမားကြီး၏ မယ်ဒလင်အသံနှင့် သီချင်းဆိုသံမှာ တိတ်ဆိတ်ငြိမ်သက်နေသောညကို လွှမ်းမိုးလျက် ရှိနေလေပြီ။

ထိုအချိန်တွင် သိုင်းပညာ...သော သိုင်းသမားတစ်ယောက်သည် ပူတာလနန်းတော် အရှေ့ဘက်မှနေ၍ တရိပ်ရိပ်ပြေးလာနေသည်။ မကြာခင်မှာပင် ထိုလူသည် လားမားကျောင်းတော်ကြီးအနီးသို့ ရောက်ရှိလာသည်။

ထိုလူသည် ကျောင်းတော်ကြီးဝင်းအတွင်းသို့ ဝင်မိသည်နှင့် ဟိုဟိုသည်သည် အကဲခတ်လိုက်သည်။ ထို့နောက် သီချင်းသံထွက်ပေါ်လာရာသို့ ချဉ်းကပ်သွားသည်။

မယ်ဒလင်အသံနှင့် သီချင်းဆိုသံကား အဆက်မပြတ် ထွက်ပေါ်နေဆဲပင်။

ရုတ်တရက် စုလတ် လားမားကြီးသည် ဆိုတီးခြင်းကိစ္စကို ရပ်တန့်ပစ်လိုက်သည်။

တစ်စုံတစ်ရာကို အာရုံစိုက် နားထောင်နေရာမှ ဆတ်ခနဲထပြီး ပြတင်းပေါက်ကို ဖွင့်ကြည့်သည်။

ထိုအချိန်မှာပင် လူတစ်ယောက်က ပြတင်းပေါက်ကိုကျော်ပြီး ဖျတ်ခနဲ ဝင်လာတော့သည်။

စုလတ်လားမားကြီးသည် ရုတ်တရက်ရောက်လာသူကို ငေးကြည့်ရင်း မှင်တက်မိနေတော့သည်။

ရောက်လာသူက ....

"ဟဲ .... ဟဲ .... မိတ်ဆွေလားမားကြီး ကျန်းမာချမ်းသာပါစ"

ဟု ဆိုသည်။ စုလတ်လားမားကြီး ဘာမျှမဖြေနိုင်။



မျက်စိရှေ့မှ လူကိုသာ နားမလည်ဟန်နှင့် စိုက်ကြည့်နေ၏။ အတန်ကြာမှ....

"ခင်ဗျား ဘယ်သူလဲ .... ဘာ...လုပ်တာလဲ .... "

လားမားကြီးက တရုတ်စကားနှင့်ပြော၏။ စကားသံသည် မပြောတာကြာပြီဖြစ်၍ မာဆတ်ဆတ် ဖြစ်နေသည်။

ရောက်လာသူက ခပ်အေးအေး လှမ်းပြောသည်။

"ခင်ဗျား....မှတ်ဉာဏ်အတော်နည်းတာပဲ....မိတ်ဆွေဟောင်းကြီးကိုတောင် မမှတ်မိတော့ဘူးလား .... "

"မိတ်ဆွေဟောင်း....ဟုတ်လား....ဘာစကားတွေ လာပြောနေတာလဲ....ကျုပ်မှာ မိတ်ဆွေမရှိတာကြာပြီ...ဒီမှာနေနေတာလည်း နှစ်ပေါင်းသုံးဆယ်ကျော်ပြီ .... ဘယ်မိတ်ဆွေမှ မရှိခဲ့ဖူးဘူး .... ခု ခင်ဗျားက ဘာသဘောနဲ့ ရောက်လာတာလဲ....ဒီကို ဘာလာလုပ်တာလဲ .... "

"ဟဲ .... ဟဲ .... မိတ်ဆွေလားမားကြီး မေ့နေလို့ပါ .... ကျုပ်တို့ဟာ လွန်ခဲ့တဲ့ နှစ်လေးဆယ်လောက်က ရင်းရင်းနှီးနှီး တွေ့ဆုံဖူးတဲ့ လူတွေပါ....အဲဒီအချိန်တုန်းက ခင်ဗျားရဲ့ ဩဇာအာဏာဟာ နေလိုလလို ကြီးမားခဲ့တာပဲ....ခုတော့....ဒီလိုမဟုတ်တော့ဘူး.... အခြေအနေဆိုတာ ပြောင်းလဲတတ်စမြဲပါပဲ....ဟဲ....ဟဲ....ခင်ဗျား စဉ်းစားကြည့်စမ်းပါ .... လွန်ခဲ့တဲ့ နှစ်လေးဆယ်က မိုးအကုန် ဆောင်းအကူး ညတစ်ညကို .... "

"စိတ်မရှိပါနဲ့ မိတ်ဆွေ....ကျုပ်ကောင်းကောင်း မမှတ်မိတော့ဘူး .... နှစ်ပေါင်း လေးဆယ အတွင်းမှာ ဖြစ်ပျက်ပြောင်းလဲခဲ့တဲ့

အဖြစ်အပျက်တွေဟာ သိပ်များနေပါတယ် .... ကျုပ်ဘာမှ မမှတ်မိတော့ဘူး .... "

"ကိစ္စမရှိပါဘူး .... ခင်ဗျား မေ့နေတယ်ဆိုရင် .... ကျုပ်က ပြန်ပြီး မှတ်မိလာအောင် ဆောင်ရွက်ပေးပါ့မယ် .... "

ရောက်လာသူ မျက်ခုံးဖြူက ရှေ့ကို တစ်လှမ်းတိုးလာသည်။ စုလတ်လားမားကြီးက နောက်ကို တစ်လှမ်းဆုတ်သွားသည်။

မျက်ခုံးဖြူက ....

"နှစ်ပေါင်းလေးဆယ်ဆိုတာ နည်းတဲ့နှစ်တော့ မဟုတ်ပါဘူး၊ ဒီနှစ်တွေအတွင်းမှာ လားမားကြီးရဲ့ သိုင်းပညာတွေလည်း အတော်တိုးတက်နေလောက်ပါပြီ .... "

"ခင်ဗျား .... ဘာကို ဆိုလိုတာလဲ .... "

လားမားကြီးသည် စကားဆုံးသည်နှင့် မျက်ခုံးဖြူရှေ့သို့ လှစ်ခနဲ တိုးသွားပြီး လက်ချောင်းငယ်တိုက်ကွက်နှင့် တိုက်ခိုက်လိုက်တော့သည်။

"တယ်ကောင်းတဲ့ သိုင်းကွက်ပါလား .... "

မျက်ခုံးဖြူက ဤသို့ပြောရင်း စုလတ်လားမား၏ တိုက်ကွက်ကို လက်နှစ်ဖက်နှင့် ပြန်တွန်းထားလိုက်သည်။

ထို့နောက် နှစ်ယောက်စလုံး ကွဲကွာသွားကြပြန်သည်။

မျက်ခုံးဖြူက ....

"ခင်ဗျား ပညာတွေ တော်တော်ကောင်းနေပြီ .... ကဲ .... ဒီနေရာဟာ သိပ်ပြီးကျဉ်းကျပ်ပါတယ် .... အပြင်ထွက်ပြီး စမ်းကြည့်ကြရအောင်လား .... "



မျက်ခုံးဖြူက ပြောပြောဆိုဆို ပြတင်းပေါက်တစ်ခုမှ ခုန်ထွက်သွားသည်။

စုလတ်လားမားကြီးလည်း ထက်ကြပ်မကွာလိုက်ပါသွားသည်။

ခြံဝင်းကြီးထဲသို့ ခြေချမိလိုက်သောအခါ ဘာစကားမျှ မပြောတော့ဘဲ တိုက်ခိုက်ကြတော့သည်။ စုလတ်လားမားကြီးက သူ့ဘဝတစ်သက်တာတွင် အကြိုက်နှစ်သက်ဆုံးနှင့် အထူးချွန်ဆုံးဖြစ်သော 'တိဗက်နတ်သိုင်း'ကွက်များကို ထုတ်သုံးသည်။

လူနှစ်ယောက်၏ လှုပ်ရှားမှုသည် လရောင်အောက်၌ တရိပ်ရိပ် ဖြစ်နေကြလေပြီ။

စုလတ်လားမားကြီး၏ သိုင်းကွက်များသည် အလွန်ထူးခြားသော သိုင်းကွက်များပင်။

သို့သော် မျက်ခုံးဖြူသည် စုလတ်လားမားကြီး၏ တိဗက်နတ်သိုင်းကွက်များကို ရင်းနှီးထားသူဖြစ်၍ အလွယ်တကူ ခုခံနိုင်ပြီး တန်ပြန်တိုက်စစ်ပင် ဆင်နိုင်နေသည်။

စုလတ်လားမားကြီးသည် လက်ဦးမှုယူပြီး တိုက်ခိုက်သော်လည်း ရန်သူ၏ အင်္ကျီစကိုပင် ထိအောင် မတိုက်ခိုက်နိုင်သေးချေ။

ရုတ်တရက် ....

စုလတ်လားမားကြီး၏ လက်နှစ်ဖက်သည် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် မျက်ခုံးဖြူ၏ နံရိုးများကို ဝှစ်ခနဲရိုက်ချိုးလာတော့သည်။

သို့သော် မျက်ခုံးဖြူအဘိုးကြီးသည် ဤအကွက်ကို စောင့်နေသူဖြစ်သဖြင့် မာန်သွင်းသံပေးပြီး ဟန့်တားပစ်လိုက်သည်။ ထို့နောက်

လျှပ်ပြက်သည်ထက်မြန်သော လှုပ်ရှားမှုဖြင့် စုလတ်လားမားကြီး၏ ပခုံးနှစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်တော့သည်။

စုလတ်လားမားကြီးသည် 'အိုး'ဟူသောအသံနှင့် နောက်သို့ ဆုတ်ပေးလိုက်ရသည်။

သို့သော် ပခုံးကို ဆုပ်ညှစ်လိုက်သော အားသည် ကြီးမားပြင်းထန်လှသဖြင့် အပေါ်ပိုင်းသွေးကြောများ ပိတ်သွားသည်။

စုလတ်လားမားကြီးသည် သိုင်းယှဉ်ပွဲ ဘဝတစ်လျှောက်၌ ရှုံးနိမ့်မှု အလွန်နည်းလှသည်။ စုစုပေါင်း ....

စုလတ်လားမားကြီး ဖျတ်ခနဲ သတိရလာတော့သည်။

မျက်ခုံးဖြူအဘိုးကြီးက စုလတ်လားမားကြီးကို ကြည့်ပြီး တဟဲဟဲရယ်တော့သည်။ ထို့နောက် ပိတ်ထားသောအကြောကို ဖျတ်ခနဲ ဖွင့်ပေးလိုက်ပြီး စောစောက ကျောင်းတော်ထဲသို့ လှစ်ခနဲ ဝင်ပြေးတော့သည်။

စုလတ်သည် ရှုံးနိမ့်ခြင်း ၌ မကျေမနပ်ဖြစ်နေဆဲရှိသဖြင့် ထက်ကြပ်မကွာပြေးလိုက်သွားပြီး မျက်ခုံးဖြူ၏ နောက်ကျောကို ရိုက်ချလိုက်ပြန်သည်။

မျက်ခုံးဖြူအဘိုးကြီးသည် ဗုန်းခနဲအသံကို ကြားလိုက်သည်နှင့် ဖျတ်ခနဲ လှည့်ပြီး ရိုက်ချက်ကို တားဆီးလိုက်သည်။

ထို့နောက် နောက်သို့ခုန်ဆုတ်ပြီး တဟားဟားရယ်သည်။

"ဟား .... ဟား .... လားမားကြီးက ခုထက်ထိ ကျုပ်ကို မမှတ်မိသေးဘူးလား .... "

လားမားကြီး အတိတ်ကို သတိရလာသည်။



"ဩ .... ခင်ဗျား ဗျိုင်းဖြူ မဟုတ်လား .... "

"ခင်ဗျား မှတ်မိလာပြီ .... "

"မတွေ့ကြတာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပြီပဲဟာ .... ခင်ခင်ဗျား ဗျိုင်းဖြူအစစ်နော်.... ခင်ဗျာ ခုထိမသေသေးဘူး ဟုတ်လား"

"ဟား .... ဟား .... ခင်ဗျားက ကျုပ်ကို စောစောစီးစီး သေစေချင်နေတယ်ထင်တယ် .... ဒါပေမယ့် ငရဲမင်းကြီးက ကျုပ်ကို လက်သင့်မခံသေးဘူးဗျ .... ကျုပ် ခုလို အသက်ရှင်နေသေးတာဟာ ကံဆိုးလို့လား .... ကံကောင်းလို့လားတောင် မပြောတတ်တော့ပါဘူးဗျာ .... ဟား .... ဟား .... ဟား"

ဗျိုင်းဖြူ၏ရယ်မောသံသည် သေမင်းခေါ်သံလေလား အောက်မေ့ရသည်။ စုလတ်လားမားကြီးသည် ကြောက်စိတ်ကြောင့် ကြက်သီး တဖြန်းဖြန်း ထလာသည်။

"အတိတ်က ကိစ္စတွေဟာ.... ပြီးဆုံးသွားပြီဖြစ်တဲ့ ကိစ္စတွေပါဗျာ .... ခု ကျုပ်ရောက်လာတာဟာ .... ရန်ပြုဖို့ရောက်လာတာ မဟုတ်ပါဘူး .... "

"ကျုပ် မယုံဘူး .... ခင်ဗျား ခုလိုရောက်လာတာ ဘာကိစ္စ ရောက်လာတာလဲ .... ရှင်းရှင်းပြောပါ .... "

"ဟား .... ဟား .... ကျုပ်က ပြီးခဲ့တာကို မေ့ပစ်ထားတဲ့လူပါဗျာ .... ဒါကို ခင်ဗျားမယုံတာတော့ ကျုပ်မတတ်နိုင်ဘူး .... ခုလို လာတွေ့တာက စေတနာနဲ့ လာတွေ့တာပါ .... မိတ်ကောင်းဆွေကောင်း လို့ ဆက်ဆံဖို့ လာတွေ့တာပါ .... "

စုလတ်လားမားကြီး မယုံနိုင်သေးပေ။

"ခင်ဗျား တကယ်ပြောနေတာလား ...."

"တကယ်ပါ .... ကျုပ် ညာပြောနေတာမဟုတ်ပါဘူး .... ရန်ငြိုးရန်စဆိုတာ တိုတိုနဲ့ဖြတ်ပစ်တာ ကောင်းပါတယ် .... ကျုပ်ဟာ လူသစ်စိတ်သစ်နဲ့လူပါ ...."

စုလတ်လားမားကြီးသည် ခုမှ သက်ပြင်းချနိုင်တော့သည်။

"ကောင်းပါတယ် .... ခုလို လမ်းမှန်ပေါ်ရောက်လာတာဟာ ဝမ်းသာစရာ ကိစ္စပါ ...."

စုလတ်လားမားကြီးသည် ယခုမှ အသက်ရှူချောင်သွား၏။ ကုလားထိုင်တစ်လုံးကို လက်ညှိုးထိုးပြီး 'ထိုင်ပါ ဖျိုင်းဖြူ ထိုင်ပါ' ဟုပြောသည်။

ထို့နောက် ....

"ကျုပ်ဘဝဟာ မပြည့်စုံတဲ့ဘဝပါ .... စားစရာ သောက်စရာ ဖွယ်ဖွယ်ရာရာ ဘာမှမရှိဘူး .... ညှို့ဝတ်မကျေဖြစ်ရတာကို ခွင့်လွှတ်စေချင်ပါတယ် ...."

ဖျိုင်းဖြူက ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ....

"ကိစ္စမရှိပါဘူး လားမားကြီး .... စည်းစိမ်ဥစ္စာဆိုတာ ခဏ ပွက်တဲ့ ရေပွက်ပမာပါ.... ကျုပ်တို့လည်း ဘာလိုလို့နဲ့ အခုဆိုအသက် ကြီးလာကြပြီပဲ ...."

"ဟုတ်တယ်.... ဒါပေမယ့် ကျုပ်တော့ ဒီလိုနဲ့ မသေချင်သေးတာ အမှန်ပဲ ...."

"ဘာဖြစ်လို့လဲ .... ခုလိုနေနေရတာကို မပျော်ဘူးလား ...."

"ဘာပြောတယ်ဗျ .... ခုလို နေနေရတာ လှောင်ချိုင့်ထဲက တိရစ္ဆာန်နဲ့ဘာများ ခြားနားလို့လဲဗျ....ဒါကို ပျော်စရာလို့ ဘယ်သူထင်နိုင်မှာလဲ ...."



စုလတ်လားမားကြီးက နာကြည်းသံနှင့် ပြောလာသည်။

ဖျိုင်းဖြူက ဟက်ခနဲရယ်ပြီး စိုက်ကြည့်သည်။

စုလတ်လားမားကြီးသည် တစ်စုံတစ်ခုကို သတိရလာသဖြင့် ဆတ်ခနဲ မတ်တတ်ထရပ်လိုက်သည်။

"ဖျိုင်းဖြူ .... ခင်ဗျား ခုလိုရောက်လာတာဟာ ထူးခြားတဲ့ ကိစ္စရှိနေပုံပဲ .... ပြောပါ .... ဘာကိစ္စလဲ ...."

ဖျိုင်းဖြူက နှုတ်ခမ်းမွေးဖြူဖြူများကို လက်ဖြင့်သပ်ချရင်း....

"ဟုတ်ပါတယ်.... ဟုတ်ပါတယ်.... ကျုပ်ရောက်လာတာဟာ ကိစ္စရှိလို့ပါ ...."

"ဘာကိစ္စလဲဆိုတာ ရှင်းရှင်းပြောပါ ဖျိုင်းဖြူ ...."

"ပြောမှာပါ .... ခင်ဗျားသာ ခေါင်းအေးအေးထားပြီး နားထောင်ဖို့ လိုတယ် ...."

"ကျုပ်အသက်က သေခါနီးနေပါပြီ....လူငယ်တွေလို စိတ်မလှုပ်ရှားတော့ပါဘူး ...."

"ကောင်းပြီ .... ကျုပ်ပြောမယ် ...."

"ပြောပါ ...."

"ခင်ဗျားဟာ .... ခုလို အေးအေးဆေးဆေး နေနေရပေမယ့် စိတ်ချမ်းသာမှု မရှိဘူး မဟုတ်လား ...."

"ခင်ဗျား ဘာတွေလာပြောနေပါလဲ ...."

"စကားကောင်းပါ .... အမှန်တရားတစ်ခုကို သိဖို့အတွက်ပြော

လိုက်တဲ့စကားပါ .... "

"ခင်ဗျားစကားက ပဟေဠိဆန်တဲ့ စကားပဲ .... "

ဖျိုင်းဖြူသည် စုလတ်လားမားကြီး၏ အခြေအနေကို အကဲခတ်ရင်း ထိန်ဝှက်ထားသော စကားကို ဖွင့်ချလာတော့သည်။

"ဒီမယ် လားမားကြီး .... လွန်ခဲ့တဲ့ နှစ်လေးဆယ်လောက်က ခင်ဗျားကိုယ်တိုင် ပါဝင်ခဲ့တဲ့ ကိစ္စတစ်ခုကို ပြောမယ် .... "

"ဘာကိစ္စလဲ .... "

"ပုတာလနန်းတွင်းက လျှို့ဝှက်ကိစ္စကြီး .... ဒီကိစ္စကို ခင်ဗျား ကောင်းကောင်းသိတယ် .... ဒါကို ကျုပ်တို့ ကောင်းကောင်းလေ့လာထားပြီးပြီ .... "

"ပုတာလနန်းတော်က လျှို့ဝှက်ကိစ္စ ဟုတ်လား .... "

"ဟုတ်တယ် .... အဲဒီကိစ္စက ကိုယ်ရံတော်တပ်သား ခုနစ်ဆယ့်နှစ်ယောက် အဆိပ်ခတ်ခံရပြီး သေသွားရတဲ့ကိစ္စပဲ .... "

"ဘာ .... ဒါကို ခင်ဗျားဘယ်လိုလုပ် သိနေတာလဲ .... "

"ဟုတ်ရင်ကျော် .... ပုပ်ရင်ပေါ်ဆိုတဲ့ စကားဟာ .... အမှန်စကားပဲဗျ .... လောကမှာ ဖုံးကွယ်လို့ရတဲ့ မကောင်းမှုဆိုတာ ရှိတာမဟုတ်ပါဘူး .... "

စုလတ်လားမားကြီးသည် ထိတ်ခနဲဖြစ်သွားပြီး စိတ်ချောက်ချားလာသည်။ ဖျိုင်းဖြူက ဆက်ပြောသည်။

"နောက်တစ်ခုက အမှတ်ဆယ့်သုံး ဘုရင်မင်းမြတ် လက်ထက်တုန်းက အဖိုးမဖြတ်နိုင်တဲ့ ကျောက်မျက်ရတနာတွေ အမြောက်အမြား ရှိခဲ့တယ် .... "



"ဟား .... ဟား .... ကျုပ်က ဘာများလဲလို့ .... လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်က ကောလာဟလတွေကို လာပြောတာကိုး .... ဟား .... ဟား .... ခင်ဗျား ဘာစိတ်ကူးနဲ့ လာပြောနေတာလဲ .... "

"ခင်ဗျား ဝေ့လည်ကြောင်ပတ် လုပ်မနေစမ်းပါနဲ့ .... အဲဒီကိစ္စကို ခင်ဗျားပြောသလို ကောလာဟလ စကားလို့ပဲ ထားဦး၊ ကိုယ်ရံတော် ခုနစ်ဆယ့်နှစ်ယောက် ပျောက်ကွယ်သွားတာကတော့ ကောလာဟလ မဟုတ်ပါဘူး .... "

"ဟုတ်ပါတယ် .... ဒီကိစ္စဟာ ဖုံးကွယ်လို့မရတဲ့ အဖြစ်မှန်ပါပဲ ဒါနဲ့ ဒီကိစ္စဟာ .... ကျုပ်နဲ့ ဘာဆိုင်လို့လဲ .... "

"ဆိုင်တာမှ သိပ်ဆိုင်ပေါ့လားမားကြီးရယ် .... ကျုပ်ပြောတာသာ အသာလေးနားထောင်စမ်းပါ .... အဲဒီ အဆိပ်ခတ်ခံရတဲ့ ကိုယ်ရံတော် ခုနစ်ဆယ့်နှစ်ယောက်ထဲမှာ တစ်ယောက်ပဲ မသေဘဲကျန်ခဲ့တယ်၊ ဒါကိုတော့ .... ခင်ဗျား သိချင်သိမယ် .... မသိရင်လည်း မသိဘဲနေမယ် .... ကျုပ်ပြောချင်တာက အဆိပ်မိပြီး မသေမရှင်ဖြစ်နေသူတွေကိုတောင် ခင်ဗျားကိုယ်တိုင် ရိုက်သတ်ခဲ့တယ်ဆိုတာပဲ .... "

"ဖျိုင်းဖြူ .... "

စုလတ်လားမားကြီး၏ အသံသည် မိုးခြိမ်းသလို မြည်ဟည်းသွားသည်။ ထို့နောက် ဖျိုင်းဖြူ၏ ခေါင်းကို ရိုက်ခွဲပစ်ရန်ပင် လက်နှစ်ဖက်ကို မြှောက်တင်လိုက်မိသည်။ သို့သော် ဖျိုင်းဖြူ၏ အလွန်ကောင်းသော သိုင်းပညာကို သတိရလာသဖြင့် ဒေါသကို ပြန်ချုပ်ပြီး ငြိမ်နေလိုက်ရပြန်သည်။

"လားမားကြီး .... အနာပေါ်တုတ်ကျသွားလို့ ဒေါသဖြစ်နေ

သလား .... ဖုံးကွယ်ထားတဲ့အရာတွေဟာ .... တစ်နေ့မှာ ပေါ်ရစမြဲ ဒီတော့ ဘာမှငြင်းဖို့ ကြိုးစားမနေပါနဲ့ .... ခင်ဗျားဟာ အဲဒီတုန်းက မင်းမှုထမ်း ဖ ...ဘာက်ပါ .... ဒီတော့ .... အထက်အမိန့်အတိုင်း လုပ်ဆောင်ရတာဟာ သဘာဝကျတဲ့ ကိစ္စပါ .... ဒီကိစ္စကို ခင်ဗျား အပြစ်လို့ ပြောလို့မဖြစ်ပါဘူး .... ခင်ဗျား တာဝန်ကျေခဲ့လို့လည်း ခုလိုအသက်ရှင်နေရတာ မဟုတ်လား .... "

စုလတ်လားမားကြီး ဘာမျှမပြောနိုင်။ ခေါင်းငိုက်စိုက်ချပြီး ငြိမ်မြငြိမ်နေသည်။

အကြောင်းကား ဗျိုင်းဖြူ၏ စကားများသည် အမှန်စကားများ သာ ဖြစ်နေသောကြောင့်တည်း။

ဗျိုင်းဖြူခေါင်းလစ်သည် စုလတ်လားမားကြီး နှုတ်ပိတ်နေသည် ကို ငေးကြည့်နေရာမှ နှုတ်ခမ်းမွေးကိုပွတ်ရင်း စဉ်းစားနေပြန်သည်။

စုလတ်လားမားကြီး၏ ပျော့ကွက်ကိုဖိနင်းရန်နှင့် မိမိလိုသလို ဆွဲယူနိုင်ရန် စဉ်းစားလိုက်ပြန်သည်။ အတန်ကြာမှ ....

"ဒီမယ် လားမားကြီး .... ကျုပ်ဟာ ခင်ဗျားကို အပြစ်မတင် လိုပါဘူး .... ဒါပေမယ့် လူဆိုတာ ကိုယ်ကျိုးကြည့်လွန်းရင် လူလို မခေါ်နိုင်ဘူး .... မိမိအသက်ရှင်ရေးအတွက် အများရဲ့အသက်ကို သတ်တာဟာ အင်မတန်ဆိုးရွားတဲ့အလုပ်ပဲ .... ဒါကြောင့်လည်း ခင်ဗျား ဟာ တစ်နေ့မှ စိတ်မချမ်းသာဘဲ နေနေရတာပဲ .... ခင်ဗျားဟာ ... မိုက်မဲလှတဲ့ .... အမှတ်ဆယ့်သုံးဘုရင်ရဲ့ မတရားမှုကို အားပေးအား မြှောက်ပြုခဲ့သူပဲ .... ဒီကနေ့ တိဗက်လူမျိုးတွေ ဆင်းရဲဒုက္ခရောက်နေ တာဟာ အမှတ်ဆယ့်သုံးဘုရင်နဲ့ ခင်ဗျားဟာ တရားခံပဲ .... ဒီကိစ္စကို



ကျစက်ဟန်ဘတို့သာ သိသွားရင် .... ခင်ဗျား အသက်ချမ်းသာမှာ မဟုတ်တော့ဘူး .... "

"ကျုပ် .... ကျုပ် .... ခုမှ ဘာတတ်နိုင်မှာလဲ .... "

ဗျိုင်းဖြူက ဟက်ခနဲရယ်သည်။ ဤလားမားကြီးကို မိမိလိုရာ ဆွဲ၍ ရနိုင်ပြီဟုလည်း တွက်ချက်မိသည်။

"တကယ်တော့ .... ခင်ဗျားဟာ တော်တော်ကံကောင်းတဲ့လူပဲ၊ အမှတ်ဆယ်သုံးဘုရင် အသတ်ခံလိုက်ရတာဟာ .... ခင်ဗျားအသက် ကိုပိုရှည်စေတဲ့အချက်ပဲ .... ဒီလိုမှ မဟုတ်ရင် ခင်ဗျားလည်း အရိုး ဆွေးနေလောက်ပါပြီ .... "

"ဟုတ်ပါတယ် ဗျိုင်းဖြူ .... ကျုပ်ဟာ အမှားကြီးမှားခဲ့တဲ့ လူပါ .... ဒီအတွက် တစ်နေ့မှ စိတ်မချမ်းသာခဲ့ပါဘူး .... ဒီအကြွေး ကို ပြန်ဆပ်လို့ရမယ်ဆိုရင် ပြန်ဆပ်ချင်ပါတယ် .... "

"ဟဲ .... ဟဲ .... တကယ်တော့ ခင်ဗျားဟာ စိတ်ရင်းကောင်းတဲ့ လူတစ်ယောက်ပဲ .... ဒီတော့ ခင်ဗျားရဲ့ အပြစ်တွေကို သင်ပုန်းချေ နိုင်တဲ့နည်းကတော့ တစ်နည်းပဲရှိပါတယ် .... ကျုပ်လာခဲ့တာဟာလည်း ဒီအတွက်ကြောင့်ပါပဲ .... "

"ဘယ်လိုနည်းလဲ ဗျိုင်းဖြူ .... ကျုပ်ကို မြန်မြန်ပြောစမ်းပါ"

"ပြောပါ့မယ် လားမားကြီးရယ် .... မပြောခင် မေးချင်တာက ပုတာလနန်းတော်က ရတနာသိုက်ကိစ္စဟာ အမှန်ပဲလား .... ဒါကို ခင်ဗျား ငြင်းချင်သလား .... မငြင်းဘူးလားဆိုတာ ဖြေပါ .... "

စုလတ်လားမားကြီးသည် ဝန်ခံသင့် မဝန်ခံသင့် စဉ်းစားနေပြန် သည်။ ဤကိစ္စသည် မည်သူ့ကိုမျှ မပြောရန် ဆုံးဖြတ်ထားသော

ကိစ္စ ဖြစ်သည်။ သို့သော် ဖျိုင်းဖြူက ဤကိစ္စကို အတော်များများ သိနေလေပြီ။ ဖုံးကွယ်ထား၍လည်းမဖြစ်။ ဖျိုင်းဖြူ၏သန္တကို မလိုက် လျောခဲ့ပါကလည်း မိမိဒုက္ခရောက်မည်မှာ သေချာနေပြန်သည်။

ဤကိစ္စကို လောလောဆယ် အာဏာထက်နေသော ကျွန်တော် ဟန်ဘတို့ သိသွားပါကလည်း မိမိသက်ဆိုး ရှည်တော့မည်မဟုတ်။

စုလတ်လားမားကြီးသည် တွေဝေနေရာမှ ဆုံးဖြတ်ချက်တစ်ခု ကို ချလိုက်ရတော့သည်။

"ဖျိုင်းဖြူ ရတနာသိုက်ကိစ္စကို ခင်ဗျားတို့သိထားတာ မှန်ပါ တယ် ...."

ဖျိုင်းဖြူ၏ မျက်နှာကြီးသည် ဝင်းခနဲ ဖြစ်သွားသည်။

"ဒီလိုမှပေါ့ လားမားကြီးရယ် .... အမှန်တရားဆိုတာ ဖုံးကွယ် ထားလို့ ရတာမဟုတ်ပါဘူး .... ကျုပ်ဟာ .... ခင်ဗျားရဲ့ အကျိုးအတွက် ရောက်လာတဲ့သူပါ .... ဒီတော့ ခင်ဗျားရဲ့မကောင်းမှုတွေကို ကောင်းမှုနဲ့ ချေဖျက်ဖို့ ဆွေးနွေးကြရအောင်လား ...."

စုလတ်လားမားကြီးသည် မည်သို့မျှ ငြင်းပယ်နိုင်ခွင့် မရှိတော့ သဖြင့် ခေါင်းကိုသာ ညိတ်ပြလိုက်ရတော့သည်။

ဖျိုင်းဖြူသည် စုလတ်လားမားကြီး၏ အားနည်းချက်ကို ပိုင်ပိုင် နိုင်နိုင် ဆုပ်ကိုင်မိပြီဖြစ်သဖြင့် အလွန်တည်ကြည်သော ဟန်ပန်မျိုးနှင့် တစ်လုံးချင်း ပြောတော့သည်။

"လားမားကြီး ခင်ဗျားအစောကြီးကတည်းက ဝန်ခံဖို့ကောင်း တယ် .... ကိုယ်ရဲ့ဧော် ခုနစ်ဆယ့်နှစ်ယောက် အဖျောက်ဖျက်ခံရတာ ဟာ .... ရတနာသိုက်ကိစ္စကို ပေါ်ပေါက်မှာစိုးလို့ နှုတ်ပိတ်ခဲ့တဲ့ကိစ္စပဲ



ဒါကို ခင်ဗျားက ဖုံးကွယ်ဖို့ ကြိုးစားသေးတယ် .... ထားပါလေ .... ခုတော့ ခင်ဗျား အမှန်အတိုင်း ဝန်ခံနေပြီပဲ .... လူဆိုတာ အမှားကို မြင်ရင် အမှန်လမ်းပေါ် ပြန်လျှောက်ဖို့သာ အရေးကြီးပါတယ် .... ဒါမှလည်း ကိုယ်ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ပြန်ပြီး ဆေးကြောပစ် နိုင်မှာပဲ .... ကဲ .... ကျုပ်ပြောမယ် .... ပူတာလနန်းတော်က ရတနာတွေ ကို မြုပ်နှံတဲ့လူတွေထဲမှာ ခင်ဗျားဟာ မသေဘဲ ကျန်ခဲ့တဲ့ တစ်ဦး တည်းသော ပုဂ္ဂိုလ်ပဲ .... ဒီတော့ ...."

"ဖျိုင်းဖြူ .... အရမ်း .... အရမ်း မပြောပါနဲ့ ...."

စုလတ်လားမားကြီးသည် အလွန် ထိတ်လန့်ချောက်ချားနေ သဖြင့် ပွင့်နေသော တံခါးများကို ကမန်းကတန်း ထပိတ်လိုက်သည်။ ပြီးမှ တုန်တုန်ယင်ယင်နှင့် လှမ်းပြောသည်။

"တိုးတိုးပြောပါ ဖျိုင်းဖြူ .... တခြားလူတွေ ကြားသွားရင် ကျုပ်ရောခင်ဗျားပါ ဒုက္ခရောက်သွားလိမ့်မယ် ...."

"ဟဲ .... ဟဲ .... သိပ်လည်း စိုးရိမ်မနေပါနဲ့ လားမားကြီးရဲ့ ကျုပ်ပြောတာကို ခင်ဗျား လက်ခံရင်ပြီးတာပါပဲ ...."

"ကဲပါ .... လိုရင်းကို ပြောပါ"

"စိတ်ချပါ လားမားကြီး .... ကျုပ်ပြောမှာပါ .... ဒီတော့ .... ရတနာသိုက်ကိစ္စကို ဦးစီးဦးဆောင်လုပ်ခဲ့တဲ့ လားမားကြီးဟာ ရတနာ သိုက် တည်ရှိရာကို သိတာလည်း သေချာတယ် .... ဒီတော့ ခင်ဗျားနဲ့ကျုပ် အပေးအယူလုပ်ချင်တယ် ...."

"ခင်ဗျားက ကျုပ်ကို အသုံးချပြီး .... ရတနာသိုက်ကို အပိုင်စီး ချင်တယ် ဆိုပါတော့ ...."

"ဟား.... ဟား.... ခင်ဗျားက ကျုပ်ကို အထင်သေးနေတာပဲ ကျုပ်ပြောပြီးပါပကောလား.... ကျုပ်လာတာ ခင်ဗျားရဲ့အကျိုးအတွက် ပါလို့ .... ဟား .... ဟား"

စုလတ်လားမားကြီးသည် ခေါင်းရှုပ်သွားဟန်ဖြင့် ခေါင်းဝဲ ကြီးကို လက်ဝါးဖြင့် တဖျပ်ဖျပ်ရိုက်လိုက်ပြန်သည်။

အခြေအနေသည် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေ အနေပင်တည်း။

ဖျိုင်းဖြူက တဟဲဟဲရယ်ပြီး ဆက်ပြောသည်။

"ခင်ဗျားဟာ.... အင်မတန် ကြီးလေးတဲ့အပြစ်ကို ကျူးလွန်ခဲ့တဲ့ သူပဲ.... ဒီအပြစ်တွေ ပပျောက်အောင် လုပ်ဖို့ဆိုတာ တစ်နည်းပဲရှိ တယ်.... ကျုပ်ပြောပါဦးမယ်.... ပုတာလနန်းတော်က ရတနာတွေ ဟာ.... တိဗက်လူမျိုးတွေရဲ့ ရတနာတွေပဲ.... ဒီရတနာတွေ ပျောက် ဆုံးနေတာဟာ.... တိဗက်လူမျိုးတွေ ဆင်းရဲဒုက္ခရောက်ခြင်းရဲ့ အရင်း ခံကိစ္စပဲ.... ဒီတော့ ဒီရတနာတွေကို ဖော်ထုတ်ပြီး တိဗက်တွေရဲ့ ဆင်းရဲဒုက္ခတွေကို ကယ်တင်ရမယ် .... ဒီလို လုပ်တာဟာ .... လားမားကြီး ကျူးလွန်ခဲ့တဲ့ အပြစ်ကြီးကို ထိထိရောက်ရောက် ဆေးကြောပစ်နိုင်တဲ့အရာပဲ.... ဒါကို.... လားမားကြီး သဘောပေါက် ရဲ့လား ...."

စုလတ်လားမားကြီးသည် ဖျိုင်းဖြူ၏ အကြံပေးစကားကို သဘောကျလာသည်။ ဤသို့ လုပ်မှသာလျှင် မိမိကျူးလွန်ခဲ့သော အပြစ်ကြီးမှ လွတ်မြောက်နိုင်မည်ဟုလည်း ယုံကြည်လာသည်။ ထို့ကြောင့် မှုန်မှိုင်းနေသော မျက်နှာသည် ကြည်ကြည်လင်လင်



ပြန်ဖြစ်လာသည်။

သို့သော် ဖျိုင်းဖြူသည် စိတ်ချရသည့် လူလော။ စုလတ် လားမားကြီး အလေးအနက် စဉ်းစားရတော့သည်။ အတန်ကြာမှ

"ဖျိုင်းဖြူ.... ခင်ဗျားရဲ့အကြံကို ကျုပ်သဘောကျပါတယ်.... ဒါပေမယ့် ဒီကိစ္စဟာ.... လွယ်မလိုလိုနဲ့ အင်မတန်ခက်တဲ့ ကိစ္စပဲ"

"ဘာဖြစ်လို့လဲ .... လားမားကြီးရဲ့"

"ရတနာတွေကို မြှုပ်နှံခဲ့တာဟာ.... နှစ်တွေအများကြီး ကြာခဲ့ပြီ ပြန်ရှာဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား.... ရာသီဥတုနဲ့ ပထဝီအနေအထား တွေဟာ အများကြီး ပြောင်းလွဲနေတာကို ခင်ဗျားလည်းအသိပဲ.... ကျုပ် အဲဒီနေရာကိုမှတ်မိတော့တာ မဟုတ်ဘူး ...."

"ဟုတ်ပါ့မလား ...."

"ဟုတ်ပါတယ်.... လွန်ခဲ့တဲ့ ငါးနှစ်ကတောင် ကျုပ် သွားရှာခဲ့ သေးတယ် .... ဒါပေမယ့် အဲဒီနေရာကို ရှာလို့မရတော့ဘူး ...."

"ဟား.... ဟား.... ဟား.... လားမားကြီးက တစ်ယောက်တည်း အပိုင်စီးဖို့ ကြိုးစားခဲ့သေးတာကိုး ...."

"ကျုပ်မှာ ဒီသဘောထား မရှိသေးပါဘူးဖျိုင်းဖြူ .... သူ့ နဂိုအတိုင်း ရှိသေးသလား မရှိတော့ဘူးလား ဆိုတာကို သိချင်လို့ သွားရှာကြည့်တာပါ ...."

"ဟား .... ဟား .... ခင်ဗျားစကားက ယုံတမ်းစကားလိုပဲ ဒါကိုသိတဲ့လူ ရှိသေးလို့လားဗျ ...."

"ခုချိန်ကျမှ ဘာကိုမှ ဖုံးကွယ်ဖို့မလိုတော့ပါဘူး.... ဒီရတနာ တွေကို ဖော်ထုတ်ချင်နေတဲ့လူတွေဟာ.... ပုတာလနန်းတော်ထဲမှာ

ခုချိန်ထိ ရှိနေကြသေးတယ်.... ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီရတနာသိုက်ကို သွားရှာကြတဲ့ လူတွေဟာ.... ခုနစ်ယောက် ရှစ်ယောက် လောက်ရှိသွားပြီ .... ဒါပေမယ့် အဲဒီလူတွေဟာ အသွားသာရှိပြီး အပြန်မရှိခဲ့ကြဘူး .... "

"ပြန်လမ်းမရှိဘူး ဟုတ်လား .... အဲဒါ ဘာကြောင့်လဲ"

"ခရီးလမ်းကြမ်းတမ်းတာရယ်.... ရာသီဥတု ဆိုးရွားတာရယ်၊ နေရာမှန်ကို မသိတာရယ်.... အဲဒီအကြောင်းတွေကြောင့်ပဲ...၊ အဲဒီနေရာဟာ နေ့ရောညရော ဆီးနှင်းတွေ ဖုံးနေတဲ့နေရာပဲ.... ကျုပ်သွားတုန်းကလည်း သုံးရက်လုံးလုံး ရှာတာတောင် မတွေ့ခဲ့ဘူး၊ မသေဘဲ ပြန်လာနိုင်တာကိုတောင် ကျေးဇူးတင်ရမလိုပဲ .... "

"ရှာမတွေ့တာက ဘာကြောင့်လဲ .... "

"နေရာကို အတိအကျ မမှတ်မိတော့တာရယ် .... မြေအနေအထားတွေ ပြောင်းလဲနေတာရယ်.... အဲဒါတွေဟာ ကျုပ်မျက်စိကို လည်စေတဲ့ အချက်တွေပဲ.... နောက်တစ်ခုက ကျုပ်ဟာ ရတနာသိုက်ရှ လုပ်ဆောင်ရာမှာ ပါဝင်သူ ဖြစ်ပေမယ့် သယ်ယူရေးတာဝန်ခံသာ ဖြစ်တယ်.... မြှုပ်တဲ့နေရာကို ရောက်ခဲ့တာမဟုတ်ဘူး.... ဒါကြောင့် မှန်းဆပြီး ရှာရတာမျိုးပဲ .... မြေပုံညွှန်း ရှိရင်တော့ ဘယ်လိုပဲ သဘာဝပြောင်းလဲမှုတွေ ရှိနေရှိနေ ရှာလို့တွေ့နိုင်တယ် .... "

"မြေပုံညွှန်း တကယ်ရှိခဲ့လို့လား .... "

"ရှိတယ်.... အဲဒီမြေပုံဟာ ရတနာသိုက်ဝှက်ရာကို အတိအကျ မှတ်သားညွှန်ပြထားတဲ့ မြေပုံပဲ.... ဘုရင်မင်းမြတ်က အဲဒီမြေပုံညွှန်းကို တစ်ခါပဲ ပြခဲ့ဖူးတယ်.... ဆိတ်သားရေပေါ်မှာ ရေးဆွဲရှင်းလင်းထား



တဲ့မြေပုံပဲ .... တစ်ဖက်က ရုပ်ပုံ .... တစ်ဖက်က စာ .... ဒါပေမယ့် ခုချိန်မှာ ဒီမြေပုံကိုရလည်း အလကားပါပဲ .... "

"ဘာဖြစ်လို့လဲ လားမားကြီး .... "

"မြေပုံပေါ်မှာ ရေးထားတဲ့စာက တိဗက်နန်းသုံးစာ ဖြစ်လို့ပါပဲ .... ဒီစာဟာ အပေါ်ယံကြည့်ရင် တိဗက်စာပဲ .... ဒါပေမယ့် အရေးကြီးချက်တွေကို လျှို့ဝှက်တဲ့ နန်းတွင်းသုံးစာနဲ့ တွဲဖက်ရေးထားတယ်.... တိဗက်စာတတ်လည်း ဒီမြေပုံထဲကစာတွေကို အကုန်လုံး မသိနိုင်ဘူး .... "

"ဒီလိုဆိုရင် ဒီမြေပုံရထားလည်း အလကားပဲပေါ့.... ခင်ဗျားတို့ အဲဒီစာကို မတတ်ဘူးလား .... "

"တတ်ပါတယ်.... ဘုရင်မင်းမြတ်ကိုယ်တိုင် သင်ကြားပေးလို့ တတ်ထားတာပါ.... ဒါပေမယ့် ဒီစာကို တတ်ထားလည်း မြေပုံမရှိတော့ အလကားပါပဲ .... "

စုလတ်လားမားကြီးက အရှိန်ကောင်းကောင်းနှင့် သဘောလက်လွှတ်ပြောသည်။ ဗိုင်းဖြူကား လိုက်လှဲဝမ်းသာသွားသည်။ ဗိုင်းဖြူသည် စုလတ်လားမားကြီးထံမှ စကားနှိုက်ယူမှုအောင်မြင်ခဲ့လေပြီ၊ သို့သော် တိကျသည်ထက် တိကျအောင် ဆက်မေးပြန်သည်။

"လားမားကြီး ဒီရတနာသိုက် မြေပုံဆိုတာ အင်မတန်အရေးကြီးတဲ့ မြေပုံပဲ.... ဒါကို ဘုရင်မင်းမြတ်က ခင်ဗျားကိုထုတ်ပြတယ် ဆိုတာ ဖြစ်နိုင်ပါ့မလား .... "

"ဟား.... ဟား.... ခင်ဗျားကလည်း ကျားကိုက်ပါတယ်ဆိုမှ နာဘာရှည်လား မေးနေရသေးတယ်ဗျာ.... အဲဒီတုန်းက ကျုပ်ဟာ၊

ဘုရင်မင်းမြတ်ရဲ့ လက်ရုံးပဲ.... ရတနာသိုက် မြုပ်နှံရေးကိစ္စကလည်း ကျုပ်တာဝန်ယူခဲ့ရတဲ့ကိစ္စပဲ.... ဒီတော့ ယုံယုံကြည်ကြည်နဲ့ပြတာပေါ့ဗျ .... အပိုင်ပေးတာမှ မဟုတ်ဘဲဥစ္စာ .... "

"သဘောပေါက်ပြီ .... သဘောပေါက်ပြီ .... အဲဒီတုန်းက လားမားကြီးဟာ အမှတ်ဆယ့်သုံးဘုရင်ရဲ့သစ္စာရှိ လက်ရုံးကြီးပဲဟာ၊ ဟဲ .... ဟဲ"

ဗျိုင်းဖြူသည် နှုတ်ခမ်းမွေးကို ပွတ်သပ်လိုက်ရင်းက စကားဆက်ပြန်သည်။

"အဲဒီစာတွေကို လားမားကြီး မှတ်မိသေးရဲ့လား .... "

"မှတ်မိပါတယ်.... ကျုပ်က လျှို့ဝှက်စာကို သင်ကြားထားခဲ့ရတာပဲဟာ.... ဒါပေမယ့် မြေပုံမှမရှိတာ ဘာလုပ်လို့ ရတော့မှာလဲ၊ သိုက်စာညွှန်းက မြေပုံနဲ့စာညွှန်းကို ပူးတွဲလေ့လာနိုင်မှ ရှာလို့ရအောင် တီထွင်ထားတဲ့ဟာ .... စာတွေကို အလွတ်ရလည်း မြေပုံမရှိရင် အလကားပဲ .... မြေပုံရှိလည်း စာမတတ်ရင် အလကားပဲ .... "

"ဟဲ .... ဟဲ .... စားရက်ကြို့ မှတ်ဆိတ်ပျားစွဲ၊ ရေကန်အသင့် ကြာအသင့်ဆိုဟာ ဒါမျိုးပဲ .... ကဲ .... ကဲ .... ဟောဒီမြေပုံလေးကို ကြည့်ပေးစမ်းပါ .... အတုလား အစစ်လားဆိုတာ .... "

ဗျိုင်းဖြူက အကျႌအိတ်ထဲမှ ဆိတ်သားရေ မြေပုံညွှန်းကို ဆွဲထုတ်လိုက်သည်။ ထို့နောက် မြေပုံ၏ အစတစ်ဖက်ကို ဆွဲကိုင်ထားပြီး တစ်ဖက်က လိပ်နေသော မြေပုံကို ဖြန့်ပြလိုက်သည်။

စုလတ် လားမားကြီး မျက်လုံးပြူးသွားသည်။

"ဗျိုင်းဖြူ .... ဒီမြေပုံ ဘယ်ကရခဲ့တာလဲ .... "



"မေးမနေပါနဲ့ဗျာ.... အစစ်လား အတုလားဆိုတာသာ ကြည့်ပေးစမ်းပါ .... "

စုလတ်လားမားကြီး မငြင်းတော့။ မြေပုံညွှန်းကို ပွတ်သပ်ပြီး စူးစိုက်ကြည့်သည်။ ဆိတ်သားရေထောင့်တွင် ချိတ်တွဲထားသော ကျောက်စိမ်း သော့ခလောက်ကလေးကိုလည်း သေသေချာချာ စစ်ဆေးသည်။ ထိုအချိန်၌ သူ၏လက်နှစ်ဖက်သည် စိတ်လှုပ်ရှားမှုကြောင့် တုန်တုန်ရင်ရင် ဖြစ်နေသည်။

"ဘယ့်နှယ်လဲ လားမားကြီး .... အစစ်လား အတုလား"

"အစစ်ပဲ .... ဒီမြေပုံကို ကျုပ်ကောင်းကောင်းမှတ်မိတယ်"

"ဒီလိုဆိုရင် စာတွေဖတ်ပြီး ဘာသာပြန်ပေးပါဦး .... "

စုလတ်လားမားကြီးက ဘာမျှမပြောတော့ဘဲ မြေပုံညွှန်းပေါ်မှ စာသားများကို ဖတ်ကြည့်ပြန်သည်။ ပြီးမှ ....

"အစစ်မှ အစစ်ပဲ .... ရေမရောဘူး .... မြေပုံလည်းမှန်တယ်၊ စာလည်းမှန်တယ် .... "

ဗျိုင်းဖြူ၏ မျက်နှာသည် ဝင်းခနဲဖြစ်သွားသည်။

နှစ်ပေါင်းများစွာ ရှာဖွေခဲ့သော လျှို့ဝှက်ချက်ကို တွေ့ရှိချက်သည် ကမ္ဘာတုန်မည့် တွေ့ရှိချက်ပင်တကား။

◆◆◆

## အခန်း ၄၅။

## အကြံတူရန်သူ ကောက်ကျစ်သူ

ဗျိုင်းဖြူက စာရွက်တစ်ခုနှင့် ကလောင်တံတစ်ချောင်းကို ထုတ်ပြီး စားပွဲပေါ်တင်လိုက်သည်။

"လားမားကြီး အဲဒီအညွှန်းတွေကို အဲဒီစာရွက်ပေါ်မှာ ဘာသာပြန်ပြီး ရေးပေးပါ ...."

လားမားကြီးက ကလောင်တံကိုယူပြီး ရေးဟန်ပြုသည်။ သို့သော် စာရွက်ပေါ်တွင် စာတစ်လုံးမျှ မထင်သေး။

အတန်ကြာ အောင့်ငြိမ်နေပြီးမှ ကလောင်တံကို ပစ်ချလိုက်သည်။

ဗျိုင်းဖြူ မျက်လုံးပြူးသွားသည်။

"ဘာဖြစ်တာလဲ .... ဘာဖြစ်လို့ မရေးတာလဲ .... "

စုလတ်လားမားကြီးက မြေပုံညွှန်းကို ခေါက်လိုက်ပြီး ဗျိုင်းဖြူကို ပြန်ပေးသည်။



"မြေပုံကို ကျုပ်ပြန်အပ်ပြီးပြီ .... ခင်ဗျားလက်ထဲက မြေပုံကို ဘယ်သူမှ လုမယူနိုင်ပါဘူး .... ခင်ဗျားသာ ကောင်းကောင်းသိမ်းထားပါ .... "

ဗျိုင်းဖြူ ကြောင်တောင်တောင်ဖြစ်သွားသည်။

"ဘယ်လိုလဲ လားမားကြီး .... ဘာသာပြန်မပေးတော့ဘူးလား...."

"ကျုပ် ရေးမပေးနိုင်ဘူး .... "

"ဘာ .... "

ဗျိုင်းဖြူ၏ ခေါသသံသည် မိုးခြိမ်းသံလား အောက်မေ့ရသည်။ လားမားကြီး' စိတ်ပြောင်းသွားချေပြီကော။

ဗျိုင်းဖြူသည် လားမားကြီးကို အသေသတ်ရန် စိတ်ကူးလိုက်သော်လည်း ထိုစိတ်ကူးကို ချက်ချင်းချေဖျက်ပစ်လိုက်ရ၏။ လားမားကြီးကို သတ်၍မဖြစ်သေး။

"ဘယ်လိုဖြစ်သွားတာလဲ လားမားကြီး .... ခင်ဗျားစိတ်က တယ်လည်း အပြောင်းအလဲမြန်ပါလား .... "

"ကျုပ်ဘာမှမပြောင်းလဲပါဘူး.... ကျုပ်စိုးရိမ်တာက ခင်ဗျားကတိမတည်မှာကိုပဲ စိုးရိမ်တယ်.... ကျုပ်ဘာသာပြန်ပေးရင် ခင်ဗျားက ထွက်ပြေးသွားမယ့်လူ .... ကျုပ်လည်း ဘာမှ တတ်နိုင်တော့မှာ မဟုတ်ဘူး.... အကောင်းဆုံးက အဲဒီနေရာကို ကျုပ်တို့ အတူသွားမယ်.... ရှာလို့တွေ့ရင် တိဗက်လူမျိုးတွေရဲ့ ဆင်းရဲဒုက္ခကို ကယ်တင်တဲ့ အကျိုးပြုအလုပ်တွေ လုပ်မယ် .... ဒါကို ခင်ဗျားကတိတည်မလား...."

"ကျုပ်က ကတိနဲ့ လူလုပ်နေတဲ့လူပဲ .... ကျုပ် ကတိကို ကျုပ်အသက်နဲ့လဲပြီး တည်တယ် .... ခင်ဗျားသာ .... "

"ကျုပ်ကလည်း ခင်ဗျားလိုပဲ.... ကျုပ်အဖို့ ရွှေ ငွေ ကျောက် သံပတ္တမြားဆိုတာ မက်မောစရာမဟုတ်ဘူး.... ကျုပ်လည်း ကျုပ်ရဲ့ မကောင်းမှုကို ကောင်းမှုနဲ့ ဆေးကြောပစ်ချင်နေတဲ့လူပဲ .... "

"ဒီစကားမျိုးပဲ ကြားချင်ပါတယ်.... ကျုပ်လည်း ,ခင်ဗျားလို လူမျိုးပါ .... "

"ဒီလိုဆိုရင် ကျုပ်ပြောတဲ့အတိုင်း လုပ်နိုင်မလား .... "

"မလုပ်နိုင်စရာ မရှိပါဘူး.... အတူတူသွားနိုင်ရင် ကောင်းတာပဲ ဥစ္စာ.... ဟဲ.... ဟဲ.... ကဲ.... ကြာတယ်.... ခင်ဗျား စီစဉ်စရာရှိတာ စီစဉ် .... ကျုပ် တောင်ပေါ်ခရုပ်ပေါ်က စောင့်မယ် .... "

"လောလှချည်လား ဇျိုင်းဖြူရဲ့.... ကျောက်မျက်ရတနာတွေ ဘယ်လောက်များတယ်ဆိုတာ ခင်ဗျားမသိဘူး....နှစ်ယောက်တည်း သယ်လို့ ရမယ်ထင်မနေနဲ့ သယ်ဖို့လူလုံသေးတယ် .... "

"ဒီကိစ္စအတွက် လားမားကြီး ပူမနေပါနဲ့.... သယ်ယူရေးကိစ္စ ကော.... ခင်ဗျားရဲ့ အသက်အန္တရာယ်ကိစ္စကိုပါ ကျုပ်တာဝန်ယူတယ်"

"ကျေးဇူးပဲ .... "

ပြောသာ ပြောရသည်။ လားမားကြီးသည် ဇျိုင်းဖြူကို မယုံကြည်လှပေ။

ထို့ကြောင့် စူးစမ်းလေ့လာမှုများ ပြုလုပ်ပြန်သည်။

"ဒီမယ်ဇျိုင်းဖြူ.... ခင်ဗျားဟာ လွန်ခဲ့တဲ့ နှစ်လေးဆယ်က ဇျိုင်းဖြူ မဟုတ်ဘူး.... မပျော်ရွှင်အဖွဲ့ချုပ် ဇျိုင်းဖြူခေါင်းလစ်....



ဒီတော့ ခင်ဗျားကို ကျုပ် ဘယ်လိုယုံရမှာလဲ.... ခင်ဗျားရဲ့ လောဘ ရမ္မက်ကြီးမှုဟာ သိုင်းလောကမှာ ဟိုးဟိုးကျော်နေတာ မဟုတ်လား၊ ဒီတော့ .... "

"ဟား .... ဟား .... ဒါက မနာလိုဝန်တိုဖြစ်နေသူတွေရဲ့ ကောလာဟလတွေပါဗျာ.... လူတွေဟာ လောဘရမ္မက်ရဲ့သားကောင်တွေပါ .... ဒါပေမယ့် ကျုပ်ဟာ အတ္တလွန်သတ္တဝါမဟုတ်ပါဘူး၊ ကတိနဲ့ အသက်ရှင်နေတဲ့လူပါ.... ဒီတော့ ရှင်းအောင်ပြောမယ်.... ရတနာသိုက်ကို တူးဖော်လို့ရရင် တစ်ယောက်တစ်ဝက်စီ ခွဲယူမယ် ခင်ဗျားရတာ ခင်ဗျားလုပ်ချင်တာလုပ်.... ကျုပ်ရတာ ကျုပ်လုပ်ချင်တာ လုပ်မယ် .... တစ်ယောက်ဝေစုကို တစ်ယောက်က ဝင်မစွက်တမ်း ဘယ်နှယ့်လဲ .... "

"အရေးကြီးတာက ကတိတည်ဖို့ပဲ .... "

"ကျုပ်ဟာ ကတိနဲ့လူလုပ်နေတာ.... ကျုပ်ပေးတဲ့ ကတိကို ကျုပ်တည်တယ် .... ဒါကို လက်တွေ့အဖြေပေးလိမ့်မယ် .... "

"ကောင်းပြီ .... "

စုလတ်လားမားကြီးက စိတ်ချသွားဟန်နှင့် ပြုံးပြလိုက်၏။

ဇျိုင်းဖြူ ကျေနပ်သွားသည်။

စုလတ်လားမားကြီးကား ကိုယ့်အကြံနှင့်ကိုယ် ပြုံးလိုက်ခြင်းသာ ဖြစ်သည်။ ရတနာသိုက်ခရီးသည် ဇျိုင်းဖြူမပါဘဲ သွား၍မဖြစ်။ မြေပုံသည် ဇျိုင်းဖြူလက်ထဲမှာ။ လမ်းတလျှောက်မှ ထောင်ချောက်များ၊ အန္တရာယ်များသည် မိမိသိရှိပိုင်နိုင်သော ကိစ္စများသာဖြစ်သည်။ အရေးကြီးသည်ကား ဇျိုင်းဖြူနှင့်သွားခြင်းသည် မိမိရှာမတွေ့ခဲ့သော

ရတနာသိုက်ဂူကို တွေ့နိုင်မည့် အခွင့်အလမ်းပင်။ ဤကိစ္စကား မိမိတို့စွမ်းမဟုတ်။ ကံ ကြည့်ကြည့်ကရန်သာ ဖြစ်သည်။

စုလတ် [illegible]ကြီးသည် ခုမှ ငိုပြီးပျော်လာသည်။

"ကဲ.... ကျုပ်တို့ပြောသလို ကတိတည်ကြပြီ။ ကျုပ်တောင်းချင်တဲ့ ဆုလာဒ်က ဆောင့်မယ်.... ငွေများ စီးစည်းစရာရှိတာ စီစဉ်ဦး.... ကဲ.... ကျုပ်သွားမယ် ...."

ဖိုးဖြူခေါင်းလစ်သည် စကားဆုံးသည်နှင့် လှစ်ခနဲထွက်သွားသည်။

စုလတ်လားမားကြီးကား ရတနာသိုက်ဂူကြီးကို မြင်ယောင်ရင်းက မြူးနေမိတော့သည်။

◆◆◆

အခန်း ၄၆။

## လိုဏ်ဂူထဲမှ လက်ဝါးနီ

မြင်ကွင်းတစ်ခုလုံး တောက်ပသော အဖြူရောင်ချည်းဖြစ်၏။

တောင်တန်းလည်း အဖြူ၊ မြေကြီးလည်း အဖြူ၊ သစ်တောလည်း အဖြူ၊ အားလုံးအဖြူချည်း ဖြစ်သည်။

ခဲနေသော နှင်းခဲများနှင့် တဖွဲဖွဲကျနေသော နှင်းမှုန်များက မည်သည့်အချိန်ကျမှ စဲမည်မသိတော့။

ဆီးနှင်းကျနေချိန်တွင် ဘယ်ဟာဆီးနှင်း၊ ဘယ်ဟာတောင်တန်းဟူ၍ ခွဲခြား၍မရတော့။

ဖိုးဖြူခေါင်းလစ်နှင့် စုလတ်လားမားကြီးသည် တောင်ကမ်းပါး ကြီးတစ်ခုပေါ်မှ ထိုတောင်တန်းကြီးကို မျှော်ကြည့်ရင်း သက်ပြင်းချ လိုက်မိသည်။

"အင်း.... အေးလိုက်တာကလည်း လွန်ရော.... အသက်ရှူရတာ ကလည်း ကျပ်လိုက်တာ.... မပြောနဲ့တော့.... လူဟာ အသ[illegible] လာရင် ဘာမှအသုံးမကျတော့ဘူး ...."

စုလတ်လားမားကြီး၏ ညည်းညူ[illegible]ကြောင့် ဖိုးဖြူ[illegible]

က ပြုံးသွားသည်။ သူသည် အဖြူရောင် ဝတ်ရုံကြီးကို လွှမ်းခြုံထားပြီ တောင်တန်းကြီးကို လှမ်းမျှော်နေပြန်သည်။ သူ၏ မျက်လုံးအစုံသည် လောဘအောင်ဖြင့် အလျှံတပြောင်ပြောင် တောက်နေသည်။ သူသည် အေးစိမ့်ခြင်းကို မှုခြင်းမရှိ။

သို့နှင့် ရှေ့ကို တိုးသွားကြပြန်သည်။ ကျောက်ဆောင်ကြီး တစ်ခုကို တွေ့ရသောအခါ ကျောက်ဆောင်အောက်ဝင်ပြီး အနားယူ လိုက်ကြသည်။

"ချမ်းလိုက်တာ အေးစိမ့်နေတာပဲ ...."

စုလတ်လားမားကြီးသည် လက်နှစ်ဖက်ကို ပါးစပ်ထဲမှ လေမှုတ်ရင်း ပြောသည်။ ဆက်၍လည်း ....

"ဒီနှစ် နှင်းကျတာ သိပ်စောတယ် .... ဒီအတိုင်းဆိုရင် တောင်ပေါ်မှာ ပိုအေးလိမ့်မယ်.... သွေးခဲမှာတောင် ကြောက်ရတယ်"

ဗျိုင်းဖြူခေါင်းလစ်က ဘာမှုမပြန်မပြော။ မျက်စိရှေ့တွင် မြင်နေရသော တောင်တန်းနှင့် ပတ်ဝန်းကျင်ကိုသာ အကဲခတ်ရှုစမ်း နေသည်။ ထို့နောက် သိုက်စာညွှန်းမြေပုံကို ထုတ်ကြည့်ပြီး ချက်ချင်း ပြန်သိမ်းလိုက်သည်။ စုလတ်လားမားကြီးက ထမင်းခြောက်များကို ထုတ်ယူဝါးစားနေသည်။

"ဗျိုင်းဖြူ ဒီနေရာဟာ ဒါခက်မန်းတောင်ရဲ့ အရှေ့ဘက်ဝင် ပေါက်ပဲ....ဒီနေရာကနေ အနောက်ဘက်ကို ရောက်အောင် သွားမယ် ဆိုရင် နှစ်ရက်တိတိ ကြာလိမ့်မယ် ...."

ဗျိုင်းဖြူက စုလတ်လားမားကြီးကို လှည့်ကြည့်ပြီး ပြန်ပြော သည်။



"ဒီလိုဆိုရင် အနောက်ဘက်လမ်းက ဘာပြုလို့မဝင်ခဲ့တာလဲ"

"အနောက်ဘက်လမ်းက အန္တရာယ်လမ်းပဲ.... တလျှောက်လုံး ဒိုလို ချောက်ကမ်းပါးတွေချည်းပဲ.... လေလည်း ပြင်းပြင်းထန်ထန် တိုက်တယ် .... တစ်နှစ်လုံး ရေခဲနေတဲ့နေရာ .... အဲဒီဘက်မှာ လူမပြောနဲ့ တိရစ္ဆာန်တောင် မနေဘူး.... အင်မတန် ဆိုးရွားတဲ့နေရာ ကဲ.... ကဲ.... စကားကောင်းနေလို့ မဖြစ်သေးဘူး.... ခရီးဆက်ကြဦး စို့.... မိုးမချုပ်ခင် ဆိတ်နီလမ်းခွဲရောက်မှ ဖြစ်မှာ.... မရောက်ရင် ဆီနှင်းတွေပေါ်မှာပဲ စခန်းချရမှာ .... လွယ်တာ မဟုတ်ဘူး .... "

စုလတ်လားမားကြီးက ပြောပြောဆိုဆို ထိုင်ရာမှထပြီး ခရီး ဆက်ရန်ပြင်သည်။ ဗျိုင်းဖြူခေါင်းလစ်က တစ်စုံတစ်ရာကို အာရုံစိုက် နေရာမှ ကမန်းကတန်း လှမ်းတားသည်။

"နေဦး .... "

"ဘာဖြစ်လို့လဲ"

"လူလာနေတယ်"

နှစ်ယောက်စလုံး သတိထားနေကြစဉ်မှာပင် ကုန်းကုန်း ကုန်း ကုန်းနှင့် လူတစ်ယောက်ပေါ်လာတော့သည်။ ကျောတွင် ခြင်းကြီး တစ်ခုပိုးထားပြီး သံတုတ်တစ်ချောင်းနှင့် ဟိုယက် သည်ယက် လုပ်လာသည်။ ခါးတွင်မူ ဆေးတံရှည်ကြီး တစ်ချောင်း ထိုးထား သည်။

စုလတ်လားမားကြီးသည် မမျှော်လင့်ဘဲ တွေ့ရသော အဘိုး ကြီးကြောင့် ပါးစပ်အဟောင်းသား ဖြစ်နေသည်။

အဘိုးကြီးသည် ခြေလှမ်းမှန်မှန်နှင့် လျှောက်လာနေသည်။

လျှောက်ရင်းကလည်း သံတုတ်ကြီးနှင့် နှင်းမြေများကို ထိုးဖွနေပြန်သည်။ တစ်စုံတစ်ခုကို ရှာဖွေနေခြင်းဖြစ်သည်ကား သေချာသည်။

"အို .... "

အဘိုးကြီးသည် လူနှစ်ယောက်ကို တွေ့လိုက်ရသဖြင့် လန့်အော်လိုက်သည်။ ထို့နောက် တိဗက်စကားနှင့်လှမ်းမေးသည်။ အဖြေမရသောအခါ တရုတ်စကားနှင့် ပြောင်းပြောသည်။

"ဆရာတို့ ရောက်နေတာကြာပြီလား .... "

စုလတ်လားမားကြီးက ဖျိုင်းဖြူခေါင်းလစ်ကို လှမ်းမေးသည်။

"ခင်ဗျား သူနဲ့သိသလား .... "

ဖျိုင်းဖြူခေါင်းလစ်က ပါးစပ်မှ မဖြေ။ ခေါင်းကိုသာ ယမ်းပြသည်။ မျက်လုံးအစုံကား အဘိုးကြီးကိုသာ စိုက်ကြည့်နေသည်။

စုလတ်လားမားကြီးက အဘိုးကြီးကို လှမ်းမေးတော့သည်။

"ဆရာကြီး.... ဆရာကြီး.... ဘယ်က ဘယ်လိုရောက်လာတာလဲ .... "

အဘိုးကြီးသည် စုလတ်လားမားကြီး၏ အမေးကိုမဖြေဘဲ နှင်းမြေများကို ထိုးဆွလိုက်ပြန်သည်။ ထို့နောက် တစ်စုံတစ်ခုကို တွေ့လိုက်ရဟန်နှင့် ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။

"တွေ့ပြီ .... ဟား .... ဟား"

အဘိုးကြီးသည် သံချောင်းကြီးကို နှင်းမြေထဲ နှစ်ထားရင်း ရေခဲတုံးများကို ထိုးခွဲဖယ်ရှားလိုက်သည်။ ကော်ထုတ်လိုက်သောအခါ အနီရောင်ဥကြီးတစ်လုံးလို ဖြစ်နေသည့် သံစ်မြစ်ကြီးတစ်ခု ထွက်ပေါ်လာသည်။



အဘိုးကြီးသည် အလွန်ဝမ်းသာသွားဟန်နှင့် သစ်မြစ်ဥကြီးကို ကောက်ယူပြီး ပွတ်သပ်နေပြန်သည်။

"အင်း .... ရှာလိုက်ရတာ .... တွေ့မယ့်တွေ့တော့လည်း ဒီနေရာမှ တွေ့တော့တယ် .... "

စုလတ်သမားကြီးသည် စိတ်ဝင်စားသွားသဖြင့် ရှေ့တိုးကြည့်လိုက်သည်။ မြေကြီးထဲ နှစ်မြှုပ်နေသော သစ်မြစ်ဥကြီးတစ်ခုသာ ဖြစ်သည်။

"ဒါက ဘာမို့လဲ ဆရာကြီးရဲ့ .... "

"သိပ်အဖိုးတန်တဲ့ ပစ္စည်းလေ.... နားလည်တဲ့ လူတွေကတော့ ဒါကို 'မြေကြီးနဂါး'လို့ ခေါ်တယ်.... နားမလည်တဲ့လူတွေကတော့ 'ကင်းမြီးကောက်အို'လို့ ခေါ်တယ်.... သိပ်ရှားပြီး သိပ်အဖိုးတန်တဲ့ ပစ္စည်းပဲ .... "

"ဘာလုပ်လို့ ရလို့လဲ .... "

"အို.... လုပ်လို့ရတာတွေ အများကြီးဗျ.... ချောင်းဆိုးသွေးပါ၊ သွေးတတ်သွေးကျ .... အဆုတ်နာ .... အို ရောဂါတွေ အများကြီး ပျောက်တယ်.... အစွမ်းထက်တဲ့ ဆေးဥတွေဗျ.... တောတိုင်းတောင်တိုင်း ရှိတာမဟုတ်ဘူး .... "

အဘိုးကြီးက ပြောပြောဆိုဆို ဆေးမြစ်ဥကြီးကို ခြင်းထဲထည့်လိုက်သည်။ စုလတ်လားမားကြီးက ခြင်းထဲကို လိုက်ကြည့်သည်။ ခြင်းထဲတွင် ဆေးမြစ်ဥမှလွဲ၍ ဘာမှမရှိချေ။ အဘိုးကြီးသည် ဆေးမြစ်ရှာရန် ရောက်လာခြင်း သက်သက်သာ ဖြစ်ပေလိမ့်မည်။

အဘိုးကြီးသည် ဘာစကားမျှ မပြောတော့ဘဲ နှုတ်ဆက်ပြီး

ထွက်သွားပြန်သည်။ စုလတ်လားမားကြီးသည် အဘိုးကြီး၏ကျော ပြင်ကြီးကို ငေးကြည့်ရင်း ဖျိုင်းဖြူခေါင်းလစ်ကို လှမ်းပြောသည်။

"အံ့တော့ အံ့သြစရာပဲ....နှစ်ပေါင်းသုံးဆယ်ကျော် လေးဆယ် အတွင်းမှာ ဒီလိုလူမျိုးကို ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်.... ဆေးဆရာ ကြီးတစ်ယောက်နဲ့တူတယ် ...."

"ခင်ဗျား .... အဲဒီလိုယူဆသလား .... "

ဖျိုင်းဖြူခေါင်းလစ်၏ အသံက အေးစက်မာကျောနေသည်။

"မဖြစ်နိုင်ဘူးလား....အင်း....ခုမှ သိရတယ်၊ ရတနာသိုက်ကို လိုက်ရှာနေတာများလား .... "

ဖျိုင်းဖြူခေါင်းလစ်က စကားမပြန်၊ တစ်စုံတစ်ရာကိုသာ အာရုံ စိုက်နေပြန်သည်။ မကြာမီမှာပင် ဆေးဝံကြီးနှင့် အဘိုးကြီးပြန်လှည့် လာသည်ကို တွေ့ရတော့သည်။ အဘိုးကြီးသည် အနားသို့ ရောက် လာသည်နှင့် ....

"ကျုပ်မေးစရာရှိလို့ပါ....ဒီနေရာကနေ ခုနစ်မြောင့်လမ်းခွဲကို ဘယ်လောက် ဝေးသေးသလဲဗျ .... "

"မသိဘူး ဆရာကြီးရဲ့ .... "

စုလတ် လားမားကြီးက ချက်ချင်းပြန်ဖြေသည်။ အဘိုးကြီးက ခေါင်းရှုပ်သွားဟန်နှင့် ခေါင်းကိုတဗြင်းဗြင်းကုတ်သည်။

"ကျုပ်လမ်းမှားနေပြီနဲ့တူတယ် .... အင်း .... ဟိုဘက်ကို သွားကြည့်ဦးမှ .... "

ဘိုးကြီးသည် ဆန့်ကျင်ဘက်တစ်နေရာသို့ လျှောက်သွား ပြန်သည်။



အဘိုးကြီးဝေးသွားသောအခါမှ ဖျိုင်းဖြူခေါင်းလစ်က သူ၏ ခြေရာများကို လိုက်ကြည့်သည်။ စုလတ်လားမားကြီး ဘာမျှနားမလည် ပါ။ ဖျိုင်းဖြူခေါင်းလစ်က သက်ပြင်းချပြီး လှည့်ပြောသည်။

"ဒီအဘိုးကြီးဟာ ဆေးဆရာမဟုတ်ဘူး .... အကြံသမား ကျုပ်တို့ သူ့ကိုကောင်းကောင်း သတိထားရလိမ့်မယ် .... "

"ဘာဖြစ်လို့လဲ .... "

"ဒီမှာကြည့်ပါလား .... သူ့ခြေရာတွေ"

စုလတ်လားမားကြီးက အဘိုးကြီး၏ ခြေရာများကို လိုက်ကြည့် သည်။ တစ်ပေခန့် ထုထည်ရှိသော နှင်းမှုန်များပေါ်မှ ခြေရာသည် ခပ်ရေးရေးသာ ထင်လျက်ရှိသည်။ ကိုယ်ဖော့ပညာကောင်းခြင်း၏ အမှတ်လက္ခဏာဖြစ်သည်။

"အို ....တော်တော်ကောင်းတဲ့ ကိုယ်ဖော့ပညာရှင်ပါလား"

"ဒါကြောင့် .... ကျုပ် မသင်္ကာတာပေါ့ .... ကိုယ်ဖော့ပညာ ဒီလောက်ကောင်းနေတာဟာ.... သိုင်းပညာကောင်းခြင်းရဲ့ သက်သေ ပြချက်တစ်ခုပဲ .... အဘိုးကြီးက သူ့ကိုယ်သူ အထင်ကြီးထားပုံရ တယ် .... တစ်နေ့နေ့မှာတော့ ထိပ်တိုက်တွေ့ကြမှာပါ .... "

"အရမ်းတော့ ရမ်းမလုပ်ပါနဲ့ ဖျိုင်းဖြူ....ကျုပ်တို့ရဲ့ ရည်ရွယ် ချက်တွေ အနှောင့်အယှက် ဖြစ်နေပါ့မယ် .... "

စုလတ်လားမားကြီး သတ္တိကြောင်နေသည်ကို တွေ့ရသဖြင့် ဖျိုင်းဖြူခေါင်းလစ် ရယ်ချင်သွားသည်။

"ဟဲ .... ဟဲ .... ခင်ဗျားက ကျုပ်ကိုဇွတ်တရွတ်သမားလို့ ထင်နေပုံရတယ်.... ကျုပ်က ကျုပ်ကိုရန်မရှာဘဲ ဘယ်သူ့ကိုမှ ရန်

မလုပ်ပါဘူးဗျ .... စိတ်ချလက်ချ နေစမ်းပါ .... "

အချိန်အတော်ကြာသွားသောအခါ နှစ်ယောက်သား ခရီးဆက်လာခဲ့ပြန်သည်။ နှင်းများကား တဖွဲဖွဲကျနေတုန်းပင်၊ အတော်လျှောက်လှမ်းမိသောအခါ စုလတ်လားမားကြီးကိုယ်တွင် နှင်းများ ဖွေးနေတော့သည်။ ဗျိုင်းဖြူခေါင်းလစ်ကို လှမ်းကြည့်လိုက်သောအခါ၌ကား သူ့ကိုယ်ပေါ်တွင် နှင်းများမရှိဘဲ ဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့ရတော့သည်။ စင်စစ် ဗျိုင်းဖြူခေါင်းလစ်သည် ကိုယ်ပေါ်ကျရောက်လာသော နှင်းပွင့်နှင်းဖက်များကို အတွင်းအားနှင့်မချပြီး သွားနေသောကြောင့် ဖြစ်သည်။

စုလတ်လားမားကြီးသည် ဗျိုင်းဖြူခေါင်းလစ်၏ အတွင်းအားစွမ်းကို တွေ့မြင်နေရသဖြင့် ထိတ်လန့်တုန်လှုပ်သွားတော့သည်။

မိမိသည် ဗျိုင်းဖြူခေါင်းလစ်အား မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်သူ မဟုတ်ချေတကား။

ဤအတိုင်းဆိုလျှင် ရတနာသိုက်ဂူကို ရှာဖွေတွေ့ရှိခဲ့ပါက ဗျိုင်းဖြူခေါင်းလစ်သည် သစ္စာမဖောက်ဟု မပြောနိုင်၊ ပေးထားသောကတိကို ခပ်ပြောင်ပြောင်ပယ်ဖျက်ပြီး သစ္စာဖောက်အနိုင်ကျင့်လာပါက မိမိသည် ခေါင်းငုံ့ခံရရုံသာ ရှိလိမ့်မည်။ ဤသို့သာ ဖြစ်ခဲ့လျှင် စုလတ်လားမားကြီးသည် တွေးရင်း တွေးရင်း ထိတ်လန့်လာတော့သည်။ မိမိသည် ခရီးလမ်းပန်းကျွမ်းကျင်သူ ဖြစ်သော်လည်း ဗျိုင်းဖြူခေါင်းလစ်၏ လက်ထဲမှ လွတ်မြောက်နိုင်မည် မဟုတ်ချေ။

စုလတ်လားမားကြီးသည် အတွေးနှင့် သောကရောက်နေပြန်သည်။ နောက်ဆုံးတွင်မှ ဗျိုင်းဖြူခေါင်းလစ်သည် ရက်စက်ကြမ်း



ကြုတ်သူ မဟုတ်ပါစေနှင့်ဟုသာ ဆုတောင်းနေမိတော့သည်။

သို့နှင့် ခရီးအတော်ပေါက်ကြပြန်သည်။ ရုတ်တရက် ဗျိုင်းဖြူခေါင်းလစ်သည် ခြေလှမ်းကို တုံ့ခနရပ်ပစ်လိုက်၏။ ထို့နောက် နှင်းမြေပေါ်ကို စိုက်ကြည့်လိုက်သည်။ စုလတ်လားမားကြီးသည် ခြေရာကလေးများကို တွေ့ရသဖြင့် အံ့အားသင့်သွားပြန်သည်။

"လူခြေရာတော့ မဟုတ်ဘူး .... "

စုလတ်လားမားကြီးကပြောသည်။

"လား ခြေရာပါ .... ဒါပေမဲ့ လူစီးလာတဲ့ လားခြေရာ ဖြစ်မယ် .... "

"ဒါကိုတော့ .... ကျုပ် မခွဲခြားတတ်ဘူး .... ဒီနေရာက တောင်ဆိတ်တွေနဲ့ဆိတ်နီကြီးတွေ ကျက်စားတဲ့နေရာပဲ .... တခြားတိရစ္ဆာန်တွေလည်း တော်တော် စုံအောင်ရှိတယ် .... "

"ဒီနေရာကတော့ လားခြေရာမှ လားခြေရာအစစ်ပဲ .... လားက တစ်ကောင်တည်း မဟုတ်ဘူး နှစ်ကောင် .... လူနှစ်ယောက်စီးလာတဲ့ လားနှစ်ကောင်ရဲ့ ခြေရာတွေ .... "

စုလတ်လားမားကြီး မခွဲခြမ်း မစိတ်ဖြာတတ်၊ ထို့ကြောင့် နှုတ်ပိတ်နေလိုက်သည်။

"ဒီလူတွေဟာ .... ရတနာသိုက်ကို လာရှာတဲ့ လူတွေများလား၊ သူတို့က ဒီလမ်းကို ဘယ်လိုလုပ် သိနေပါလိမ့် .... "

ဗျိုင်းဖြူခေါင်းလစ်က စူးစမ်းဟန်နှင့် ရေရွတ်သည်။

စုလတ်လားမားကြီးက ခပ်ပေါ့ပေါ့ပြန်ဖြေသည်။

"ဒါ .... ဆန်းတော့ မဆန်းပါဘူး .... ဒီအရှေ့ဘက်လမ်းဟာ

သွားလို့လာလို့ ကောင်းတဲ့လမ်းပဲ .... လေလည်းမထန်ဘူး .... ဖြတ်လမ်းလည်းဖြစ်တယ်.... ဒါပေမဲ့ ဒီတောင်ကြီးဟာ အင်မတန်ကြီးတဲ့ တောင်ကြီး၊ မြေပုံမရှိရင် အလကားပဲ.... နှစ်တစ်ရာပြည့်အောင် ရှာတာတောင် ဘာမှတွေ့မှာ မဟုတ်ဘူး .... "

"ဒါက ခင်ဗျားအထင်ပါ.... ခုလို ရောက်လာတာကို အထင်သေးလို့ မရဘူးဆိုတာကို နားလည်သင့်တယ်.... ဒီ လားခြေရာတွေကို ပဲကြည့် .... ဒီလားတွေကို စီးလာတဲ့ လူတွေဟာ.... သူတို့ခြေရာကို တွေ့သွားမှာစိုးလို့ စီးလာကြတာပဲ .... ပြီးတော့ .... လားခြေရာက ဆိတ်ခြေရာနဲ့ အတူတူလောက်ရှိတာ.... ဒီအချက်ကိုကြည့်ရုံနဲ့ ဒီလူတွေဟာ ဉာဏ်ထက်သူတွေမှန်း သိသာတယ်.... တစ်နေ့မှာ ဒီလူတွေကို ရင်ဆိုင်ရမှာပါ .... "

"အင်း.... ခင်ဗျားယူဆသလို ဖြစ်နိုင်ပါတယ်.... ရတနာသိုက်ဂူအကြောင်း လူပြောများလာကတည်းက ဒီတောင်ကြီးပေါ်ကို လူသူအရောက်အပေါက် များလာတာအမှန်ပဲ .... ဘူတာလှနန်းတော်က သစ်တော တောင်တန်း တာဝန်ခံက ပြောခဲ့ဖူးတယ်.... နှစ်စဉ်နှစ်တိုင်း ဒီတောင်တန်းပေါ်မှာ အလောင်းကောင်တွေ တွေ့ရလေ့ရှိတယ်တဲ့၊ တွေ့ရတာကလည်း ဆယ်လောင်း ဆယ့်ငါးလောင်းလောက် တွေ့ရလေ့ရှိတယ်တဲ့ .... ဒီလူတွေဟာ .... ရတနာသိုက်ကို လာရှာတဲ့ လူတွေချည်းပဲတဲ့.... သေရတာက အစာငတ်ရေငတ်ဖြစ်ပြီး သေရတာချည်းမျိုးပဲတဲ့ .... "

"ဒီကို ရောက်လာတဲ့လူတိုင်းဟာ.... သိုင်းပညာရှင်တွေချည်းပဲ ဖြစ်မှာပါ.... ဒီလိုလူမျိုးတွေဟာ ဘာဖြစ်လို့ အစာငတ်ရေငတ်သေ



ကြရတာလဲ .... "

"ဒါကိုတော့.... ကျုပ်မပြောတတ်ဘူး.... အဲ.... အဲ.... တစ်ခုတော့ရှိတယ်.... မျက်စိလည်း လမ်းမှားပြီး ရိက္ခာပြတ်တာဖြစ်မယ်"

"မျက်စိလည် လမ်းမှားတာ ဖြစ်နိုင်ပါ့မလား .... ကျုပ်ကို ရှင်းအောင် ပြောစမ်းပါ .... "

"ဒီလို.... ဒီလို.... ဒီတောင်ကြီးက နေ့ရောညပါ ဆီးနှင်းတွေ ဖုံးနေတဲ့တောင် .... ဆီးနှင်းတွေ ကျနေတဲ့အခါ တိမ်နဲ့တောင်ကို ခွဲလို့ရတာ မဟုတ်ဘူး.... ဒီတော့ ဒီပေါ်ရောက်နေတဲ့ လူတွေဟာ လမ်းစရှာမရဘဲ ဟိုသွားဒီသွားနဲ့ ငရဲလှိုဏ်ကြားထဲ ရောက်သွားတာ ဖြစ်မယ် .... "

"ငရဲလှိုဏ်ကြား ဟုတ်လား .... "

"ဟုတ်တယ်.... ငရဲလှိုဏ်ကြား.... အဲဒီလှိုဏ်ကြားထဲ ရောက်သွားရင် ဘယ်သူမဆို သေမှာချည်းပဲ .... အဲဒီနေရာဟာ လူမပြောနဲ့ တိရစ္ဆာန်တောင် မကပ်ရဲ မခိုရဲတဲ့ နေရာပဲ .... "

"ဘာဖြစ်လို့လဲ .... "

"ထွက်ပေါက် မရှိလို့ပေါ့.... ဒီလှိုဏ်ကြီးက ချောက်ကမ်းပါးတွေ ဝိုင်းနေတဲ့နေရာ.... ရေတွေကလည်း အဆိပ်ရည်ချည်းပဲ .... ဆီးနှင်းတွေတောင် အဆိပ်ရှိတဲ့ ဆီးနှင်းတွေ.... ဒါကြောင့်မို့ လှိုဏ်ထဲ ဝင်မိသူတိုင်း သေရတာပေါ့ .... "

"တော်တော်ကြောက်စရာကောင်းတဲ့နေရာပဲ.... ကျုပ်တစ်သက်မှာ ဒီလိုနေရာမျိုး ဒီတစ်ခါပဲကြားဖူးတယ် .... "

ဗျိုင်းဖြူခေါင်းလစ်က သက်ပြင်းချပြီးပြောသည်။ စုလတ်လား

မားကြီးက အဝေးကိုကြည့်ပြီး ငေးနေသည်။

"ကဲ .... အချိန်ရှိတုန်း ခရီးဆက်ကြဦးစို့ .... "

ဖျိုင်းဖြူခေါင်းလစ်က ခုပ်သုတ်သုတ် လျှောက်သွားပြန်၏။ စုလတ်လားမားကြီးလည်း ခပ်သုတ်သုတ် လိုက်သွားတော့၏။

မကြာမီ မြေညီကွင်းကြီးတစ်ခုသို့ ရောက်ရှိခဲ့တော့သည်။ ပတ်ဝန်းကျင်ကား ဆီးနှင်းများ ဖွေးနေဆဲရှိသည်။

မြေညီကွင်းဆေါ်၌ ပေါက်နေသော သစ်ပင်များသည် ရောင်မျိုးစုံသော ပန်းကလေးများ ဖူးပွင့်နေကြသည်။ မြက်ပင်များသည် အစိမ်းရောင် ကမ္ဗလာကြီးဖြင့် ဖြန့်ခင်းထားသလားအောက်မေ့ရသည်။

ဤနေရာသည် လမ်းတလျှောက်တွေ့ခဲ့ရသော နေရာများတွင် အသာယာဆုံးသောနေရာ ဖြစ်သည်။

"ဒီနေရာဟာ တော်တော်သာယာတဲ့ နေရာပဲ .... ရေရှည်နေသွားရင် အသက်တောင်ပိုရှည်မယ်ထင်တယ် .... "

ဖျိုင်းဖြူခေါင်းလစ် ကြည်နူးပီတိဖြစ်နေစဉ် စုလတ်လားမားကြီးက အထိတ်တလန့်နှင့် လှမ်းပြောသည်။

"ဖျိုင်းဖြူ ရာသီဥတုအခြေအနေက မကြာခင် လေပြင်းမုန်တိုင်းကျတော့မယ့်ပုံပဲ .... သစ်ပင်တွေမှာ ကပ်နေတဲ့ ဆီနှင်းတွေတောင် တဖွဲဖွဲကြွေကျနေပြီ .... တိုက်နေတဲ့လေက မုန်တိုင်းကျမယ့်လေမျိုး၊ ကြာရင် ဒီထက်ပိုပြီး အားကောင်းလာလိမ့်မယ် .... "

"ဒီလိုဆို တစ်နေရာရာမှာ ခိုမှဖြစ်မယ် .... "

"ဟုတ်တယ် .... ဒီနေရာမှပဲ ခိုနေကြမယ် .... မုန်တိုင်းငြိမ်မှ ခရီးဆက်ကြတာပေါ့ .... "



ထိုစဉ် ဖျိုင်းဖြူခေါင်းလစ်က ချောက်ကမ်းပါးကြီးတစ်ခုအနီးသို့ ပြေးကပ်သွားပြီး ကျောက်စွန်းများကိုတွယ်၍ ဆင်းလိုက်သည်။ စုလတ်လားမားကြီးလည်း ဖျိုင်းဖြူနည်းတူ လိုက်ဆင်းသည်။ ချောက်ကမ်းပါးသည် သိပ်နက်ခြင်းမရှိသဖြင့် မကြာခင် အောက်သို့ရောက်သွားသည်။

ချောက်ထဲတွင် ထင်းရှူးပင်များ ပေါက်ရောက်နေကြ၏။ အားနှစ်ဖက်သည် တောင်နံရံများဖြစ်နေသဖြင့် ခိုကပ်၍ လုံခြုံသောနေရာဖြစ်သည်။

"ခိုစရာကောင်းကောင်း ရှာကြရအောင်လား .... "

စုလတ်လားမားကြီးက လှမ်းပြောသည်။ ဖျိုင်းဖြူခေါင်းလစ်က ဟိုဟိုသည်သည် လိုက်ကြည့်သည်။ ထိုစဉ် စုလတ်လားမားကြီးက တစ်နေရာကို ထသွားသည်။ လှိုဏ်ကြီးတစ်ခုကို ထပ်တွေ့ရသည်။

"ဒီဘက်ကို လာဖျို့ .... "

စုလတ်လားမားကြီးက ပြောပြောဆိုဆို လှိုဏ်ကြီးထဲ ဆင်းသွားသည်။ လှိုဏ်ကြီးသည် တောင်နံရံကြီးတစ်ခုအတွင်းသို့ ကွေ့ဝင်သွားသည်။ ထိုအခါ ချောက်ကမ်းပါးကြီးတစ်ခုကို ထပ်တွေ့ရသည်။ ပေပေါင်း သောင်းကျော်နက်မည့် ချောက်ကြီးပင်။

ထိုစဉ် လေပြင်းမုန်တိုင်းကြီးကျလာသဖြင့် တဝေါဝေါတဝုန်းဝုန်းအသံများ၊ တဟူးဟူး တဟဲဟဲအသံများ မြည်ဟည်းလာသည်။

ဖျိုင်းဖြူခေါင်းလစ်သည် စုလတ်လားမားကြီးကိုကြည့်ပြီး ....

"ဒီလားမားကြီးက ဒီနေရာကို ဘာဖြစ်လို့ခေါ်လာပါလိမ့်"

ဟုပင် တွေးလိုက်မိသည်။

စုလတ်လားမားကြီးသည် ရှေ့မှဦးဆောင်သွားနေပြန်သည်။ မကြာမီ တောင်နံရံချပ်ကြီး တစ်ခုအတွင်းသို့ပြေးဝင်ပြီး ပျောက်ကွယ်သွားသည်။

ဗျိုင်းဖြူခေါင်းလစ်သည် ထိတ်ခနဲဖြစ်သွားရာမှ လှစ်ခနဲပြေးလိုက်သည်။ ထိုအခါ ကျောက်ချပ်ကြီးအတွင်းရှိ ဂူကြီးတစ်ခုကို တွေ့ရတော့သည်။

ဂူသည် အလင်းရောင်ကင်းမဲ့ပြီး မည်းမှောင်နေလေသည်။ လေပြင်း မုန်တိုင်း ဒဏ်ကိုကား ကောင်းကောင်းခံနိုင်သော ဂူကြီးပင်။ ထိုအခါကျမှ ဗျိုင်းဖြူခေါင်းလစ် သက်ပြင်းချနိုင်တော့သည်။

စုလတ်လားမားကြီးက အသင့်ပါလာသော မီးခြစ်ကိုခြစ်ပြီး မီးတုတ်တွင် ထွန်းညှိလိုက်သည်။ ဂူကြီးသည် တစ်ခဏအတွင်း လင်းထိန်သွားသည်။

ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ လူတစ်ယောက်ကို တွေ့ရတော့သည်။ စုလတ်လားမားကြီး အံ့အားသင့်နေစဉ်ပင် ထိုလူက လှမ်းပြောသည်။

"ဟား .... ဟား .... ရေစက်မကုန်လို့ ပြန်ဆုံတယ်ဆိုတာ ဒါမျိုးပေါ့ .... ဟား .... ဟား"

ထိုလူသည် အခြားသူမဟုတ်၊ ဆေးတံကြီးနှင့် အဘိုးကြီးပင် ဖြစ်တော့သည်။

သူ့ဘေးတွင် ကြိမ်ခြင်းကြီးကိုချထားပြီး သံတုတ်ကြီးကိုမှု ကျောက်နံရံတွင် ကပ်ထောင်ထားသည်။ သူ့ရှေ့တွင် ဗူးသီးခြောက်ကြီး တစ်ခု ချထားလျက်ရှိသည်။



ဗူးသီးခြောက်ထဲမှ အရက်နံ့သည် တလှိုင်လှိုင်ထွက်နေ၏။

အဘိုးကြီးက ဘာစကားမှမပြောတော့ဘဲ အထုပ်တစ်ထုပ်ကို ဖြေနေသည်။ မုန့်ချပ်များနှင့် ဆိတ်သားခြောက်များ ဖြစ်သည်။

စုလတ်လားမားကြီးသည် အဘိုးကြီးကို စူးစမ်းသလိုကြည့်နေရာမှ လှမ်းမေးသည်။

"ခင်ဗျားက ဒီနေရာကို ဘယ်လိုလုပ်သိနေတာလဲ .... "

"ဟဲ.... ဟဲ.... ကျုပ်က ချောင်ကြိချောင်ကြားဆို အကုန်ရောက်တဲ့ လူပဲ‌လေ .... ဆေးမြစ်ရှာရင်း သိခဲ့တာပေါ့ဗျ .... ဟဲ .... ဟဲ"

ဗျိုင်းဖြူခေါင်းလစ်က ဖြတ်မေးပြန်သည်။

"ဒါနဲ့ .... မိတ်ဆွေက ဘယ်သူများလဲ .... နာမည်လေး တဆိတ်လောက် သိပါရစေလား .... "

"ဟဲ .... ဟဲ .... ကျုပ်ကို လူတွေက လူမသိလို့ခေါ်တယ်ဗျ၊ ကိုယ့်နာမည်တော့ ကိုယ်မေ့နေတာ အမှန်ပဲ .... "

အဘိုးကြီးက ဒါပဲပြောပြီး ဆေးတံကိုမီးညှိကာ တမက်မော မော ရှိုက်နေပြန်သည်။

ဗျိုင်းဖြူခေါင်းလစ်ကား အဘိုးကြီး၏ အဖြေကိုသဘောမကျသဖြင့် မျက်ခြည်မပြတ် အကဲခတ်နေပြန်သည်။

စုလတ်လားမားကြီးသည် အဘိုးကြီးကို သတိထားနေရင်း ရေဘူးထဲမှ ရေကိုအားရပါးရ သောက်လိုက်ပြန်၏။ ယခုမှ အလွန်ဆာလောင်နေကြောင်း သတိပြုမိတော့သည်။ ထိုစဉ် အဘိုးကြီးက ဆိတ်သားခြောက်ကြော်များကို ကောက်ယူလိုက်ပြီး လှမ်းပစ်လေတော့၏။

"ဖမ်းစမ်း .... ဒါ ဆိတ်သားခြောက်ကြော်ပဲ .... "

ဝိုးခနဲမြှောက်ပြီးလွှင့်လာသော ဆိတ်သားခြောက်ကြော်ကို စုလတ်လားမားကြီး ခပ်သွက်သွက်ပင် ဖမ်းယူလိုက်မိသည်။ ထို့နောက် အဘိုးကြီးက ကြက်ဥတစ်လုံးကို ဝိုးခနဲပစ်လွှတ်လိုက်ပြန်သည်။ ဖျိုင်းဖြူခေါင်းလစ်သည် ရိပ်ခနဲ ဝင်လာသော ကြက်ဥကို ဖျတ်ခနဲ ဖမ်းယူလိုက်ပြန်သည်။

အဘိုးကြီးသည် သူ၏မှန်းချက် မကိုက်ဘဲဖြစ်သွားသဖြင့် မျက်နှာပျက်သွားသည်။ စုလတ်လားမားကြီးသည် ဆာဆာရှိသည်နှင့် ဆိတ်သားခြောက်ကို အားရပါးရ ဝါးစားနေတော့သည်။ ထို့နောက် ဗူးသီးခြောက်ကြီးကို လှမ်းကြည့်ပြီး အဘိုးကြီးကို လှမ်းမေးသည်။

"ဗူးသီးခြောက်ထဲကဟာတွေက ဘာတွေလဲဗျ .... "

"အရက်ပါ .... သိပ်ကောင်းတဲ့အရက်"

အဘိုးကြီးသည် ပြောပြောဆိုဆို ဖန်ခွက်တစ်ခွက်ကို ထုတ်ယူလိုက်ပြီး ဗူးသီးခြောက်ကြီးကို ညွှတ်ပစ်လိုက်သည်။ အရက်သည် ဗူးသီးခြောက်ထဲမှ ရေပန်းလို ပန်းထွက်လာပြီး ဖန်ခွက်ထဲကျရောက်သွားသည်။ ထို့နောက် စုလတ်လားမားကြီးကို ပစ်ပေးလိုက်သည်။

စုလတ်လားမားကြီးသည် အရက်ကို မဖိတ်အောင် ဖမ်းလိုက်ပြီး အားရပါးရ မော့သောက်လိုက်သည်။ လားမားကြီးသည် ငယ်ငယ်ကတည်းက အရက်ကို စွဲခဲ့သူဖြစ်သဖြင့် လုံးဝမငြင်းခဲ့ပေ။

အရက်သည် ပြင်းလည်းပြင်း၊ မွှေးလည်းမွှေး၊ ချိုလည်းချိုသည်။ အတော်ကောင်းသော အရက်ပင်။

"နောက်တစ်ခွက် ပေးပါဦး"



အဘိုးကြီးက ရက်ရောစွာ ထပ်ထည့်ပေးသည်။

"သောက်ပါ .... သောက်ပါ .... ဘာမှ အားမနာနဲ့ .... အရက်က အရက်ကောင်း .... မော်ထိုင်အရက်ဆိုတာ ဒီအရက်ပဲ .... "

"ကျေးဇူးတင်ပါတယ် .... ဟဲ .... ဟဲ"

စုလတ်လားမားကြီးသည် အရက်ခွက်ကိုင်ပြီး တမြှုံမြှုံ့သောက်နေပြန်သည်။

ဖျိုင်းဖြူခေါင်းလစ်ကား ဝှုန်ရံကိုမှီပြီး မှေးနေသည်။

အဘိုးကြီးက လှမ်းကြည့်ပြီး လောကဝတ်ပြုသည်။

"ဗျို့ဆရာကြီး .... အရက်လေး သောက်ကြည့်ပါဦးဗျ .... အရက်က ရှားသလောက် ကောင်းတဲ့ အရက်ပါ ....ဆိတ်သားခြောက်ကြော်ကလည်း အရသာရှိလိုက်တာ မပြောပါနဲ့တော့ .... ဟဲ .... ဟဲ"

အဘိုးကြီးက ထပ်တလဲလဲ လှမ်း၍ ပြောနေသော်လည်း ဖျိုင်းဖြူခေါင်းလစ်သည် လှုပ်ပင် မလှုပ်ချေ။

စုလတ်လားမားကြီးက ထန်းလျက်အိုးတွေ့သော ပုရွက်ဆိတ်ကဲ့သို့ အရက်ကိုသာ မဲပြီး သော်က်နေသည်။

"ကောင်းလိုက်တဲ့အရက် .... ဒီလို အရက်မျိုး ဒီတစ်ခါပဲ သောက်ဖူးတယ် .... မိတ်ဆွေကြီးနဲ့ပြန်တွေ့တာဟာ .... ကျုပ်ကံကောင်းတာပဲ .... ဟဲ .... ဟဲ"

လားမားကြီးက အာလေးလျှာလေးသံကြီးနှင့်ပြောသည်။

အဘိုးကြီးက ဗူးသီးခြောက်ကို လှုပ်ခါလိုက်ရင်း ....

"မိတ်ဆွေကြီးက တကယ့်အရက်အိုးကြီးပဲ .... ဒီအရက်ဟာ

တော်တော်ပြင်းတဲ့အရက် .... ကျူပ်တောင် တစ်ဖန်ခွက်ပဲ သောက်နိုင် တယ် .... ခင်ဗျားကတော့ ကြောက်စရာကောင်းအောင်သောက်နိုင် တယ် .... ... ရှိသေးတယ် .... ထပ်သောက်ဦး .... "

အဘိုးကြီးသည် ထပ်ထည့်ပေးပြန်သည်။ စုလတ်လားမားကြီ မငြင်း၊ ထပ်သောက်သည်။

အဘိုးကြီး သဘောကျသွားသည်။ အရက်သည် နဂိုကတည် က အရက်ပြင်းဖြစ်သည်။ သည်ကြားထဲက မေ့ဆေးတစ်မျိုး ထည့်ထားသဖြင့် ပိုဆိုးသည်။

စုလတ်လားမားကြီးက ဤအချက်ကို မသိ၊ မစူးစမ်း မဆ ခြင်ဘဲ သောက်သည်။ မကြာမီ သတိလစ်ပြီး အိပ်ပျော်သွားတော့ သည်။

အဘိုးကြီးက ဖန်ခွက်တစ်ခွက်ကို ထုတ်ယူလိုက်ပြန်ပြီ။ အရ ထည့်ကာ ဗျိုင်းဖြူခေါင်းလစ်ကို လှမ်းပေးပြန်သည်။

"ဗျို့ ဒီမိတ်ဆွေကြီး နည်းနည်းလောက် သောက်ကြည့်စမ်းပါ ဒီအရက်က သိပ်ကောင်းတဲ့အရက်ပါ .... နာမည်က မော်ထိုင်"

ဗျိုင်းဖြူခေါင်းလစ်သည် မေးနေရာမှ မျက်လုံးဖွင့်လာသည် ဘာမျှတော့ မပြော။ အဘိုးကြီးသည် တဟဲဟဲရယ်ပြီး ထိုင်ရာ ထလာသည်။ လက်တစ်ဖက်ကို ဆန့်တန်းပြီး လက်ချောင်းကလေးမျာ ကို ကွေးကာ ရှေ့တိုးလာသည်။

ဗျိုင်းဖြူသည် အေးစိမ့်သော လေလှိုင်းရိုက်ခတ်မှုကို ခံစားလို ရသဖြင့် မေးနေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ ထိုအခါ အဘိုးကြီး နောက်ပြန်ဆုတ်သွားသည်။



"မိတ်ဆွေက အရက်မကြိုက်ဘူးကိုး .... နေပါ .... နေပါ .... အေးအေးဆေးဆေးနေပါ .... "

အဘိုးကြီးသည် ဗျိုင်းဖြူခေါင်းလစ်၏ သိုင်းအားကို ခန့်မှန်း နိုင်လိုက်သဖြင့် ချွေးသိပ်စကား ပြောလာသည်။

နံရံတွင် ချိတ်ထားသော မီးတုတ်သည် တဖြည်းဖြည်းအားနည်း လာပေပြီ။ လေတစ်ချက်အတိုက်တွင် ဟုတ်ခနဲ ငြိမ်းသွားသည်။

ဂူကြီးသည် တမုဟုတ်ချင်း မည်းမှောင်သွားတော့သည်။

ဗျိုင်းဖြူခေါင်းလစ်သည် ဂူကြမ်းပြင်တွင် ပြန်ထိုင်ရင်း အတွင်း အား ကျင့်စဉ်ကို ကျင့်နေပြန်သည်။

စုလတ်လားမားကြီးကား အရက်မူးမူး မူးမေ့အိပ်ပျော်နေချေပြီ။ အပြင်ဘက်တွင်ကား မုန်တိုင်းကျနေဆဲ ဖြစ်သည်။ တစ်ခါတစ်ခါ ပြင်းထန်သော လေတိုက်ရှိန်ကြောင့် ဂူကြီးပင် သိမ့်သိမ့်ခါသွားသည်။

ဗျိုင်းဖြူခေါင်းလစ်သည် မျက်လုံးဖွင့်ကြည့်လိုက်ပြန်၏။ တစ်ဂူလုံး မည်းမှောင်နေသဖြင့် ကိုယ့်လက်ကိုပင် ကိုယ်မမြင်ရချေ။ ထို့ကြောင့် မျက်လုံးကို ကျင့်သားရအောင် လုပ်နေရပြန်သည်။

ထိုစဉ် မလှမ်းမကမ်းဆီမှ တစ်စုံတစ်ရာ လှုပ်ရှားမှုကို သိရှိ လိုက်သဖြင့် သတိထားနေလိုက်မိသည်။

ရုတ်တရက် အလင်းတန်းတစ်ခု ဝင်းခနဲ ဖြစ်သွားသဖြင့် ဖျတ်ခနဲ ခုန်ရှောင်လိုက်ရသည်။

မကြာ။ ဝုန်းဟူသော ပေါက်ကွဲသံကြီး ပေါ်ထွက်လာပြီး မီးတောက်မီးလျှံများ ဖြာထွက်လာသည်။

တစ်စုံတစ်ယောက်သည် ယမ်းမှုန့်လက်နက်နှင့် လုပ်ကြံချေပြီ၊

လုပ်ကြံသူသည် အခြားသူမဟုတ်၊ ဆေးတံနှင့် အဘိုးကြီးပင် ဖြစ်တော့သည်။

အဘိုးကြီးသည် သူ၏တိုက်ကွက် လွဲချော်သွားသဖြင့် အံ့ဩတုန်လှုပ်သွားသည်။ သို့သော် ယမ်းမှုန့်လက်နက်တစ်လုံးကို ထုတ်ယူလိုက်ပြန်ပြီး ထပ်ပေါက်လိုက်ပြန်သည်။ ဗုန်းခနဲ အသံနှင့် ဝင်းခနဲဖြစ်သွားချိန်တွင် ဖျိုင်းဖြူခေါင်းလစ်ကို ခုန်အုပ်တိုက်ခိုက်တော့သည်။

သို့သော် ဖျိုင်းဖြူခေါင်းလစ်က လှစ်ခနဲ ရှောင်တိမ်းသွားသဖြင့် သူ၏ တိုက်ခိုက်မှု လွဲချော်သွားပြန်သည်။ ဤတွင် အဘိုးကြီးပို၍ တုန်လှုပ်လာတော့သည်။ ထို့ကြောင့် ဂူကြီးအတွင်းပိုင်း နံရံတစ်ခုတွင် ခိုကပ်နေလိုက်တော့သည်။ အတန်ကြာမှ ....

"ဗျို့ .... မိတ်ဆွေ ကျုပ်လူမှားပြီး တိုက်ခိုက်မိတာပါ .... မှောင်ကြီးမည်းကြီးထဲမှာ အပြင်က ရန်သူဝင်လာတယ်ထင်လို့ပါ"

အဘိုးကြီးသည် ဖျိုင်းဖြူကို လှမ်းတောင်းပန်နေပြန်သည်။

ဖျိုင်းဖြူခေါင်းလစ်ကား အဘိုးကြီး၏ လှုပ်ရှားမှုကိုသာ မျက်ခြည်မပြတ် အာရုံစိုက်နေတော့သည်။ ထို့နောက် အလွန်သေးငယ်သော လက်နက်တစ်ခုကို အဘိုးကြီးထံ ပစ်လွှတ်လိုက်တော့သည်။

အဘိုးကြီးသည် လက်နက်တစ်ခုပြေးလာသည်ကို သိလိုက်သဖြင့် လှစ်ခနဲ ရှောင်ပေးလိုက်မိသည်။ စိတ်ထဲ၌ကား မိမိထက် သိုင်းပညာကောင်းသူကို ရန်စမိခြင်းအတွက် တုန်လှုပ်ချောက်ချားနေသည်။

ထိုစဉ် ဖျိုင်းဖြူက အဘိုးကြီးရှိရာကို မှန်းဆပြီး လွှားခနဲ ခုန်အုပ်ပြီး လက်ချောင်းငယ်တိုက်ကွက်နှင့် တိုက်ခိုက်လိုက်သည်။



အဘိုးကြီးကလည်း မခေပါ၊ ဖျိုင်းဖြူခေါင်းလစ်၏တိုက်ခိုက်မှုကို ဖျတ်ခနဲ ရှောင်တိမ်းလိုက်ပြီး ကျောက်ဂူကြီးအတွင်းရှိ ကျောက်စွန်းနံရံကြီးတစ်ခုပေါ် ခိုတွယ်လိုက်တော့သည်။

ဖျိုင်းဖြူခေါင်းလစ်သည် အဘိုးကြီး နံရံကျောက်စွန်းပေါ် ရောက်နေသည်ကို လုံးဝမသိချေ။ အမှောင်ထုသည် မြင်ကွင်းကို ကာဆီးထားသဖြင့် နားကိုသာ အာရုံပြုနေသည်။

"အဘိုးကြီး ခင်ဗျားပြေးလို့လွတ်မယ် ထင်နေသလား .... ဗုန်းစမ်း ခင်ဗျား ဘယ်လောက်ကြာအောင် ပုန်းနေနိုင်မလဲ၊ မကြာခင် ကျုပ်အကြောင်း သိရမယ် .... ကျုပ်နာမည် ဖျိုင်းဖြူခေါင်းလစ် ...."

ဖျိုင်းဖြူခေါင်းလစ်၏ အသံသည် ဂူကြီးတစ်ခုလုံး ပဲ့တင်ထပ်သွားသည်။ အဘိုးကြီးသည် ဖျိုင်းဖြူခေါင်းလစ်ဟူသော နာမည်ကို ကြားလိုက်ရသည်နှင့် ထိတ်လန့်တုန်လှုပ်သွားသည်။

ဖျိုင်းဖြူခေါင်းလစ်ဆိုသည်ကို ကောင်းကောင်းကြားသိဖူးသဖြင့် အသံပင် မထွက်ရဲတော့ချေ။

ဖျိုင်းဖြူခေါင်းလစ်သည် သိုင်းလောက၌ သိုင်းဘုရားဟု နာမည်ကြီးနေသူပင်။ ထို့ကြောင့် တစ်နေ့နေ့တွင် တွေ့ဆုံတိုက်ခိုက်မည်ဟု စိတ်ကူးယဉ်ခဲ့သည်။ ယခုမူ ဖျိုင်းဖြူခေါင်းလစ်ဟု သိလိုက်သည်နှင့် လှုပ်ပင်မလှုပ်ရဲတော့ချေ။

စင်စစ်အဘိုးကြီးသည် နိုင်သူကို ဖိထောင်းတတ်သူ ဖြစ်သော်လည်း ရှုံးခြေပေါ်သော် ခေါင်းငုံ့ပြီး တောင်းပန်တတ်သူဖြစ်သည်။ ထို့ကြောင့် တိုက်ခိုက်ရန်ထက် တောင်းပန်ရှောင်လွှဲရန်သာ စိတ်ကူးနေတော့သည်။ အသံကား မထွက်ရဲသေးချေ။

ဂူကြီးသည် မှောင်ကြီးမည်းကြီး ဖြစ်နေတုန်းပင်။

"ဟော့ .... အဘိုးကြီး ခင်ဗျားခုလို ပုန်းနေလို့ လွတ်မယ်ထင်နေသလား .... "

ဖျိုင်းဖြူခေါင်းလစ်၏ အသံသည် မိုးခြိမ်းသံကို မြည်ဟိန်းလာပြန်သည်။ အဘိုးကြီးကား အသံမထွက်။

ဖျိုင်းဖြူခေါင်းလစ်သည် ဒေါသပိုထွက်လာသဖြင့် စိတ်မှန်းနှင့် စိတ်ထင်ရာ လျှောက်ရိုက်တော့သည်။ နံရံကြီးသည် တဝုန်းဝုန်း မြည်ဟည်းသွားပြီး ကျောက်စကျောက်မှုန်များပင် လွင့်စဉ်သွားတော့သည်။ ထို့နောက် ဂူကြီးတစ်ခုလုံး ပြန်ပြီး ငြိမ်သက်သွားပြန်သည်။

မကြာမီ အဘိုးကြီးအသံထွက်လာတော့သည်။

"မိတ်ဆွေအဖွဲ့ချုပ်ကြီး ကျုပ်တွက်ကိန်းလွဲသွားတာကို ခွင့်လွှတ်ပါ .... ကျုပ်တို့ဟာ ဘယ်သူမှ အရှုံးအနိုင်မရှိကြသေးပါဘူး၊ ဒီတော့ .... အေးအေးဆေးဆေး အပေးအယူလုပ်ကြရအောင်လား"

အဘိုးကြီး၏ အသံသည် ဝေးလိုက်နီးလိုက် ဖြစ်နေသဖြင့် ဘယ်နေရာက လှမ်းပြောနေမှန်း မသိရချေ။

ဖျိုင်းဖြူခေါင်းလစ်သည် ထွက်နေသော ဒေါသကို ပြန်၍ထိန်းပြီး ....

"ခင်ဗျား ဘာပြောချင်သလဲ .... ပြောစမ်း .... "

"ဟဲ .... ဟဲ .... အဖွဲ့ချုပ်ကြီးက အင်အားတောင့်တင်းတဲ့ အဖွဲ့ချုပ်ကြီးပါ .... လုပ်ငန်းကိုင်ငန်းလည်း အင်မတန်ကောင်းနေတဲ့ လူပါ .... ဒီတော့ .... စားကြွင်း စားကျန်လေး ခွဲဝေပေးစေချင်ပါတယ်၊ .... ဟဲ"



"ခင်ဗျား ဘာကိုဆိုလိုနေတာလဲ .... ယောက်ျားပီပီ ရှင်းအောင်ပြောပါ .... "

"ခင်ဗျား နားလည်ပြီးသားပါ .... အထူးရှင်းနေဖို့ လိုသေးလို့လား .... "

"ခင်ဗျား ဘာစကားတွေပြောနေတာလဲ .... ခင်ဗျားက ဘယ်လိုအစွမ်းအစရှိလို့ စားကြွင်းစားကျန်စားချင်နေတာလဲ .... "

"ဟဲ .... ဟဲ .... ဒီလိုပါ .... ဒီလိုပါ .... ခု ခင်ဗျားတို့ ရောက်လာတဲ့ကိစ္စဟာ လူသိများတဲ့ကိစ္စပါ .... မိတ်ဆွေကြီး သိုင်းပညာဘယ်လောက်ကောင်းကောင်း အဖွဲ့ပေါင်းစုံလူပေါင်းစုံနဲ့တွေ့ရင် .... ထင်ထားသလို လွယ်မှာမဟုတ်ပါဘူး .... အဲဒီအခါကျရင် ဘယ်လိုဖြေရှင်းမယ်ဆိုတာ .... စဉ်းစားထားရဲ့လား .... "

"ဆက်ပြောစမ်းပါ .... "

"ဟဲ .... ဟဲ .... ရှင်းရှင်းပဲပြောရရင် .... ကျုပ်ရဲ့ သိုင်းပညာဟာ ခင်ဗျားရဲ့ သိုင်းပညာကို လိုက်မမီပါဘူး .... ဒါပေမယ့် ခင်ဗျားရဲ့ လိုအပ်ချက်ကိုတော့ ကောင်းကောင်းကြီးအကူအညီ ပေးနိုင်ပါတယ်၊ ကျုပ်ဟာ .... ဉာဏ်နီဉာဏ်နက်သုံးတဲ့နေရာမှာ အင်မတန်တော်တဲ့လူပါ .... ဒီတော့ လမ်းတလျှောက် တွေ့ရတဲ့အုပ်စုအဖွဲ့တွေကို သွေးကွဲအောင် သူတို့အချင်းချင်း ပြန်ချကြအောင် ဆောင်ရွက်ပေးမယ်၊ ပြီးမှ ကြားကနေဝင်ပြီး အပြတ်ရှင်းမယ် .... အဲဒီအခါကျရင် လိုရာကို အေးအေးဆေးဆေး သွားနိုင်လိမ့်မယ် .... ဒီလိုမှ မဟုတ်ရင် ကျုပ်တို့လိုရာကို ချောချောမောမောရောက်မှာ မဟုတ်ဘူး .... "

ဖျိုင်းဖြူခေါင်းလစ် တွေသွားသည်။

အတန်ကြာအောင် စဉ်းစားပြီးမှ ....

"ခင်ဗျားပြောတာ မှန်ပါတယ်....ဒါပေမယ့် ဗျိုင်းဖြူခေါင်းလစ် ကို ရင်ဆိုင်ရဲတဲ့လူ ရှိသေးလို့လား .... "

"ဟား....ဟား....ခင်ဗျားက ကိုယ့်ကိုယ်ကို သိပ်အထင်ကြီး နေတာကိုး၊ သိုင်းလောကဆိုတာ အင်မတန် ကျယ်ဝန်းတာဗျ.... ခုကိစ္စမှ အင်မတန်ပြောင်ပြောက်တဲ့ သိုင်းပညာရှင်တွေ ပါလာလိမ့်မယ် ဆိုတာ ခင်ဗျား တွေးမိဖို့ ကောင်းတယ်....ကျုပ်သိသမျှ ပြောရရင် ခုကိစ္စမှာ ခင်ဗျားခေါင်းကြီးရမယ့်လူ ပါလိမ့်မယ် .... "

"ဘယ်သူလဲ .... "

"ပူတာလနန်းတော်က ကျခက်ဟာန်ဘ .... "

"ဟား .... ဟား .... ကျုပ်က အဲဒီလူတွေကို ဂရုစိုက်တဲ့လူ မဟုတ်ဘူး....သူ့ပညာနဲ့သူ သူဦးရင် သူယူ....ကျုပ်ဦးရင် ကျုပ် ယူပဲ .... ခင်ဗျား အချောင်နိုက်ဖို့ ကြိုးစားမနေနဲ့ .... "

"ဟား....ဟား....ခင်ဗျားက ကျုပ်စေတနာကို နားမလည်ဘဲ ကိုး....နောင်တဆိုတာ နောင်မှရတတ်တာမျိုးပဲ....ဟား....ဟား"

"ကျုပ်အဘိဓမ္မာမှာ နောင်တဆိုတာ မရှိဘူး....ကျုပ် သတ်ချင် တဲ့လူဆို အချိန်မရွေးသတ်လို့ရတယ်....ဒါကို ခင်ဗျားမသိဘူးလား"

"ဟဲ....ဟဲ....မိတ်ဆွေကြီးက ဘယ်သူ့ကို သတ်ချင်နေရပြန် တာလဲ ...: "

"ခင်ဗျားကိုပဲ .... "

ဗျိုင်းဖြူခေါင်းလစ်သည် စကားဆုံးသည်နှင့် ကျောက်နံရံကြီး ပေါ် ခုန်ပျံလိုက်တော့သည်။



ပုန်းနေသော အဘိုးကြီးသည် အနီးကပ်လေလှိုင်း ရိုက်ခတ် မှုကို ခံစားလိုက်ရသဖြင့် ထိတ်လန့်ချောက်ချားသွားသည်။ ထို့ကြောင့် ဂူအောက်သို့ ခုန်ချလိုက်သည်။ သို့သော် ဗျိုင်းဖြူ၏ လက်ဝါးက ကျောကုန်းပေါ် ကျရောက်လာသဖြင့် ဖြန်းခနဲ အသံကြီးမြည်ထွက် သွားပြီး လွင့်စဉ်သွားသည်။ ဂူကြမ်းပြင်ခြေချမိသောအခါ ယိမ်းယိုင် တုန်ခါပြီး သွေးများ အန်ထွက်လာသည်။ သို့သော် အားတင်းပြီး ဂူထောင့်နံရံဆီ ပြေးကပ်လိုက်သည်။ အချိန်မီကလေးဖြစ်သည်။

ဗျိုင်းဖြူ၏ ဒုတိယရိုက်ချက်သည် ဒိုးခနဲမြည်ပြီး ရပ်နေရာမှ ဖြတ်ကျော်သွားသည်။

အဘိုးအိုကြီးသည် သွေးများ အန်နေရာမှ ဇလတ်လားမားကြီး အနီးတွင် ရပ်နေမိသဖြင့် အကြံရလာကာ ဇလတ်လားမားကြီး၏ လည်ပင်းကို ညှစ်ကိုင်လိုက်တော့သည်။ ထို့နောက် ဗျိုင်းဖြူကို လှမ်းအော်သည်။

"ဗျိုင်းဖြူ ငြိမ်ငြိမ်နေစမ်း .... "

မမျှော်လင့်သော အသံကြောင့် ဗျိုင်းဖြူကြောင်သွား၏။ လှမ်း ကြည့်လိုက်သောအခါ ဇလတ်လားမားကြီးသည် ဒဏ်ရာရသွားသော အဘိုးကြီး၏ ချုပ်ကိုင်ခဲ့ခြင်းကို ခံနေရပြီ။ ဗျိုင်းဖြူခေါင်းလစ်ထိတ်ခနဲ ဖြစ်သွားတော့သည်။ ထိုစဉ် အဘိုးအိုကြီးက လှမ်းပြောသည်။

"ဗျိုင်ဖြူခေါင်းလစ် တိုးရဲရင်တိုးကြည့်၊ ခင်ဗျား ဘယ်လိုဖြစ် သွားမယ်ဆိုတာ တွေ့ရမယ် ... "

ဇလတ်လားမားကြီးကား မူးနေဆဲရှိ၍ ဘာမျှမသိသလိုဖြစ် နေသည်။ သို့သော် လည်ပင်းကို ဖျစ်ညှစ်ခံနေရသဖြင့် တအင့်အင့်

ကား ဖြစ်နေသည်။

ဖျိုင်းဖြူ ခေါသတထောင်းထောင်း ထွက်လာသည်။

"ခင်ဗျား သတ်ရဲရင်သတ်ကြည့်၊ ကျုပ်လူသေရင် ခင်ဗျားပါ သေရမယ် .... "

"ဟား .... ဟား .... ခင်ဗျားစကားကို ကျုပ်ယုံပါတယ် .... ကျုပ်တစ်သက်မှာ ခင်ဗျားလောက် ရက်စက်ကြမ်းကြုတ်တဲ့လူကို မတွေ့ဘူးသေးပါဘူး....ဒါပေမယ့် ခင်ဗျား ကျုပ်ကိုသတ်ရဲလို့လား၊ ရှေ့မတိုးနဲ့ တိုးတာနဲ့ ဒီလူအသေပဲ .... "

အဘိုးအိုကြီးက ပြောရင်း တံတွေးထွေးသည်။ တံတွေးထဲ၌ သွေးများ အခဲလိုက်ပါလာသည်။

ဖျိုင်းဖြူ စိတ်အိုက်သွားသည်။ ရတနာသိုက်ခရီးသည် စုလတ်လားမားကြီး မပါဘဲမဖြစ်ချေ။

အဘိုးအိုကြီးကို သတ်လျှင် အလွယ်လေး သတ်နိုင်သော်လည်း မိမိ လှုပ်လိုက်လျှင် အဘိုးအိုကြီးက စုလတ်လားမားကြီးကို သတ်ပစ်မှာ သေချာသည်။ စုလတ်လားမားကြီးသည် မိမိအတွက် အဓိက အရေးပါသူဖြစ်သဖြင့် အသေမခံနိုင်သေး။

ထို့ကြောင့် ဒေါသကို ပြန်ချုပ်လိုက်ရသည်။

"အဘိုးကြီး....ခင်ဗျား မညစ်ပတ်နဲ့ ဘာလိုချင်သလဲဆိုတာ သာပြော .... "

"ဟား .... ဟား .... ခင်ဗျားနဲ့ကျုပ် အပေးအယူလုပ်လို့ မဖြစ်တော့ပါဘူး....ကျုပ်က ကျုပ်သွေးအန်ရသလို ခင်ဗျားသွေးအန်ရမှ ကျေနပ်နိုင်မယ့်လူပဲ .... တစ်နေ့တော့ ပြန်ပြီး တွေ့ကြရမှာပါ"



အဘိုးကြီးက စုလတ်လားမားကြီးကိုဆွဲပြီး ဂူပေါက်ဝရှေ့သွားသည်။ ဖျိုင်းဖြူငြိမ်ကြည့်နေရသည်။

အပြင်တွင် မှန်တိုင်းစဲသွားပြီဖြစ်သဖြင့် အလင်းရောင်များ ဝင်လာစပြုနေပြီ။ မှောင်မည်းနေသော ဂူကြီးပင်လျှင် အလင်းရောင် သမ်းလာပြီ။

ထို့ကြောင့် တစ်ယောက်ကိုတစ်ယောက် ကွဲပြားစွာ တွေ့နေရပေပြီ။

အဘိုးကြီးသည် စုလတ်လားမားကြီး၏ လည်ပင်းကိုညှစ်ထားဆဲရှိသည်။

မည်မျှတင်းအောင် ညှစ်ထားသည်မသိ၊ စုလတ်လားမားကြီးသည် မျက်လုံးပြူးနေပြီး လျှာပင်ထွက်နေသည်။

ဖျိုင်းဖြူခေါင်းလစ် မည်သို့မျှ မလှုပ်ရှားရဲတော့ချေ။

အဘိုးကြီး သည် ဂူဝသို့ရောက်မှ မာန်သွင်းသံပေးပြီး ဖျိုင်းဖြူ ခေါင်းလစ်ကို လှမ်းရိုက်သည်။

သို့သော် မထိ၊ လက်ဝါးသည် ဂူနံရံကိုသာထိသွားပြီး ဝုန်းခနဲ မြည်သွားသည်။

လက်ဝါးရာသည် နံရံပေါ်တွင် အထင်းသားဖြစ်နေလေပြီ။

အဘိုးကြီးသည် သူ၏ ရိုက်ချက်လွဲချော်သွားသည်နှင့် ဂူ အပြင်ဘက်သို့ ပြေးထွက်သွားကာ ပျောက်ကွယ်သွားတော့သည်။

စုလတ်လားမားကြီးကား ဂူဝတွင် ခွေခွေကလေး လဲနေဆဲပင်။

ခေါင်းလစ်သည် နံရံပေါ်မှ လက်ဝါးရာကို ငေးကြည့်ရင်း တီးတိုးရေရွတ်လိုက်သည်။

"လက်စသတ်တော့ ဒီအဘိုးကြီးဟာ.... ဆိတ်နီအဖွဲ့လက်ကျန် လိုချင်ကြင်းကိုး .... "

◆◆◆

## အခန်း ၄၇။

## နာကြည်းနေသော မျက်လုံးရှင်

ထိုနေရာသည် လှိုဏ်ကြီးသဘောဆောင်နေသော်လည်း မြေအနေအထားသည် အလွန်ကျယ်ပြန့်ပြီး ရှည်လျားသောလမ်းမကြီး ဖြစ်နေသည်။

ထိုနေရာမှ မော်ကြည့်လိုက်သော် တောင်ကြီးနှစ်လုံး၏ တောင်စွန်း ကျောက်စွယ်များသည် ပြိုကျမလား အောက်မေ့ရပေ၏။

ထိုတောင်ကြီးနှစ်လုံးသည် ဆီးနှင်းများ ဖုံးအုပ်နေသဖြင့် အဖြူရောင် သင်္ဘောကြီးနှစ်ကောင်အလား ထင်မှတ်ရသည်။ လေပြင်း တိုက်ချိန်တွင် ထိုတောင်ပေါ်မှ ဆီးနှင်းခဲများသည် ဝေါခနဲ ဝေါခနဲ လျှောကျလာလေ့ရှိသည်။

ထိုအခါ အနီးအနားရှိ မြေပြန့်လွင်ပြင်များသည် တောင်ပို့ကြီးလို ဖြစ်လာလေ့ရှိသည်။

ကြောက်စရာကောင်းသော ပထဝီအနေအထားပင် ဖြစ်၏။ ဖျိုင်းဖြူခေါင်းလစ်နှင့် စုလတ်လားမားကြီးတို့သည် ထိုတောင်တန်းကြီးနှစ်ခုအကြားရှိ တောင်ပို့လိုဖြစ်နေသော ကျောက်တုံးကြီးပေါ်တွင်

ရပ်နေလျက်ရှိနေလေပြီ။ ထိုနေရာမှနေ၍ မော်ကြည့်လိုက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး အဖြူရောင် အုတ်တံတိုင်းကြီးများ ကာဆီးထားသလို မြင်နေရသည်။

"မှတ်မိပြီ .... မှတ်မိပြီ .... ဒီနေရာပဲ ဟုတ်တယ် .... ဒီနေရာပဲ"

စုလတ်လားမားကြီးက အားရပါးရပြောသည်။ ခေါင်းလစ်က လက်ထဲတွင် ကိုင်ထားသော ဆိတ်သားရေ မြေပုံညွှန်းကို လှမ်းပေးသည်။ စုလတ်လားမားကြီးက မြေပုံကိုဖြန့်ပြီး ဂရုတစိုက်ကြည့်သည်။ အတန်ကြာမှ မှတ်ချက်ထပ်ချသည်။

"သေချာတယ် .... ဒီနေရာပဲ .... "

စုလတ်လားမားကြီးက မြေပုံပေါ်ရှိ အကွက်ကလေးတစ်ခုကို လက်ညှိုးကလေးနှင့် ထောက်ပြသည်။

"ဒီနေရာကနေ ဆက်သွားရင်.... လမ်းဆုံသုံးခု ရှိတဲ့နေရာကို ရောက်မယ်.... အဲဒီအခါကျရင် ဘယ်ဘက်ကိုချိုးသွားတဲ့ လမ်းအတိုင်း လိုက်ရမယ် .... ဒီအခါကျရင် ကျုပ်တို့ရောက်ချင်နေတဲ့နေရာကို ရောက်လောက်ပြီ .... "

ခေါင်းလစ်က မြေပုံကို လှမ်းယူပြီး ပြန်သိမ်းလိုက်သည်။

"ဒီလိုဆိုရင် ကျုပ်တို့လမ်းမမှားဘူး .... ကောင်းတယ် .... မကြာခင် ရတနာသိုက်ဂူကို ရှာတွေ့တော့မယ် .... "

ဖျိုင်းဖြူခေါင်းလစ်၏ အပြုံးသည် ဘယ်တုန်းကနှင့်မှမတူသော အပြုံးဖြစ်သည်။ စုလတ်လားမားကြီးသည် မောပန်းနွမ်းဟိုက်နေသော်လည်း လမ်းမှန်ကို တွေ့နေရသဖြင့် အားတက်ရွှင်လန်းလာသည်။



များမကြာမီမှာပင် သိုင်းလောကကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားစေမည့် ရတနာသိုက်ဂူကို ဖော်ထုတ်နိုင်ပေတော့မည်။

ခေါင်းလစ်သည် အကျေနပ်ကြီး ကျေနပ်နေ၍ အဓိပ္ပာယ်ရှိသောအပြုံးကို ပြုံးလိုက်သည်။ ထိုအပြုံးသည် ကောက်ကျစ်စဉ်းလဲသော အပြုံးပင် ဖြစ်သည်။ ဤအကျင့်သည် ခေါင်းလစ်၏ အရိုးစွဲနေသော အကျင့်ဆိုးတစ်ခုပင်။ ရှင်းရှင်းဆိုရလျှင် ဖျိုင်းဖြူခေါင်းလစ်၏ အပြုံးသည် စုလတ်လားမားကြီး၏ ဇီဝိန်ကိုခြွေမည့် မရဏအပြုံးပင် ဖြစ်တော့သည်။

စုလတ်လားမားကြီးကား ခေါင်းလစ်၏ သစ္စာမဲ့အပြုံးကို မရိပ်မိချေ။

"ကဲ .... သွားကြရအောင် .... တော်ကြာ အေးအေးဆေးဆေးနားနေဖို့ နေရာရှာမရဘဲ ဖြစ်နေဦးမယ် .... "

စုလတ်လားမားကြီးက လောဆော်လိုက်သော်လည်း ဖျိုင်းဖြူခေါင်းလစ်သည် နေရာမှ မရွေ့သေးချေ။ ထို့နောက် နောက်ကျောတွင် သိုင်းလွယ်ထားသော အိတ်ကြီးထဲမှ အရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်တော့သည်။ သံမဏိလက်ဝါး လက်နက်ပင် ဖြစ်သည်။

ပုံသဏ္ဌာန်သည် လက်ဝါးပြင်နှင့် ကောက်ကွေးနေသော လက်ချောင်းကလေး ငါးချောင်းပါသည့် သံမဏိလက်ဝါးလက်နက်ပင်။ သံမဏိလက်ချောင်းထိပ်ဖျားများသည် စူးချွန်လို ချွန်ထက်လှသည်။ တစ်နည်းဆိုရသော် သံမဏိလက်ဝါး လက်အိတ်ပင်။ ထိုလက်အိတ်ကိုစွပ်ပြီး လှုပ်ရှားလျှင် လိုသလိုလှုပ်ရှားနိုင်သည်။ သိုင်းလောကတွင် တွေ့ရခဲသော လက်နက်ဆန်းဖြစ်သည်။

စုလတ်လားမားကြီးမှာ ထိုလက်နက်ကိုကြည့်ရင်း ကြက်သီးထသွားသည်။

"ဘာဖြစ်လို့ ချိုင်းဖြူ.... ခုဘယ်သူ့ကို တွေ့လိုက်လို့လဲ"

ဗျိုင်းဖြူခေါင်းလစ်က ဘာမျှပြန်မပြော။ လက်အိတ်ကို စွပ်ပြီး ရှေ့ကိုတိုးသွားသည်။ နှင်းမြေပေါ်၌ သစ်ရွက်ခြောက်များနှင့် သစ်ကိုင်းသစ်ခက်များ ရှုပ်ထွေးနေသည်။ လေးငါးနေရာတွင် လူခြေရာလိုလို တိရစ္ဆာန်ခြေရာလိုလို ခြေရာများကို တွေ့ရသည်။ စုလတ်လားမားကြီးသည် အခြေအနေကို နားမလည်ဘဲ ကြောင်တိကြောင်တောင် ဖြစ်နေသည်။ စိတ်ထဲ၌ကား ပြဿနာပေါ်တော့မည်ဟု တွေးနေသည်။

"ဘယ်လိုလဲ လားမားကြီး.... ခင်ဗျားပြောတော့ ဒီနေရာမှာ သက်ရှိသတ္တဝါဆိုလို့ ဘာမှမရှိဘူးဆို.... ခုကြည့်စမ်း ခြေခွေးရှိနေပြီ"

"ခြေခွေးဟုတ်လား ...."

စုလတ်လားမားကြီး... မယုံကြည်နိုင်ဟန်နှင့် ရေရွတ်သည်။ ဗျိုင်းဖြူခေါင်းလစ်က ဘာမျှမပြော။ သံမဏိလက်ဝါးကို သံကြိုးတစ်ခုနှင့် ဆက်သွယ်လိုက်ပြီး နှင်းမြေပေါ် ပစ်ပေါက်လိုက်သည်။ ထိုအခါ အဖြူရောင်နှင်းမြေသည် အနီရောင်နှင်းကွက်ကြီး ဖြစ်ပေါ်လာသည်။

စုလတ်လားမားကြီး ပါးစပ်အဟောင်းသား ဖြစ်နေစဉ်မှာပင် ဗျိုင်းဖြူခေါင်းလစ်က သံကြိုးကို ဆွဲယူလိုက်သည်။

ထိုအခါ သံမဏိလက်ဝါးချိတ်တွင် ချိတ်ပြီးပါလာသည့် လူတစ်ယောက်ကို တွေ့ရတော့သည်။ နှင်းခဲများကို ဖုံးအုပ်ပုန်းကွယ်နေသော လူတစ်ယောက်ပင်။

သံမဏိလက်ဝါးသည် ထိုလူ၏ ရင်ဘတ်ထဲ နစ်ဝင်နေပြီး



သွေးများ ပန်းထွက်နေသည်။ သေသေချာချာကြည့်လိုက်သောအခါ မှတ်ာလနန်းတော်မှ လားမားတစ်ဦး ဖြစ်နေတော့သည်။

စုလတ်လားမားကြီး အံ့အားသင့်နေစဉ်မှာပင် ဗျိုင်းဖြူခေါင်းလစ်က လှုပ်ရှားပြီး သံမဏိလက်ဝါးချိတ်ကို ပစ်လိုက်ပြန်သည်။ ပြန်ဆွဲယူလိုက်သောအခါ နှင်းဖုံးပုန်းအောင်းနေသော လားမားတစ်ဦးပေါ်လာပြန်သည်။ စောစောက လားမားအတိုင်း ရင်ဘတ်ကြီးကွဲပြီး ဆန့်ငင်ဆန့်ငင် ဖြစ်နေရာမှ အသက်ထွက်သွားပြန်သည်။

စုလတ်လားမားကြီးမှ လားမားနှစ်ယောက်၏ အလောင်းကောင်များကို ကြည့်ရင်း တုန်လှုပ်ချောက်ချားနေတော့သည်။

ဗျိုင်းဖြူခေါင်းလစ်သည် တဟားဟား အော်ရယ်နေရာမှ လျှပ်ပြက်သလိုလှုပ်ရှားပြီး သံမဏိလက်ဝါးကြီးကို တစ်ချက်ပြီးတစ်ချက် ပစ်လွှတ်နေပြန်တော့သည်။

သံမဏိလက်ဝန်းကြီးကို ပြန်ဆွဲယူလိုက်တိုင်းလည်း လားမားများက တစ်ဦးပြီးတစ်ဦး ပေါ်ထွက်လာနေပြီး သွေးသံရဲရဲနှင့် အသက်ထွက်သွားရသည်ချည်း ဖြစ်နေသည်။ တစ်ခဏအတွင်းမှာ အလောင်းငါးလောင်း ရှိသွားချေပြီ။

ဗျိုင်းဖြူခေါင်းလစ်၏ သံမဏိလက်ဝါးကြီး ထပ်မံလှုပ်ရှားရန် အားယူလိုက်ချိန်တွင်မှု နှင်းမြေအောက်မှ လူတစ်ယောက်သည် ဝုန်းခနဲ ထပြီး ထွက်ပြေးလေတော့သည်။

စင်စစ် ထိုလားမားအုပ်စုသည် ဗျိုင်းဖြူခေါင်းလစ်တို့ကို ရှင်းလင်းသုတ်သင်ရန် ပုန်းကွယ်စောင့်ဆိုင်းနေသော လားမားများပင် တည်း။ သူတို့သည် ဤနေရာသို့ ကြိုတင်ရောက်ရှိနေခဲ့ကြပြီး နှင်းမြေ

ကျင်းများတူးကာ ပုန်းကွယ်နေသူများပင်။ အသက်ရှူရန်အတွက်ကား ဝါးတံကလေးများ ဝ်နှစ်ထားခဲ့သည်။ သို့သော် ဝါးချောင်းကလေးများသည် အပေါ်သို့ ဖော်ထားရသဖြင့် ဖျိုင်းဖြူခေါင်းလစ် သတိထားမိသွားခြင်းပင်တည်း။

လားမားအုပ်စု၏ ကြံ့ကင်စောင့်ဆိုင်းမှုသည် ပိပိရိရိရှိလှသော်လည်း အတွေ့အကြုံရင့်ကျက်လှသော ဖျိုင်းဖြူခေါင်းလစ်အတွက်မူ အချည်းအနှီးဖြစ်နေရုံမက အသက်သေွးပင် ပေးခဲ့ရလေပြီ။

ထွက်ပြေးသူသည် နောက်ကိုပင် လှည့်မကြည့်ဘဲ ပြေးနေသ။

သို့သော် ဖျိုင်းဖြူခေါင်းလစ်က အလွတ်မခံပေ။ ထိုလားမား ပြေးနေစဉ်မှာပင် ဖျိုင်းဖြူခေါင်းလစ်က ထိုလားမားရှေ့၌ ပိတ်ကာ ထားလေပြီ။

လားမားမှာ ကြောက်ရွံ့ထိတ်လန့်လွန်းနေသဖြင့် နောက်သို့ ပြန်လှည့်ပြေးပြန်သည်။ သို့သော် ကြာကြာမပြေးလိုက်ရချေ။ ဖျိုင်းဖြူခေါင်းလစ်၏ သံမဏိလက်ဝါးသည် ကျောပေါ်သို့ စိုက်နစ်လာတော့၏။ အားနှင့်ဆွဲယူလိုက်သောအခါ လားမား၏ မချိမဆံအော်သံကြီး ထွက်ပေါ်လာတော့သည်။ ထို့နောက်တွင်မူ သွေးများတဝေါဝေါကျ ဆင်းလာပြီး ဗိုင်းခနဲလဲကျသွားတော့သည်။

ဖြူဖွေးနေသော နှင်းမြေအပြင်သည် သွေးခြင်းခြင်းနီနေလေပြီ။

ဖြူဖွေးနေသော နှင်းမြေအပြင်သည် သွေးအတိဖုံး၍ နီနေလေပြီ။

စုလတ်လားမားကြီးသည် မှင်တက်မိပြီး မျက်လုံးကြီးပြူး တော့သည်။ ဖျိုင်းဖြူခေါင်းလစ်ကား ပတ်ဝန်းကျင်ကို စေ့စေ့စပ်



အကဲခတ်နေပြန်သည်။

အသက်ရှင်လျက်ရှိသော ရန်သူတစ်ယောက်မျှ မရှိတော့သော အခါမှ သံမဏိလက်ဝါးကို ပြန်သိမ်းလိုက်သည်။

"လိုချန်ကြင်း ပြောတာမှန်တယ်....ကျုပ်တို့နောက်ကို နောက်ယောင်ခံလိုက်သူတွေ သိပ်များနေတယ် .... ဒါပေမယ့် .... သူတို့ရဲ့ ကြိုးစားချက်ဟာ အလကားပါပဲ .... အသက်သေရုံကလွဲပြီး ဘာမှ အကျိုးမရှိပါဘူး .... "

စုလတ်လားမားကြီးသည် ဘာစကားမျှ ပြန်မပြောနိုင်ဘဲ အလောင်းကောင်များကိုသာ လိုက်ကြည့်နေသည်။ လားမားတစ်ဦး၏ အလောင်းနားတွင် ရပ်မိသောအခါ မျက်လုံးမျက်ဆန်ပြူးသွားတော့ သည်။

"လားမားကြီး ခင်ဗျားသူ့ကိုသိသလား .... "

"သိ .... သိပါတယ်"

လားမားကြီးက တုန်တုန်ယင်ယင် အသံနှင့်ဖြေသည်။

"သူ .... သူက ကျခက်ဟန်ဘာအရှင်ရဲ့လူပဲ .... နာမည်က အော်ဟူဘားလို့ခေါ်တယ်....မလွယ်ဘူး....မလွယ်ဘူး....ကျုပ်တို့တော့ ကျခက်ဟန်ဘာရဲ့ သတ်ဖြတ်မှုကို ခံကြရတော့မယ် .... "

စုလတ်လားမားကြီးသည် ထိတ်လန့်ကြောက်ရွံ့လွန်းသဖြင့် မျက်နှာ၌ပင်လျှင် သွေးမရှိတော့ချေ။

"ဒီလောက်တောင် ကြောက်မနေစမ်းပါနဲ့ လားမားကြီးရဲ့.... ကျုပ်က ကျခက်ဟန်ဘာရဲ့ တွေ့ချင်နေတဲ့လူပါ .... ခုတော့ .... သူ ပါရောက်နေပြီ ထင်တယ် .... ကောင်းတယ် .... ကောင်းတယ် ....

သိပ်ကောင်းတယ်....ခု သူတယ်ရောက်နေလဲ....ပုန်းနေတယ်ထင်တယ် သစ္စာရှိရင် ထွက်တွေ့ဖို့ ကောင်းတယ်....တပည့်တွေချည်း လွှတ်နေရင် သူတို့တွေ သေရုံပဲရှိတယ် .... "

"ဒီလို မပြောနဲ့ ဖျိုင်းဖြူ.... သူကြားသွားရင် ကျုပ်အသတ်ခံ ရလိမ့်မယ် .... "

"ဟား .... ဟား .... ကြောက်တတ်လိုက်တာ လွန်ရော .... ကျုပ် တစ်ယောက်လုံးရှိပါတယ် လားမားကြီးရဲ့ .... ကြောက်မနေစမ်းပါနဲ့ .... "

"မလုပ်နဲ့ .... မလုပ်နဲ့ .... ကျုပ်တို့ ဒီနေရာက မြန်မြန်ခွာမှ ဖြစ်လိမ့်မယ် .... "

ဖျိုင်းဖြူဘာမှမပြောတော့။ ကျခက်ဟန်ဘကိုသာ ရှာဖွေနေသည်။ သို့သော် အရိပ်အယောင်ကိုမျှ မတွေ့ချေ။

"ကဲ .... ရှေ့ကိုသွားကြဦးစို့ .... "

ဖျိုင်းဖြူခေါင်းလစ်အသံထွက်လာသည်နှင့် စုလတ်လားမားကြီးသည် ရှေ့ကို သုတ်သုတ်ကြီး လျှောက်သွားတော့သည်။

မြေပြန့်လွင်ပြင်လေးတစ်ခုကို ကျော်ပြီး တောင်စောင်းကလေးတစ်ခုကို ချိုးကွေ့လိုက်စဉ် လူတစ်ယောက်ကို ရိပ်ခနဲ တွေ့လိုက်ရတော့သည်။ ဖျိုင်းဖြူပြေးလိုက်သောအခါ လူရိပ်သည် တောင်ကမူတစ်ခုပေါ် ခုန်တက်သွားသည်။ ဖျိုင်းဖြူလည်း ထက်ကြပ်မကွာ ခုန်လိုက်သွားသည်။

ဖျိုင်းဖြူခေါင်းလစ် ကမူပေါ် ခြေချမိချိန်တွင် ထိုလူက လှစ်ခနဲ ခုန်အုပ်လာသည်။ တစ်ပြိုင်နက်တည်းတွင် လက်ဝါးနှင့် လှမ်းရိုက်



လိုက်သံပါ ဝုစ်ခနဲ မြည်ထွက်သွားသည်။ လက်ဝါးသည် အနီရောင်သမ်းနေသော လက်ဝါးဖြစ်သည်။

ဖျိုင်းဖြူသည် ပြင်းထန်သော လက်ဝါးရိုက်ချက်ကို ရှောင်တိမ်းလိုက်ပြီး သေသေချာချာကြည့်လိုက်သည်။ ရန်သူသည် အခဲမကျေဖြစ်နေသော လိုချန်ကြင်းပင်တည်း။

လိုချန်ကြင်းသည် ဂူကြီးထဲမှ ထွက်လာပြီးနောက် ဖျိုင်းဖြူခေါင်းလစ်ကို ချောင်းမြောင်းနေသူ ဖြစ်သည်။

ယခုလည်း အခွင့်ကောင်းရပြီအထင်နှင့် တဟုန်ထိုးတိုက်ခိုက်လာခြင်းပင်။ ပြင်းထန်သော ရိုက်အားကြောင့် ဖျိုင်းဖြူခေါင်းလစ် ချွေးပြန်သွားသည်။ ရုတ်တရက်မို့ မည်သို့ ခုခံရမှန်း မသိအောင်ဖြစ်သွားသည်။ သို့သော် ဖျိုင်းဖြူခေါင်းလစ်သည် သိုင်းအဓိပတိကြီးဖြစ်သည်နှင့်အမျှ ခါးကော့ပြီး ဘေးသို့ ခုန်ထွက်လိုက်သည်။ သို့သော် လိုချန်ကြင်း၏ ရိုက်ချက်သည် ပြင်းထန်သလောက် လျင်မြန်လှသည်ဖြစ်၍ ရင်ဘတ်ကို မရိုက်မိခဲ့သော်လည်း အင်္ကျီစကိုကား ဆုတ်ဖြဲပစ်လိုက်နိုင်သည်။

လိုချန်ကြင်းသည် ဖျိုင်းဖြူခေါင်းလစ် ဒဏ်ရာရသွားပြီဟု ထင်လိုက်မိသဖြင့် ခပ်ပြုံးပြုံးဖြစ်သွားသည်။ ထိုစဉ် ဖျိုင်းဖြူခေါင်းလစ်၏ ခြေဖျားက ဝုစ်ခနဲမြည်ပြီး ပခုံးကို ထိမှန်လာသည်။

လိုချန်ကြင်းသည် နောက်သို့ ယိုင်သွားရာမှ ကျွမ်းပစ်ပြီး ရှောင်ထွက်သွားသည်။ ထို့နောက် ကမူကြီးပေါ်မှ လိမ့်ချပြီး ချောက်ထဲသို့ ဆင်းသွားသည်။ ဖျိုင်းဖြူခေါင်းလစ် အံ့အားသင့်နေစဉ်မှာပင် လိုချန်ကြင်း ပျောက်ကွယ်သွားသည်။

ဖျိုင်းဖြူခေါင်းလစ်သည် ကြိတ်မနိုင်ခဲမရဖြစ်သွားပြီး တရကြမ်း ပြေးလိုက်သည်။ သို့သော် လိုချန်ကြင်းကို အရိပ်အရောင်မျှ မတွေ့ရ တော့ချေ။

လိုချန်ကြင်းသည် ဖျိုင်းဖြူခေါင်းလစ်၏ အစွမ်းအစကို သိရှိ ထားပြီး ဖြစ်သဖြင့် မတိုက်ခင်ကတည်းက ပြေးပေါက်ရှာထားပြီး ဖြစ်သည်။ အကွက်ကောင်းတွေ့လျှင် အနိုင်တိုက်မည်။ အခြေအနေ မကောင်းလျှင် လွတ်အောင် ပြေးမည်။ ဤကား လိုချန်ကြင်း၏ ကြိုတင်စီစဉ်ချက်ပေတည်း။

ဖျိုင်းဖြူခေါင်းလစ်ကား အခဲမကျေဖြစ်နေရုံမှအပ ဘာမျှ မတတ်နိုင်တော့ချေတကား။

◆◆◆

တိတ်ဆိတ်ငြိမ်သက်နေသော သန်းခေါင်းယံအချိန် ဖြစ်သည်။ လရောင်သည် နှင်းဖြူများကို ထိုးဖောက်ပြီး မှုန်ပျပျသာရှိ သည်။

တဖွဲဖွဲကျနေသော နှင်းပွင့်များသည် တစ်စ တစ်စ ထူပြော လာနေသည်။

ဤအတိုင်းဆိုလျှင် နောက်နေ့မှသာ ခရီးဆက်နိုင်လိမ့်မည့် အခြေအနေ ဖြစ်သည်။

ဖျိုင်းဖြူခေါင်းလစ်နှင့် စုလတ်လားမားကြီးတို့သည် ခရီးဆက်၍ မဖြစ်နိုင်တော့သဖြင့် နှင်းစဲချိန်ကိုစောင့်ပြီး အနားယူရပေတော့မည်။

ထို့ကြောင့် တောင်တန်းနံရံကြီးအတွင်း ချိုင့်ဝင်နေသည့် ဂူ



နေရာတစ်ခုကို ရှာဖွေရတော့သည်။ မကြာမီ လူနှစ်ယောက်နားနေနိုင် လောက်သည့် ဂူလေးတစ်ခုကို တွေ့တော့သည်။

နှစ်ယောက်သား ဝမ်းသာအားရ ဖြစ်သွားပြီး ဂူအတွင်းဝင်ခဲ့ ကြသည်။ ရက်ပေါင်းများစွာ ပင်ပန်းလာခဲ့သော စုလတ်လားမားကြီး သည် အထုပ်အပိုးများကို ချထားပြီးသည်နှင့် သိုင်းကျင့်စဉ်ကို ပြန်ကျင့်သည်။ အသက်ရှူ မှန်ကန်လာသောအခါ ကျင့်စဉ်ကိုရပ်ပြီး မှေးစက်အနားယူလိုက်သည်။ ပင်ပန်းလွန်းနေသော စုလတ်လားမား ကြီးသည် တစ်ခဏအတွင်း အိပ်ပျော်သွားတော့သည်။

ဖျိုင်းဖြူခေါင်းလစ်ကား သတိကြီးသူဖြစ်သဖြင့် စိတ်ချလက်ချ မအိပ်နိုင်သေးပေ။ ဂူပေါက်ဝတွင် ထိုင်ပြီး အခြေအနေကို လေ့လာနေ သေးသည်။

ယခုအတိုင်းဆိုလျှင် နောက်ထပ် တစ်ရက်ခရီး ဆက်မိပါက ရတနာသိုက်ဂူရှိရာသို့ ရောက်ပေတော့မည်။ သို့သော် ရတနာသိုက်ဂူ မရောက်မီစပ်ကြား အန္တရာယ်များစွာကို တွေ့ရလိမ့်မည်။ ဖျိုင်းဖြူ ခေါင်းလစ်သည် အတွေးများ ဝေနေရင်း အရာရာကို သတိထားနေ မိသည်။

ထို့နောက် အတွင်းအားကျင့်စဉ်ကို ကျင့်နေလိုက်သည်။ ပြီး သွားသောအခါ တစ်ကိုယ်လုံး လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာသည်။

မျက်လုံးသည် ဟိုဟိုသည်သည် စိုက်ကြည့်နေမိပြန်သည်။ မိမိမျက်နှာမူထားရာအရပ်၌ ဘယ်ဘက်သည် ချောက်ကမ်းပါးဖြစ် သည်။ ညာဘက်တွင်ကား ချွန်ထက်နေသော ကျောက်ချွန်းကျောက် စွယ်များ အထပ်ထပ် ဖြစ်နေသည့် တောင်စွယ်တောင်တန်း။

မိမိမျက်စိရှေ့ရှိ ချောက်ကမ်းပါးညာဘက်က ကျောက်လွှာကျောက်ထပ်၊ နှင်းလွှာ နှင်းကင်များသည် မိုင်ဝက်ခန့်ထိ ရှည်လျားစွာ တည်ရှိနေသည်။

ဤကျောက်လွှာ နှစ်လွှာအောက်၌ ပုန်းကွယ်နေသော် မတွေ့နိုင်သည့် နေရာ။

ဖျိုင်းဖြူခေါင်းလစ်သည် ချောက်ကမ်းပါးကို ငုံ့ကြည့်ပြီး ကျောက်လွှာထပ်များပေါ် စမ်းလျှောက်ကြည့်သည်။ ထို့နောက် ကိုယ်ဖော့ပညာကို အသုံးပြုပြီး အနီးဝန်းကျင် လျှောက်ကြည့်သည်။ အတန်ကြာမှ ဂူရှိရာပြန်လာသည်။

ဂူထဲသို့ ပြန်ရောက်သောအခါ လရောင်သည် မှိုင်းမှုန်လာ၏။ မကြာမီ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်လာသည်။

ဖျိုင်းဖြူခေါင်းလစ်သည် ကျောက်နံရံကို မှီရင်း မျက်လုံးမှိတ်လိုက်သည်။

◆◆◆

လရောင်သည် မှုန်မှိုင်းနေဆဲပင်။

နှင်းပွင့် နှင်းခဲများသည် တဖွဲဖွဲတသည်းသည်း ကြွေနေဆဲတည်း။

ဒိုးသော် လူခုနစ်ယောက်သည် ကျောက်စွယ် ကျောက်ထပ်များနှင့် နှင်းလွှာနှင်းခဲများကို အကာအကွယ်ယူပြီး ဂူရှိရာကို တွားသွားလာနေကြသည်။



အားလုံးသည် ပူတာလနန်းတော်မှ ကိုယ်ရံတော်များဖြစ်ပြီး အဖြူရောင်နှင်းကာဦးထုပ်များနှင့် အဖြူရောင်ဝတ်ရုံများကို ဝတ်ဆင်ထားကြသည်။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ကြိုးဖြူများဖြင့် ဆက်သွယ်ထားကြပြီး တက်လာကြခြင်း ဖြစ်သည်။

သူတို့သည် သဘာဝ၏ အကာအကွယ်ကိုယူပြီး အချိန်ကောင်းတွင် တက်လာကြခြင်းဖြစ်သည်။

အဖြူရောင်ပစ္စည်းများကိုသာ အသုံးပြုလာကြသော သူတို့သည် နှင်းပွင့်နှင်းခဲများနှင့် ရောထွေးနေသဖြင့် သူတို့၏ လှုပ်ရှားမှုကို ရုတ်တရက် မသိနိုင်ချေ။

တဖြည်းဖြည်း တွားသွားလာကြသော လူခုနစ်ယောက်သည် ဂူနှင့် မလှမ်းမကမ်းနေရာသို့ပင် ရောက်ရှိလာကြချေပြီ။

သူတို့သည် ကြိုးဖြူများနှင့် ဆက်သွယ်ထားကြပြီး ခုနစ်စင်ကြယ်ပုံစံနှင့် အကွက်ဆင်လာကြခြင်းပင်။

ဤတိုက်ကွက်သည် အလွန်ထူးခြားသော တိုက်ကွက်ဖြစ်သည်။ တစ်ယောက်လှုပ်ရှားလိုက်သည်နှင့် ကျန်လူများပါ လှုပ်ရှားပြီး တစ်ယောက်၏ လိုအပ်ချက်ကို တစ်ယောက်က ဖြည့်စွမ်းပေးသည့် တိုက်ကွက်ဖြစ်သည်။

ခုနစ်ယောက်၏ ခေါင်းဆောင်သည် အခြေအနေကို လေ့လာပြီးသည်နှင့် ကြိုးဖြူချည်ထားသော ခွေးဖြူလေးကို လွှတ်လိုက်တော့သည်။

ခွေးသည် ဖြူစွတ်နေသော ခွေးဖြူလေးဖြစ်ပြီး ကြောင်လောက်

သာရှိသည်။ တိဗက်တို့၏ အပျော်အလုမွေးလေ့ရှိသော ခွေးမျိုးပင်။

ခွေးဖြူလေးသည် အထူးလေ့ကျင့်သင်ကြားထားသော ခွေးဖြူလေးဖြစ်သဖြင့် သခင်နှင့်ရန်သူကို ကောင်းကောင်း ခွဲခြားနိုင်သည်။

သခင်က ကြိုးကို ဖြေလျှော့ပေးလိုက်သည်နှင့် ရန်သူ့အနံ့ခံပြီး ရှေ့သို့ တိုးသွားတော့သည်။

ဤတွင် ခေါင်းဆောင်က မိမိဘက်တော်သားများနှင့်ဆက်သွယ်ထားသော ကြိုးကိုလှုပ်ခါပြီး အချက်ပေးသည်။ ထို့နောက် ရှေ့ကို ငြိမ်တူ တိုးလာကြသည်။

ခွေးဖြူလေးသည် ရှေ့ကို တိုးနေရာမှ တန့်ခနဲဖြစ်သွားသည်။ မျိုင်းဖြူခေါင်းလစ်နှင့် စုလပ်လားမားကြီး၏ အနံ့ကို ရသွားသောကြောင့် ဖြစ်သည်။ ထို့နောက် ရှေ့ကို တိုးသွားပြန်သည်။ နောက်မှ ကိုယ်ရံတော် ခုနစ်ယောက်ကလည်း ခွေးဖြူနောက်မှ ထက်ကြပ်မကွာ ပါလာကြသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် မမြင်ဘဲဖြစ်နိုင်ကြသော်လည်း ခေါင်းဆောင်၏ ကြိုးအဆက်အသွယ်ကြောင့် တစ်ယောက်နှင့်တစ်ယောက် မကွဲမကွာ ဂူရှိရာ ရောက်လာကြသည်။

ခွေးဖြူသည် သွားနေရာမှ တန့်ခနဲ ရပ်သွားပြန်သည်။

ကိုယ်ရံတော် ခုနစ်ယောက်သည် ဓားရှည်များကို ကမန်းကတန်း ထုတ်ကိုင်လိုက်ကြသည်။

ထို့နောက် ကြိုတင်စီစဉ်ထားသည့်အတိုင်း ကျောက်ဂူရှိရာ ဗွားသွား တိုးတက်ခဲ့ကြသည်။

ထိုခုနစ်ယောက်သည် ကျခက်ဟန်ဘ၏ အားအကိုးရဆုံးသော လူယုံတော် လက်ရုံးခုနစ်ယောက်ပင်။ သိုင်းပညာလည်း မညံ့လှချေ။



သူတို့က သူတို့ကိုယ် သူတို့ 'သူတော်စင်ခုနစ်ဦး'ဟု တင်စားထားကြသည်။

စင်စစ် သူတို့သည် ကျခက်ဟန်ဘကို ပညာသင်ကြားပေးခဲ့သော ဆရာကြီး၏ အစေအပါးများဖြစ်သည်။ ဆရာကြီး ကွယ်လွန်ပြီးနောက် ကျခက်ဟန်ဘက သူ၏လူယုံတော် လက်ရုံးကြီးများအဖြစ် လက်ခံထားပြီး .... သိုင်းပညာများ သင်ကြားပေးခဲ့သောကြောင့် သိုင်းပညာတော်သူများ ဖြစ်နေကြခြင်းပင်။

ကျခက်ဟန်ဘသည် ရတနာသိုက်ဂူကို အပိုင်စီးချင်နေသဖြင့် သူ၏ လူယုံများကို စေလွှတ်ပြီး ခလုတ်ကန်သင်းများကို ရှင်းလင်းနေခြင်းပင်။ ဤနေရာသည် ရတနာသိုက်ရှာဖွေသူများ မလွဲမသွေ ဖြတ်ကျော်ရမည့် နေရာဖြစ်သဖြင့် ကြိုတင်စီစဉ်ချက်ဖြင့် စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

ဤနည်းဖြင့် ရှင်းလင်းခဲ့သော ရန်သူများသည် မနည်းတော့ပေ။ ယခုသော် ထိတ်ထိတ်ကြဲ ရန်သူကြီးနှင့် တွေ့ဆုံကြရပေတော့မည်။ ဤအချက်ကို သဘောပေါက်နေကြသော ကိုယ်ရံတော်ခုနစ်ယောက်သည် ကြီးမားသော သတိ၊ မြဲမြံသော သတ္တိနှင့် ရှေ့ကို တိုးလာကြပေပြီ။

◆◆◆

ခွေးဖြူလေးသည် ရှေ့ကိုတိုးသွားနေရာမှ ရုတ်တရက် ထပေါင်လိုက်သည်။ ထို့နောက် ကျောက်ဂူထဲသို့ ခုန်ဝင်သွားတော့သည်။

ခေါင်းဆောင်လုပ်သူနှင့် ဒုတိယ တတိယလူတို့သည် ဂူအနီးသို့ ထပ်တိုးသွားကြပြန်သည်။

ခေါင်းဆောင်သည် ယမ်းမှုန့်လက်နက်ကို ထုတ်ယူလိုက်ပြီးသည်နှင့် ဂူဝကို ပစ်ပေါက်လိုက်တော့သည်။

ဝုန်းဟူသော ပေါက်ကွဲသံနှင့် မီးတောက်မီးလျှံများ ဖြစ်ပေါ်လာတော့သည်။ မီးရောင်သည် အမှောင်ထုကို ဖြိုခွင်းလိုက်လေပြီ။

လူနှစ်ယောက်သည် ဂူနံရံကို မှီပြီးထိုင်နေဆဲပင်။

ခေါင်းဆောင်သည် လက်ထဲမှ ဓားကိုဝှေ့ယမ်းပြီး ဂူဝမှနေ၍ ဝှီးခနဲ ဝှီးခနဲ ခုတ်ဖြတ်လိုက်တော့သည်။

ဒုတိယလူနှင့် တတိယလူကလည်း ခေါင်းဆောင်နည်းတူ ဓားများကို ဝှေ့ယမ်းပြီး ရမ်းခုတ် ရမ်းထိုးလုပ်တော့သည်။

သို့သော် သူတို့အားလုံး အံ့အားသင့်သွားကြတော့သည်။

သူတို့ထိုးခုတ်မိသော အရာသည် ရန်သူမဟုတ်ဘဲ ကျောက်နံရံနှင်းခဲပေါ်တွင် ပုံထားသည့် အကျီတောင်းများဖြစ်နေသတည်း။

အားလုံးသည် အထိတ်တလန့်ဖြစ်သွားပြီး ဂူထဲမှ ပြန်ခုန်ထွက်ကြရတော့သည်။ ထိုစဉ် မီးတောက်မီးလျှံများ ပျောကျသွားပြီး ငြိမ်းသေသွားသည်။

လင်းနေသော ပတ်ဝန်းကျင်သည် ချက်ချင်း ပြန်မှောင်သွားသည်။ ထိုစဉ် ခွေးဖြူလေး၏ ဟောင်သံ ပေါ်လာပြန်၏။ ခွေးဖြူလေးသည် ဂူဝမှနေ၍ ဆန့်ကျင်ဘက်သို့ပြေးသွားပြန်၏။

ခေါင်းဆောင်သည် တုံ့ဆိုင်းခြင်းမရှိဘဲ ခွေးဖြူလေးပြေးရာ လိုက်သွားသည်။ ထိုစဉ် ပြင်းထန်သော လေလှိုင်းရိုက်ခတ်မှုကို



ခံစားလိုက်ရ နှင့် တန့်ခနဲဖြစ်ပြီး နောက်ပြန်ဆုတ်လိုက်သည်။

ထိုအချိန်မှာပင် ခွေးဖြူလေး၏ နာကျင်မှုကြောင့် အော်လိုက်သော အော်သံကြီး ပေါ်လာသည်။ ခေါင်းဆောင်သည် လက်ထဲမှ ဓားကို ဝှေ့ယမ်းပြီး ခွေးဖြူကို ချည်ထားသော ကြိုးကိုပြန်ဆွဲယူလိုက်သည်။

ထိုအခါ ခေါင်းတစ်ခုလုံး ကြေမွပြီး သွေးခြင်းခြင်းနီနေသော ခွေးဖြူလေးကို အသက်မဲ့ဘဝဖြင့် တွေ့ရတော့သည်။

ခေါင်းဆောင်သည် မျက်လုံးကြီးပြူးပြီး တုန်လှုပ်ချောက်ချားသွားတော့သည်။ ရန်သူကိုရှာကြည့်သော်လည်း အမှောင်နှင့်နှင်းဖြူနှင်းခဲများ ကြီးစိုးနေသဖြင့် ဘာကိုမျှ သဲကွဲစွာ မမြင်ရချေ။

သူတော်စင် ခုနစ်ယောက်သည် မမျှော်လင့်သော အဖြစ်များဖြစ်ပေါ်လာသောကြောင့် တုန်လှုပ်ချောက်ချား နေလေပြီ။

ထိုစဉ် ပထမလူဖြစ်သော ခေါင်းဆောင်က ကြိုးဖြူစကို လှုပ်ခါပြီး အချက်ပြလိုက်သည်။ ဒုတိယလူနှင့် တတိယလူသည် ဂူပေါက်ဝမှနေ၍ ဓားကိုဝှေ့ယမ်းပြီး ရှေ့ကိုတိုးလာကြသည်။ ထို့နောက် စိတ်မှန်းနှင့် ရမ်းပြီး ဟိုခုတ်သည်ထိုး လုပ်သည်။

ရုတ်တရက် ဒုတိယလူ၏ဓားသည် တစ်စုံတစ်ခုထဲ နစ်မြုပ်သွားဟန်နှင့် တန့်ခနဲရပ်သွားရာ အတင်းပြန်နုတ်ကြည့်သော်လည်း နုတ်၍မရချေ။

ကြောက်ကြောက်လန့်လန့်နှင့် တတိယလူကို အချက်ပြခေါ်လိုက်ရသည်။ တတိယလူ တိုးကပ်လာချိန်တွင် ဗုစ်ခနဲမြည်သွားသောဓားသံကို ကြားလိုက်ရသဖြင့် ဖြတ်ခနဲခုန်ရှောင်လိုက်ရ၏။

ကံကောင်းသည်။ ဓားမှာ ခြေထောက်အောက်မှ ကြောက်မက်ဖွယ်ရာ ဖြတ်ထွက်သွားသည်။ တတိယလူ မလှုပ်ရဲတော့ချေ။

ထိုစဉ် ဒုတိယလူသည် တစ်စုံတစ်ယောက်၏ ဖျစ်ညှစ်ဆုပ်ကိုင်ခြင်းကို ခံလိုက်ရပြီး အသံပင် မထွက်နိုင်တော့ချေ။ တစ်ပြိုင်နက်တည်းတွင် ဓားဦးတစ်ခုက ရင်ဘတ်ထဲ မြုပ်ဝင်သွားတော့၏။ ချုပ်ကိုင်ထားသူက ဒုတိယလူကို နှင်းမြေပေါ် ဖြည်းဖြည်းလေးချလိုက်သည်။ ဒုတိယလူမှာ အသံပင် မထွက်နိုင်ဘဲ အသက်ထွက်သွားတော့သည်။

ထို့နောက် ဒုတိယလူလက်ထဲမှ ကြိုးဖြူစသည် ချုပ်ကိုင်သူ၏ လက်ထဲရောက်သွားတော့သည်။

တတိယလူသည် လက်ထဲမှ ဓားကို တဝိုးဝိုးဝှေ့ယမ်းပြီး ဟိုခုတ်သည်ခုတ် လုပ်နေသည်။

ရုတ်တရက် ကြိုးစသည် တင်းခနဲဖြစ်သွား၏။ တတိယလူ၏ လှုပ်ရှားမှု ရပ်သွားသည်။ လူတစ်ယောက် တိုးကပ်လာသည်ကို သိလိုက်သည်။ ဒုတိယလူဟုထင်သည်။ သို့ကြောင့် ခပ်ပေါ့ပေါ့ နေလိုက်သည်။ လည်ပင်းသည် တင်းခနဲဖြစ်သွားပြီး မျက်လုံးကြီးများ ပြူးသွားသည်။ တိုးကပ်လာသူမှာ သက်တော်သားမဟုတ်၊ ရန်သူ။ အသိနောက်ကျသွားပြီး။ အသက်ရှူ၍မရတော့။ ချုပ်ကိုင်သူက ဖြည်းဖြည်းလေး လွှတ်ချသည်။ ဒူးညွတ်ပြီး ပုံကျသွားသည်။ အသက်မရှိတော့။

တစ်ခဏအတွင်းမှာပင် လူနှစ်ယောက် အသက်ထွက်သွားလေပြီ။



ရန်သူမှာသည် အခြားသူမဟုတ်၊ ဖျိုင်းဖြူခေါင်းလစ်ပင်ဖြစ်တော့သည်။ ဖျိုင်းဖြူခေါင်းလစ်သည် စုလတ်လားမားကြီးယံ တိုးကပ်သွားပြီး တီးတိုးပြောလိုက်သည်။ တိုက်ခိုက်ရမည့်နည်းစနစ်ကို သင်ကြားပေးလိုက်ခြင်းပင် ဖြစ်သည်။

စုလတ်လားမားကြီးသည် ကျခက်ဟန်ဘကို ရင်မဆိုင်ချင်သော်လည်း အခြေအနေသည် ရှောင်လွှဲ၍ရမည့် အခြေအနေမဟုတ်။ မိမိက သူ့ကို မတိုက်လျှင် သူက မိမိကိုတိုက်လိမ့်မည်။ ခေါင်းငုံ့လည်းခံပြီး အသေခံမည်လော။ ပြန်တိုက်ရင်း အသေခံမည်လော။

စုလတ်လားမားကြီးသည် အားတင်းပြီး အံကိုတင်းတင်းကြိတ်လိုက်သည်။ သူတို့နှစ်ယောက်သည် ကြိုးဖြူစကိုကိုင်ရင်း ဒုတိယလူနှင့် တတိယလူနေရာကို ဝင်ယူလိုက်ကြပေပြီ။

ခပ်လှမ်းလှမ်းမှာရှိနေသော ကိုယ်ရံတော် ငါးယောက်သည် ဂူပေါက်ဝမှ အဖြစ်ကို လုံးလုံးမရိပ်မိကြချေ။

ထိုစဉ် ဖျိုင်းဖြူခေါင်းလစ် လက်ထဲမှ ကြိုးဖြူစသည်တင်းခနဲ ဖြစ်သွားသည်။ တစ်ဖက်မှ အချက်ပြလာသည်ကို ရိပ်မိသဖြင့် ကြိုးစကို ဆောင့်ဆွဲလိုက်၏။ စတုတ္ထလူက ဒုတိယလူနှင့်အဆက်အသွယ် ပြန်ရလာသဖြင့် ပဉ္စမလူကို ဆက်ပြီးအချက်ပြလိုက်လေ၏။

ထို့နောက် စတုတ္ထလူနှင့် ပဉ္စမလူသည် ဖျိုင်းဖြူခေါင်းလစ်အနီးသို့ ကြိုးစကိုစမ်းပြီး ချဉ်းကပ်လာကြသည်။

ခေါင်းလစ်သည် ဘာကိုမျှ မမြင်ရသော်လည်း လှုပ်ရှားမှုအသံကို နားထောင်ရင်း အခြေအနေကို သဘောပေါက်နေသည်။

စတုတ္ထလူအနီးသို့ ရောက်လာသည်နှင့် ရင်ဝကိုမှန်းပြီး ဒိုက်ချ

လိုက်တော့သည်။ စတုတ္ထလူသည် ဘာကိုမျှ မလုပ်လိုက်ရဘဲ ငိုင်နေလဲပြီး အသက်ပျောက်သွားတော့သည်။

ပဉ္စမလူသည် အခြေအနေကို ရိပ်မိလိုက်သဖြင့် အခြားလူများကို အောက်ဟစ်ပြီး အကူအညီတောင်းလိုက်သည်။

ပထမလူ၊ ဆဋ္ဌမလူနှင့်သတ္တမလူတို့သည် လူစုခွဲပြီး အကွက်နင်းလိုက်ကြသည်။ ဖျိုင်းဖြူခေါင်းလစ်ကား မင်သေသေနှင့် ငြိမ်သက်နေလိုက်သည်။

ဘယ်ဘက်မှ လူတစ်ယောက် သတိကြီးစွာနှင့် တိုးကပ်လာနေသည်ကို သတိပြုမိသည်။ ပဉ္စမလူပင် ဖြစ်သည်။ ထို့ကြောင့် ထိုလူလာရာသို့ မသိမသာရွေ့သွားပြီး ဓာင့်ကြီးဟန်ပြုလိုက်၏။ ကိုယ်ရံတော်များသည် ငြိမ်သက်နေသော အခြေအနေကြောင့် ကြိုးဖြူကို အသုံးချပြီး လူပြန်စစ်လိုက်၏။ သူတို့လူသုံးယောက်ပျောက်နေကြောင်း သိလိုက်သဖြင့် ထိတ်လန့်တုန်လှုပ်သွားကြသည်။

မည်သို့ဆက်လုပ်ရမည်ကိုပင် မသိတော့အောင် ဖြစ်သွား၏။ အားလုံး မှင်တက်မိပြီး တွေဝေနေကြတော့သည်။ ပဉ္စမလူသည် ဖြည်းဖြည်းချင်း တိုးကပ်လာရာမှ ပြန်ရပ်သွားသည်။

ဖျိုင်းဖြူခေါင်းလစ်သည် တစ်ဖက်မှလူ၏ ရွေ့လျားမှုများရပ်သွားသည်ကို သတိပြုမိလိုက်သဖြင့် သတိထားပြီး ချဉ်းကပ်သွားပြန်သည်။

ပဉ္စမလူသည် အခြေအနေမကောင်းသည်ကို သတိပြုမိနေသဖြင့် နားစွင့်ပြီး ငြိမ်နေသည်။ မကြာမီ အေးစက်လေလှိုင်းတစ်ခုတိုးဝင်လာသည်ကို ခံစားလိုက်ရသဖြင့် လက်ထဲမှ ဓားကို ကျစ်ကျစ်ပါအောင်



ဆုပ်ကိုင်လိုက်သည်။

တစ်စုံတစ်ယောက်အနီးသို့ ရောက်လာသည်ကို သတိထားလိုက်မိသည်နှင့် ဓားကိုဆွေ့ယမ်းပြီး ဝှစ်ခနဲ ဝှစ်ခနဲ ခုတ်လိုက်တော့သည်။ သို့သော် သူ၏ခုတ်ချက်သည် မည်သူ့ကိုမျှမထိဘဲ နှင်းထုနှင်းလွှာများကိုသာ ခုတ်မိနေတော့သည်။

ရုတ်တရက် နှင်းဖြူကြားမှ ဓားဦးတစ်ခုသည် ရင်ဘတ်ထဲသို့ ရွပ်ခနဲ ဝင်သွားတော့သည်။ နောက်ဆုတ်ရန် ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားပေပြီ။

ပထမလူဖြစ်သော ခေါင်းဆောင်သည် အခြေအနေပျက်ယွင်းနေသည်ကို ရိပ်မိနေသဖြင့် ယမ်းမှုန့်လက်နက်ကို ဖောက်ခွဲလိုက်တော့သည်။

ဝုန်းခနဲအသံကြီး မြည်သွားပြီးနောက် မီးတောက်မီးလျှံများ တရှိန်ရှိန် တောက်လာတော့သည်။ မှောင်နေသော ပတ်ဝန်းကျင်သည် ချက်ချင်း လင်းထိန်သွားသည်။

ဆဋ္ဌမလူနှင့်သတ္တမလူသည် အလင်းရောင်ကြောင့် စုလတ်လားမားကြီးကို တွေ့သွားသည်။ ဤတွင် ပြိုင်တူခုန်ဝင်ပြီး ဝင်တိုက်ကြသည်။ ဓားသံများ ဒိုးခနဲ ဒိုးခနဲ မြည်သွားသည်။

သို့သော် စုလတ်လားမားကြီးက ရန်သူ၏ ခုတ်ပိုင်းထိုးနှက်ချက်များကို နောက်ကျွမ်းပစ်ပြီး ရှောင်ထွက်သွားသည်။

ထိုစဉ် ပထမလူ ခေါင်းဆောင်က ဖျိုင်းဖြူဂေါင်းလစ်ကို ခုန်အုပ် တိုက်ခိုက်တော့သည်။ သို့သော် သူ၏ ထိုးနှက်ကိုတိုက်ခိုက်ချက်များသည် လူကိုမပြောနှင့်၊ အင်္ကျီစကိုပင် မထိချေ။

မီးတောက် မီးလျှံများသည် တဖြည်းဖြည်း ငြိမ်းသေသွားပြန်သည်။

ထိုအချိန်မှာပင် ဖျိုင်းဖြူခေါင်းလစ်က ပထမခေါင်းဆောင်ကို ခုန်အုပ်တိုက်ခိုက်တော့သည်။

ထိုနောက် စုလတ်လားမားကြီးကို ညှပ်ပိုက်နေသော ဆဋ္ဌမလူနှင့် သတ္တမလူကို လှမ်းကြည့်လိုက်ပြီး လွှားခနဲ ခုန်ဝင်သွားပြန်သည်။

ထိုလူနှစ်ယောက်သည် ဖျိုင်းဖြူခေါင်းလစ်ဝင်လာသည်ကို မသိလိုက်ကြရဘဲ အရိုက်ခံလိုက်ကြရပြန်သည်။ ထိုလူနှစ်ယောက် ယိမ်းယိုင်သွားစဉ် အခြားလူတစ်ယောက်က ဆောင့်တွန်းလိုက်သဖြင့် လွင့်စဉ်သွားကြရတော့သည်။

ရုတ်တရက် ပေါ်လာသောလူကြောင့် ဖျိုင်းဖြူခေါင်းလစ် အံ့အားသင့်သွားတော့သည်။

သို့သော် .... သတိထားပြီး ရှေ့ကို တိုးကြည့်သည်။

တန့်ခနဲ ဖြစ်သွားသည်။ ယခုအခါ ရင်ဆိုင်ရမည့်လူသည် တော်ရုံတန်ရုံ သိုင်းသမားမဟုတ်။ အားကောင်းသော ရန်သူဖြစ်သည်။

ထို့ကြောင့် ဖျိုင်းဖြူခေါင်းလစ် ခြေတစ်လှမ်းမျှ နောက်ပြန်ဆုတ်လိုက်သည်။ မှောင်ကြီးမည်းကြီးထဲ၌ အားကောင်းသော ရန်သူကို တွေ့ရသည်မှာ အခြေအနေကောင်းမဟုတ်၊ အခြေအနေဆိုးသာဖြစ်သည်။ ရုတ်တရက် ပေါ်လာသူမှာ မိမိနှင့် လက်ရည်တူလောက် ဖြစ်ကြောင်း ရိပ်မိလာတော့သည်။

ဤအချက်သည် အံ့သြစရာအချက်ပင် ဖြစ်သည်။ နှစ်ပေါင်း လေးငါးဆယ်အတွင်း မိမိထက် သာလွန်သူကို မတွေ့ခဲ့ရသကဲ့သို့



လက်ရည်တူကိုလည်း မတွေ့ခဲ့ရချေ။ တစ်ချိန်က ရင်ဆိုင်ခဲ့ဖူးသူများသည် သွေးရူးသွေးတန်းနှင့် ထွက်ပြေးခဲ့ရသူချည်း ဖြစ်သည်။ ထို့ကြောင့် ဖျိုင်းဖြူခေါင်းလစ် တအံ့တသြ ဖြစ်နေမိသည်။

ထိုစဉ် တစ်ဖက်လူက စကားလှမ်းပြောသည်။

"ဟဲ .... ဟဲ .... အဖွဲ့ချုပ်ကြီးက သိုင်းပညာတော်တော်ကောင်းတာပဲ .... ဒါနဲ့ ကျန်းကျန်းမာမာပဲနော် .... "

အသံသည် အေးစက်စက်နိုင်လှသည်။

"ဒီမှာမိတ်ဆွေ .... ခင်ဗျားဘယ်သူလဲ .... ခင်ဗျားနဲ့ကျုပ်ဟာ တစ်ခါမှ တွေ့ဖူးကြတဲ့လူတွေလည်း မဟုတ်ပါဘူး .... "

"ဟုတ်ပါတယ် .... ကျုပ်တို့ဟာ ရင်းနှီးကြသူတွေမဟုတ်ပါဘူး .... "

"ခင်ဗျားရဲ့ လေသံကတော့ တွေ့ဖူးဆုံဖူးတဲ့ လူလိုပါလား"

"ခင်ဗျားနဲ့ ကျုပ်ဟာ .... တွေ့ဆုံဖူးကြပါတယ် .... "

"ဘယ်တုန်းကလဲ .... ဘယ်နေရာမှာလဲ .... "

"တစ်နေ့ကျရင် သိရမှာပေါ့ဗျာ .... ဟဲ .... ဟဲ .... ခုတော့ မလိုအပ်သေးပါဘူး .... "

"ဒီလိုဆို နာမည်ပြောပါ .... "

"အချိန်မတန်သေးခင်မှာ မသိချင်စမ်းပါနဲ့ .... "

"ခင်ဗျား တော်တော်လူပါးဝနေတာပဲ .... ခုခင်ဗျား ဘာလာလုပ်တာလဲ .... "

"ခင်ဗျားသိဖို့ မလိုသေးပါဘူး .... ခင်ဗျားတို့ အချင်းချင်း တိုက်ခိုက်နေတာကို လာကြည့်တာပါ .... ဟဲ .... ဟဲ"

"အချင်းချင်း .... ဟုတ်လား"

"ဟုတ်တယ်.... ကျခက်ဟန်ဘနဲ့ ခင်ဗျားတို့ဟာ လျှို့ဝှက်မှုပေါင်းနေတဲ့ အချင်းချင်းတွေပဲ.... ခင်ဗျားတို့ရဲ့ မှုပေါင်းမှုအောင်မြင်သလား.... မအောင်မြင်သလားတော့ မပြောတတ်ဘူး.... ကျုပ်ကတော့ ခင်ဗျားတို့ကို ဒီပုက်ထဲက ဒီပဲတွေလို့ပဲ သဘောထားတယ် ...."

"သြော် .... သြော် .... ခင်ဗျားက ကျုပ်တို့နှစ်ယောက်ကို ယှဉ်ရဲတယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား.... နှစ်ပေါင်းလေးဆယ်ကျော်ငါးနှစ်အတွင်းမှာ ဒီလိုစကားကို ဒီတစ်ခါပဲ ကြားဖူးသေးတယ်.... ဟဲ .... ဟဲ"

ဗိုင်းဖြူခေါင်းလစ်က သတိထားပြီးရှေ့ကိုတိုးလိုက်၏။ တစ်ယောက်နှင့်တစ်ယောက်သည် တစ်လံကျော်လောက်သာကွာတော့သည်။

**အမှောင်ထုနှင့် နှင်းမှုန်နှင်းခဲများကြောင့် တစ်ယောက်ကို တစ်ယောက် မမြင်ကြ၊ နားအာရုံကိုသာ ပြုနေကြရသည်။**

**ရုတ်တရက်ရောက်လာသူသည် ဗိုင်းဖြူခေါင်းလစ်ငြိမ်ချက်သားကောင်းနေသည်ကို ရိပ်မိနေသဖြင့် စိန်ခေါ်လိုက်၏။**

"ထွေထွေရာရာတွေ စဉ်းစားမနေပါနဲ့ .... သိုင်းကွက်သုံးကွက်လောက်ဆို လုံလောက်ပါပြီ ...."

"ရပါတယ် .... အသင့်သာပြင်ထား ...."

ဗိုင်းဖြူခေါင်းလစ်သည် စကားဆုံးသည်နှင့် အတွင်းအားများကို စုစည်းလိုက်သည်။ ထို့နောက် လေပြင်းမုန်တိုင်းတိုက်သလို လက်နှစ်ဖက်ကို ဝှေ့ယမ်းပြီး ခုန်အုပ်သည်။ ရိုက်ချက်သည် ဝိုးခနဲ ဝိုးခနဲ



မြည်သွားသည်။ နှင်းပွင့်နှင်းခဲများပင် မှုန့်ခနဲ ဖြစ်သွားသည်။

ရက်စက်အားကောင်းသော တိုက်ကွက် ဖြစ်သည်။ ဤတိုက်ကွက်ကို ဖြိုခွင်းနိုင်သူသည် အလွန်အားကောင်းသော သိုင်းပညာရှင်။ မဖြိုခွင်းနိုင်ပါက ပွဲချင်းပြီး သေရုံသာရှိသည်။

ရုတ်တရက် ရောက်လာသူသည် အလွန် ကြောက်စရာကောင်းသော တိုက်ကွက်ကို အလွန်လျင်မြန်သော အဟုန်နှင့် ရှောင်တိမ်းပြီး ခွက်လက်အားပါသော ရိုက်ချက်များကို ထုတ်လွှတ်လာသည်။

ဗိုင်းဖြူခေါင်းလစ် ထိတ်လန့်သွားသည်။ ရန်သူသည် ပုံပန်းမျက်ဘဲ ရပ်နေဆဲပင်။ မိမိတစ်သက်တာတွင် ဤအဖြစ်ကို ဤတစ်ကြိမ်သာ တွေ့ဖူးသေးသည်။ မိမိတိုက်ကွက်ကို ရှောင်နိုင်သူ မရှိသေး။ ယခုမူ ဤသို့မဟုတ်တော့ပြီ။

ဤလူ မည်သူနည်း။ အကြံရလာသည်နှင့် လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။ နှင်းဖြူနှင်းခဲများ ပြိုကွဲသွားသည်။ အပေါက်ကြီးလို ဖြစ်သွားသည်။

ရုတ်တရက် ရောက်လာသူကို ကွဲကွဲပြားပြား မြင်ရပြီ။

မိမိတစ်ကြိမ်မျှ မတွေ့ဘူးသူဟု ထင်သည်။

ခန္ဓာကိုယ် တောင့်တင်းကြံ့ခိုင်ပြီး အရပ်ရှည်သည်။ ပိုးသားကတ္တီပါ ဝတ်ရုံကြီးကို ဝတ်ထားသည်။

မျက်နှာကို သဲသဲကွဲကွဲ မတွေ့ရ။ အရောင်တဖျပ်ဖျပ်တောက်နေသော မျက်လုံးအစုံကား တွေ့လိုက်ရသည်။ အခဲမကျေ၊ တုံ့ပြန်လိုသော မျက်လုံးမျိုးဖြစ်သည်။

ခေါင်းပွအောင် စဉ်းစားသော်လည်း မည်သူမှန်း မသိ။

မမှတ်မိ။ ရင်ထဲ၌ကား ဆွေးခုန်နှုန်း မြန်နေသည်။

တစ်ချိန်က ဤလို မျက်လုံးမျိုးကို တွေ့မူးသည်ဟု ထင်သည်။ သို့သော် ထိုစဉ်က မျက်လုံးသည် ယခုလောက်အရောင်မတောက်လှချေ။

ဘာပဲဖြစ်ဖြစ် ရန်ငြိုး၍ တုံ့ပြန်ရန် ရောက်ရှိလာခြင်း ဖြစ်လိမ့်မည်။ မိမိတစ်သက်တာ၌ မိမိလက်ချက်နှင့် သေသူမနည်းလှချေ။ ဒဏ်ရာရသူ မနည်းလှချေ။ သို့သော် ယခုလို နာကြည်းရိုပ်လှမ်းသော ကြောက်စရာကောင်းသော မျက်လုံးမျိုးကို တစ်ကြိမ်မျှ မတွေ့ခဲ့ချေ။

အသက်သည် သုံးဆယ်ကျော်ခန့်သာ ရှိပုံရသည်။ ဤအသက်အရွယ်နှင့် ဤမျှ သိုင်းအားကောင်းသူ ရှိလိမ့်မည် မထင်ချေ။

ထိုအချိန်မှာပင် တစ်ဖက်လူက ဝိုးခနဲ ခုန်ပျံပြီး ကျားရဲကြီးလို ခုန်အုပ်လာလေသည်။

ဆီးနင်းများ ထုပြောနေစဉ် တိုက်ခိုက်လာခြင်း ဖြစ်သည်။ သို့သော် ဗိုင်းပြူခေါင်းလစ်က သတိမလစ်ချေ။

ရိပ်ခနဲဝင်လာသော တိုက်ခိုက်မှုကို လှစ်ခနဲရှောင်တိမ်းပေးလိုက်သည်။ ထို့နောက် လက်ဝါးချင်းရိုက်မိပြီး တဖြန်းဖြန်း အသံများမြည်ဟည်းသွားသည်။ တစ်ပြိုင်နက်တည်းတွင် ထိုလူ၏ ရိုက်ချက်များ မုန်တိုင်းတိုက်သလို ဆက်ဝင်လာသည်။ ရန်သူသည် မိမိတွေးထင်ထားသည်ထက် သိုင်းအားကောင်းသူ ဖြစ်နေချေပြီ။

တိုက်ခိုက်သံများသည် ရုတ်တရက် ရပ်တန့်သွားသည်။ ယှဉ်ပြိုင်သူနှစ်ယောက် တကွဲစီဖြစ်သွားကြသည်။



မကြာမီ ခပ်လှမ်းလှမ်းဆီမှ အသံတစ်ခုပေါ်လာသည်။

"အဖွဲ့ချုပ်ကြီး ခင်ဗျားရဲ့ သိုင်းပညာတော်တော်ကောင်းပါတယ်၊ ခင်ဗျားရဲ့ လက်ရည်လက်သွေးကို ကျုပ်ကောင်းကောင်း စမ်းသပ်ပြီးပါပြီ .... အင်မတန် ပြောင်မြောက်တဲ့ ပညာပါပဲ .... ဟဲ.... ဟဲ"

အသံသည် နီးရာမှဝေးသွားသည်။ ထို့နောက် လှရောအသံပါ ပျောက်သွားသည်။

ခေါင်းလစ် ကြိတ်မနိုင်ခဲမရ ဖြစ်သွားသည်။

သိုင်းကွက်သုံးကွက် ကစားမည်ကြံပြီး နှစ်ကွက်တည်းနှင့် ထွက်ပြေးသွားသည်မှာ မခံချင်စရာကောင်းသည်။ လက်ရည်တူလို ဖြစ်နေသည်မှာ အံ့သြစရာကောင်းသည်။ ထိုလူမည်သူနည်း။ ဘယ်က လာသနည်း။ ဘာလာလုပ်သနည်း။ မေးခွန်းများ စုံသည်။ အဖြေကားမရ။

◆◆◆

## အခန်း ၄၈။

# ရတနာသိုက်ဂူသို့ ခြေတစ်လှမ်းအလို

နှင်းပါးသွားသည်နှင့် မြင်ကွင်းသည် ကြည်ကြည် လင်လင် သဲသဲကွဲကွဲ ဖြစ်လာသည်။

ရုတ်တရက် တွေ့ဆုံခဲ့ရသူအကြောင်းကို တစ်လမ်းလုံး စဉ်းစား လာမိသော်လည်း ကွဲကွဲပြားပြား မှတ်မိခြင်းမရှိချေ။

မကြာမီ တောင်ထိပ်လမ်းသွယ်လေးတစ်ခုပေါ်သို့ ရောက်ရှိလာခဲ့ ကြသည်။ ဗျိုင်းဖြူခေါင်းလစ်သည် အတွေးကို ဖြတ်လိုက်ပြီး စုလတ် လားမားကြီးကို လှည့်ပြောသည်။

"ဒီလမ်းကလေးဆုံးရင် တောင်လေးတစ်လုံးကို ထပ်တွေ့ရလိမ့် ဦးမယ် .... အဲဒီတောင်ရဲ့ တစ်ဖက်ကို ရောက်ရင် ရည်မှန်းချက်ကို ရောက်ပြီလို့ ဆိုရမယ် .... "

"ဟုတ်တယ် .... ဗျိုင်းဖြူ .... ဟုတ်တယ် .... ကျုပ်တို့ရည်မှန်း ချက် ပြည့်ဝတော့မယ် .... "

စုလတ်လားမားကြီးက ဝမ်းသာအားရပြောပြီး ခပ်သွက်သွက် လျှောက်သွားသည်။ ခေါင်းလစ်သည် ပန်းတိုင်နီးလေ သတိကြီးလေ ဖြစ်နေသည်။



အရာရာကို မျက်ခြည်မပြတ် အကဲခတ်လာခဲ့သည်။ မသင်္ကာ ဖွယ်များ တွေ့ခဲ့ပါက ချက်ချင်းသွားကြည့်တတ်သည်။

လေတဟူးဟူး တိုက်နေသောကြောင့် နှစ်ယောက်စလုံး၏ အင်္ကျီစများ တလူလူလွင့်နေကြသည်။

"ဟော .... တွေ့ပြီ .... အဲဒီနေရာပဲ ဒီနေရာပဲ .... "

စုလတ်လားမားကြီးသည် ပြောပြောဆိုဆို ကျောက်ထရံကြီး တစ်ခုပေါ် ခုန်တက်သွားသည်။ ထို့နောက် မလှမ်းမကမ်းမှ ထင်းရှူး ပင်ကြီးနှင့် မျက်နှာချင်းဆိုင်တွင်ရှိနေသော တောင်စောင်းတစ်ခုပေါ် ခုန်ချလိုက်သည်။

ခေါင်းလစ်သည် ထိတ်ခနဲဖြစ်သွားရာမှ စုလတ်လားမားကြီး နောက်သို့ ခုန်ပျံပြေးလိုက်သည်။

ထိုအခါမှ မြင်ကွင်းသစ်တစ်ခုကို ဘွားခနဲ တွေ့ရတော့၏။ တောင်အနောက်ဘက် လျှိုထဲတွင်ရှိသော မြေပြန့်လွင်ပြင်လေးတစ်ခု ပင်။

ခေါင်းလစ်သည် ထိုနေရာတွင် ခြေချမိသည်နှင့် ရတနာသိုက်ဂူ တည်ရှိရာ ပတ်ဝန်းကျင်ဖြစ်ကြောင်း မှန်းဆမိလိုက်သည်။

မျက်နှာမူရာသို့ ရှေ့ရှုနေသော လမ်းမြောက်ကလေးအတိုင်း လျှောက်လာမိသောအခါ အလွန်သာယာလှသော ရှုခင်းရှုကွက်များကို တစ်ခုပြီးတစ်ခု တွေ့ရတော့သည်။ မကြာမီ စိမ်းလန်းကြည်လင်သော အင်းလေးတစ်ခုကို တွေ့ရသည်။ အင်းပတ်လည်တွင် ရောင်စုံဖူးပွင့် နေသော ပန်းများကို လှပစွာ မြင်ရပြန်သည်။

တောင်စောင်းတစ်ခုအနီးသို့ ချဉ်းကပ်မိသောအခါ လှပစွာ

ပြောင်လက်တောက်ပနေသော ရေခဲကျောက်တိုင်များကို ရှုမောဖွယ် တွေ့ရတော့သည်။

"လှလိုက်တဲ့ ရှုခင်းရှုကွက်တွေပဲ .... နတ်နန်း နတ်ဘုံအလှ ဟာ ဒီရှုခင်းအလှကိုတော့ မီမယ်မထင်ဘူး .... ဟား .... ဟား .... ဒီနေရာဟာ ကျုပ်တို့ရှာနေတဲ့ နေရာပဲ .... သေချာပြီ .... သေချာပြီ၊ ဟား ဟား .... ဟား .... "

စုလတ်လားမားကြီးသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်လွန်းသဖြင့် ဟိုခုန် သည်ခုန် လုပ်နေတော့သည်။ ထို့နောက် ဖျတ်ခနဲခုန်ပျံပြီး ရေခဲကျောက်တိုင်ကြီးတစ်တိုင်ပေါ် တက်ရပ်လိုက်၏။ ထို့နောက် ဘေးတစ်ဖက်သို့ ခုန်ချလိုက်တော့သည်။

ဖျိုင်းဖြူခေါင်းလစ်ငေးကြည့်နေစဉ်မှာပင် စုလတ်လားမားကြီး ပျောက်ကွယ်သွားတော့သည်။

ဖျိုင်းဖြူခေါင်းလစ်သည် အတန်ကြာအောင် ငေးကြည့်နေရာမှ သက်ာမကောင်းဖြစ်သွားပြီး မျက်လုံးပြူးလာတော့သည်။ ထို့နောက် စုလတ်လားမားကြီး ရပ်ခဲ့သော ရေခဲကျောက်တိုင်ပေါ်သို့ ခုန်တက်လိုက် တော့သည်။ ထိုအချိန်မှာပင် ဓူးဓူးဝါးဝါး အော်သံကြီး ပေါ်လာတော့ သည်။ အသံသည် စုလတ်လားမားကြီး၏အသံပင်ဖြစ်တော့သည်။ အသံလာရာသို့ လှမ်းကြည့်လိုက်သောအခါ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ကို ထူးခြားစွာ တွေ့ရတော့သည်။

သူတို့သည် အခြားသူများမဟုတ်၊ တုန်ရီချိတို့လင်မယားပင် ဖြစ်သည်။ သူတို့သည် စုလတ်လားမားကြီးနှင့် ဖျိုင်းဖြူခေါင်းလစ် တို့၏ နောက်မှ နောက်ယောင်ခံလိုက်လာကြပြီး ဤနေရာသို့ ရောက်ရှိ



နေကြခြင်း ဖြစ်သည်။ သူတို့သည် ပုန်းလျှိုးကွယ်လျှိုးနေနေကြရာမှ စုလတ်လားမားကြီး၏ 'ရောက်ပြီ၊ ဒီနေရာပဲ' ဟူသော အသံကို ကြားလိုက်ရသဖြင့် ကျိတ်ပြီး ဝမ်းသာနေသူများဖြစ်သည်။

ထို့နောက် စုလတ်လားမားကြီး ရုတ်တရက်ရောက်လာသဖြင့် တရင်းရှင်းပစ်လိုက်ခြင်းပင်။

သို့သော် သူတို့သည် ဖျိုင်းဖြူခေါင်းလစ်ကို ရင်ဆိုင်ရမည့် အခြေအနေသို့ ရောက်ရှိလာတော့သည်။

သိုင်းကွက်နင်းပြီး ခုန်ပျံလိုက်စဉ်မှာပင် ဖျိုင်းဖြူခေါင်းလစ်က ရေခဲတိုင်ပေါ်မှ ခုန်ပျံဝဲလာပြီး တိုက်ခိုက်တော့သည်။

ရတနာသိုက် ပိုင်ဆိုင်ရတော့မည်ဟူသော အသိနှင့် ဝမ်းသာ အားရဖြစ်နေသော တုန်ရီချိတို့ လင်မယားသည် ခေါင်းလစ်၏တိုက်ချက် ကို လုံးဝ မရှောင်တိမ်းနိုင်ဘဲ ခံလိုက်ရသည်။ ထို့ကြောင့် လင်မယား နှစ်ယောက်စလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားကြသည်။

မော်ကြည့်လိုက်သောအခါမှ ဖျိုင်းဖြူခေါင်းလစ်၏ ရက်စက် ကြမ်းကြုတ်သော မျက်နှာကြီးကို ထင်ထင်ရှားရှား တွေ့ရတော့သည်။

စင်စစ် သူတို့အားလုံးသည် ရတနာသိုက်ဂူနှင့် အနီးဆုံးနေရာ သို့ ရောက်ရှိနေခြင်းပင်။ ရတနာသိုက်ဂူသည် သူတို့မျက်နှာမူထားရာ တောင်စောင်းတစ်ဖက်ရှိ မြေလိုဏ်ဂူကြီးပင်။ သို့သော် ထိုမြေလိုဏ်ဂူ ကြီး၏ ပတ်လည်တွင် သဘာဝ ရေခဲတုံးကြီးများသည် တောင်နံရံ ကြီးများလို ဝိုင်းရံနေသဖြင့် အလွယ်တကူ တူးဖော်၍မရနိုင်ပေ။ တိကျသော လမ်းညွှန်မြေပုံသာ မရှိလျှင်လည်း မည်သို့မျှ ရှာတွေ့ နိုင်သော အနေအထားမျိုး မဟုတ်ပေ။

ဖျိုင်းဖြူခေါင်းလစ်နှင့် စုလတ်လားမားကြီးတို့ ခြေချမိသည့်နေရာသည် ရတနာသိုက်ဂူ အဝင်အထွက် လမ်းပေါက်ပင်။

သို့သော် ....

သာမန်အတိုင်းသွားလာ၍ မရပေ။ ရေခဲတုံးကြီးများပေါ်တွယ်တက် ရန်မှာလည်း ဖြစ်နိုင်သောကိစ္စ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် တောင်နံရံကြီးများလို မြင့်မားလွန်းသောကြောင့် ဖြစ်သည်။ လမ်းမှန်ကား ရေခဲတုံးနံရံကြီးနှင့် မလှမ်းမကမ်းတွင်ရှိသော ထင်းရှူးပင်ကြီးပေါ်မှနေ၍ ရေခဲနံရံပေါ်ခုန်ချပြီး လျှောဆင်းသွားမှသာလျှင် ရတနာသိုက်လိုဏ်ဂူအတွင်းသို့ ရောက်နိုင်မည်ဖြစ်သည်။

တုန်ရီချိုတို့ လင်မယားသည် ဤနေရာသို့ ရောက်နေသည်မှာ ကြာလှပြီဖြစ်သော်လည်း လမ်းမှန်ကို ရှာမတွေ့ကြသဖြင့် စုလတ်လားမားကြီးတို့ကို စောင့်နေကြခြင်းပင်။ ယခုမူ စုလတ်လားမားကြီးကို သတ်ဖြတ်နိုင်လိုက်သော်လည်း ကြောက်စရာကောင်းသော ရန်သူနှင့် ရင်ဆိုင်နေရလေပြီ။

လင်မယားနှစ်ယောက်စလုံးသည် အတွင်းဒဏ်ရာရနေသဖြင့် ကျားရှေ့ ရောက်သော သမင်ငယ်လို ဖြစ်နေကြချေပြီ။

ဖျိုင်းဖြူခေါင်းလစ်သည် အချိန်မတန်မီ စုလတ်လားမားကြီး သေဆုံးသွားသဖြင့် ဒေါသခြောင်းခြောင်း ထွက်နေသည်။ ထို့ကြောင့် လင်မယား နှစ်ယောက်စလုံးကို အသေသတ်ရန် စိတ်ကူးလိုက်တော့သည်။

ရုတ်တရက် အားတင်းပြီးရပ်နေသော မော်ချိုဗွားကို ခုန်အုပ်လိုက်တော့သည်။ မော်ချိုဗွားသည် ကျားနာဖြစ်နေပြီ ဖြစ်သဖြင့်



လက်ထဲမှ ဓားနှင့် အားကုန်ခုတ်တော့သည်။

သို့သော်.... သူမ ရင်ဆိုင်နေရသူသည် နယ်နယ်ရရ လူမဟုတ်။ သိုင်းအဓိပတိဖြစ်သည်။

ထို့ကြောင့် သူမ၏ ဓားကိုင်လက်ကို ဖျိုင်းဖြူခေါင်းလစ်က ဖြတ်ခနဲချုပ်ကိုင် ပစ်လိုက်သည်။ ထို့နောက် နောက်ကျော အကျိတ်ကို ဆွဲမကာ ဗိုခနဲ ကိုင်ပေါက်လိုက်တော့သည်။

"ဝုန်း .... ဗုန်း"

မော်ချိုဗွားသည် မှောက်ခုံကြီး ဖြစ်နေချေပြီ။ ပါးစပ်နှာခေါင်းနှင့် နားများမှာ သွေးစီး,စီးကျနေပြီ။

တုန်ရီချိုသည် ဇနီးသည်၏ အဖြစ်ဆိုးကို တွေ့လိုက်ရသဖြင့် တွန့်ခနဲ ဖြစ်သွားသည်။ ထို့နောက် တရကြမ်း ဝင်တိုက်လိုက်တော့သည်။

သို့သော် ခေါင်းလစ်က သူ့တိုက်ကွက်နှင့် ထိုးနှက်ချက်များကို လျှပ်ပြက်သလို ရှောင်တိမ်းပေးလိုက်သည်။ ဤတွင် တုန်ရီချိုက အဆိပ်အပ်များကို ထုတ်ယူလိုက်ပြီး ပစ်ပေါက်လိုက်ပြန်သည်။

ထို့နောက် ရှေ့ကိုတိုးပြီး ဓားကိုဝင့်ကာ တိုက်ခိုက်ပြန်၏။

အပ်ကလေးများသည် မြားကလေးများလို ပြေးသွားကြသကဲ့သို့ တဝင်းဝင်းလက်နေသော ဓားသည် ဗိုးခနဲ ဖွစ်ခနဲ မြည်သွားသည်။

သို့သော် ခေါင်းလစ်က အပ်များကို ရိုက်ထုတ်လိုက်ပြီး တုန်ရီချို၏ ဓားကိုင်လက်ကိုပါ ဖြောင်းခနဲမြည်အောင် ရိုက်ထုတ်လိုက်သည်။ တုန်ရီချိုမှာ အတွင်းဒဏ်ရာရထားသူဖြစ်သဖြင့် အားကုန်သုံးပြီး ရှောင်လိုက်သော်လည်း မလွတ်တော့ပေ။

ဖြောင်း ဖြောင်းဟူသော အသံများ ဆက်တိုက်မြည်သွားပြီးလျှင် လူပါ လွင့်စဉ်သွားတော့သည်။ မြေကြီးပေါ် ဗုန်းခနဲကျသွားပြီးနောက် လုံးဝ ပြန်မထနိုင်တော့ချေ။

သို့တိုင် ဗျိုင်းဖြူခေါင်းလစ်က မကျေနပ်နိုင်သေးချေ။ ရက်ရက်စက်စက် သတ်ဖြတ်ရန် တိုးကပ်သွားသေးသည်။

ထိုအချိန်မှာပင် ခေါင်းလစ်ရှေ့သို့ လူတစ်ယောက် ရောက်ရှိလာတော့သည်။ ဖျတ်ခနဲကြည့်လိုက်သောအခါ မကြာခင်က ယှဉ်ပြိုင်ခဲ့ရသော လူငယ်ဖြစ်နေတော့သည်။

လူငယ်က ....

"ခင်ဗျား အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ လူပဲ.... လုံးဝ မလှုပ်နိုင်တဲ့လူကို အသေသတ်ဖို့ ကြိုးစားတာဟာ သိုင်းသမားကောင်း မဟုတ်ဘူး....တကယ်တော့ ဟိုလူဟာ ခင်ဗျားထင်သလို အသက်မရှိတော့ပါဘူး.... ခင်ဗျားက ထပ်ပြီး ရက်စက်ချင်သေးသလား...."

ဗျိုင်းဖြူခေါင်းလစ် ဘာမျှမပြော။ လူငယ်ကိုသာ သတိထားပြီး ကြည့်နေတော့သည်။ လူငယ်မှာ အခြားသူမဟုတ်၊ ဟိုက်ဝူရန်ပင် ဖြစ်တော့သည်။

ဟိုက်ဝူရန်မှာ တည်တည်ငြိမ်ငြိမ် ရပ်နေရာမှ ရှေ့သို့ [illegible] တိုးလာသည်။

"ဟဲ .... ဟဲ .... ကျုပ်က ဘယ်သူများလဲလို့ .... ခင်ဗျားကို တွေ့ချင်နေတာနဲ့ အတော်ပဲဗျာ.... ကဲ....ပြဿနာကို တစ်ခါတည်း ရှင်းလိုက်ကြရအောင်လား ...."

ဗျိုင်းဖြူခေါင်းလစ်၏အသံက အေးစက်မာကျောနေသည်။



ဟိုက်ဝူရန်ကား နာကြည်းမုန်းတီးသော အကြည့်နှင့် ကြည့်နေသည်။ ထို့နောက် တစ်လုံးချင်းပြောလာသည်။

"ဒီနေ့ညဟာ ဘဝနှစ်ခုကို အဆုံးအဖြတ်ပေးမယ့်နေ့ပဲ .... ကျုပ်အသက်ရှင်နေရင် ခင်ဗျားအသက်ရှင်ခွင့် မရှိစေရဘူး.... ခင်ဗျား အသက်ရှင်ရင်လည်း ကျုပ်အသက်ရှင်နေဖို့ မလိုဘူး ...."

"ဟုတ်တယ်.... ကျုပ်လိုလူမျိုးဟာ.... လောကမှာ နှစ်ယောက် မရှိသင့်ဘူး.... ဂူတစ်ဂူထဲမှာ ခြင်္သေ့နှစ်ကောင် အောင်းလို့မရသလို၊ ဒီလောကကြီးထဲမှာ သိုင်းအဓိပတိဆိုတာ တစ်ယောက်တည်းပဲ ရှိရမယ် ...."

"ကောင်းပါပြီဗျာ.... ကျုပ်ကလည်း အဲဒီလူမျိုးနဲ့မှ တွေ့ချင်နေတာပါ.... အထူးသဖြင့် .... ခင်ဗျားဟာ ကျုပ်ဘဝမှာ အတွေ့ချင်ဆုံး လူပါ ...."

ဗျိုင်းဖြူခေါင်းလစ်သည် တုန်ရီရှိုကို လှမ်းကြည့်လိုက်သည်။ တုန်ရီရှိုတို့လင်မယားသည် အသက်ကင်းမဲ့နေကြလေပြီ။ ကိစ္စတစ်ခု ရှင်းသွားပြီ။ ရှင်းရန် တစ်ခုသာကျန်တော့သည်။

"ဟော .... ဟိုမှာ တွေ့လား .... အလောင်းနှစ်လောင်း၊ ခင်ဗျားလည်း ဒီလိုပဲ သေရမယ် ...."

ဗျိုင်းဖြူခေါင်းလစ်က ကြိမ်းသည်။ ဟိုက်ဝူရန်က ရယ်၏။

ရုတ်တရက် ခေါင်းလစ်သည် ဟိုက်ဝူရန်ကို လက်ဦးမှုယူပြီး ခုန်အုပ်လိုက်သည်။ တစ်ပြိုင်နက်တည်းတွင်လည်း ကြောက်စရာကောင်းသော ရိုက်ချက်ကိုပါ ထုတ်သုံးလိုက်သည်။

ဟိုက်ဝူရန် တွန့်ခနဲဖြစ်သွားသည်။ သို့သော် ခေါင်းလစ်၏

တိုက်ကွက်ကို အလျင်းဂရုမစိုက်ချေ။

ရပ်နေရာမှ လှစ်ခနဲ နောက်ဆုတ်ပေးလိုက်သည်။ ဖျိုင်းဖြူ ခေါင်းလစ်၏ ...နှံ့အုပ်ချက်နှင့်ရိုက်ချက်ပါ လွဲချော်သွားသည်။ ခေါင်းလစ် မကျေနပ်။ ဒေါသ ပိုထွက်လာသည်။

ထို့နောက် ကျားသစ်ကြီးလို ခုန်အုပ်လိုက်သည်။ ဟိုက်ဂူရန်က စောစောက ရှောင်ကွက်အတိုင်း နောက်ဆုတ်ပေးလိုက်ပြန်၏။ ခေါင်းလစ်၏ ဒုတိယတိုက်ကွက် လွဲချော်သွားပြန်သည်။

ဖျိုင်းဖြူခေါင်းလစ် ကြိတ်မနိုင်ခဲမရ ဖြစ်လာတော့သည်။ မိမိ တစ်သက်တွင် မည်သူ့ကိုမျှ သုံးကွက်ပြည့်အောင် မတိုက်ခဲ့ရ။ ယခုမူ ဘာမဟုတ်သည့် လူငယ်က မိမိတိုက်ကွက်ကို မခိုးမခန့် လုပ်နေချေပြီ။

ထို့ကြောင့် အားအကောင်းဆုံးနှင့် အထိရောက်ဆုံးသော တိုက်ကွက်ကိုသုံးရန် ဆုံးဖြတ်ရတော့သည်။

ဖျိုင်းဖြူခေါင်းလစ်သည် ဟာကွက်ကို ရှာနေရင်းက မာန်သွင်းသံပေးလိုက်သည်။ ထို့နောက် မြေကြီးကို ဆောင့်ကန်ကာ သိမ်းငှက်ကြီးလို ပျံတက်သွားသည်။ တစ်ပြိုင်နက်တည်းတွင် ဗိုးခနဲမြည်ပြီး ပြန်ကျလာသည်။

ဟိုက်ဂူရန်၏ ခေါင်းပေါ်ကို ချိန်သားကိုက် ခုန်အုပ်တိုက်ခိုက်ခြင်းပင်။ ဤအကြိမ်၌ ဟိုက်ဂူရန်သည် ရှောင်တိမ်းနောက်ဆုတ်ရန် မရည်ရွယ်တော့ချေ။

◆◆◆



ခေါင်းလစ်၏ ခြေကွက်လက်ကွက်များ ကိုသာ ဂရုစိုက်ကြည့်နေသည်။ ထို့နောက် လျှပ်ပြက်သလို လှုပ်ရှားပြီး တန်ပြန်တိုက်ကွက်ထုတ်လိုက်တော့သည်။

"ဗိုး .... ဗိုး .... ဝှစ်"

ခေါင်းလစ်သည် ဟိုက်ဂူရန်၏ တုံ့ပြန်ကွက်ကို ထိပ်တိုက်ရင်မဆိုင်ရဲသဖြင့် ချက်ချင်းနောက်ပြန်ဆုတ်သွားသည်။

"ကောင်းလိုက်တဲ့ သိုင်းကွက် .... ဒီလို သိုင်းကွက်ရှင်နဲ့မှ ကျုပ်က တိုက်ချင်တာ .... ဟဲ .... ဟဲ"

ခေါင်းလစ်သည် စကားဆုံးသည်နှင့် အရက်မူးသမားကြီးလို ယိမ်းထိုး လှုပ်ရှားလာတော့သည်။ ဤသိုင်းကွက်သည် နာမည်ကျော် အရက်မူး လင်းယုန်သိုင်းကွက်ပင် ဖြစ်တော့သည်။

ဟိုက်ဂူရန်သည် ဤသိုင်းကွက်၏ စွမ်းအားကို သိရှိထားသူဖြစ်သဖြင့် သတိကြီးစွာ ထားနေရတော့သည်။

ခေါင်းလစ်၏ အရက်မူး လင်းယုန်တိုက်ကွက်သည် တစ်ချိန်ထက်တစ်ချိန် ပိုပြီးသွက်လက်လာသည်။

ဟိုက်ဂူရန်သည် ရပ်နေရာမှ အနောက်ဘက်ကို ရွှေ့သွားသည်။

ခေါင်းလစ်၏ လှုပ်ရှားမှုသည် မြန်သည်ထက် မြန်လာပြီး ဘယ်ဟာလူ ဘယ်ဟာ အရိပ်ဟူ၍ပင် ခွဲခြားမရအောင် ဖြစ်လာသည်။

ရုတ်တရက် ခေါင်းလစ်သည် လင်းယန်ကြီးလို ခုန်ပျံတက်သွားပြန်သည်။ ထိုသို့ တက်သွားရင်းကလည်း မစီချင်အောင် လှမ်းပြောပြန်သည်။

"မိတ်ဆွေ .... ခင်ဗျား မျက်လုံးကိုပြူးအောင် ကြည့်ထား.... သိုင်းလောကမှာ ဒီလိုသိုင်းကွက်မျိုး မြင်ဖူးသလား .... ဒီသိုင်းကွက်ရဲ့နာမည်ကို ၄   း .... ပြောနိုင်ရင် ခွင့်လွှတ်မယ် .... မပြောနိုင်ရင်တော့ သေဖို့သာပြင်ထား .... ဟား .... ဟား"

ခေါင်းလစ်သည် မြေကြီးပေါ် ပြန်ရောက်လာပြန်သည်၊ သိုင်းကွက် လှုပ်ရှားမှုကား သွက်လက်မြသွက်လက်ဆဲ။

ဟိုက်ဝူရန်သည် ဘာစကားမျှမပြောဘဲ ခေါင်းလစ်၏ လစ်ဟာကွက်များကို မျက်ခြည်မပြတ် လေ့လာနေတော့သည်။

ခေါင်းလစ်ကား သူ၏ သိုင်းကွက်များကို အကွက်စေ့သည်ထက်စေ့အောင် ခင်းကျင်းနေဆဲတည်း။

"ခင်ဗျားက ကျုပ်ကိုအလွယ်နဲ့တိုက်လို့ မရမှန်းသိသားပါ ဒါကြောင့်မို့ အားကုန် အင်ဂုန် အစွမ်းထုတ်နေတာပေါ့ဟုတ်လား ဒါပေမယ့် ခင်ဗျားသိုင်းကွက် ဘာသိုင်းကွက်ဆိုတာ သိပြီးသားပါ"

"ကြွားမနေစမ်းပါနဲ့ .... ဘာသိုင်းကွက်ဆိုတာ ပြောစမ်းပါ"

"ဒီသိုင်းကွက်က ခင်ဗျားရဲ့ အကောင်းဆုံးသိုင်းကွက်ဖြစ်တဲ့ အရက်မူး လင်းယုန်သိုင်းကွက်ပါ .... "

ဟိုက်ဝူရန်သည် စကားဆုံးသည်နှင့် ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားလိုက်သည်။ ခေါင်းလစ်သည် မြင်ကွင်းမှ ပျောက်ကွယ်သွားသော ဟိုက်ဝူရန်ကို တအံ့တသြ ဖြစ်သွားသည်။ အတန်ကြာမှ မျက်နှာချင်း ပြန်ဆိုင်မိကြသည်။

"ခင် .... ခင်ဗျားက ဒီသိုင်းကွက်ကို သိနေတယ်လား .... ဒါဆို ခင်ဗျားဟာ ကျုပ်တို့အဖွဲ့ဝင်ပဲ ဖြစ်မယ် ...., အင်း ....



ါလည်း မဖြစ်နိုင်ဘူး .... ခင် .... ခင်ဗျား ဘယ်သူလဲ .... ပြော .... ပြော .... မ ပြောရင် သေပြီသာမှတ် .... "

ခေါင်းလစ် ဒေါသကြီးလာသည်။ အစ္ဆုတ္တသန္တာန်၌ကား ကြောက်ခြင်း၊ စိုးရိမ်ခြင်း၊ အံ့သြခြင်း စသည်တို့ လွှမ်းမိုးကြီးစိုးနေပြီ။

ဟိုက်ဝူရန်က ဟက်ခနဲရယ်ပြီး ပြန်ပြောသည်။

"ဟား .... ဟား .... ခင်ဗျားက ကျုပ်ကို အသေသတ်မယ်ဟုတ်လား .... ရယ်စရာကောင်းတယ် .... ကျုပ်ကို ခင်ဗျားအသေ မသတ်နိုင်ပါဘူးဗျာ .... ဟား .... ဟား .... "

ဟိုက်ဝူရန်က ပြောပြောဆိုဆို ရှေ့ကို တစ်လှမ်းတိုးသွား၏။ အလွန်ထူးခြားသော သိုင်းကွက်တစ်ကွက်ကိုလည်း နင်းပြလိုက်သည်။ သူ၏ သိုင်းကွက်သည် ခုခံကွက်နှင့် တိုက်ကွက်ကို ပေါင်းစည်းထားသော သိုင်းကွက်ဖြစ်သည်။

ဖျိုင်းဖြူခေါင်းလစ် မျက်လုံးပြူးသွားသည်။

ဤသိုင်းကွက်သည် အရက်မူး လင်းယုန်တိုက်ကွက်ကို ဖြိုခွင်းသော တိုက်ကွက်ပင်။

ထိုအချိန်၌ လရောင်သည် ဝင်းဝင်းပပကြီး ဖြာကျလာ၏။

ထို့ကြောင့် တစ်ယောက်ကိုတစ်ယောက် သဲကွဲစွာ မြင်နေရပေပြီ။

ဖျိုင်းဖြူခေါင်းလစ်သည် ဟိုက်ဝူရန်ကို ကြည့်ရင်း ....

"ဘယ်သူပါလိမ့် .... ဘယ်သူပါလိမ့်"

ဟုသာ တွေးနေမိတော့သည်။ သို့သော် အဖြေကား မရခဲ့ချေ။ ဤလူငယ်သည် သိုင်းအစိပတိကား သေချာနေပေပြီ။

ဖျိုင်းဖြူခေါင်းလစ် စိမ့်ကြောက်လာတော့၏။ မိမိ တစ်သက်တာတွင် ဤလူငယ်ကို တစ်ကြိမ်မျှ မတွေ့ဘူးဟုထင်သည်။ သို့သော် ဘာကြောင့်ရယ်မသိ ကြောက်ရွံ့မှုများ ဖြစ်ပေါ်နေလေ၏။ မည်သည့် အချိန်အခါကမျှ ကြောက်ရွံ့စိတ် မရှိခဲ့ဘူးသော ဖျိုင်းဖြူခေါင်းလစ်သည် မိမိရင်တွင်းမှ ကြောက်စိတ်ကိုပင် တအံ့တသြ ဖြစ်နေမိတော့သည်။ သည်ကြားထဲက ဟိုက်ဝူရန်ကို စေ့စေ့ကြည့်နေမိပြန်သည်။

ကြည့်ရင်းကြည့်ရင်းမှာပင် ဟိုက်ဝူရန်၏ မျက်လုံးအိမ်ထဲမှ အတွင်းဒဏ်ရာ၏ အရိပ်လက္ခဏာများကို တွေ့လာရတော့သည်။

ထို့ကြောင့် အားတက် ဝမ်းသာလာပြန်သည်။

"ဟား .... ဟား .... မိတ်ဆွေကိုကြည့်ရတာ နာတာရှည်ရောဂါ ရနေတဲ့လူနဲ့တူတယ် .... မဟုတ်မှလွဲရော မိတ်ဆွေဟာ အတွင်းဒဏ်ရာ ရှိနေသေးတဲ့လူပဲ .... "

ဟိုက်ဝူရန် တအံ့တသြ ဖြစ်သွားသည်။

ဖျိုင်းဖြူခေါင်းလစ်၏ မျက်လုံးအစုံသည် စူးရှထက်မြက်သော မျက်လုံးပေတကား။

"အပိုစကားတွေ ပြောမနေစမ်းပါနဲ့ဗျာ .... ကျုပ် ဘယ်လို အခြေအနေမျိုး ဖြစ်နေ .... ဖြစ်နေ .... ခင်ဗျားကိုတော့ အနိုင်တိုက်နိုင်တဲ့ စွမ်းအားတွေ ရှိနေပါသေးတယ် .... ဟဲ .... ဟဲ"

"ခင်ဗျားက ကိုယ့်ကိုယ်ကို အတော်ထင်ကြီးနေတဲ့လူကိုး.... ခင်ဗျား အရက်မူး လင်းယုန်သိုင်းကွက်ကို တကယ်အနိုင်တိုက်နိုင်ပါ့မလား .... "

"စမ်းကြည့်ရင် သိရမှာပေါ့ .... "



ဖျိုင်းဖြူခေါင်းလစ် ပခုံးတွန့်သွားသည်။ ဤလူငယ်သည် အလွန်ခေါင်းမာသော လူငယ်တည်း။ စကားများနေ၍ မဖြစ်၊ လက်နှမ်းပြမှ ဖြစ်တော့မည်။ ထို့ကြောင့် လက်နှစ်ဖက်ကို ဆန့်တန်းပြီး သိုင်းကွက်သစ်တစ်ခုကို ထုတ်ပြလိုက်သည်။

ဟိုက်ဝူရန်ကလည်း ဖြို့ခွင်းကွက်ကို ထုတ်ပြလာသည်။

ထို့နောက် တစ်ယောက်ကိုတစ်ယောက် ကျားချောင်းချောင်းပြီး လှုပ်ရှားလာကြတော့သည်။

ဖျိုင်းဖြူခေါင်းလစ်၏ လှုပ်ရှားမှုမှာ အလွန်လျင်မြန်လွန်းသဖြင့် လူတစ်ယောက်တည်းမှနေ၍ လူရိပ်ပေါင်းများစွာဖြစ်ပေါ်လာသည်။

ဟိုက်ဝူရန်ကား တစ်ချက်မျှမလှုပ်ဘဲ ငြိမ်ကြည့်နေလေသည်။ ထို့နောက် တစ်ဘက်သို့ယိမ်းပြီး ခါးကုန်းလိုက်သည်။

ဖျိုင်းဖြူခေါင်းလစ်၏ လှုပ်ရှားမှု သွက်လက်နေသလောက် ဟိုက်ဝူရန်၏ လှုပ်ရှားမှုသည် လေးလံနှေးကွေးသည်။

ဟိုက်ဝူရန်သည် ခါးကုန်းအနေအထားမှ ခြေနှစ်ချောင်းကို ကွေးပြီးထိုင်သလို ညွတ်ချသည်။

ထိုစဉ် ခေါင်းလစ်က လင်းယုန်ငှက်ကြီးလို ခုန်ပျံလိုက်ပြီး ကြက်ကို စွန်သုတ်သလို ခုန်အုပ်လာတော့သည်။ အရှိန်သည်ကြီးပြီး လျှပ်ပြက်သည်ထက် မြန်သည်။

သို့သော် ဟိုက်ဝူရန်က ဖျတ်ခနဲထပြီး ရိပ်ခနဲ ရှောင်ထွက်သွားသည်။ ထို့နောက် တစ်ယောက်ကိုတစ်ယောက် အကွက်ချောင်းပြီး ချာလပတ်လှည့်နေကြပြန်သည်။ ရုတ်တရက် ခေါင်းလစ်သည်

လှစ်ခနဲခုန်ပြီး ဟိုက်ဝူရန်၏ပခုံးကိုဖမ်းချုပ်လိုက်တော့သည်။ ဟိုက်ဝူရန်က မရှောင်။ ခေါင်းလစ်၏ပခုံးကို ပြန်ဖမ်းချုပ်လိုက်သည်။ ထို့နောက် တစ်ယောက်နှင့်တစ်ယောက် တွန်းလိုက်၊ ရုန်းလိုက်နှင့် ဘာတပြန် ကျားတပြန် တိုက်ခိုက်ကြတော့သည်။

နှင်းပွင့်နှင်းခဲများသည် သိုင်းသမားကြီးနှစ်ယောက်၏ လှုပ်ရှားမှုကြောင့် ပလူပျံသလို ဖွာခနဲ ဖွာခနဲ ဖြစ်နေတော့သည်။

ဖျိုင်းဖြူခေါင်းလစ်သည် ချုပ်ကိုင်ထားသော လက်ကို ပြန်ရုပ်လိုက်ပြီး ဟိုက်ဝူရန်၏ ခါးတစ်ဝိုက်ကို တိုက်ခိုက်လာပြန်သည်။ ဟိုက်ဝူရန်ကခန္ဓာကိုယ်ကို ချာလပတ်လှည့်တိမ်းရှောင်လိုက်ပြီး လက်ဝါးရိုက်ချက်ကို ထုတ်သုံးလိုက်သည်။

ဤတွင် ခေါင်းလစ်၏ လက်ဝါးနှင့်ထိတွေ့သွားပြီး ဖြန်းဖြန်းဟူသော အသံကြီး မြည်ဟည်းသွားသည်။ နှစ်ယောက်စလုံးလည်း တုန်ဆင်းသွားကြသည်။ ထို့နောက် လူချင်းကွဲကွာသွားတော့သည်။

ဖျိုင်းဖြူခေါင်းလစ်သည် သုံးလံလောက် လွင့်ထွက်သွားရာမှ ဟိုက်ဝူရန်ကို စိုက်ကြည့်လာသည်။ ထို့နောက် ရပ်နေရာမှ ဝှီးခနဲ ခုန်ပျံပြီး ပြေးထွက်သွားတော့သည်။

ဟိုက်ဝူရန်သည် မယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားသည်။

ဖျိုင်းဖြူခေါင်းလစ်သည် အရှုံးအနိုင်မပေါ်သေးပါဘဲ အဘယ်ကြောင့် ရှောင်ထွက်သွားလေသနည်း။

"မိတ်ဆွေကြီး နေပါဦးဗျ .... "

ဟိုက်ဝူရန်က ကမန်းကတန်း လှမ်းအော်ရင်း သုံးလက်မခန့်ရှိသော သံစူးမြားတံလေးကို ဝှီးခနဲပစ်လွှတ်လိုက်သည်။

သို့သော် ဟိုက်ဝူရန်၏ တိုက်ခိုက်မှုသည် အချည်းအနှီးဖြစ်သွားသည်။

ဖျိုင်းဖြူခေါင်းလစ်သည် လျင်မြန်သော အရှိန်အဟုန်နှင့် ပျောက်ကွယ်သွားပေပြီ။ ဟိုက်ဝူရန် ပြေးလိုက်သော်လည်း အစအနပင် ရှာမတွေ့တော့ချေ။

ဟိုက်ဝူရန် သက်ပြင်းချမိတော့သည်။

ဖျိုင်းဖြူခေါင်းလစ်သည် မည်သည့်ယှဉ်ပြိုင်ပွဲ၌မဆို အရှုံးအနိုင်ပေါ်မှ ကျေနပ်သူ၊ ရပ်တန့်သူ ဖြစ်သလို့။

ယခုမူ သူ၏အလေ့အကျင့်ကိုပင် ဖျက်သိမ်းပြီး ပျောက်ကွယ်သွားပေပြီ။ ဤအပြုအမူသည် ထူးခြားလှသော အပြုအမူပင်။

စဉ်းစားမိပြန်သည်ကား ဖျိုင်းဖြူခေါင်းလစ်သည် မိမိကို နိုင်ကွက်မပေါ်သဖြင့် နာမည်ပျက်မခံဘဲ ရှောင်ထွက်သွားခြင်း ဖြစ်လိမ့်မည်။ နောက်နောင်တွင် မိမိကို အပြတ်ရှင်းရန် စီစဉ်လာပေလိမ့်မည်။

နောက်တစ်ချက်ကား ....

မိမိတို့လက်ဝါးချင်းတွေ့ဆုံစဉ် မိမိ၏ နောက်ထပ်ဝင်လာမည့် သိုင်းကွက်ရိုက်ချက်ကို ကြိုသိနေ၍ ရှောင်ထွက်သွားခြင်း ဖြစ်နိုင်သည်။

ဤအချက်သည် ဖျိုင်းဖြူခေါင်းလစ်၏ အကင်းပါးသော အချက်ပင်။

◆◆◆

အခန်း ၄၉။

## ရတနာသိုက် ဂူတွင်းတိုက်ပွဲ

ပုံတာလနန်းတော်မှ ရတနာသိုက်ဂူသည် သိုင်းလောကသားတို့ မဟုတ်မဟတ် လုပ်ကြံပြောနေသော စကား မဟုတ်ချေ။ အမှန်တကယ် တည်ရှိနေသောအရာကို မှန်မှန်ကန်ကန် ပြောဆိုနေကြသော စကားများသာ ဖြစ်သည်။

ဤအချက်မှန်ကြောင်း ဟိုက်ဝူရန်နှင့် ရိပ်ဆန်ရန်တို့ တွေ့ကြရလေပြီ။ ဟိုက်ဝူရန်နှင့် ရိပ်ဆန်ရန်တို့သည် ကြီးမားသော ဖွဲလုံလနှင့် ရေခဲကျောက်တောင်ပေါ် ရောက်ရှိခဲ့ကြသည်။ ထိုမှ လျှောဆင်းမိကြသောအခါ သိုင်းလောကတစ်ခုလုံး စိတ်ဝင်စားနေကြသော ရတနာသိုက်ဂူကို တွေ့ကြရတော့သည်။

သူတို့သည် ဂူပေါက်ဝကြီးမှ ဝင်ခဲ့ကြပြီးနောက် ကျယ်ပြန့်သော မြေညီပြန့်တစ်ခုကို တွေ့ခဲ့ကြပြီး အရွယ် အစားစားရှိသော သေတ္တာကြီး သေတ္တာငယ်များကိုပါ တွေ့ကြရသည်။ သေတ္တာများကို ဖွင့်ကြည့်လိုက်သည့်အခါ အရည်အသွေး ကောင်းလှသော ရွှေတုံးကြီးများနှင့် ပတ္တမြား၊ နီလာ၊ မြ၊ ပုလဲ၊ စိန် စသည်ဖြင့် ကျောက်မျက်ရတနာမျိုးစုံကို တွေ့မြင်ရတော့သည်။



ရိပ်ဆန်ရန်သည် မြောက်မြားစွာသော ရတနာများကို တွေ့မြင်လိုက်သည်နှင့် မျက်နှာကြီး ဝင်းထိန်သွားပြီး ခုန်ဆွ ခုန်ဆွ ဖြစ်နေတော့သည်။

ဟိုက်ဝူရန်သည် ရိပ်ဆန်ရန်ကိုကြည့်ပြီး မှုံပြုံး ပြုံးလိုက်မိ၏။

အချိန်သည် အရုဏ်ကျင်း၍ အလင်းဆောင်ချိန် ဖြစ်သဖြင့် နေရောင်ခြည်သည် ကျောက်မျက်ရတနာများပေါ် ဖြာကျနေသည်။ နေရောင်နှင့် ကျောက်မျက်ရတနာတို့၏ အရောင်သည် ရောင်မျိုးစုံ ယှက်ဖြာနေသည်။ ရေခဲကျောက်တိုင်များမှ ဖြာကျနေသော အလင်းတန်းများသည် ဂူကြီးတစ်ခုလုံးကို လင်းထိန်နေစေလေပြီ။

ဟိုက်ဝူရန်နှင့် ရိပ်ဆန်ရန်တို့မှာ သေတ္တာအချို့ကျိုးပေါက်ပြီး ပြန့်ကျဲနေသော ရတနာများကို သိမ်းဆည်းစုပုံနေရသည်မှာ အလုပ်ကြီးတစ်ခုလို ဖြစ်နေသည်။ အချိန်အတော် ကုန်လွန်သွားပြီးမှ အနားယူချိန် ရောက်လာသည်။ နှစ်ဦးသား ကျောက်ဂူနံရံများတွင်မှီပြီး အပန်းဖြေကြရတော့သည်။

ရိပ်ဆန်ရန်သည် ရွှေတုံး ရွှေခဲကြီးများနှင့် ကျောက်မျက်ရတနာများကို ငမ်းငမ်းတက် ကြည့်နေရင်းက ဟိုက်ဝူရန်ကို လှမ်းပြောသည်။

"ရတနာသေတ္တာတွေက အံ့ဩလောက်အောင် များတာပဲ ဆရာလေးရဲ့ .... ဒါတွေကို ဘယ်လိုသယ်ယူရမယ်ဆိုတာတောင် မစဉ်းစားတတ်တော့ဘူး .... "

"ဒီလိုလုပ်လေ ဆရာကြီးရဲ့ .... ကျွန်တော် ဒီကစောင့်မယ်၊ ဆရာကြီးက အပြင်ထွက်ပြီး မြင်းဖြစ်ဖြစ် .... လားဖြစ်ဖြစ် .... ကုလားအုတ်ဖြစ်ဖြစ် ရအောင်ရှာ .... သိပ်တော့ မကြာစေနဲ့ ....

မတွေ့ရင်လည်း မြန်မြန်ပြန်လာ .... "

"ကောင်းပြီ .... "

ပြောသာ ပြောရသည်။ ဤနေရာ ဤဒေသ၌ လိုအပ်သော တိရစ္ဆာန်ကို မည်သို့ရှာဖွေရမည်နည်း။ ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်ကို တစ်ပတ်လောက်တော့ ပတ်ကြည့်သင့်သည်။ ရိုပ်ဆန်ရန်သည် ထွေထွေထူးထူး ဘာမျှစဉ်းစားမနေတော့ဘဲ ထွက်ခွာသွားတော့သည်။

ဟိုက်ဝူရန်သည် ရိုပ်ဆန်ရန် ပျောက်ကွယ်သွားသည်နှင့် ရဟာနာ သေတ္တာများကို နေရာတကျဖြစ်အောင် စီလိုက်သည်။ အချို့ကိုကား သီးခြားအနေအထားနှင့် စက်ဝန်းပုံသဏ္ဍာန်ပတ်စီသည်။ အပေါ်မှ စီးကြည့်လျှင် ခြောက်ထောင့်ပုံသဏ္ဍာန်ဖြစ်ပြီး သေတ္တာတစ်လုံးနှင့် တစ်လုံးကြားတွင် အဝင်အထွက် လွယ်အောင် လမ်းကလေးများ ပြုလုပ်ထားသည်။

ထို့နောက် အလယ်ဗဟို ကွက်လပ်တွင် တင်ပျဉ်ခွေထိုင်လိုက်ပြီး သိုင်းကျင့်စဉ်ကို စ,ကျင့်သည်။ ရသည့်အချိန်ကို အလဟဿ အဖြစ်မခံချင်ပါ။ သို့နှင့် နေဝင်ပြီး ဆည်းဆာရောင်သမ်းလာသည်။ မိုးချုပ်စပြုချိန်ဖြစ်တော့ ဟိုက်ဝူရန်သည် ထိုအခါကျမှ သိုင်းကျင့်စဉ်ကို ရပ်လိုက်သည်။

ရိုပ်ဆန်ရန်ကား ပြန်ရောက်မလာသေး။ ထိုစဉ် ရေစီးသံလိုအသံများကို ကြားလိုက်မိသဖြင့် နားစွင့်ပြီး အာရုံစိုက်လိုက်မိသည်။ မိမိထိုင်နေသော နေရာအောက်မှ ဖြစ်သည်။ လိုဏ်အောက်တွင် စမ်းရေစီးချောင်းတစ်ခု ရှိနေလိမ့်မယ်။ ဤရေစီးချောင်းကို ထူထပ်သော ရေခဲတုံးကြီးများက ဖုံးအုပ်ထားခြင်း ဖြစ်လိမ့်မည်။



ဟိုက်ဝူရန်သည် ရောက်တတ်ရာရာများကို တွေးနေမိပြန်သည်။ ဤရတနာသိုက်ကိစ္စနှင့် ပတ်သက်ပြီး အားအကောင်းဆုံးနှင့်ကြောက်စရာ အကောင်းဆုံးဖြစ်သည့် ဗျိုင်းဖြူခေါင်းလစ်သည် မိမိကိုရှောင်တိမ်းသွားခဲ့လေပြီ။ လောလောဆယ်၌ကား ဗျိုင်းဖြူခေါင်းလစ်သည် ပေါ်လာလိမ့်မည် မဟုတ်ချေ။

တုန်ရီရှိုတို့ လင်မယားသည် ဇိဝိန်ကြွေသွားကြလေပြီ။ သို့သော် အခြေအနေသည် စိတ်မချရသေး။ တစ်စုံတစ်ယောက်သော ရန်သူများသည် ရောက်လာကောင်း ရောက်လာကြလိမ့်ဦးမည်။

◆◆◆

ရုတ်တရက် လူတစ်ယောက်သည် ရေခဲကျောက်တိုင်ပေါ်မှ နေ၍ ဖြတ်ခနဲခုန်ဆင်းလာသည်။ ဟိုက်ဝူရန်သည် မျက်လုံးမှိတ်ပြီး မှေးနေရာမှ ဖြတ်ခနဲ လှမ်းကြည့်လိုက်သည်။ မယ်သီလရှင်ဝတ်စုံနှင့် မိန်းမကြီးတစ်ယောက်ပင်။

မယ်သီလရှင်ကြီးသည် မြေကြီးပေါ် ခြေချမိသည်နှင့်ရေခဲတိုင်များရှိရာသို့ လှမ်းကြည့်ပြီး လက်ယမ်းပြန်လိုက်၏။ ဤတွင် မယ်သီလရှင် လေးပါးက ဖျတ်ခနဲ ဖျတ်ခနဲ ခုန်ချလာသည်။ သူတို့သည် ကြိုတင်စီစဉ်ထားကြဟန်နှင့် လူစုခွဲပြီး ရပ်လိုက်ကြ၏။ ဟိုက်ဝူရန်ကို ဝိုင်းရံလိုက်သည့်ပုံစံ ဖြစ်သည်။

မယ်သီလရှင်ကြီးက ထပ်မံ အချက်ပြလိုက်သည်နှင့် မယ်သီလရှင်လေး လေးပါးသည် လွယ်ထားသော ဓားအိမ်များထဲမှ ဓားများကို တစ်ပြိုင်နက် ထုတ်လိုက်ကြ၏။

ထိုစဉ် မယ်သီလရှင်ကြီးက ဟိုက်ဝူရန်ကို လှမ်းကြည့်ပြီး စကားဆိုလာသည်။

"ဒကာလေး ကျန်းခံ့သာလို့မာပါစေ .... "

ဟိုက်ဝူရန်က ဘာမျှမပြောဘဲ မျက်တောင်မခတ်စိုက်ကြည့်၏။ မယ်သီလရှင်ကြီးက လက်အုပ်ချီ ဂါရဝပြုဟန်နှင့် ထပ်ပြောသည်။

"ဒကာလေးကို ဓားမြှောင်စိုလ်လီမြောက်ကျင်က နှုတ်ခွန်းဆက်ပါတယ်.... ကဲ.... ဆရာလေးတို့ကလည်း နာမည်ကို ထုတ်ဖော်ပြောကြားလိုက်ပါတယ် .... "

ဓားလွှတ်ကိုင်သီလရှင်လေးပါးက တစ်ယောက်ချင်းပြောလာ၏။

"ဆရာလေး နာမည်က ပေ့ရီ .... "

"ဒီက .... လုဟို"

"ဆရာလေးက လုချီး .... "

"ဒီကတော့ လုလင် .... "

သီလရှင်လေးပါးသည် နာမည်များကို ထုတ်ဖော်ပြောပြီးသည်နှင့် ပုလင်းရာလေးတစ်လုံးစီ ထုတ်လိုက်ကြပြန်သည်။ ထို့နောက် ဟိုက်ဝူရန်ကို မြှောက်ပြသည်။ ပုလင်းထဲတွင် မည်သည့်ပစ္စည်းများ ထည့်ထားသည်ကို ဟိုက်ဝူရန် မသိပေ။

ဟိုက်ဝူရန်သည် ငြိမ်သက်နေရာမှ ခပ်အေးအေး ပြောလာသည်။

"ကျုပ်က ဘယ်သူတွေများလဲလို့ .... လက်စသတ်တော့ ဘာသာရေး အရေခြုံပြီး မဟာက်ကာလပ်နေတဲ့ လူတွေကိုး .... ဘာလဲ ခင်ဗျားတို့က ဓားပြတိုက်ကြမလို့လား .... "

"ဒီလို မစွပ်စွဲပါနဲ့ ဒကာလေး .... ကျုပ်တို့က အတ္တလောဘကင်းနေတဲ့ သူတွေပါ .... ခုလို ခရီးဝေးက ရောက်လာတာဟာ ဒကာလေးဆီက အလှူခံချင်လို့ပါ .... "

"ဟား .... ဟား .... ဆရာလေးဟာ သိုင်းလောကထဲက စွန့်ခွာထားသူလို့ ကြားဖူးခဲ့ပါတယ်.... ခရီးအဝေးကြီးကနေ ဒီလိုလာပြီး ဒီကိုလာပြီး အလှူခံနေတာဟာ တော်တော် အံ့ဩစရာကောင်းတဲ့ ကိစ္စပဲ .... "

"ဒကာလေးက ဆရာလေးပြောတာကို မယုံဘဲကိုး .... ကျုပ်တို့ဟာ အလှူခံလို့ရတာတွေကို ကိုယ်ကျိုးအတွက် အသုံးချသူတွေ မဟုတ်ပါဘူး .... သာသနာရေးနဲ့ ဘာသာရေးကိစ္စတွေမှာ အသုံးပြုကြတာပါ .... ခုလို အလှူခံလာတာဟာလည်း ဘုရားကျောင်းအသစ်ဆောက်ဖို့နဲ့ ပျက်စီးနေတဲ့ ဘုရားကျောင်းနဲ့ .... ဇရပ်တွေကို ပြုပြင်ဖို့ပါ .... ဒါကြောင့် အလှူငွေထည့်ပါလို့ တောင်းဆိုတာပါ .... "

ဟိုက်ဝူရန်က ဘာမျှမပြော။ ငြိမ်ပြီး တွေးနေမိသည်။

တွေ့ရှိနေရသော ရတနာများကား သယ်၍မကုန်၊ သုံး၍မကုန်အောင် များပြားလွန်းနေသည်။ လီမြောက်ကျင် ဘာပဲပြောပြော တစ်သောင်းလောက် ပေးလိုက်လျှင် အေးမည် ထင်သည်။ လောလောဆယ်၌ကား သွေးထွက်သံယိုမဖြစ်ဘဲ အေးချမ်းသွားဖို့ အရေးကြီးသည်။

ဟိုက်ဝူရန်သည် အတွေးကိုဖြတ်ပြီး လှမ်းပြောလိုက်သည်။

"ကဲ .... ဆရာလေး .... ဆရာလေးတို့ အဝေးကြီးကနေ

လာပြီး အလှူခံတယ်ဆိုတော့.... ဒီအတိုင်း ပြန်ပါလို့လည်း ပြောလို့ မကောင်းပါဘူး.... ရတနာပစ္စည်းတွေဟာ ကျုပ်တွေ့ရှိထားတဲ့ ပစ္စည်းတွေဖြစ်တော့ ကျုပ်ပဲပိုင်ပါတယ်.... ဒါပေမယ့် ဒီရတနာပစ္စည်းတွေရဲ့ ပိုင်ရှင်အစစ်ဟာ တိဗက်ပြည်သူတွေပဲ.... ဒါကြောင့်မို့ ဒီရတနာတွေကို တိဗက်ပြည်သူ ပြည်သားတွေရဲ့ အကျိုးစီးပွားအတွက် အသုံးပြုရမှာ ဖြစ်ပါတယ်.... ဒါကို ကျုပ်ကတိပြုထားပြီးပါပြီ .... ဒီကြားထဲက ဆရာလေးက .... ဘာသာ သာသနာအတွက် အလှူခံနေတော့.... ငြင်းဖို့မကောင်းပြန်ဘူး၊ ဒီတော့.... ရတနာ တစ်သေတ္တာတော့ လှူလိုက်ပါမယ် .... ကြိုက်ရာသေတ္တာကို ရွေးပြီးယူသွားပါ .... ”

“ဟား.... ဟား.... ဟား.... ဒကာလေးက တော်တော်ရက်ရောတဲ့ ဒကာလေးပဲ.... အပြောလည်း တော်တော်ကောင်းတာပဲ .... ဒီတော့ ပြတ်ပြတ်သားသားပဲ ပြောပါမယ် .... ”

လီမြောက်ကျင်က စကားကိုရပ်ပြီး မယ်သီလရှင် လေးပါးကို လှမ်းကြည့်သည်။ ထို့နောက် ဟိုက်ဝူရန့်ကို အကဲခတ်သည်။ ဟိုက်ဝူရန်၏ အလွယ်တကူ လိုက်လျောမှုကိုလည်း အံ့ဩမိ၏။ ဤအတိုင်းဆိုလျှင် အားလုံးကို ပိုင်ဆိုင်ရန်ကိစ္စသည် ခက်ခဲတော့မည် မဟုတ်တော့ချေ။ လီမြောက်ကျင်သည် ရလေ လိုလေ အိုတစ္ဆေဆို သကဲ့သို့ လောဘကြီးလာလေပြီ။

“ဟား.... ဟား.... ဟား.... ဒကာလေးက မုဒို အလွယ်တကူ လှူဒါန်းလာတာဟာ ကျေနပ်စရာကောင်းတဲ့ အလုပ်ပါပဲ.... ဒါပေမယ့် သီလရှင်ကြီးက တစ်သေတ္တာထဲ အလှူခံတာမဟုတ်ဘူး.... အကုန်လုံး ကို အလှူခံနေတာပဲ .... ဒါတွေကို သယ်ဖို့ပိုးဖို့ သီလရှင်လေး



တွေပါလာတာကိုပဲ ကြည့်ပါ .... ”

လီမြောက်ကျင်က ဓားကိုမြှောက်ပြီး ပြောသည်။ ဟိုက်ဝူရန် ပါးစပ်ပိတ်နေသည်။

“ဘယ်လိုလဲ ဒကာလေး.... သီလရှင်ကြီးက အဝေးကြီးကလာ ခဲ့ရတာဆိုတော့.... အားလုံးရမှ ကျေနပ်မှာနော့.... ဟင်း.... ဟင်း”

လီမြောက်ကျင်သည် ဓားကိုဝင့်ပြီး ပြောနေပြန်သည်။

ဟိုက်ဝူရန်သည် လီမြောက်ကျင်၏ လောဘရုပ်ကြီး ဘွားဘွား ပေါ်လာသည်ကို တွေ့နေရသဖြင့် ရယ်ချင်သလိုလို ဖြစ်နေ၏။ ဟိုက်ဝူရန်သည် လီမြောက်ကျင်လောက်ကို ခေါင်းထဲထည့်သူ မဟုတ်ချေ။ ပြဿနာမဖြစ်ချင်၍ သူ့အလို လိုက်မိခြင်းဖြစ်၏။ ယခုသော် လီမြောက်ကျင် ကမ်းတက်လာချေပြီ။

ဟိုက်ဝူရန်သည် ရှောင်လွှဲ၍ မရတော့ပြီဖြစ်သဖြင့် လီမြောင်ကျင်ကို စေ့စေ့ကြည့်ပြီး ပြောရတော့သည်။

“ဆရာလေးက ကိုယ့်ကိုယ်ကို တော်တော်အထင်ကြီးနေတာကိုး.... သိုင်းပညာချင်းယှဉ်ပြီး အဆုံးအဖြတ်ပြုကြမယ်ဆိုရင် ဆရာလေးဟာ ရတနာအားလုံးကို မပြောနဲ့.... သေတ္တာလေး တစ်သေတ္တာကိုတောင် ရမှာမဟုတ်တော့ဘူး .... ”

“ဟား .... ဟား .... ဟား .... ဒကာလေးက မလောက်လေး မလောက်စားနဲ့ အာခံချင်နေတာကိုး.... ရပါတယ်.... ရပါတယ်.... ကဲ .... လုရှီနဲ့လုဟိုတို့ ငါ့စကားကို နားထောင်စမ်း .... ”

လီမြောက်ကျင်သည် မယ်သီလရှင် နှစ်ပါးကို ပြောနေရင်းက ဟိုက်ဝူရန်ကို အကဲခတ်ပြန်သည်။ ထို့နောက် သီလရှင်နှစ်ပါးကို

ခပ်လွယ်လွယ် အမိန့်ပေးတော့သည်။

"ကဲ … ပြောနေကြာတယ် …. လုရီနဲ့လုပဲ့ အထဲကိုဝင်ကြ သေတ္တာသုံး ုယူပြီး ပြန်လာ …. "

"စိတ်ချပါ ဆရာမကြီး …. "

မယ်သီလရှင်လေးပါက စကားဆုံးသည်နှင့် သေတ္တာကြားမှ လမ်းကလေးအတိုင်း ဝင်သွားကြသည်။

သို့သော် မယ်သီလရှင်နှစ်ပါး အထဲသို့ လှမ်းဝင်လိုက်သည်နှင့် ပြင်းထန်သော လေလှိုင်းကြီးတစ်ခု၏ တွန်းကန်မှုကို ခံစားရတော့သည်။ ထို့ကြောင့် နောက်ကိုပြန်ဆုတ်ရတော့သည်။

ဟိုက်ဝူရန်သည် ရတနာသေတ္တာများနှင့် ဝက်ပါထောင်ချောက်ကွက်များ ဆင်ပြီး လေလှိုင်းအားနှင့် တိုက်ခိုက်နေခြင်းပင်။

လီမြောက်ကျင်သည် မယ်သီလရှင်လေး နှစ်ပါး၏ အဖြစ်ကို မယုံကြည်နိုင်အောင် ဖြစ်သွားပြီး ကိုယ်တိုင် ကြိုးစားကြည့်ပြန်သည်။

အထဲသို့ ဝင်မိသည်နှင့် ပြင်းထန်သော တွန်းအားများ၏ တွန်းကန်မှုကို ခံစားလိုက်ရပြီး လွင့်ထွက်လာသည်။

လီမြောက်ကျင်သည် ကိုယ်တွေ့ကြုံမှ လန့်ဖျပ်လာတောသည်။

ဤလူငယ်သည် ဤဝက်ပါထောင်ချောက်ကွက်ကို ဆင်ထားနိုင်ခြင်းအားဖြင့် သိုင်းပညာပြောင်မြောက်သူမှန်း သိသာသွားသည်။ ဤလူငယ်သည် လူနှင့်မလိုက်အောင် တော်သော သိုင်းပညာရှင်တစ်ဦး ဖြစ်သည်မှာ သေချာနေပေပြီ။

မိမိ အတွက်မှားခဲ့သောကြောင့် ပထမဆုံး ခြေလှမ်းမှာပင် အရေးနိမ့်ခဲ့လေပြီ။ သို့သော် သည်အတိုင်းပြန်၍ကား မဖြစ်။ ဖြစ်သည့်



နည်းနှင့်တော့ တိုက်ခိုက်ရပေလိမ့်ဦးမည်။ လီမြောက်ကျင်သည် ဘာကိုမျှ ဂရုမစိုက်နိုင်တော့ဘဲ ဟိုက်ဝူရန်ကို ခုန်အုပ်လိုက်တော့သည်။

သို့သော် လီမြောက်ကျင်သည် ဟိုက်ဝူရန်ကို ခုန်အုပ်တိုက်ခိုက်ခြင်း မပြုနိုင်ဘဲ လမ်းခုလတ်မှာပင် ပြန်ပြီး လွင့်လာသည်။ မြေကြီးပေါ် ခြေချမိချိန်တွင် လက်ဝါးကြီးတစ်ခု၏ တွန်းထုတ်မှုကို ခံစားလိုက်ရပြီး နောက်သို့ လွင့်ထွက်သွားသည်။ လဲကျသွားရာမှထပြီး ကြည့်လိုက်သောအခါ ပြုံးစေ့စေ့ လုပ်နေသော ဟိုက်ဝူရန်ကို တွေ့ရတော့သည်။

လီမြောက်ကျင်သည် ရှက်လည်းရှက် ဒေါသလည်းထွက်လာသည်။

"တိုက်ကြ …. "

လီမြောက်ကျင်၏ ဒေါသအမိန့်ပင် ဖြစ်တော့သည်။

မယ်သီလရှင် လေးပါးသည် အမိန့်ပေးသံကြားသည်နှင့် ဟိုက်ဝူရန်ကို တစ်ဟုန်ထိုး တိုက်ခိုက်ကြတော့သည်။ တစ်ပြိုင်နက်တည်းတွင် ဆုပ်ကိုင်သော ပုလင်းများနှင့်ပါ ပစ်ပေါက်လိုက်ကြသည်။

"ချွမ်း …. ချွမ်း …. ချွမ်း …. ချလွမ်"

ပုလင်းကွဲသံများမြည်သွားပြီး အဝါရောင် အခိုးအငွေ့များအူထွက်လာသည်။ အခိုးအငွေ့များသည် တစ်ခဏအတွင်း၌ပင် ပြည့်နှက်လာသည်။

မယ်သီလရှင် ငါးပါးသည် ပုလင်းများကို ဖောက်ခွဲပြီးသည်နှင့် ပါးစပ်နှင့်နှာခေါင်းကို အသင့်ဆောင်လာသော မျက်နှာဖုံးစည်းနှင့်

စည်းထားလိုက်ကြလေပြီ။

ဤအချက်သည် အဝါရောင် အခိုးအငွေ့များကို အဆိပ်ငွေ့များဖြစ်ကြောင်း သာဓေသည့် အချက်ပင်။

လီမြောက်ကျင်သည် အလိပ်လိုက်ဖြစ်နေသော အခိုးအငွေ့များကိုကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေသည်။

"ဟော့.... ဒကာလေး တို့ကို ရက်စက်တယ်လို့ မယူဆပါနဲ့၊ တကယ်တော့ ဒကာလေးဟာ .... ဒကာလေးကိုယ်ကို ဒကာလေး ဘာသာ သေကြောင်းကြံလိုက်တာပဲ .... ဟား .... ဟား"

လီမြောက်ကျင်၏ ရယ်သံသည် မရဏာရယ်သံလား အောက်မေ့ရသည်။

အတန်ကြာသော် အလိပ်လိပ် အလှိုင်းလှိုင်း ဖြစ်နေသော အခိုးအငွေ့များ ပါးသွားပြီး ကြည်ကြည်လင်လင် ပြန်ဖြစ်လာသည်။

လှမ်းကြည့်လိုက်သောအခါ စောစောက လူငယ်ကို မတွေ့ရတော့ချေ။ လီမြောက်ကျင်သည် လူငယ်အဆိပ်သင့်သွားပြီဟု ယူဆလိုက်သည်။

ထို့ကြောင့် မယ်သီလရှင်လေးပါးကိုလှမ်းကြည့်ပြီး သေတ္တာများကို နေရာရွှေ့ရန် ဟန်ပြင်လိုက်မိသည်။

ထိုအချိန်မှာပင် နောက်ကျောဘက်မှ ပေါ်လာသော အသံကြောင့် တုံ့ခနဲ ဖြစ်သွားသည်။

"ဘာသာ့ရေးကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာတဲ့လူပဲ .... သူတော်စင် မဟုတ်တဲ့ လူယုတ်မာတွေပါလား .... ဟား .... ဟား .... ဟား .... "



လီမြောက်ကျင်သည် ထိတ်ခနဲ ဖြစ်သွားရာမှ နောက်ကို ဖျတ်ခနဲ လှည့်လိုက်သည်။ တစ်ပြိုင်နက်တည်းတွင် လက်ထဲမှ ဓားနှင့် အသံလာရာကို လှမ်းထိုးလိုက်သည်။ သို့သော် သူမ၏ လျှင်မြန်မှုသည် ဟိုက်ဂူရန်၏ လျှင်မြန်မှုကို မမီချေ။ ဟိုက်ဂူရန်သည် သူမ၏ ဓားကိုင်လက်ကို ဖမ်းချုပ်ထားချေပြီ။

လီမြောက်ကျင် ရုန်းသည် ဟိုက်ဂူရန်ကဆွဲသည်။

နှစ်ယောက်စလုံး ရှေ့တိုးနောက်ငင် ဖြစ်နေသည်။ ဟိုက်ဂူရန်က ရပ်ပြီး ငြိမ်သက်နေလိုက်ပြန်သည်။ လီမြောက်ကျင်က အားကုန်သုံးပြီး ဆွဲယူလိုက်ပြန်သည်။ ဓားကား ပြွတ်တူနှင့်ညှပ်သကဲ့သို့ အနည်းငယ်မျှ မလှုပ်ချေ။

လီမြောက်ကျင် သဘောပေါက်လေပြီ၊ ဤလူငယ်သည် မိမိထက် အတွင်းအားကြီးမားသာလွန်သော လူငယ်ပင်။

မယ်သီလရှင်လေး လေးပါးသည် လီမြောက်ကျင်အခြေအနေ ဆိုးရွားနေသဖြင့် မျက်လုံးမျက်ဆန်ပြူးနေသည်။ ထိုစဉ် လုရင်နှင့် လုရီက ဟိုက်ဂူရန်ကို ဓားနှင့်ဝင်ခုတ်ကြပြန်သည်။

ဟိုက်ဂူရန်က ဘယ်ဘက်မှ ဝင်လာသောဓားကို ရှောင်ပေးလိုက်ပြီး ညာဘက်မှ ဝင်လာသောဓားကို ဖမ်းဆုပ်လိုက်ပြန်၏။

ထိုစဉ် လီမြောက်ကျင်က လက်တစ်ဖက်နှင့် လှမ်းရိုက်လာသည်။ ဟိုက်ဂူရန်သည် မယ်သီလရှင်လေး နှစ်ပါးကို လက်တစ်ဖက်နှင့် တွန်းထုတ်လိုက်ပြီး လီမြောက်ကျင်၏ ရိုက်ချက်ကို လက်တစ်ဖက်နှင့် ကာလိုက်သည်။ ထို့နောက် လွတ်လပ်သွားသောလက်နှင့် ဖြန်းခနဲ ပြန်ရိုက်လိုက်သည်။

"အို ...."

လီမြောက်ကျင်သည် ငယ်သံပါအောင်အော်ပြီး လွင့်ထွက်သွား၏။ မြေကြီးပေါ် မှောက်လျက်ကြီး ကျသွားသည်။

မယ်သီလရှင်လေးနှစ်ပါးသည် ထိတ်လန့်ချောက်ချားသွားကြပြီး ပါးစပ်အဟောင်းသား ဖြစ်နေတော့သည်။

ဟိုက်ဝူရန်က မယ်သီလရှင်လေးနှစ်ပါးကို လှမ်းကြည့်ပြီး ခပ်တည်တည်ပြော၏။

"ခင်ဗျားတို့ ဆရာမကြီး အပွင့်ဒဏ်ရာရသွားပြီ.... ကျုပ် အသေမသတ်တာဟာ .... သူ့ပညာကို နှမြောလို့ .... တစ်နေ့မှာ တကယ့်လူကောင်းဖြစ်ပြီး .... သူ့ပညာကို ဖြန့်ဖြူးနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်.... ကဲ.... ခင်ဗျားတို့ လာရာလမ်းအတိုင်း ပြန်နိုင်ပြီ .... "

မယ်သီလရှင်လေး လေးပါးသည် တုတ်တုတ်မျှ မလှုပ်ရဲတော့ချေပြီ။

သတိလစ်မေ့မျောနေသော ဆရာမကြီး လီမြောက်ကျင်ကိုသာ ပိုင်းမပြီး ထွက်ခွာသွားကြ၏။

ဟိုက်ဝူရန်သည် လီမြောက်ကျင် ကျကျန်ရစ်ခဲ့သော 'ရှီချစ်' အမည်ရှိ ဓားကို ကောက်ယူလိုက်၏။ ဓားသည် အလွန်ထက်သော ဓားကောင်းတစ်လက်ပင်။

ဟိုက်ဝူရန်သည် ဓားကို တဆဆလုပ်နေရာမှ အနီးတွင်ရှိသော သစ်ပင်တစ်လုံးကို အသာလေးခုတ်ကြည့်လိုက်၏။

သစ်ပင် ထက်ခြမ်းပြတ်သွားသည်။



နာမည်နှင့်လိုက်အောင် ကောင်းသောဓားပင်။

ဟိုဟိုသည်သည် လှည့်ကြည့်လိုက်သောအခါ ဓားအိမ်ကို တွေ့ရ၏။

ဟိုက်ဝူရန် သဘောကျသွားသည်။ ဓားကောင်းရခြင်းသည် အခြေအနေကောင်း တစ်ရပ်ပင်။

◆◆◆

## အခန်း ၂၀

## ရတနာထိုက်သူ မကိုင်ရ

ရိပ်ဆန်ရန်သည် ရတနာသိုက်ဂူအတွင်းသို့ မောကြီးပန်းကြီးနှင့် ပြန်ရောက်လာ၏။

"ဆရာလေး .... ကျုပ်တို့ကို ဘုရားမနေပြီဗျ .... ဒီတဝိုက်မှာ ဝန်တင်တိရစ္ဆာန်ရဖို့ဆိုတာ ဖြစ်နိုင်တာမဟုတ်ဘူး .... ကောင်းမှုကုသိုလ် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကြောင့် နတ်ဒေဝါတွေက မ,လိုက်တာပဲ ကံကောင်းတယ် .... ကံကောင်းတယ် .... "

ရိပ်ဆန်ရန်သည် ရတနာသိုက်ဂူတွင်း ပြန်ရောက်ကတည်းက ဝမ်းသာအားရနှင့် တတွတ်တွတ် ရေရွတ်နေတော့၏။

ဟိုက်ပူရန်က ဘာမျှမပြောဘဲ ငေးကြည့်မြဲငေးကြည့်နေသည်။

"ဆရာလေး .... ကျုပ် တောင်အောက်ကို ရောက်ကတည်းက ကုလားအုတ်သံကြားရတာဗျ .... အသံလာရာ သွားရှာတော့ ပိုင်ရှင်မဲ့ ဖြစ်နေတဲ့ ကုလားအုတ်ကြီးဆယ်ကောင်ကို သွားခနဲတွေ့ရတော့တာပဲ ထူးဆန်းတာက ကုလားအုတ်ကျောပေါ်မှာ ပစ္စည်းတင်ဖို့ တန်ဆာပလာတွေ အဆင်သင့်ရှိနေတယ် .... လောကကြီးမှာ ဒီလောက်ကံကောင်းတဲ့ကိစ္စမျိုး ဘယ်မှာရှိနိုင်ပါ့မလဲ .... ဒါနဲ့ .... အဲဒီကုလားအုတ်တွေကို



အကုန်လုံး ဆွဲယူလာခဲ့တယ် .... အားလုံး ရေခဲတိုင်အပြင်မှာ ရှိနေတယ် .... "

ဟိုက်ဂူရန်သည် ရေခဲကျောက်တိုင်ပေါ် ခုန်တက်ပြီး လှမ်းကြည့်၏။ ရိပ်ဆန်ရန် စကားအမှန်ဖြစ်သည်။

ထို့နောက် .... ရတနာသိုက်ဂူရှိရာ ပြန်ဆင်းလာသည်။ လီမြောက်ကျင်တို့နှင့် တိုက်ပွဲဖြစ်ခဲ့ပုံကို ပြောပြလိုက်သည်။

ရိပ်ဆန်ရန်သည် နောက်မှကပ်လိုက်လာရင်း တဟားဟားရယ်သည်။

"ဒီလိုဆိုလည်း မယ်သီလရှင်တွေကို ကျေးဇူးတင်ရမှာပဲ .... သူတို့သာ ဒီကုလားအုတ်တွေ ယူမလာရင် ကျုပ်တို့အစီအစဉ် ကမောက်ကမဖြစ်မှာ အမှန်ပဲ .... ကဲ .... ဆရာလေး ကိစ္စတွေတော့ ပြီးသွားပြီ .... ဒီရတနာတွေကို ဘယ်လိုဆက်လုပ်မယ်ဆိုတာ ပြောစမ်းပါဦး .... "

"အစကတော့ .... ပူတာလနန်းတော်ကို ပြန်အပ်မယ်လို့ စိတ်ကူးတာ .... ဒါပေမဲ့ လူဆိုးလူမိုက် ကျစက်ဟန်ဘ ကြီးစိုးချိန်ဖြစ်နေတော့ .... အစီအစဉ် ပြောင်းရလိမ့်မယ် .... သူ့လက်ထဲရောက်ရင် သူက မောင်ပိုင်စီးသွားမှာ .... "

"ဟုတ်တယ် ဆရာလေး .... ဟုတ်တယ် .... ဒီကောင်ဟာ လူ့ပြည်မှာ ရှိသင့်တဲ့ကောင်မဟုတ်ဘူး .... "

"ဟုတ်တယ် ဆရာကြီး .... သူကလည်း ကျွန်တော်တို့ကို မရမကရှာပြီး ဒုက္ခပေးဖို့ ကြိုးစားနေတာအမှန်ပဲ .... ခုလည်း ကျွန်တော်တို့ကို လိုက်ရှာကောင်းရှာနေပါပြီ .... "

ဟိုက်ဝူရန်သည် စကားပြောရင်းက ဖျတ်ခနဲဖြစ်သွားပြီး လှမ်းအော်လိုက်သည်။

"ဟိတ် ဘယ်သူလဲ ...."

အော်သံနှင့် မရှေးမနှောင်းမှာပင် ရေခဲကျောက်တိုင်အနီးသို့ လားမားအိုကြီးတစ်ယောက် ဖြည်းညင်းစွာ ချဉ်းကပ်လာသည်ကို တွေ့ရတော့သည်။

လားမားကြီးသည် ဖျိုင်းဖြူခေါင်းလစ်နှင့် ပါလာသော လားမားအိုကြီးပင်။

ဟိုက်ဝူရန် ခဲတွေဝေနေစဉ် ရိပ်ဆန်ရန်က ရေခဲကျောက်တိုင်ပေါ်မှ ခုန်ချပြီး .... လားမားကြီးဆီပြေးသွားသည်။ ထို့နောက် ကျားရဲကြီးလို ခုန်အုပ်ပြီး လက်တစ်ဖက်ကို ဇွေ့ယမ်းလိုက်သည်။

ထိုစဉ် ဒယိမ်းဒယိုင်ဖြစ်နေသော လားမားကြီးအိုကြီး၏ ရင်ဘတ်မှသွေးများကို မြင်တွေ့လိုက်ရသဖြင့် ရိုက်ရန် ပြင်လိုက်သော လက်ကို ပြန်ရုပ်လိုက်ရသည်။

လားမားအိုကြီးသည် ပြင်းထန်သော ဒဏ်ရာရနေသူပေတကား။ ရိပ်ဆန်ရန် မှင်သက်နေမိစဉ် ဟိုက်ဝူရန် အနီးသို့ရောက်လာသည်။ ရိပ်ဆန်ရန် တအံ့တဩဖြစ်၍ မေးလာသည်။

"ဒီလားမားကြီးက ဘယ်က ဘယ်လိုရောက်လာတာလဲ.... ဘယ်သူနဲ့ တိုက်ခိုက်ခဲ့ရလို့ ဒဏ်ရာရနေတာလဲ ...."

ဟိုက်ဝူရန်က လားမားကြီးကိုသာ စိုက်ကြည့်ပြီးမေးသည်။

"လားမားကြီး .... ခင်ဗျားဟာ.... ဖျိုင်းဖြူခေါင်းလစ်နဲ့ပါလာတဲ့ လားမားမဟုတ်လား ...."



လားမားကြီးသည် ရင်ဝကို လက်တစ်ဖက်နှင့်ဖိထားရင်းက

"ဟုတ် .... ဟုတ်ပါတယ် .... ကျုပ်နာမည်စုလတ်ပါ .... ဖျိုင်းဖြူခေါင်းလစ်က ရတနာတွေကိုရရင် တိဗက်လူမျိုးတွေရဲ့ ကောင်းကျိုးကို လုပ်ပါ့မယ်လို့ ကတိပေးပြီး....ကျုပ်ကိုခေါ်လာခဲ့တာပါ.... ကျုပ်က လမ်းပြပေးပါ့ဗျာ .... ခုတော့ .... သူ .... ကျုပ်ကို ပစ်ပြေးပြီ .... ခင်ဗျားတို့ ဒီပစ္စည်းတွေကို ယူမသွားကြပါနဲ့ .... ဒီမှာပဲ ထား .... ထား"

စုလတ်လားမားကြီးသည် စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ဘဲခွေကျသွားသည်။ ရိပ်ဆန်ရန်က ရှေ့သို့တိုးပြီး လားမားကြီး၏ သွေးခုန်နှုန်းကို စမ်းကြည့်လိုက်၏။ ထို့နောက် ....

"သွားပြီ .... သွားပြီ လားမားကြီး အသက်ထွက်သွားပြီ"

ဟိုက်ဝူရန်မှာ လားမားအိုကြီးကို ငေးကြည့်ရင်း သက်ပြင်းချလိုက်သည်။

"အင်း....ဒီလားမားကြီးဟာ ဖျိုင်းဖြူခေါင်းလစ်ရဲ့လှည့်ဖြားမှုကို ခံနေရတဲ့သူပဲ .... တကယ်တော့.... သူဟာ လူကောင်းတစ်ယောက်ပါ .... တုန်ရီချီတို့ လင်မယားလက်ချက်ကြောင့် သေရတာပဲ .... တုန်ရီချီတို့လည်း အသက်ရှင်ပြီး မနေရပါဘူး....သူတို့တတွေဟာ လောဘရမ္မက်ကြောင့် အသေဆိုးခဲ့ကြတာပဲ ...."

"ဟုတ်တယ် ဆရာလေး .... ဟုတ်တယ် .... ကျုပ်တောင် လောဘ ပင်လယ်ထဲက လွတ်မြောက်အောင် မနည်းကြိုးစားနေရတာ၊ ခုထိတော့ လုံးဝမလွတ်မြောက်သေးဘူးဗျ .... ဟား .... ဟား"

ရိပ်ဆန်ရန်က ဝန်ခံသလိုလို သွေးတိုးစမ်းသလိုလို ပြော၏။

ဟိုက်ဝူရန်က ....

"လောဘသားကောင်တွေရဲ့ သွားရာလမ်းဟာ အသေဆိုးတဲ့ မရဏ လမ်းချည်းပဲ ဆရာကြီးရဲ့ .... တုန်ရီချီတို့ လင်မယားဟာ လက်တွေ့သင်ခန်းစာပဲ .... ဟဲ .... ဟဲ .... ကဲ .... အချိန်ရှိတုန်းရတနာ သေတ္တာတွေ သယ်ကြရအောင်လား ...."

ရိပ်ဆန်ရန် ဘာမျှ စောဒကမတက်တော့။ ရေခဲကျောက်တိုင် ပေါ်မှနေ၍ ဂူအတွင်းသို့ ပြန်ဆင်းခဲ့တော့သည်။

ဟိုက်ဝူရန်နှင့် ရိပ်ဆန်ရန်တို့သည် ရတနာသေတ္တာများကို ခက်ခက်ခဲခဲ သယ်ထုတ်ခဲ့ကြပြီး ကုလားအုတ်များပေါ် တင်လိုက်ကြ သည်။ ကုလားအုတ် ဆယ်ကောင်နှင့် ရတနာသေတ္တာနှစ်ဆယ်မှာ အလောတော် ဖြစ်သွားသည်။

ပစ္စည်းများ ပြည့်ပြည့်စုံစုံဖြစ်သည်နှင့် အပြန်ခရီးကို နှင်ခဲ့ကြ တော့၏။ ဟိုက်ဝူရန်က ရှေ့မှဦးဆောင်သွားနေပြီး ရိပ်ဆန်ရန်က နောက်ဆုံး ကုလားအုတ်နောက်မှ လိုက်ပါလာ၏။

လမ်းတစ်လျှောက်လုံးတွင် လူရိပ်လူရောင်မဆိုထားနှင့်၊ တော ငှက်တိရစ္ဆာန်ပို့ကိုပင် မတွေ့ခဲ့ကြရချေ။

◆◆◆

တစ်နေ့ပြီးတစ်နေ့ ကုန်လွန်ခဲ့ပြီး သုံးရက်မြောက် လာသော် လည်း ခရီးက ဆုံးခန်းမတိုင်သေးချေ။



အရှေ့ ဘက်ကတည်းက ခရီးဆက်ခဲ့ကြသော ဟိုက်ဝူရန်တို့ သည် နေဝင်ဆည်းဆာ အချိန်၌ တောင်ကြီး၏ခါးလည်သို့ ရောက်ရှိ ခဲ့ကြ၏။

ဟိုက်ဝူရန်နှင့် ရိပ်ဆန်ရန်တို့မှာ ကုလားအုတ်များကို တစ်နေရာ တည်းတွင် စုစည်းချည်နှောင်ထားပြီး ဂူကလေးအတွင်းသို့ ဝင်ခဲ့ကြ သည်။ ထို့နောက် ပါလာသော အသားခြောက်များကို မီးဖုတ်ပြီး စားကြ၏။ ရေနွေးကြမ်းနှင့် အသားခြောက်မှာ လိုက်ဖက်ညီလှသော အစားအသောက်တစ်ခုပင်။

စားသောက်ပြီး၍ အနားယူမိသော အချိန်မှာ မည်သည့်စည်းစိမ် နှင့်မှ မတူဟု ရိပ်ဆန်ရန်ထင်သည်။

ဂူဝမှ လှမ်းမျှော်ကြည့်လျှင် အလွန်သာယာလှပသော ရှုခင်းများ ကို ကြည်နူးဖွယ် မြင်နေရသည်။

ရိပ်ဆန်ရန်မှာ အလွန်ပင်ပန်းနွမ်းနယ်နေဟန်ရှိသော်လည်း ပြုံးပြုံး ပြုံးပြုံးနှင့် ကြည်ကြည်နူးနူးကြီး ဖြစ်နေ၏။ ဆေးတံကြီးကို ဖွာပြီး ဇိမ်ယူနေပုံမှာ ဘိန်းစားကြီးနှင့်တူလှ၏။ အတန်ကြာသော် ဟိုက်ဝူရန်ကို ပြောသလိုလို၊ ကိုယ့်ဘာသာ ပြောသလိုလို ရေရွတ်နေပြန် သည်။

"ရတနာတွေ ရတနာတွေ .... နည်းတဲ့ရတနာတွေ မဟုတ်ဘူး၊ ဒီရတနာတွေကြောင့် သေတဲ့လူတွေလည်း မနည်းတော့ဘူး .... လာယူရတာဟာလည်း အန္တရာယ်အသွယ်သွယ်ကြားက ယူခဲ့ရတာ၊ ပင်ပန်းလိုက်ရတာလည်းလွန်ရော .... ဟူး .... ကျုပ်ပြောချင်တယ် ဟဲ ဟဲ .... ကျုပ်တို့ဟာ ဒီရတနာတွေကို အသက်နဲ့ရင်းပြီး ရယူခဲ့တာပဲ၊

ဒီတော့ ကျုပ်တို့ သုံးဖို့စွဲဖို့ အသက်နဲ့ရင်းပြီး ရယူခဲ့တာပဲ .... ဒီတော့ ကျုပ်တို့ သုံးဖို့စွဲဖို့ နည်းနည်းပါးပါးတော့ ယူထားသင့်တယ်၊ ဘယ့်နှယ်လဲ ဆရာလေး .... ဟဲ .... ဟဲ"

ဟိုက်ဝူရန်က ဘာမျှမပြော။ မကျေနပ်သော မျက်လုံးကြီးနှင့်သာ စိုက်ကြည့်လိုက်၏။

ရိပ်ဆန်ရန်မှာ တွန့်ခနဲ ဖြစ်သွားပြီး သူ့စကားကို သူပြန်လျှော့ချသည်။

"ဟဲ .... ဟဲ .... ဟဲ ဒီလိုလည်း မလုပ်သင့်ပါဘူး .... ဟဲ .... ဟဲ ဆရာလေးရဲ့ ရည်ရွယ်ချက်အတိုင်း ဖြစ်ဖို့သာ အရေးကြီးတာပါ .... ကျုပ် ဒီစကားမျိုး ထပ်မပြောတော့ပါဘူးဗျာ .... ဟဲ .... ဟဲ"

ရိပ်ဆန်ရန်မှာ စကားဆုံးသည်နှင့် မျက်လုံးကို စုံမှိတ်ကာ ဝူနံ့ရုံကိုမှီရင်း မှေးနေလိုက်တော့သည်။ မကြာမီမှာပင် တခေါခေါ ဟောက်လာ၏။ ပင်ပန်းလွန်း၍ အိပ်ပျော်သွားပြီ ထင်၏။

ဟိုက်ဝူရန်မှာ ခေတ္တခဏ နားပြီးသည်နှင့် ဂူပြင်သို့ ထွက်လာသည်။

လောကသည် အမှောင်ပျိုးစ ပြုနေလေပြီ။

ဟိုက်ဝူရန်သည် ရတနာသေတ္တာများကို မြေပြင်ပေါ် သယ်ချရင်း တစ်နေရာထဲတွင်၊ စုထားလိုက်သည်။ ထို့နောက် ကုလားအုတ်များနှင့် မြင်းများကို ဝိုင်းပြီးချည်ထားလိုက်သည်။ ရတနာသေတ္တာများ အတန်ငယ် လုံခြုံသွားလေပြီ။ လုံး၀ စိတ်ချရသည့် အခြေအနေမဟုတ်သော်လည်း ရန်သူသည် အလွယ်တကူ ယူမသွားနိုင်သည်ကား သေချာသည်။



မ...ဂ်ရှင်အဖွဲ့နှင့် ထပ်တွေ့ရမည်လော။ ကျခက်ဟန်ဘနှင့် တွေ့ရမည်လော။ တဖွဲ့ဖွဲ့နှင့် တွေ့ရဦးမည်မှာ သေချာလှသည်။

အုပ်စုကြီးနှင့်တွေ့လျှင် မိမိတတ်နိုင်မည် မဟုတ်ချေ။ မိမိဘက်တွင် အားထားရမည့်လူဟူ၍ ရိပ်ဆန်ရန်တစ်ယောက်သာ ရှိသည်။ မလွယ်။ သိပ်တော့ မလွယ်။

ဤရတနာသိုက်ကို ချောမောစွာ အောင်မြင်မှသာ မိမိသည် သိုင်းလောက၌ မျက်နှာလှလိမ့်မည်။ သို့မဟုတ်ပါက မိမိဘ၀ကို စာတ်မြုပ်လိုက်ရပေတော့မည်။ မိမိ၏ ဂုဏ်သိက္ခာကို အသက်နှင့်လဲပြီး ကာကွယ်ရလိမ့်မည်။

ဟိုက်ဝူရန်သည် တိုက်ခိုက်ခုခံရန် အကောင်းဆုံး နေရာတစ်ခုကို ရွေးချယ်လိုက်ပြီးသည်နှင့် ဂူတွင်းသို့ ပြန်ဝင်ခဲ့တော့သည်။

ထို့နောက် .... စိတ်အေးလက်အေးနှင့် သိုင်းကျင့်စဉ်ကို ကျင့်တော့သည်။

ထိုစဉ် ....

ဂူပေါက်ဝဆီသို့ ဦးတည်ပြီးတွားသွားနေသော လူတစ်ယောက်ပေါ်ထွက်လာတော့၏။ ထိုလူသည် အသံကိုလုံနိုင်သမျှလုံအောင် ဂရုထားပြီး တွားသွားလာနေသည်။

ဟိုက်ဝူရန်သည် သတိကြီးမားသူ၊ နားပါးသူဖြစ်သဖြင့်တစ်စုံတစ်ရာ ရွေ့လျားမှုကို သတိပြုလိုက်မိသည်။ ကျင့်စဉ်ကို ရပ်ပြီး မျက်လုံးကို ဖွင့်လိုက်သည်။

ဝူရှေ့ပတ်ဝန်းကျင်ကို ဂရုတစိုက်ကြည့်သည်။ နှင်းရောင်နှင့်မတူသော အဖြူရောင်တစ်ခုကို သတိထားလိုက်မိသည်၊ အချိန်

အတော်ကြာအောင် စိုက်ကြည့်နေခဲ့သော်လည်း အဖြူရောင်သည် တုတ်တုတ်မလှုပ်ချေ။

ဟိုက်ဝူရန် ဖွဲ့ရှိသည်။ ထိုအရာကိုသာ ငြိမ်ပြီး ကြည့်နေ၏။

မကြာ။ အဖြူရောင်ရွေ့လျားမှုကို တွေ့လာရသည်။ ပေါ့ပါး လျင်မြန်လွန်းသော လှုပ်ရှားမှုဖြစ်၏။ အယ်လံလောက်ရွေ့သွားပြီး ပြန်ငြိမ်သွားသည်။

ဟိုက်ဝူရန် မျက်တောင်မခတ်တော့ချေ။

အဖြူရောင်သည် လူတစ်ယောက်ပင်ဖြစ်၏။ ဟိုက်ဝူရန် သတိပိုကြီးလာသည်။ ရင်ဆိုင်ရမည့် လူသည် ပြောင်မြောက်သော သိုင်းပညာရှင်မှန်း သေချာနေပေပြီ။

ထိုလူသည် ချောင်းမြောင်း လုပ်ကြံရန် ချဉ်းကပ်လာသူပင် တည်း။

ဟိုက်ဝူရန်သည် ထိုလူ၏ ရုပ်သဏ္ဍာန်ကို ရိပ်ခနဲ တွေ့လိုက်ရသော်လည်း ကောင်းကောင်းကြီး မှတ်မိလိုက်၏။

ထိုသူသည် ကျခက်ဟန်ဘ ဖြစ်လိမ့်မည်။

ဟိုက်ဝူရန်သည် ကျခက်ဟန်ဘမှန်းရိပ်မိလိုက်သည်နှင့် လှိုက်လှဲဝမ်းသာသွား၏။ ဤပုဂ္ဂိုလ်ကို မည်သို့ ရှာရမှန်းမသိဘဲ ဖြစ်နေစဉ် သူကိုယ်တိုင် လာတွေ့နေပြီဖြစ်သဖြင့် တာဝန်တစ်ခု လျော့သွားသလို ခံစားလိုက်ရသည်။

ကျခက်ဟန်ဘကလည်း သူ့အခြေအနေကို ကျေနပ်နေသူပင် တည်း။ စင်စစ် ကျခက်ဟန်ဘကလည်း မျက်လုံးတစ်လုံးသာ ရှိသူတည်း။ ကျခက်ဟန်ဘသည် နှင်းမှုန် နှင်းခဲများနှင့် အမှောင်ကို



အကာအကွယ်ယူပြီး ဝူနှင့်နီးနိုင်သမျှ နီးအောင်လှုပ်ရှားလိုက်ပြန်၏။

ဟိုက်ဝူရန်သည် ငြိမ်သက်ပြီး စိုက်ကြည့်နေ၏။

ကျခက်ဟန်ဘသည် ခါးတွင် နှစ်ပေခန့်ရှည်သော ဓားတစ်လက် ချိတ်ထားသည်ကို တွေ့ရ၏။ မိမိကို တိတ်တဆိတ် လုပ်ကြံရန် ရောက်လာခြင်း ဖြစ်ဟန်တူသည်။

ကျခက်ဟန်ဘကား နားလိုက် ရွေ့လျားလိုက်နှင့် သတိကြီးစွာ တိုးကပ်လာနေ၏။ အချိန်အတော်ကြီးကြာသောအခါမှ ဝူနားသို့ ရောက်လာသည်။

ရုတ်တရက် ....

ကျခက်ဟန်ဘသည် ပိုင်ပြီအထင်နှင့် ဖျတ်ခနဲ ခုန်ပျံပြီး ဟူးခနဲ ခုန်အုပ်လာတော့သည်။

ကျခက်ဟန်ဘသည် ခုန်အုပ်ခြင်းနှင့်အတူ အသင့်ကိုင်ထားသော ဓားနှင့်ပါ ဝှစ်ခနဲ ဝှစ်ခနဲ ခုတ်သည်။ ခုတ်ချက်သည် အားပါပြီး လျင်မြန်သည်။

ဟိုက်ဝူရန်ကလည်း မြန်သည်။ ဝင်လာသမျှသော ဓားချက်များကို ကျွမ်းပစ်၍တစ်မျိုး၊ အသာယိမ်း၍တဖုံ၊ ခုန်ပျံ၍တစ်နည်း ခုံရှောင်တိမ်းသွားသည်။

ရုတ်တရက် ....

ဟိုက်ဝူရန်၏ အားပါသော ရိုက်ချက်ကြီး ဝှီးခနဲမြည်သွားချိန်တွင် ကျခက်ဟန်ဘ နောက်ဆုတ်သွားတော့သည်။

တစ်ယောက်နှင့်တစ်ယောက် တစ်လံသာသာ ကွဲသွားတော့မှ ကျားရဲကြီးနှစ်ကောင်လို စောင့်ကြည့်ရင်း ငြိမ်သွားကြတော့သည်။

"ကျုပ်တို့ရဲ့ တွေ့ဆုံခြင်းဟာ.... ဒုတိယအကြိမ် တွေ့ဆုံခြင်းပါ .... ခုလို တော ..ဘာကို ကျုပ်ဝမ်းသာပါတယ် .... "

ဟိုက်ဝူ.. ..ာ သွေးအေးအေးနှင့်ပြောသည်။

ကျခက်ဟန်ဘာက လှောင်သလို ရယ်သွမ်းသွေးသည်။

"ဟား .... ဟား .... ခင်ဗျားက ကျုပ်ဘယ်သူဆိုတာ သိလို့လား .... "

"သိတာပေါ့ဗျာ.... ခင်ဗျားဟာ ဂူတာလနန်းတော်မှာ ကြီးစိုးမင်းမူနေတဲ့ ကျခက်ဟန်ဘာပဲဟာ .... ဟား .... ဟား"

"ဟား.... ဟား.... ဟား.... ခင်ဗျားလူတော်ပဲ.... ကျုပ်ဘယ်သူဘယ်ဝါဆိုတာကို သိနေတာဟာ.... လေးစားစရာ ကောင်းတဲ့အချက်ပဲ.... ကဲ.... ကျုပ်တို့ ယှဉ်ပြိုင်ပွဲကြီးကို ရပ်ပြီးဆွေးနွေးစေ့စပ်ကြရအောင်လား .... "

ဟိုက်ဝူရန်က ပခုံးနှစ်ဖက်တွန့်ပြီး ပြောသည်။

"ကောင်းပါတယ်.... သွေးထွက်သံယိုနည်းနဲ့ ဖြေရှင်းတာထက် ဆွေးနွေးညှိနှိုင်းတဲ့နည်းနဲ့ ဖြေရှင်းတာဟာ ပိုပြီးတန်ဖိုးရှိပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် .... ဒါနဲ့ မိတ်ဆွေရဲ့ နာမည်က .... "

"ဟိုက်ဝူရန်ပါ .... "

"ကျုပ်မကြားဖူးပါဘူး.... ဒါပေမယ့် .... ခင်ဗျားရဲ့ သိုင်းပညာဟာ ထူးချွန်ပြောင်မြောက်ပါတယ် .... ဟား .... ဟား"

"ကောင်မေး မြောက်မေး .... မေးမနေနဲ့ .... ဆွေးနွေးပွဲကိစ္စသာပြောပါ .... "



"ဖြည်းဖြည်းပေါ့မိတ်ဆွေ.... လောလောဆယ်မှာ ခင်ဗျားကို ..းစရာသုံးမျိုး ရှိနေပါတယ်.... အဲဒါကို ခင်ဗျားဖြေစေချင်ပါတယ်"

"မေးပါ .... ကျုပ်ဖြေနိုင်တာကို ဖြေပါ့မယ် .... "

"ကျေးဇူးတင်ပါတယ်.... ပထမမေးခွန်းကတော့.... မိတ်ဆွေ ဒီကိုရောက်လာတာဟာ.... တစ်စုံတစ်ယောက်ရဲ့ နိုင်းစေမှုကြောင့် ရောက်လာတာလား .... ကိုယ့်သဘောနဲ့ကိုယ် လာတာလား .... ဆိုတာပဲ .... "

"ဒီမေးခွန်းကိုတော့ ကျုပ်ဖြေနိုင်ပါတယ် .... ကျုပ်ဟာ .... တစ်ကိုယ်တော် ပျံလွှားငှက်ပါ.... ကိုယ့်သဘောနှင့်ကိုယ် ရောက်လာတာပဲ .... "

"ဒုတိယ မေးချင်တာက .... "

ကျခက်ဟန်ဘာသည် စကားကိုရပ်ပြီး ကုလားအုတ်များကို လှမ်းကြည့်သည်။ ပြီးမှ ဆက်ပြောသည်။

"ဟောဟို ကုလားအုတ်တွေနဲ့ တွဲချည်ထားတဲ့ သေတ္တာတွေဟာ .... ရတနာသိုက်ဂူထဲက ရတနာသေတ္တာတွေ မဟုတ်လား"

ဤမေးခွန်းသည် ထူးခြားသော မေးခွန်းဖြစ်သည်။ ဟိုက်ဝူရန်သည် အမှန်အတိုင်းဖြေရန် သင့်မသင့် စဉ်းစားသည်။

အခြေအနေအရ မရေမရာဖြေမှ သင့်တော့မည်။ ထို့ကြောင့်

"ရတနာသိုက် .... ဟုတ်လား .... ရတနာသိုက်ဆိုတာကို ကျုပ် ဘာမှန်းမသိဘူး .... သေတ္တာတွေထဲမှာတော့ .... ပစ္စည်းရှိတာ အမှန်ပဲ .... ဘာပစ္စည်းတွေ ရှိသလဲဆိုတာလည်း မသိဘူး .... "

"ဟဲ.... ဟဲ.... ဘာပစ္စည်းလဲဆိုတာကတော့ မကြာခင် သိရ

မယ့်ကိစ္စပါ .... တတိယအမေးချင်တာက ခင်ဗျားနဲ့ ယခုလောလော ... စိုးမိုးအုပ်ချုပ်နေတဲ့ အမှတ်ဆယ့်ငါး ဘုရင်မင်းမြတ်နဲ့ အဆက်အသွယ် ရှိကြသလား ... "

"ဘယ်လို အဆက်အသွယ်မှ မရှိဘူး .... သိလည်း မသိဘူး"

"ခု .... အဆက်အသွယ် မရှိပေမယ့် နောင်ကိုရှိနိုင်သလား"

"ဒီကိစ္စကို ကျုပ်အတပ်မပြောနိုင်ဘူး .... အမှတ်ဆယ့်ငါး ဘုရင်မင်းမြတ်ဟာ .... စိတ်ကောင်းစေတနာရှိတဲ့ လူလို့ ကျုပ်ကြားမိ ထားပါတယ် .... ဒါကြောင့် အခွင့်ကြုံရင်တော့ ရောက်ဖူးချင်သေးတယ်"

ကျခက်ဟန်ဘ ဘာမျှမမေးတော့၊ လက်အုပ်ချီ ဂါရဝပြုပြီး နောက်ဆုတ်သွားသည်။ ဟိုက်ဝူရန်က လှမ်းမေးသည်။

"ဘယ်လိုလဲ .... ခင်ဗျား မေးစရာ ကုန်ပြီလား .... "

"ကုန်ပြီလို့ ဆိုရပါလိမ့်မယ် .... ပြောစရာတွေတော့ ရှိသေးတာ ပေါ့ဗျာ .... ဟဲ .... ဟဲ .... ခင်ဗျားဟာ ကျုပ်ဘယ်သူဆိုတာ သိထား ပြီဆိုတော့ .... ကျုပ်အကြောင်းတွေလည်း ကြားဖူးထားမှာပါပဲ .... သိုင်းလောကမှာ ကျုပ်အကြောင်းကို မဟုတ်တာတွေ ပြောနေတာ များပါတယ် .... ဒီတော့ မိတ်ဆွေ ဒီဒေသကိုရောက်နေတာဟာ ကျုပ်ကို ရန်ပြုဖို့ ရောက်လာတာ မဟုတ်ပါဘူးနော် .... "

"ဒါက .... ခင်ဗျားရဲ့ သဘောထားနဲ့ လှုပ်ရှားမှုပေါ်မှာသာ မူတည်ပါတယ် .... ခင်ဗျားနဲ့ကျုပ် တွေ့ကြတာ နှစ်ကြိမ်ပဲရှိပါသေးတယ်၊ ဒါပေမယ့် .... ခင်ဗျားက ကျုပ်ကို အဆုံးစီရင်ဖို့ ကြိုးစားခဲ့တာ ချည်းပဲ .... ကျုပ် ကုသိုလ်ကောင်းလွန်းလို့ ဘယ်လိုမှဒဏ်ရာမရခဲ့ပါ ဘူး .... "



"ဟဲ .... ဟဲ .... ဒါကိုတော့ ခွင့်လွှတ်စေချင်ပါတယ် .... တစ်ယောက်အကြောင်းတစ်ယောက် မသိသေးလို့ ဖြစ်ခဲ့ရတာပါ.... ရှေ့ကိုသာ မိတ်ဆွေအဖြစ် ဆက်ဆံဖို့အရေးကြီးပါတယ် .... "

"ဒီစကားက အဘောကြီးကတည်းက ပြောဖို့ကောင်းတဲ့ စကား ပါ .... ခုတော့ နောက်ကျသွားပါပြီ .... "

"ဘာဖြစ်လို့လဲ .... "

ကျခက်ဟန်ဘက မျက်လုံးပြူး မျက်ဆန်ပြူးနှင့်မေးသည်။

ဟိုက်ဝူရန်ကတော့ ပြုံးပြီး ပြောသည်။

"ခင်ဗျားဟာ တော်တော်ဟန်ဆောင်ကောင်းတဲ့လူပဲ .... ခင်ဗျား ရဲ့ရည်ရွယ်ချက်သာ သန့်ရှင်းမှုရှိရင် ကျုပ်ကို အဆုံးစီရင်ဖို့ ကြိုးစား မှာမဟုတ်ပါဘူး .... ခုတောင် ခင်ဗျားရဲ့ရိုက်ချက် သိုင်းကွက်နဲ့ ဓားချက်တွေဟာ .... ကျုပ်ကို အသေသတ်တဲ့ ဓားချက်တွေပါ .... ခုမှ လျှောချမနေစမ်းပါနဲ့ .... "

ကျခက်ဟန်ဘ ပါးစပ်ပိတ်ပြီး ရှေ့ကိုတိုးလာသည်။

"ဒီမယ်မိတ်ဆွေ .... ခင်ဗျား ကျုပ်ကို ရန်သူလိုသဘောထား မလား .... မိတ်ဆွေလို သဘောထားမလားဆိုတာပဲ .... ပြောပါ"

"ရန်သူ .... မိတ်ဆွေဟုတ်လား .... ဒီ သတ်မှတ်ချက်ကို ရှင်းပြစမ်းပါဦး .... "

"ကဲ .... နားထောင် မိတ်ဆွေလို သဘောထားမယ်ဆိုရင် ဒီသေတ္တာကို ဖွင့်ပြပါ .... တကယ်တော့ ဒီပစ္စည်းတွေဟာ .... ပုတာလနန်းတော်က ရတနာပစ္စည်းတွေပဲ .... ဒီတော့ မူလပိုင်ရှင် လက်ထဲကို ပြန်အပ်တဲ့ သဘောနဲ့ ကျုပ်ကိုပေးလိုက်ပါ .... ကျုပ်က

ခင်ဗျားကို ရတနာသိုက်ဖော်နိုင်သူ အနေနဲ့ လိုအပ်တဲ့အကူအညီ အားလုံးပေးမယ် .... ဒီနောက် မိတ်ဆွေကြိုက်ရာ ရတနာသေတ္တာ တစ်သေတ္တာကိုလည်း ယူသွားခွင့်ပြုမယ်.... ဒါကို သဘောမတူဘူးဆိုရင်တော့ ရန်သူပဲ .... "

"ရန်သူဆိုတော့ကော ဘာဖြစ်ရမှာလဲဗျ .... "

"ခင်ဗျားတော်တော်မိုက်ချင်တဲ့ လူပဲ.... ရန်သူလို့သာ သတ်မှတ်ထားလိုက်ပြီဆိုရင်.... အသေသတ်လိုက်ရုံပေါ့ဗျာ.... ရှင်းအောင်ပြောရရင် ခင်ဗျားသာ ကျုပ်ရန်သူ ဖြစ်သွားပြီဆိုရင် ခင်ဗျားတစ်သက် ဒီတောင်ပေါ်က ဆင်းလို့မရတော့ဘူး .... "

"ဟား .... ဟား .... ခင်ဗျားက ကြောင်ချေးလို ပျော့ပျော့ ပျော့ပျော့နဲ့ တော်တော်နံတဲ့လူပဲ.... ကျုပ်က ရန်သူအဖြစ်နဲ့စမ်းကြည့်ချင်ပါသေးတယ် .... "

"ခင်ဗျား တော်တော်မိုက်တွင်းနက်နေပါလား.... ဒီဆုံးဖြတ်ချက်ကို ထပ်ပြီးစဉ်းစားစမ်းပါဦး .... "

"မလိုပါဘူး.... ကျုပ်အစောကြီးကတည်းက စဉ်းစားထားပြီးသား.... တကယ်တော့ ခင်ဗျားဟာ အင်မတန်ဆိုးသွမ်းရက်စက်တဲ့လူ .... ဒါကြောင့် ခင်ဗျားကို လူ့လောကထဲက မောင်းထုတ်ဖို့ ရည်ရွယ်ချက် ကျုပ်မှာပါလာတယ် .... ခုတော့ ကျုပ်မရှာရဘဲ ခင်ဗျားက လာတွေ့တယ်.... ကျုပ်လောက် ကံကောင်းတဲ့လူရှိမယ်တောင် မထင်တော့ဘူး .... ဟဲ .... ဟဲ"

ကျခက်ဟန်ဘသည် လက်ထဲမှဓားကို ဝှေ့ယမ်းပြီး ဝှစ်ခနဲ လှမ်းခုတ်တော့သည်။



ဟိုက်ဝူရန်က မြေကြီးကို ဖနောင့်နှင့်ပေါက်ပြီး ဖြတ်ခနဲ ခုန်ရှောင်သွားသည်။ ထို့နောက် လက်နှစ်ဖက်ကို ဖြန့်ကားပြီး ရိုက်ချက်ကို ထုတ်လိုက်တော့သည်။ ကျခက်ဟန်ဘသည် ထိတ်ခနဲဖြစ်သွားပြီး နောက်ဆုတ်ရန်အားယူလိုက်မိသည်။ သို့သော် ကျခက်ဟန်ဘ နောက်ကျသွားချေပြီ။ ပခုံးတစ်ဖက်သည် ဖြတ်တူကြီးနှင့်ညှပ်လိုက်သလို ချုပ်ကိုင်ခံလိုက်ရတော့သည်။

ကျခက်ဟန်ဘသည် ဓာချွေးများ သီးလာရာမှ အားကုန်ရုန်းထွက်လိုက်မိသည်။ ဤတွင် ဝပလွေ အင်္ကျီကြီးသည် ထက်ခြမ်းကွဲပြီး စုတ်ပြတ်သွားသည်။

ကျခက်ဟန်ဘမှာ အခြေအနေမဟန်တော့သဖြင့် လေချွန်သံပေးပြီး နောက်ဆုတ်သွား၏။

ထိုအချိန်မှာပင် လေးဘက်လေးတန်မှ လေချွန်သံများက အဆက်မပြတ်ပေါ်လာပြီး လူဆယ်ယောက်ပေါ်ထွက်လာတော့သည်။

ဟိုက်ဝူရန်မှာ သတိကြီးမားစွာနှင့် အခြေအနေကို စောင့်ကြည့်နေတော့၏။ ထိုအချိန်မှာပင် ဒုတိယအုပ်စုတစ်စု ပေါ်လာပြန်သည်။

မကြာ .... တတိယအုပ်စုပေါ်လာပြန်တော့၏။

အိပ်မောကျနေရာမှ နိုးလာပြီဖြစ်သော ရိပ်ဆန်ရန်သည် မျက်လုံးကြီးအကြောင်သားဖြစ်နေရာမှ ဓားကိုထုတ်ပြီး ယလာတော့သည်။

"သတိထား ဆရာကြီး .... ဒီအုပ်စုကို ခင်ဗျားတာဝန်ယူရမယ် .... "

"စိတ်ချ ဆရာလေး .... ဆရာလေး လုပ်စရာရှိတာသာ

ဆက်လုပ်ပါ .... "

ထိုအချိန်မှာပင် ရန်သူလားမားနှစ်ယောက် ရှေ့ကိုတိုးလာသည်။ လက်ထဲမှ ဓားကို တဆဆလုပ်လာသည်။

ဂူရှေ့ကွက်လပ်မှ ကုလားအုတ်များသည် လှုပ်လှုပ်ရွရွဖြစ်နေလေပြီ။ အထိတ်တလန့်နှင့် ရုန်းကန်နေပြီ။

လားမားအုပ်စု တစ်စုကလည်း ကုလားအုတ်များကို ဝိုင်းရံထားလေပြီ။ ဟိုက်ဝူရန်မှာ ရန်သူများ ရောက်လာမည်ကို တွက်မိသော်လည်း အုပ်စုခွဲပြီး ရောက်လာလိမ့်မည်ဟုကား မတွက်မိ၊ အခြေအနေက လျှပ်ပြက်သလိုလှုပ်ရှားမှ တော်ရုံကျမည့်အခြေအနေဖြစ်၏။

ထို့ကြောင့် ရီချစ်ဓားကိုထုတ်ပြီး ရှေ့ကိုတိုးလာသော ရန်သူနှစ်ယောက်ကို ထိုးစစ်ဆင်ရတော့၏။ မကြာ။ ရန်သူနှစ်ယောက်စလုံးမှာ တုံးခနဲ တုံးခနဲ လဲကျသွား၏။

ဟိုက်ဝူရန် တုံ့ဆိုင်းမနေပါ။ ကုလားအုတ်များကို ဝိုင်းရံထားသော ရန်သူအုပ်စုရှိရာ ခုန်ပျံသွားရတော့၏။ သူ၏ ခုန်ပျံမှုသည် သိမ်းငှက်ကြီးပျံဝဲသွားသကဲ့သို့ ကြည့်ကောင်းလှ၏။

ကုလားအုတ်များကို ဝိုင်းရံထားသော ရန်သူမှာ ကိုးယောက်အုပ်စုဖြစ်သည်။ ပူတာလနန်းတော်မှ လက်ရွေးစင် သိုင်းသမားများပင်။

သူတို့သည် ကုလားအုတ်များကို ဆွဲယူရန် ကြိုးစားရာမှ ဟိုက်ဝူရန်ကို တွေ့လိုက်ရသည်နှင့် ဓားဦးကို ဟိုက်ဝူရန်ဘက်လှည့်လိုက်ကြသည်။



သို့သော် ဟိုက်ဝူရန်၏ ဓားချက်များက ဝင်းခနဲ ဝင်းခနဲ လက်သွားပြီး ရန်သူသုံးယောက်၏ ခေါင်းကို တိခနဲ တိခနဲ ဖြတ်ပစ်လိုက်တော့၏။

ကျန်ခြောက်ယောက်မှာ ဟိုက်ဝူရန်၏ ဓားစွမ်းကို မြင်သည်နှင့် ထိတ်လန့်တုန်လှုပ်ပြီး နောက်ဆုတ်သွားကြတော့၏။

ဟိုက်ဝူရန်သည် ကုလားအုတ်များ အနီးတွင် ရပ်နေရင်းဓားကို တဝင့်ဝင့်လုပ်နေတော့၏။

ဟိုက်ဝူရန် အောင်ပွဲခံနေသော်လည်း ရိပ်ဆန်ရန်ကား အခြေအနေ မလှပေ။ တိုက်ပွဲချိန်ကြာလျှင် ရှုံးနိမ့်မည့် အခြေအနေပင်ဖြစ်နေသည်။

သို့သော် ရိပ်ဆန်ရန် အားမလျှော့ချေ။ ဝိုင်းရံထားသော ရန်သူများကို အားကြိုးမာန်တက် တိုက်သည်။

ထိုစဉ် ရန်သူ လားမားတစ်ဦးက လက်နက်ငယ်တစ်ခုနှင့် ပစ်ပေါက်လိုက်တော့သည်။

'ဝှစ်'ဆိုသော အသံနှင့်အတူ အလင်းတန်းကလေး တစ်ခုက ရိပ်ဆန်ရန်၏ နောက်ကျောကို ပြေးဝင်သွားသည်။

ရိပ်ဆန်ရန် ရှောင်တိမ်းခြင်း မပြုနိုင်မီမှာပင် လက်နက်ငယ်သည် ကျောပြင်ထဲ စိုက်နစ်သွားတော့၏။

"အိ .... "

ရိပ်ဆန်ရန် အလန့်တကြား အော်ဟစ်လိုက်မိ၏။ လေဟာပြင်ထဲမှ ပြန်ကျလာစဉ်တွင် ဒေါသထွက်ထွက်နှင့် ဓားတိုကလေးနှစ်ချောင်းကို တစ်ပြိုင်နက်ပစ်လွှတ်လိုက်တော့၏။

'ဒုတ်....ဒုတ်'ဟူသော အသံများ မြည်သွားပြီး လားမားနှစ်ယောက်၏ အသံနက်ကြီးများ ပေါ်ထွက်လာသည်။ ဓားတိုကလေးနှစ်ချောင်းက ရန်သူ၏ရင်ဘတ်ထဲနစ်ဝင်သွားခြင်းပင်။

ရိပ်ဆန်ရန်မှာ မြေပြင်တွင် ရပ်မိနေမိပြီ ဖြစ်သော်လည်း ရှေ့ဆက်လှုပ်ရှားခြင်း မပြုနိုင်တော့။ ကျောမှ ဒဏ်ရာသည် ပြင်းထန်စွာ နာကျင်လာပြီး ဒူးညွတ်လာတော့၏။

ထိုအချိန်မှာပင် ဓားရှည်ကြီးတစ်ချောင်း၏ အရောင်သည် ဝင်းခနဲလက်သွားပြီး ကျောပေါ်ဝဲကျလာပြန်၏။

ရိပ်ဆန်ရန်သည် ရှောင်တိမ်းရန် မလွယ်ကူတော့ချေ။ ဤဓားချက်သည် မိမိအတွက် သေမင်းဓားချက်ပင်၊ ထို့ကြောင့် မျက်လုံးကို စုံမှိတ်လိုက်တော့၏။

ထိုအချိန်တွင် သွယ်လျသော ခန္ဓာကိုယ်ပိုင်ရှင်တစ်ယောက်က လျှပ်ပြက်သလို ပြေးဝင်လာသည်။ တစ်ပြိုင်နက်တည်းတွင် ရိပ်ဆန်ရန်ကိုယ်ပေါ် ဝဲကျလာသော ဓားကို ထန်ခနဲနေအောင် ရိုက်ထုတ်ပစ်လိုက်သည်။

ရိပ်ဆန်ရန်ကို မဲနေသေးသော ရန်သူလားမားသည် မမျှော်လင့်သော အဖြစ်ကြောင့် တုန်လှုပ်ချောက်ချားသွား၏။

ထိုစဉ် သွယ်လျသော ခန္ဓာကိုယ်ပိုင်ရှင်က ဝုန်းခနဲ ဆောင့်တွန်းပစ်လိုက်တော့သည်။ ရန်သူလားမားသည် ကိုယ့်ကိုယ်ကို မထိန်းနိုင်ဘဲ ယိုင်လဲသွား၏။ သူ့ညကြားထဲက လက်ထဲမှ ဓားကို ဝှီးခနဲ ပစ်လွှတ်လိုက်ပြန်သည်။

သွယ်လျသော ခန္ဓာကိုယ်ပိုင်ရှင်သည် ဖြတ်ခနဲ ရှောင်တိမ်းရင်း လက်ထဲမှ ဓားနှင့် ခုတ်ပိုင်းပစ်လိုက်တော့၏။

"အား ...."

ရန်သူလားမားသည် အော်ရင်းဟစ်ရင်း အသက်ထွက်သွားတော့သည်။

ရုတ်တရက် ရောက်လာသော သွယ်လျလျ ခန္ဓာကိုယ်ပိုင်ရှင်သည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော မိန်းမပျိုတစ်ယောက်ပင်။

မိန်းမပျိုသည် တုံ့ဆိုင်းခြင်းမရှိဘဲ ဆက်တိုက်လှုပ်ရှားနေဆဲပင်။ သူမသည် အနီးသို့ ကပ်လာသော ရန်သူလားမားများကို တစ်ယောက်ပြီးတစ်ယောက် သုတ်သင်ပစ်နေပြီ။ သူမ၏ ဓားစွမ်းနှင့် သိုင်းပညာများသည် လက်ဖျားခါလောက်အောင် ကောင်းမွန်နေသဖြင့် တစ်ခဏအတွင်းမှာပင် ရန်သူလားမားငါးယောက်တိတိ အသက်ထွက်ခဲ့ရလေပြီ။

တိုက်ပွဲကွင်းသည် တစ်ချိန်ထက်တစ်ချိန် ရှုပ်ထွေးပြီး ဆူညံသည်ထက် ဆူညံနေလေပြီ။

မိန်းမပျိုသည် ဟိုက်ဝူရန်ကို လှမ်းကြည့်လိုက်ပြီး အနီးသို့ တိုးရန် ဟန်ပြင်လိုက်မိပြန်၏။

သို့သော် ရန်သူလားမားများက သူမ၏သွားလမ်းကို ပိတ်ဆို့ထားကြလေပြီ။ ရန်သူသည် လေးယောက်ဖြစ်ပြီး ရက်စက်ကြမ်းကြုတ်ဟန်များ အပြည့်ရှိနေ၏။

လားမားလေးဦးသည် ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုဟန်နှင့် သိုင်းကွက်နင်းကာ ရှေ့ကိုတိုးလာကြလေပြီ။ ထိုစဉ် တစ်ယောက်က

လှမ်းပြောလာ၏။

"မိန်းကလေး .... နင်က ဟိုအကောင်နဲ့ တစ်ဖွဲ့တည်းသားလား .... ကျုပ်တို့နဲ့ ရင်ဆိုင်ရသူတိုင်းဟာ အသက်ချမ်းသာရာရဖို့ ထိုးစံမရှိဘူးနော် .... "

အသံရှင်သည် အသက်ကြီးကြီး မိန့်ရှည်ရှည် လားမားပင်။ ထူထပ်သော ပါးမြိုင်းမွေးများနှင့် မုတ်ဆိတ်သွေးများရှိ၏။ ပြင်းထန်သော ဒဏ်ရာရနေသူဖြစ်သည်။ မိန်းမပျိုက ပြုံးပြီးလှမ်းပြောသည်။

"အပိုတွေ ပြောမနေပါနဲ့ .... ရှင်ဟာ ကျခက်ဟန်ဘ မဟုတ်လား .... တကယ်တမ်း သတ္တိရှိရင် တစ်ယောက်ချင်းယှဉ်ပါလား၊ လက်အောက်ငယ်သားတွေကို သေတွင်းထဲ ပို့နေတာကတော့ ကောင်းတဲ့ အစီအစဉ် မဟုတ်ပါဘူး .... "

ကျခက်ဟန်ဘ ရှုံ့မဲ့သွားသည်။

"ဟား .... ဟား .... မိန်းကလေးက အာဂမိန်းကလေးပဲ "

"အပိုတွေ ချီးကျူးမနေစမ်းပါနဲ့၊ သတ္တိရှိရင် ဓားချင်းယှဉ်ဖို့ အသင့်ပြင်ပါ.... "

ကျခက်ဟန်ဘသည် မခံချင်စိတ်ကြောင့် ဒေါသထွက်လာသည်။

"မိန်းကလေးက တော်တော်သတ္တိကောင်းနေပါလား .... သိုင်းလောကမှာ ဓားကိုင်တဲ့မိန်းကလေး တော်တော်ရှားတယ် .... ကောင်းပျံလွှားငှက် ဖန်ရီးဆစ်များလား .... "

"ဟုတ်တယ် .... ကျွန်မနာမည် ပျံလွှားငှက် ဖန်ရီးဆစ်ပဲ"

"ဟား .... ဟား .... သိုင်းလောကက နာမည်ကြီးပုဂ္ဂိုလ်တွေ



ချည်း ရောက်နေတာပါလား .... ကဲ .... ကဲ .... ကျုပ်ရဲ့ 'လေးထောင့်ပိုက်ကွန်' တိုက်ကွက်ကို ရှုကြည့်လိုက်စမ်းပါဦး .... ပြီးမှ ကျုပ်နဲ့ ယှဉ်ကြတာပေါ့ .... "

ကျခက်ဟန်ဘ၏ စကားဆုံးသည်နှင့် လားမားတစ်ဦးသည် ရှေ့ကို တိုးထွက်လာပြီး ပိုက်ကွန်လက်နက်ကို ဖြန့်ချလိုက်တော့သည်။

ဖန်ရီးဆစ်သည် လားမား၏ ပိုက်ကွန်ကြီး လွင့်ပျံလာသည်နှင့် ဖြတ်ခနဲခုန်ပြီး ရှောင်ထွက်သွားခဲ့သည်။ သို့သော် ဒုတိယလားမားက ပိုက်ကွန်ကြီး ဖြန့်ပြီး လှမ်းအုပ်ပြန်သည်။ ဤတွင်လည်း ဖန်ရီးဆစ်က လှစ်ခနဲ ရှောင်တိမ်းသွားနိုင်ခဲ့သည်။

သို့သော် မြေပြင်ကို ခြေချမိသည်နှင့် လားမားတစ်ဦးက ခုန်ဝင်ပြီး ပိုက်ကွန်တိုက်ကွက်ကို ထုတ်လိုက်ပြန်သည်။ ဖန်ရီးဆစ်သည် ပျံလွှားလေးလို ရှောင်တိမ်းသွားပြန်ပြီး လက်ထဲမှ ဓားကို ဝှစ်ခနဲ လွှပ်ရှားလိုက်တော့သည်။

လားမားသည် မည်သို့မျှရှောင်တိမ်းခြင်းမပြုနိုင်ဘဲ ဓားချက်မိကာ ခွေလဲသွားတော့သည်။ ရင်ဘတ်မှ စီးကျလာသော သွေးများသည် မြင်မကောင်းတော့ပေ။

ဖန်ရီးဆစ်သည် တုံ့ဆိုင်း တုံ့ဆိုင်းလုပ်မနေတော့ပေ။ ရန်မူရန် ရှေ့တိုးလာကြသော လားမားများကို လျှပ်စီးပြက်သလို လှုပ်ရှားပြီး တရကြမ်း တိုက်တော့သည်။

"အိုး .... "အ .... အား"

လားမားကြီးတစ်ဦး၏ ငယ်သံပါအောင် အော်လိုက်သံပင်။

ပိုက်ကွန်လက်နက်ရှင် လားမားလေးယောက်အနက်နှစ်ယောက်သာ ကျန်တော့သည်။

ကျန်နှစ်ဦးသည် တုံးလုံးပက်လက်ဖြစ်နေသော လားမားနှစ်ယောက်ကိုကြည့်ပြီး တုန်လှုပ်ချောက်ချားစွာ ထွက်ပြေးကြတော့သည်။

ဖန်ရှီးဆစ်က အလွတ်မပေးချေ။ လွှားခနဲ လွှားခနဲ ခုန်ပျံပြီး ရှေ့မှ ပိတ်ကာလိုက်ပြန်သည်။

ဤတွင် ကြောက်ရွံ့နေသော လားမားကြီးက လက်ထဲမှ ဓားနှင့် ကြောက်ကန်ကန်ခုတ်တော့သည်။ ဖန်ရှီးဆစ်သည် ထိုခုတ်ချက်ကို ဂရုမစိုက်ဘဲ လက်ထဲမှဓားနှင့် တားလိုက်ကာ အသေသတ်ရန် ပြင်လိုက်သည်။

ထိုစဉ် ပြင်းထန်သော အရှိန်အဟုန်နှင့် လူတစ်ယောက်ရောက်လာသည်။ ထိုလူသည် လျှပ်ပြက်သလို လှုပ်ရှားပြီး ဖန်ရှီးဆစ်၏ ပခုံးတစ်ဖက်ကို တိုက်ခိုက်တော့သည်။ ဖန်ရှီးဆစ်က ရှေ့မှ လားမားကို လွှတ်ပြီး နောက်မှလူကို ရင်ဆိုင်လိုက်သည်။ သို့သော် ထိုလူက သူ၏လက်ကို ပြန်ရုပ်ပြီး ဘေးသို့ရှောင်ထွက်သွား၏။

ကြည့်လိုက်သော် ကျခက်ဟန်ဘ ဖြစ်နေသည်။

သူ၏ ပခုံးတစ်ဖက်သည် သွေးများ အိုင်ထွန်းနေသည်။ အင်္ကျီပေါ်၌လည်း သွေးများ ရွှဲနစ်နေသည်။

ဤအခြေနေရောက်နေသော်လည်း ကျခက်ဟန်ဘ နောက်မဆုတ်သေးချေ။ သိုင်းစွမ်းရည်ကြီးမားကြောင်း သက်သေပြလျက်ပင်။

အချိန်သည် မိုးလင်းချိန်ဖြစ်နေလေပြီ။

ဖန်ရှီးဆစ်ကား အချိန်ကာလကို ဂရုမစိုက်နိုင်၊ နာမည်ကျော်



လူဆိုးကြီး ကျခက်ဟန်ဘကိုသာ စိုက်ကြည့်နေတော့၏။

ကျခက်ဟန်ဘကလည်း ဖန်ရှီးဆစ်ကို မျက်ခြည်မပြတ် လေ့လာနေပေပြီ။

"မိန်းကလေး....နင်ဟာ တော်တော်ခေါင်းမာတဲ့ မိန်းကလေးပဲ....ဒီပွဲမှာ နင့်အသက် ချမ်းသာရာရခဲ့ရင် ငါလူလုပ်မနေတော့ဘူး...."

အသံသည် မိုးခြိမ်းသံလို မြည်ဟည်းသွားသည်။

ဖန်ရှီးဆစ်ကား ထိုအသံကို ဂရုမစိုက်လှချေ။

◆◆◆

## အခန်း ၅၁။

# နှင်းမြေပေါ်မှ သွေးကွက်များ

ဖန်ရိုးဆစ်သည် ဓားကိုရင်ဘတ်ရှေ့တွင် ကန့်လန့်အနေအထား နှင့် ကိုင်ထားပြီး ကျခက်ဟန်ဘ၏ လှုပ်ရှားမှုများကို စောင့်ကြည့်နေသည်။

ကျခက်ဟန်ဘသည် သိုင်းကွက်နင်းလာရင်းက တစ်ဖက်ကို လှည့်သွား၏။ ဖန်ရိုးဆစ်ကလည်း သူလှည့်သလို လိုက်လှည့်၏။

ရုတ်တရက် ကျခက်ဟန်ဘက ဖန်ရိုးဆစ်ဘက် ပြန်လှည့်ပြီး ခြေလှမ်းကျဲကြီးနှင့် ခြေတစ်လှမ်းတိုးလာသည်။ ထို့နောက် ခါးကြားမှ အပြားကြီးကြီးနှင့် ဓားကြီးကို ဆွဲထုတ်လိုက်၏။

ဖန်ရိုးဆစ်သည် ဓားပညာကောင်းသူနှင့် တွေ့ရတော့မည်ကို ရိပ်မိလိုက်သည်။

မကြာ .... ။

နှစ်ယောက်စလုံး လှုပ်ရှားလာကြတော့၏။

ဓားနှစ်လက် လှစ်ခနဲပြောက်တက်သွားလေပြီ။

"ထန် .... "

"ထန် .... "



နှစ်ယောက်စလုံး၏ လှုပ်ရှားမှုသည် လျှပ်ပြက်သလို မြန်နေပေပြီ။

"သေပေတော့ .... "

ကျခက်ဟန်ဘ၏ ကြုံးဝါးသံနှင့်အတူ ဓားသည်ဝှစ်ခနဲ ဝှစ်ခနဲ မြည်သွားသည်။ အားပါသော ရိုက်ချက်သည် ဓားချက်နှင့်အတူ ဝှစ်ခနဲ ဝင်လာ၏။

ဖန်ရိုးဆစ် မခေပါ။ မြန်သည်။ ကျားမလေးလို မြန်သည်။ ဝင်လာသမျှ ထိုးနှက်ချက်ကို လှစ်ခနဲ လှစ်ခနဲ ရှောင်ပေးလိုက်ပြီး ဘယ်လက်ဝါးနှင့် ရိုက်ချလိုက်သည်။

ကျခက်ဟန်ဘ ရှောင်လိုက်နိုင်ပါသည်။ နည်းနည်းလေးသာ နောက်ကျပါက ရင်ပွင့်သွားမှာ သေချာ၏။

ရုတ်တရက် ဖန်ရိုးဆစ်၏ ဓားချက်သည် ဟစ်ချက်တည်းနှင့် ခေါင်း၊ ရင်ဘတ်၊ ပေါင် စသည်တို့ကို ကျရောက်လာပြန်၏။

ကျခက်ဟန်ဘက ထိတ်လန့်တကြား ကျွမ်းပစ်ရှောင်လိုက်ရ၏။

သို့သော် ကျခက်ဟန်ဘ၏ ဝံပလွေသားရေအင်္ကျီမှ အမွေးအမျှင်များသည် ဖွာခနဲ ဖွာခနဲ ပြတ်ကျသွားသည်။

ကျခက်ဟန်ဘ၏ ကိုယ်လုံးကြီးကား ဝိုးခနဲ လွင့်ထွက်သွားပြီးသည်နှင့် နှင်းမြေကမူကြီးတစ်ခုပေါ် ဘားကားကြီး ပြုတ်ကျသွားသည်။

မမျှော်လင့်သော အဖြစ်ကြောင့် ကျခက်ဟန်ဘ ဒေါသပိုဖြစ်လာသည်။ နှင်းကမူပေါ်မှ ကုန်းထပြီး ဖန်ရိုးဆစ်ကို စိုက်ကြည့်ပြန်

သည်။ မျက်လုံးအစုံသည် ဒေါသကြောင့် မီးဝင်းဝင်းတောက်နေချေပြီ။

ထို ... ၌ ဟိုက်ဝူရန်နှင့် လားမားအုပ်စုသည် အပြင်းအထန် တိုက်ခိုက်နေကြတုန်းပင်။ ဟိုက်ဝူရန်သည် အများနှင့်တစ်ယောက် တိုက်ခိုက်နေရသဖြင့် အချိန်ဆွဲခြင်း၊ တုံ့ဆိုင်းခြင်း မရှိဘဲ လျှပ်ပြက်သလို လှုပ်ရှားပြီး တရကြမ်းတိုက်ခိုက်နေရ၏။

ရုတ်တရက် ကျခက်ဟန်ဘသည် ဖန်ရိုးဆစ်နှင့် တိုက်ခိုက်နေရာမှ ဟိုက်ဝူရန်ကို ခုန်အုပ်လိုက်တော့သည်။ ကျခက်ဟန်ဘသည် လေထဲမှ ဝဲပျံလာရင်း ဓားတိုကလေး သုံးချောင်းကို တစ်ပြိုင်နက် ပစ်လွှတ်လိုက်သည်။

ဟိုက်ဝူရန်သည် ဓားသုံးချောင်းပြေးလာသည်နှင့် အနီးကပ် လားမားကို တိုက်ခိုက်နေရင်းက ဖြတ်ခနဲ ခုန်ပျံပြီး ရှောင်တိမ်းပေးလိုက်သည်။ ဓားသုံးချောင်းသည် ခြေဖဝါးအောက်မှကပ်ပြီး လွင့်ထွက်သွားသည်။

ထိုအချိန်မှာပင် ကျခက်ဟန်ဘက ဓားရှည်ကြီးကို ဝှေ့ပြီး ရောက်လာတော့သည်။ ထို့နောက် ဟိုက်ဝူရန်၏ တစ်ကိုယ်လုံးကို နေရာလပ်မကျန်ရအောင် ဝှီးခနဲ ဝှီးခနဲ ခုတ်ပိုင်းတော့၏။ ဟိုက်ဝူရန်က ဝင်လာသမျှ ထိုးနှက်ချက်များကို ရိပ်ခနဲ ရိပ်ခနဲ ရှောင်တိမ်းပေးသည်၊

ဟိုက်ဝူရန်သည် ထူးခြား ပြောင်မြောက်သော သိုင်းကွက်များကို နင်းနေရင်း ကျခက်ဟန်ဘကို အပြတ်ရှင်းပစ်ရန် စဉ်းစားရတော့သည်။

ထိုစဉ် ကျခက်ဟန်ဘက ပြင်းထန်သော အဟုန်ဖြင့် ခုန်ဝင်



လာသည်။

ဟိုက်ဝူရန်သည် ဝင်းခနဲလက်သွားသော ဓားကို မိမိဓားနှင့် ပက်ကာလိုက်ရင်း ပြင်းထန်သော ရိုက်ချက်ကို ထုတ်သုံးလိုက်ရတော့သည်။

"ထန်း .... ထန်း"

"ဗုန်း .... ဒုန်း"

ထိခိုက်သံများ ထိတ်လန့်ဖွယ်မြည်ဟည်းသွားသည်။ ဓားဓားချင်း ရိုက်မိသောကြောင့် မီးပွင့်များ ဝင်းခနဲဖြာသွား၏။

ကျခက်ဟန်ဘသည် မိမိအခြေအနေ မဟန်မှန်းရိပ်လိုက်သဖြင့် ဒုတိယဓားချက်ကို ထုတ်သုံးရန် ဟန်ပြင်လိုက်မိသည်။ သို့သော် ကျခက်ဟန်ဘ နောက်ကျသွားချေပြီ။ ဟိုက်ဝူရန်၏ ခြေထောက်တစ်ဖက်သည် ဗုစ်ခနဲမြည်ပြီး ရင်ဘတ်ဆီတန်းဝင်လာသည်။

"ဗုန်း .... ဗုန်း"

ပြင်းထန်သော အသံကြီး ဆက်တိုက်မြည်သွားပြန်သည်။ ကျခက်ဟန်ဘသည် အောက်ခြေလွတ်ပြီး ဗိုင်းခနဲ လဲကျသွားလေပြီ။ အတင်းရုန်းထရန် အားပြုမိသော်လည်း ကြိုးစားချက်သည် အရာမရောက်တော့ချေ။

ဟိုက်ဝူရန်၏ ခြေထောက်တစ်ဖက်သည် ရင်ဝကိုဖိနင်းထားလေပြီ။ ကျခက်ဟန်ဘ ဓာချွေးပြန်နေလေပြီ။

ဟိုက်ဝူရန်သည် ထိတ်လန့်ချောက်ချားနေသော ကျခက်ဟန်ဘကို အပေါ်စီးမှနေ၍ ရွံမုန်းစက်ဆုပ်စွာ ကြည့်နေလေပြီ။

ထိုစဉ် ကျခက်ဟန်ဘသည် ချောင်ပိတ်အရိုက်ခံရသော ခွေး

ကဲ့သို့ ကြောက်ကန်ကန်ပြီး လက်ထဲမှ ဓားနှင့် လှမ်းခုတ်ပြန်သည်၊

သို့သော် ဟိုက်ဝူရန်၏ ခြေတစ်ဖက်က ရင်ဘတ်ကိုအားနှင့် ပိုဖိလာသဖြင့် ဓား လက်သည် ဆုံးခန်းတိုင်အောင် မလှုပ်ရှားနိုင်ဘဲ တဆတ်ဆတတုန်ကာ ဖုတ်ခနဲပြန်ကျသွားသည်။ ထို့နောက် ဟိုက်ဝူရန်၏ ခြေထောက်တစ်ဖက်သည် ဓားကိုင်လက်ကိုပါဖိနင်းချလာသဖြင့် ကျခက်ဟန်ဘရှုံ့မဲ့သွားတော့သည်။

"အို .... အို"

ကျခက်ဟန်ဘသည် တစ်သက်တွင်တစ်ခါမျှ မကြုံဘူးသော ဒုက္ခကို ခံစားနေရသဖြင့် ခံပြင်းခြင်း၊ ရှက်ခြင်း၊ အခဲမကျေခြင်း စသောစိတ်များ ငယ်ထိပ်တိုင်အောင် တက်နေတော့သည်။

"ခင်ဗျား .... ခင်ဗျား .... တယ်ပြီး စော်ကားပါလား .... သိပ်သိပ်ရက်စက်သူပါလား .... "

အသံသည် တုန်ယင်ပြီး မောဟိုက်သံပါနေသည်။ ရုတ်တရက် ကျခက်ဟန်ဘသည် လွတ်နေသော လက်တစ်ဖက်နှင့် ဝှစ်ခနဲ လှမ်းရိုက်ပြန်၏။

သို့သော် သူ၏ ရိုက်ချက်သည် အလဟဿဖြစ်သွားပြန်၏။

ဟိုက်ဝူရန်၏ နင်းချက်ဖိအားသည် ပိုပြီးပြင်းထန်လာသဖြင့် အသက်ပင် မရှူနိုင်အောင် ဖြစ်လာပြီး တစ်ကိုယ်လုံး မလှုပ်နိုင်အောင် နာကျင်ကိုက်ခဲလာတော့သည်။

"ကျခက်ဟန်ဘ ခင်ဗျားက အောက်ကနေပြီး .... ထိပ်ကိုပြန်တက်ချင်နေသေးသလား....ခင်ဗျား အသက်ဟာ ကျုပ်ခြေထောက်အောက်မှာ ရှိနေတယ်ဆိုတာကို သတိထားစမ်းပါ .... "



"ခင်ဗျား .... ခင်ဗျားက ဘာလုပ်ချင်ပြန်ပြီလဲ .... ကျုပ်ကို ကျုပ်ကို... "

ကျခက်ဟန်ဘ စကားဆုံးအောင် မပြောနိုင်ဘဲ။ မျက်လုံးကြီး ပြူးပြီး ပါးစပ်ထဲမှ သွေးများပွက်ခနဲ ပွက်ခနဲ အန်ထွက်လာသည်။

ကျခက်ဟန်ဘသည် သေမင်း၏ နှုတ်ခမ်းပေါ် ရောက်နေလေပြီ။ ယခုမှ အသက်တစ်ချောင်း၏ တန်ဖိုးကို သိလာတော့၏။ ထို့ကြောင့် ကျခက်ဟန်ဘ၏ မာနကြီး ကျိုးသွားသည်။

"မိတ် .... မိတ်ဆွေ ကျုပ် .... ကို .... ချမ်းသာပေးပါ"

"ဟား....ဟား....ခုမှ ခင်ဗျားက သေမှာကြောက်နေတာကိုး၊ ခင်ဗျားကြောင့် သေရတဲ့လူတွေဟာ .... ခုလိုပဲ ခံစားရမယ်ဆိုတာကို ခင်ဗျား မတွေးခဲ့ဘူးလား....ဟား....ဟား....ကိုယ့်အသက်ကျတော့ .... တယ်နှမြောတတ်နေပါလား .... "

ကျခက်ဟန်ဘ ဘာမျှမပြောနိုင်ချေ။ တုန်လှုပ်ချောက်ချားစိတ်နှင့်သာ မျက်နှာကြီး ရှုံ့မဲ့နေတော့သည်။ အဝေးမှ ရပ်နေကြသော လားမားများသည် ကျခက်ဟန်ဘကို ကြည့်ရင်း ထိတ်လန့် တုန်လှုပ်နေတော့သည်။ သူတို့၏ အရှင်သခင်သည် မြေပြင်တွင် ပြားပြားဝပ်နေချေပြီတည်း။

ကျခက်ဟန်ဘသည် ပြူးကျယ်သောမျက်လုံးကြီးနှင့် ဟိုက်ဝူရန်ကိုကြည့်ကာ စကားဆိုလာပြန်သည်။

"မိတ် .... ဆွေ .... ကျုပ်ကို ခွင့် .... ခွင့်လွှတ်ပါ .... မသတ် မသတ်ပါနဲ့ .... "

"ဟား .... ဟား .... ခင်ဗျားက ကိုယ့်အလှည့်ကျတော့

တော်တော် ကြောက်တတ်သားပဲ .... ရပါတယ် .... ရပါတယ် .... ခင်ဗျားလို ရက်စက်ကြမ်းကြုတ်တဲ့သူ မဟုတ်ပါဘူး .... ဒါပေမယ့် ခင်ဗျားကို ဒီအတိုင်း မလွှတ်နိုင်သေးဘူး .... "

ဟိုက်ဝူရန်သည် ဖိနင်းထားသော ခြေကိုအသာကြွပေးလိုက်သည်။

ကျခက်ဟန်ဘသည် အချုပ်အနှောင်မှ လွတ်သွားသည်နှင့် အားယူပြီးထိုင်တော့သည်။ သို့သော် စောစောကလို မရမ်းရဲတော့ချေ။ အခြေအနေသည် မိမိလှုပ်လိုက်သည်နှင့် အသက်ထွက်ရမည်မှာ သေချာလှတော့သည်။

ဟိုက်ဝူရန်က ဓားကို တဆဆလှုပ်နေရာမှ ရင်ဝကို ထောက်ထားလိုက်၏။ ဓားဦးသည် လှုပ်လိုက်သည်နှင့် ရင်ဘတ်ထဲနစ်ဝင်သွားမှာ သေချာလှ၏။

ကျခက်ဟန်ဘ လုံးဝ မလှုပ်ရဲတော့ချေ။

"မိတ် .... မိတ်ဆွေ .... ဘာပြောချင်ပါသေးသလဲ .... "

"ဟဲ .... ဟဲ .... ခင်ဗျား နှောင်တရလာပြီထင်တယ် .... ဟဲ ဟဲ .... တကယ်တော့ ခင်ဗျားဟာ လူ့ပြည်မှာ အကြာကြီးအသက်ရှင်မနေသင့်တဲ့လူပဲ .... ခင်ဗျား ကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေအတွက် အကြိမ်တစ်ရာမက သေသင့်တဲ့လူပဲ .... ဒါပေမယ့် ခင်ဗျားနဲ့ကျုပ်ဟာ နှစ်ကြိမ်သာ တွေ့ဆုံရသေးသူမို့ အသက်ကိုတော့ .... ချမ်းသာပေးလိုက်ပါ့မယ် .... ဒါပေမယ့် .... လေးနက်တဲ့ ကတိတော့ပေးရလိမ့်မယ် .... အဲဒါက ခုအချိန်ကစပြီး တိဗက်နယ်မြေပေါ်က ထွက်ခွာသွားရမယ် .... ခင်ဗျားတစ်သက် တိဗက်ကို လုံးဝပြန်မလာရဘူး



တဲ့ .... ခင်ဗျား ကတိပေးနိုင်သလား .... "

"ခင် .... ခင်ဗျား .... တကယ်ပြောနေတာလား .... "

"တကယ်ပေါ့ .... ခင်ဗျားက ရယ်စရာပြောနေတယ် ထင်လို့လား .... အေး .... တစ်ခုတော့ရှိတယ် .... ခင်ဗျားလို ဆိုးသွမ်းရက်စက်ပြီး သိုင်းပညာပြောင်မြောက်သူကို ဒီအတိုင်းလွှတ်လိုက်လို့တော့ မဖြစ်ဘူး .... ခင်ဗျားရဲ့ သိုင်းအားတွေကိုတော့ ဖျက်ဆီးပစ်ရလိမ့်မယ် .... "

ကြားရသော စကားကြောင့် ကျခက်ဟန်ဘ မျက်လုံးပြူးသွားလေ၏။

မိမိ၏ သိုင်းအားများ အဖျက်ခံလိုက်ရပါက မိမိမှာ သိုင်းလောကထဲသို့ ဝင်နိုင်တော့မည် မဟုတ်ချေ။ သိုင်းပညာရှင်တစ်ယောက်၏ သိုင်းအားကို အဖျက်ခံရခြင်းသည် အသတ်ခံရသည်နှင့် မခြားပေ။

ထို့ကြောင့် ဒေါသထွက်ထွက်နှင့် ဖြတ်ခနဲ ခုန်ထကာ လက်ထဲမှဓားကို ဝှီးခနဲ ပစ်လွှတ်လိုက်တော့၏။ ဓားဦးက ဟိုက်ဝူရန်၏ရင်ဝဆီ တန်းပြီးပြေးသွား၏။ အနီးကပ်တိုက်ကွက်မို့ ရှောင်ထွက်ရန်မလွယ်လှချေ။

သို့သော် ဟိုက်ဝူရန်၏ လှုပ်ရှားမှုက ကျခက်ဟန်ဘထက်များစွာသာလွန်နေ၏။ လွင့်လာသောဓားကို အသင့်ကိုင်ထားသောဓားဖြင့် ထိထိမိမိကြီး ရိုက်ထုတ်ပစ်လိုက်၏။ ထိုစဉ် .... ကျခက်ဟန်ဘက မိုက်မိုက်ကန်းကန်း ခုန်အုပ်တော့၏။ ဟိုက်ဝူရန်က ကိုယ်ကိုအသာယိမ်းပြီး ဝှစ်ခနဲ ထိုးခုတ်လိုက်သည်။ ထို့နောက် ဓားကို ဓားအိမ်ထဲ

ပြန့်ယှည့်လိုက်၏။

ကျခက်ဟန်ဘမှာ လေထဲတွင် ဝဲနေရာမှ အသံနက်ကြီးနှင့် အော်ဟစ်လိုက်၏။

ထို့နောက် ....

မြေကြီးပေါ် ဗုန်းခနဲ ပစ်ကျသွားတော့၏။

အဖြူရောင်နှင်းမြေပြင်မှ အနီရောင်သွေးကွက်ကြီး ဖုံးလွှမ်းသွားပေပြီ။

လားမားအုပ်စုမှာ ကျခက်ဟန်ဘ၏ အဖြစ်ကြောင့် လှုပ်လှုပ်ရွရွဖြစ်လာကြပြန်၏။ ထို့နောက်တွင်မူ ခြေဦးတည့်ရာ ခွတ်ပြေးကြတော့၏။

ဟိုက်ဝူရန်နှင့် ဖန်ရိုးဆစ်တို့သည် ကြောက်လန့်တကြား ထွက်ပြေးနေကြသော လားမားများကို ငေးကြည့်နေမိကြသည်။ အတန်ကြာမှ လဲကျနေသော ကျခက်ဟန်ဘ အနီးသို့ လျှောက်သွားကြ၏။

ကျခက်ဟန်ဘမှာ အကျည်းတန်စွာ ငြိမ်သက်နေပြီ။

"ဒီလူဟာ အင်မတန် မှားသိုင်းကောင်းတဲ့လူပဲ ...."

ဖန်ရိုးဆစ်က တီးတိုး မှတ်ချက်ချပြီး ဟိုက်ဝူရန်ကို လှမ်းကြည့်သည်။

"ရှင် ....ရှင့်နောက်ဆုံး သိုင်းကွက်က အင်မတန်ပြောင်မြောက်တဲ့ သိုင်းကွက်ပဲ .... ဒီပညာက ဘယ်ကရခဲ့တာလဲ .... ကျွန်မ တစ်ခါမှ မမြင်ဖူးခဲ့ဘူး .... "

ဟိုက်ဝူရန်က ကြေကွဲရိပ်သမ်းသော မျက်လုံးများနှင့် စိုက်ကြည့်ရင်း ရှေ့ကို တစ်လှမ်းတိုးလာသည်။



"ကျွန်ုပ်ရဲ့ သိုင်းပညာက ထင်ထားတာထက် အများကြီးကောင်းတယ် ....

"ဟုတ်တယ် .... ကျွန်မတောင် ရှင့်အတွက် စိုးရိမ်နေမိသေးတယ် ... ကျွန်မက ရှင်သွားပြီလို့တောင် အောက်မေ့နေတာ .... ရှင်တော်လွန်းလို့ သူခံသွားရတာပဲ .... "

ဟိုက်ဝူရန်သည် ကျခက်ဟန်ဘ၏ အလောင်းကောင်ကြီးကို ကြည့်ရင်း ခေါင်းကို ခါယမ်းလိုက်မိသည်။ ထို့နောက် ....

"တကယ်တော့ .... ကျုပ် သူ့ကိုမသတ်ချင်သေးဘူး .... ရည်ရွယ်ချက်က သိုင်းအားတွေ ဖျက်ပင်ရုံလောက်ပဲ ရည်ရွယ်ထားတာပါ .... ခုတော့ .... သူ့ဒဏ်သူခံသွားရတာပါပဲ .... "

"စိတ်မကောင်း ဖြစ်မနေပါနဲ့ရှင် .... ဒီလိုလူမျိုးဟာ တစ်ခါမက အခါတစ်ရာလောက် သေသင့်တဲ့လူပါ .... ဒီကိစ္စကို ခေါင်းထဲထည့်မနေပါနဲ့တော့ .... လောလောဆယ် လုပ်ရမှာက ရတနာပစ္စည်းလုံခြုံရေးကိစ္စပါ .... "

ဟိုက်ဝူရန်သည် ဖန်ရိုးဆစ်ကို ငေးကြည့်နေမိပြန်သည်။

အတန်ကြာမှ ....

"ရိပ် .... ရိပ်ဆန်ရန် ဘယ်ရောက်သွားပြီလဲ .... "

ဟိုက်ဝူရန်က အလန့်တကြားမေးသည်။

ဖန်ရိုးဆစ်က အနီးမှ လှစ်ခနဲပြေးထွက်သွားသည်။ မကြာ။ လူတစ်ယောက်ကို ပွေ့ချီပြီး ပြန်ရောက်လာသည်။ ထို့နောက် မြေကြီးပေါ် အသာချလိုက်သည်။

ဟိုက်ဝူရန်သည် ထိတ်ခနဲဖြစ်သွားပြီး ရှေ့ကိုတိုးသွားသည်။

ရိပ်ဆန်ရန်သည် တစ်ကိုယ်လုံး အေးစက်ပြီး တောင့်တင်းနေလေပြီ။

စိုးရိမ်တကြီးနှင့် ရင်ဘတ်နားကပ်ပြီး နားထောင်လိုက်တော့မှ အသက်ရှူသံလေးကို ကြားလာရသည်။ ရိပ်ဆန်ရန် မသေသေး။

ဟိုက်ဝူရန်သည် ရိပ်ဆန်ရန်၏ တစ်ကိုယ်လုံးကို နှိပ်နယ်ပြီး အပူငွေ့ပေးလိုက်သည်။ မကြာ။ ရိပ်ဆန်ရန် မျက်လုံးပြန်ပွင့်လာသည်။ ထို့နောက် အားယူပြီး ....

"ကျုပ်မသေသေးပါလား ....အင်း .... ကျုပ်က နတ်ပြည်က ပြန်ရောက်လာတယ် အောက်မေ့နေတာ .... "

"ဟား....ဟား....ခင်ဗျားက သက်ပြင်းပဲ ဥစ္စာ....ဘယ်သေပါဦးမလဲ....ခုချိန်ဟာ....ခင်ဗျားအတွက် သေချိန်လဲ မဟုတ်သေးပါဘူးဗျာ .... ဟား .... ဟား .... ဟား"

ဟိုက်ဝူရန်က ရယ်ရယ်မောမော ပြောပြီး ဒဏ်ရာများကို ဆေးထည့်ပေးလိုက်သည်။

ဖန်ရိုးဆစ်က ရိပ်ဆန်ရန်ကို ပြုစုနေသော ဟိုက်ဝူရန်ကို ငေးပြီး ကြည့်နေသည်။

ဟိုက်ဝူရန်သည် ဖန်ရိုးဆစ်ကို မျက်ခနဲ ကြည့်လိုက်ရာမှ ရိပ်ဆန်ရန်ကို ဂရုစိုက် နှိပ်နယ်ပေးနေပြန်သည်။

နှင်းထုသည် သိပ်သည်းသည်ထက် သိပ်သိပ်လာပြီး သည်းသည်ထက် သည်းလာပြန်သည်။ ပြန့်ကျဲနေသော အလောင်းကောင်များတွင် နှင်းခဲနှင်းပွင့်များ၏ ဖုံးအုပ်မှုကြောင့် တဖြည်းဖြည်းပျောက်ကွယ်စပြုနေသည်။



ရိပ်ဆန်ရန်သည် တိဗက်ပြည်သူတို့အား နိုင်ထက်စီးနင်းလုပ်ပြီး ဗိုလ်ကျဆိုးသွမ်းခဲ့သော ကျခက်ဟန်ဘ၏ အလောင်းကြီးပျောက်ကွယ်သွားပုံကို ငေးကြည့်နေရင်း တီးတိုးရေရွတ်လိုက်သည်။

"မတရားမှုကို ကျူးလွန်တဲ့ လူတွေဟာ....ဒီလိုပဲ နိဂုံးချုပ်ရမှာပဲ .... ကာလဝိဘက်နောက်ပိုးတက်ဆိုတာ ဒါပဲ .... "

ရိပ်ဆန်ရန်သည် ပြောနေရင်း သက်ပြင်းရှည်ကြီး ချလိုက်သည်။ ထို့နောက် ....

"ဆရာလေး....ဟို....ဟို မိန်းကလေး ဘယ်ရောက်သွားပြီလဲ .... "

"သူ ထွက်သွားပြီ ဆရာကြီး .... သူထွက်သွားပြီ"

ဟိုက်ဝူရန်၏ အသံက ကြေကွဲဆို့နင့်သံပါနေသည်။ ရိပ်ဆန်ရန် နားမလည်။

"အိုး....ဘယ်လိုဖြစ်သွားရတာလဲ....စောစောကပဲ ကောင်းကောင်းမွန်မွန် ရှိသေးတယ်....ချက်ချင်း ဘယ်လိုဖြစ်သွားရတာလဲ"

"သူက ဒီလိုပဲဆရာကြီး .... ဒီလို ထွက်သွားတတ်တာဟာ သူ့အကျင့်ပဲ .... နှုတ်မဆက်တဲ့ မိန်းကလေးပေါ့ဆရာကြီးရယ် ...."

ဟိုက်ဝူရန်၏ အသံသည် ဆွေးမြည့်ကြေကွဲနေသော အသံပင်။

နှင်းပွင့်နှင်းခဲတို့ကား တဖွဲဖွဲ တသည်းသည်း ကျနေဆဲပင်တည်း။

◆◆◆

ဟိုက်ဝူရန်နှင့် ရိပ်ဆန်ရန်တို့သည် ကုလားအုတ်များပေါ်သို့

ရတနာသေတ္တာများ ပြန်တင်ပြီးသည်နှင့် မြင်းပေါ်ခုန်တက်ကာ အမြန် ခရီးဆက်ခဲ့ကြပြန်၏။

ရိပ်ဆန်ရန်သည် ရှေ့ဆုံးမှသွားနေပြီး ဟိုက်ဝူရန်က နောက်မှ လိုက်ပါလာသည်။

တောင်လေးသုံးလုံးကို ကျော်လွန်ပြီးသောအခါ ရိပ်ဆန်ရန်နှင့် ဟိုက်ဝူရန်တို့ အတော်ပြတ်သွားကြသည်။

တောင်ကုန်းတစ်ခု၏ ကွေ့တစ်ခုကို ချိုးကွေ့မိသောအခါ ထင်းရှူးပင် တစ်ပင်တွင် ချည်နှောင်ထားသော လားတစ်ကောင်ကို ထူးထူးဆန်းဆန်း တွေ့ရတော့၏။

လားသည် အငြိမ်မနေဘဲ ရုန်းကန်လှုပ်ရှားနေသည်။ အချုပ် အနှောင်မှ ရုန်းထွက်ရန် ကြိုးစားနေခြင်း ဖြစ်၏။

မလှမ်းမကမ်းတွင် လူတစ်ယောက်လဲနေသည်ကို တွေ့ရသည်။ အသက်မဲ့နေသော လူ ဖြစ်ဟန်တူသည်။

သေသေချာချာ ကြည့်လိုက်သောအခါ အလွန်အေးသော ဒေသဖြစ်ပါလျက် ပါးလွှာသော ဝတ်စုံကိုသာ ဝတ်ထားလျက် ရှိ၏။

ရိပ်ဆန်ရန်သည် ထိုလူကို တအံ့အသြနှင့် ငေးနေမိတော့သည်။

"တောက် .... ဒီလောက် အေးရတဲ့ကြားထဲ အဝတ်ပါးလေး ဝတ်ပြီး သေနေရသေးတယ် .... ဘယ်လို လူစားမျိုးပါလိမ့်"

ရိပ်ဆန်ရန်သည် တီးတိုးရေရွတ်ရင်း ဆေးတံကို ခါကာခါး ကြားထဲ ထိုးထည့်လိုက်၏။ ထို့နောက် မြင်းကို ရှေ့သို့အသာ



တိုးရွေ့လိုက်သ ၌။

"ထွီ .... ဘာကိစ္စနဲ့ ဒီမှာလာပြီး သေနေတဲ့လူပါလိမ့်၊ ဟိုလား ကလည်း အငြိမ်ကိုမနေဘူး .... အိုး .... လားပေါ်မှာ အရက်အိုးတစ်အိုး ပါလား .... စားရက်ကြုံလို့ မှတ်ဆိတ်ပျားစွဲတယ်ဆိုတာ ဒါမျိုးပဲ၊ ဟာ .... ဟ"

ရိပ်ဆန်ရန်သည် မြင်းပေါ်မှ ခုန်ဆင်းပြီး လားကလေးရှိရာ တိုးကပ်သွား၏။ ထို့နောက် အရက်အိုးကို ဖြုတ်ယူပြီး ဖုံးဆို့ကို ဖွင့်လိုက်သည်။ အရက်နံ့သည် ထူးခြားခြား မွှေးကြိုင်နေ၏။ အလွန် ကောင်းသော အမျိုးအစားပင်။

ရိပ်ဆန်ရန်သည် ပြုံးပြုံးရွှင်ရွှင်နှင့် လာရာလမ်းကို မျှော်ကြည့် လိုက်ပြန်သည်။ ပန်တင်ကုလားအုတ်တန်းသည် ခပ်လှမ်းလှမ်းမှာပင် ရှိနေသေးသည်။ ဟိုက်ဝူရန်သည် တောင်ကွေ့တစ်ခုအတွင်းမှာပင် ရှိနေသေး၏။ မြင်ကွင်းထဲ ရောက်မလာသေး။

"ကောင်းတယ် .... ကုလားအုတ်တန်းကို စောင့်ရင်း ဒီအရက်ကို အဝသောက်ပစ်ရမယ် .... ဟဲ .... ဟဲ"

ရိပ်ဆန်ရန်သည် အရက်အိုးကြီးကို မ,ပြီး တကျိုက်ကျိုက် သောက်ချလိုက်၏။

"ဘယ်လိုလဲ မိတ်ဆွေရဲ့ .... သောက်လို့ မဝသေးဘူးလား"

ရိပ်ဆန်ရန်သည် စကားသံနှင့်အတူ ပခုံးကို တစ်စုံတစ်ရာနှင့် ရိုက်ပုတ်ခြင်း ခံစားလိုက်ရသဖြင့် လန့်ဖျပ်သွားပြီး အရက်အိုးကြီး လွတ်ကျသွား၏။

လှည့်ကြည့်လိုက်သောအခါ လွတ်ကျသွားသော အရက်အိုး

သည် အသံရှင်၏ လက်ထဲရောက်နေသည်။

ထိုလူသည် နှင်းဖုံး၍ သေနေသော လူပင်တည်း။

တကယ့်လူသေ မဟုတ်ဘဲ အသေဟန်ဆောင်နေသော လူပင်တည်း။

ရိပ်ဆန်ရန် နောက်ဆုတ်လိုက်မိ၏။

နှင်းတောထဲမှ ထလာသော လူသည် မြင်းမျက်နှာနှင့် တူသော မျက်နှာရှင်ဖြစ်၏။

ထိုလူသည် အခြားသူ မဟုတ်။ မပျော့်ရှင် အဖွဲ့ချုပ် ဓားတစ်ချက်ပင် ဖြစ်တော့သည်။

ရိပ်ဆန်ရန်သည် ဓားတချက်မှန်း သိလိုက်ရသည်နှင့် တုန်လှုပ်ချောက်ချားသွား၏။

နှင်းပွင့်နှင်းခဲများကို အကာအကွယ်လုပ်ပြီး သေဟန်ဆောင်နေခြင်းကား ထူးခြားသော လက္ခဏာတစ်ရပ်ပင်။ ဤသို့ မည်မျှကြာအောင် နေခဲ့သည် မသိ။ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

လက်တစ်ဖက်မှ အကျီစသည် လေတိုက်တိုင်း တလူလူလွင့်နေသည်။

ကျန်တစ်ဖက်၌ကား မြဲနေသော ဓားကို ကျစ်ကျစ်ဆုပ်ထားသည်။ ဓားရောင်မှာ အသည်းယားဖွယ် တဝင်းဝင်းလက်နေ၏။

ရိပ်ဆန်ရန်သည် ဓားကိုကြည့်ပြီး ထိတ်လန့် တုန်လှုပ်နေ၏။ ရုတ်တရက် ဓားတချက်၏လက်က လေဟာပြင်ထဲ မြောက်တက်သွား၏။ ရိပ်ဆန်ရန်က ခုခံရန်ကြံလိုက်သော်လည်း အချိန်မမီတော့ပေ။

"အား ...."



လျှပ်ပြက်သည်ထက် မြန်သော အဖြစ်အပျက်ပင်။ ဓားတချက်၏ ရက်စက်မှုမှာ ကမ်းကုန်သော ဓားစွမ်းတည်း။

ထိုစဉ် ခပ်လှမ်းလှမ်းမှ လူတစ်ယောက် ရိပ်ခနဲ ပေါ်လာ၏။ ဓားတချက်က ထိုလူကို မှုန်တေတေနှင့် စိုက်ကြည့်၏။

ထိုလူသည် ကိုယ်ဖော့ပညာကို အသုံးပြုပြီး ဝိုးခနဲ ရောက်လာ၏။ ရိပ်ဆန်ရန် အော်သံကြား၍ ရောက်လာသော ဟိုက်ဝူရန်ပင်တည်း။

ဓားတချက်ကား ကျောက်ရုပ်ကြီးလို ရပ်နေပြီး အေးတိအေးစက် လုပ်နေ၏။ စိတ်ထဲ၌ကား ....

ဤလူသည် မည်သူနည်း။ တစ်ကြိမ်တစ်ခါမျှ တွေ့မြင်ဖူးခြင်း မရှိသူတည်း။ သိုင်းပညာ ကောင်းသည်ကား သေချာသည်။ စသည်ဖြင့် တွေး၏။

အတန်ကြာမှ ....

"ဒီမယ် .... ခင်ဗျားက ဘယ်သူလဲ .... ကျုပ်အလုပ်ထဲ ဘာဖြစ်လို့ ဝင်ရှုပ်နေတာလဲ ...."

ဓားတချက်က အသံက မာ၏။ ထန်၏။

ဟိုက်ဝူရန်က ဓားတချက်ကို ဓားတချက်မှန်း သိသော်လည်း ဂရုမစိုက်။ မျက်နှာကား ရက်စက်ကြမ်းကြုတ်မည့်အသွင်နှင့် တင်းမာနေ၏။

ရိပ်ဆန်ရန်၏ အလောင်းအနီး တိုးကပ်သွားပြီး ကရုဏာသက်စွာ ယူကျုံးမရစွာ ကြည့်သည်။

လူကောင်းဘဝသို့ ရောက်လာဖြစ်သော ရိပ်ဆန်ရန်သည်

မျက်စိတမှိတ် လျှပ်တပြက်အတွင်း ရုပ်ပျက်ဆင်းပျက်နှင့် အသက်ကင်းမဲ့နေလေပြီ။

သစ္စာရှိသော မိတ်ဆွေကြီး၏ သေခြင်းသည် ကြေကွဲမဆုံးနိုင်သော ခံစားမှုကို ပေးစွမ်းနေချေပြီတကား။

ဟိုက်ဝူရန် ကြေကွဲမဆုံးတော့ပေ။

ဓားတချက်ကို ဖျတ်ခနဲ စိုက်ကြည့်လိုက်၏။ မျက်လုံးအစုံက မီးဝင်းဝင်းတောက်နေချေပြီတည်း။

ဓားတချက်သည် ဟိုက်ဝူရန်၏ စူးရဲသောအကြည့်ကြောင့် တွန့်ခနဲဖြစ်သွားသည်။

ဓားတချက်သည် လက်ထဲမှ ဓားကို တင်းသည်ထက် တင်းအောင် ဖျစ်ညှစ်လိုက်၏။

ဟိုက်ဝူရန်နှင့် ဓားတချက်သည် အကြည့်ချင်း ပြိုင်နေကြလေပြီ။

ဓားတချက်သည် ဆိတ်ငြိမ်မှုကို သည်းမခံနိုင်တော့ဟန်နှင့် ခပ်မာမာ လှမ်းမေးသည်။

"ဟေ့လူ .... သေသွားတဲ့လူက ဘယ်သူလဲ .... ခင်ဗျားအဖေမို့ ဒီလောက် စိတ်ထိခိုက်နေတာလား ...."

ဟိုက်ဝူရန် ဖြည်းဖြည်းချင်း ပြန်ထပြီး ဓားတချက်ကို စိုက်ကြည့်သည်။

"ဒီအဘိုးကြီးကို ကျုပ်အဖေလို့ပြောရင် ရတယ် ...."

"ဘာပြောတယ် .... ခင်ဗျားအဖေလို့ ပြောနေတာလား ...."

"သွေးသားတော်စပ်မှ အဖေ အမေလို့ ပြောလို့ရသလား၊



ဘာမှမတော်လည်း အဖေအမေလို့ ပြောလို့ရတဲ့သဘောကို ခင်ဗျားနားလည်သလား.... ဒီမယ်.... ဒီ အဘိုးကြီးဟာ.... ကျုပ်အဖေလို လေးစားချစ်ခင်ရတဲ့ ပုဂ္ဂိုလ်ပဲ....ဒီတော့....ဒီပုဂ္ဂိုလ်ကို သတ်လိုက်တဲ့ ကိစ္စကို ခင်ဗျားအသက်နဲ့လဲပြီး တာဝန်ယူဖို့လိုပြီ ...."

"ဟား .... ဟား .... ဟား .... ခင်ဗျားဟာ တော်တော်စကားကြောရှည်တဲ့လူပဲ....ကျုပ်ဓားက ခင်ဗျားအသက်ကိုယူဖို့ အဆင်သင့်ဖြစ်နေပါပြီ .... ဟား .... ဟား"

ဓားတချက်သည် ဘာစကားမျှ မပြောတော့ဘဲ ဓားကို ဝှေ့ယမ်းလိုက်သည်။ ရှေ့ကို တစ်လှမ်းတိုးလာသည်။ ထို့နောက် ဖြတ်ခနဲ ခုန်ပျံပြီး ဝှစ်ခနဲ ဝှစ်ခနဲ မြည်အောင် တိုက်ခိုက်တော့၏။

ဟိုက်ဝူရန်ကလည်း မြန်သည်။ ဝှစ်ခနဲ ဝင်လာသောဓားချက်ကို ဖျတ်ခနဲ ခုခံတွန်းလှန်လိုက်သည်။

ဓား ဓားချင်းထိသံ 'ထန်း' ခနဲမြည်သွားသည်။

ဓား ဓားချင်း ပူးကပ်နေပြီး အားပြိုင်မိကြလေပြီ။

ဓားတချက် မျက်နှာ အိုစသွားသည်။ လူငယ်သည် အတွင်းအား ကြီးမားသူပေတကား။

တစ်သက်နှင့်တစ်ကိုယ် လက်ရည်တူသိုင်းသမားကို မတွေ့ဘူးခဲ့။

ယခုမူ လက်ရည်တူရုံမက မိမိထက်ပင် အားကောင်းဟန်ရှိနေသည်။ ပေါ့၍မဖြစ်၊ လစ်ဟာ၍ မဖြစ် ဓာချွေးပင်ပြန်လာလေသည်။ ထိုစဉ် ဝန်တင်ကုလားအုတ်ကြီးများ မြင်ကွင်းထဲ ရောက်လာသည်။

"ကုလားအုတ်တွေပေါ်က သေတ္တာတွေဟာ .... ဘာသေတ္တာတွေလဲ .... "

ဓားတချက်က လောဘသံနှင့်မေးသည်။

"ရတနာအပြည့်ပါတဲ့ သေတ္တာတွေပဲ .... "

ဟိုက်ဝူရန်က ခပ်အေးအေးဖြေသည်။

ဓားတချက် အံ့ဩသွားသည်။

"ရတနာသိုက်ဂူထဲက ပစ္စည်းတွေလား .... "

"ဟုတ်တယ် .... "

ဓားတချက်သည် ဟိုက်ဝူရန်ကိုပိုပြီး အံ့ဩသွားသည်။ တွန်းထားသော ဓားကိုဖြည်းဖြည်းချင်း ပြန်ရုပ်လိုက်သည်။ ဟိုက်ဝူရန်ကလည်း သူ၏ဓားကို ပြန်ရုပ်လိုက်သည်။ ဟိုက်ဝူရန်သည် ယခုအချိန် အင်အားကို အကုန်မသုံးသေးချေ။ ဤကား ဟိုက်ဝူရန်၏ ပါးနပ်လိမ္မာသော တိုက်ပွဲ ပရိယာယ်ပင်ဖြစ်၏။ ရန်သူသည် မိမိစွမ်းအားကို မှန်မှန်ကန်ကန် တွက်ချက်ခြင်းမပြုနိုင်အောင် လျှို့ထားခြင်းဖြစ်သည်။

ဟိုက်ဝူရန်သည် ဓားတချက်ကို စိုက်ကြည့်လိုက်ပြီး ခပ်အေးအေးပြန်ပြောသည်။

"ဒီမယ် ဓားတချက် .... လူဆိုတာ လောဘသားတွေ မဟုတ်လားဗျ .... ရွှေငွေရတနာဆိုတာ လူတွေရဲ့သည်းခြေကြိုက်ပစ္စည်းပဲ၊ ဒါပေမဲ့ .... "

ဓားတချက်ကမဲ့ရွဲ့ပြီး မေးသည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ .... ပြောစရာရှိရင် ရှင်းရှင်းပြောစမ်းပါ .... "



"ဖြည်းဖြည်းပေါ့ဗျာ .... ဟဲ .... ဟဲ ကျုပ်ပြောချင်တာက လောဘရမ္မက်ကြီးမားတဲ့ သူတွေဟာ .... အသေဆိုးနဲ့ သေရတတ်တာချည်းပဲလို့ ပြောချင်တာပါဗျာ .... အဲဒီအဖြစ်တွေကို ခင်ဗျားသိချင်မှ သိမယ်ထင်ပါတယ် .... "

"ခင်ဗျားစကားက ဘာစကားလဲ ပြောစမ်းပါ ရှင်းအောင်"

"ဒီလိုပါ .... ကျုပ်နဲ့ဖျိုင်းဖြူခေါင်းလစ်တွေ့ဆုံပြီးတဲ့ အကြောင်းကို ပြောချင်လို့ပါ .... "

"ဩော် .... ခင်ဗျားက ဖျိုင်းဖြူခေါင်းလစ်နဲ့ တိုက်ခိုက်ပြီးပြီလို့ ဆိုလိုတာလား .... "

"ဟုတ်ပါတယ် .... "

ဓားတချက် တွန့်ခနဲဖြစ်သွားသည်။ မယုံမရဲနှင့် စိတ်ထဲလှုပ်ရှားသွားသည်။

"ဖျိုင်းဖြူခေါင်းလစ်နဲ့ တွေ့ဆုံရတာဟာ ခင်ဗျားနဲ့ တွေ့ဆုံရတာလိုမျိုးပဲ .... ဒါပေမယ့် .... သူ့ရည်ရွယ်ချက် မအောင်မြင်ခဲ့ပါဘူး .... အောင်မြင်သော အရှုံးပေးခြင်းနဲ့ နောက်ဆုတ်သွားခဲ့ရပါတယ်"

"ဟား .... ဟား .... ရယ်စရာကောင်းလိုက်တာ .... "

ပြောသာပြောရသည်။ ခေါင်းထဲ၌ကား ရှုပ်ထွေးနေသည်။ ဖျိုင်းဖြူခေါင်းလစ် အမှန်အရှုံးပေးလိုက်ရလေသလား၊ မဖြစ်နိုင် မဖြစ်နိုင်ဟု တွေးသည်။

ဟိုက်ဝူရန်က ဆက်ပြောသည်။

"ဖျိုင်းဖြူခေါင်းလစ်ဟိ လောဘဇောတက်ခဲ့တဲ့ အုပ်စုတွေ

အကြောင်းကို ဆက်ပြောချင်ပါသေးတယ်.... သူတို့ကတော့ ဓားမြှောင်ဓိုလ် လီမြောက်ကျင်လို့ အုပ်စုပဲ .... သူကတော့ ကံအဆိုးဆုံးပုဂ္ဂိုလ်လို့ [illegible]ဘယ်.... အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန်ရပြီး နောက်ဆုတ်သွားရတယ်.... ဒဏ်ရာက သုံးလေးနှစ်လောက် အိပ်ရာပေါ်လဲနေမယ့် ဒဏ်ရာပဲ .... "

"ခင်ဗျား လက်ချက်ပဲလား .... "

"ဟုတ်ပါတယ်....မှတ်လောက်သားလောက်အောင် ဆုံးမလိုက်တာပါ....အမှန်ပြောရရင်တော့....သူ့ဘာသာ သေတွင်းထဲခုန်ဆင်းခဲ့ရတယ်လို့ ဆိုရမှာပေါ့ .... ဟဲ .... ဟဲ"

"နောက်ကော .... ဘယ်သူတွေ ကျန်သေးသလဲ .... "

"ကျန်ပါသေးတယ်.... အဲဒီပုဂ္ဂိုလ်ဟာ ပူတာလနန်းတော်က ကျစက်ဟန်ဘနဲ့ နောက်လိုက်တွေပဲ .... "

ဟိုက်ဝူရန်က ဆက်မပြောဘဲ ရပ်စပ်လိုက်သည်။ ဓားတချက် ရှေ့ဆက်ကိစ္စကို သိချင်နေသော်လည်း မမေးဘဲ ရေငုံနေသည်။

ဟိုက်ဝူရန်က ပြုံးပြီး ဆက်ပြောသည်။

"ခင်ဗျား သိပ်ပြီး စိတ်ဝင်စားနေတယ်ဆိုရင်တော့.... အဲဒီပုဂ္ဂိုလ်နဲ့ သူ့နောက်လိုက်တွေရဲ့ အလောင်းတွေကို အနောက်ဘက်တောင်စောင်းပေါ်မှာ နှင်းဖုံးနေတာ တွေ့ရပါလိမ့်မယ်.... ဒီကနေဆိုရင် ဆယ်မိုင်ကျော်ကျော်လောက်ပဲ ဝေးပါတယ်.... အလောင်းတွေဟာ လတ်လတ်ဆတ်ဆတ်ပဲ ရှိနေပါသေးတယ် .... "

ဓားတချက်သည် ကြားရသောစကားကြောင့် အတုန်လှုပ်ကြီး တုန်လှုပ်သွားသည်။



ဤအဖြစ်များသည် အဖြစ်မှန်များသာ ဖြစ်ပေလိမ့်မည်။

ဤအတိုင်းဆိုလျှင် ဤလူငယ်ကိုရင်ဆိုင်ရန်မှာ လွယ်ကူသောကိစ္စ မဟုတ်တော့ပေ။ တိုက်ခိုက်အနိုင်ယူလိုသော စိတ်အဟုန်သည်ပင် တစ်စတစ်စ လျော့ကျသွားလေပြီ။

သို့သော် ကျဆင်းသွားသောစိတ်ကို ချက်ချင်း ပြန်တင်းလိုက်ရသည်။ ဆုံးရှုံးသွားသူတို့၏ သတင်းကို သင်ခန်းစာယူပြီး အပိုင်အနိုင်တိုက်မည့် တိုက်ကွက်များကိုသာ စဉ်းစားရတော့သည်။

ဟိုက်ဝူရန်ကား တိုက်ပွဲဝင်ရန် အေးတိအေးစက်ဟန်နှင့် စောင့်ဆိုင်းနေဆဲပင်တည်း။

ရုတ်တရက် ဟိုက်ဝူရန်သည် ရှေ့ကို တစ်လှမ်းတိုးသွားလိုက်၏။ ဓားတချက်သည် နောက်ဆုတ်ရန် စဉ်းစားမိသော်လည်း ခြေထောက်သည် ရွေ့၍မရတော့ချေ။ မာနနှင့် ဒေါသည် ငယ်ထိပ်တိုင်အောင် တက်လာတော့သည်။

ဘာမဟုတ်တဲ့ကောင်ကို အရှုံးပေးရမှာလား၊ ဓားတချက်က ရပ်နေရာမှ ယိမ်းယိုင်သွားပြီး ချာလပတ်လှည့်လိုက်သည်။ ကိုယ်ခန္ဓာသည် ရဟတ်လို ချာချာလည်ပြီး မြောက်တက်သွားသည်။ ဟိုက်ဝူရန်ကိုယ်ပေါ်ဝဲကျလာသည်။ လက်ထဲမှ ဓားသည် ဝင်းခနဲလက်ပြီး ဝိုးခနဲ ဝှစ်ခနဲ မြည်သွားသည်။

အလစ်တိုက်သော တိုက်ကွက်ဖြစ်သည်။ လှုပ်ရှားမှုသည် လျှပ်ပြက်သလိုမြန်ပြီး ဓားချက်သည် မှန်တိုင်းလို ပြင်းထန်သည်။

ဟိုဝူရန်၏ ရှောင်တိမ်းမှုကလည်း ဓားတချက် ဓားထက်မြန်သည်။ သူ၏ ဓားသည် ဓားတချက်၏ ဓားကိုခါထုတ်လိုက်ပြီးသည်

နှင့် တစ်ပြိုင်နက် ဝှစ်ခနဲဝှစ်ခနဲ မြည်ထွက်သွားသည်။

မားတချက်ကလည်း ထိုမားချက်ကို သီသိကလေး ရှောင်ထွက်သွားနိုင်ပြန်သည်။

မားတချက်မှာ ယမ်းပုံမီးကျဖြစ်လာပြီး ထိုးစစ်ဆင်တော့၏။ မားတချက်၏ မားက တဝှစ်ဝှစ်မြည်သွားချိန်တွင် ဟိုက်ဝူရန်၏ မားကလည်း ဝင်းခနဲ ဝင်းခနဲ လက်သွားသည်။

'ရွှီ'ဟူသော အသံမြည်သွားပြီး မားတချက်၏ ဘယ်ဘက်ပခုံးပေါ်မှ ပူခနဲ ဖြစ်သွား၏။ ပခုံးမှ ကျောအထိ တစ်ပေခန့်ရှည်သော ဒဏ်ရာပေါ်လာသည်။ ရှပ်ထိသွားသော ဒဏ်ရာဖြစ်သော်လည်း သိပ်မသက်သာလှ။ သွေးများ ဖြာခနဲ ကျလာ၏။ မားတချက်ကိုယ်ကို ချာလပတ်လှည့်ပြီး နောက်ဆုတ်လိုက်ရ၏။ အဖြူရောင်အင်္ကျီရှည်တွင် အနီရောင်အကွက်ကြီး ဖြစ်နေလေပြီ။

"တယ်ကောင်းတဲ့ .... မားကွက်ပါလား .... "

ပြောပြောဆိုဆို ဘယ်ဘက်ပခုံးပေါ်မှ သွေးကြောကို ပိတ်လိုက်သည်။ သွေးထွက်ရပ်သွား၏။

"ဒီနေ့ဟာ မင်းရဲ့သေနေ့လား....ငါ့ရဲ့သေနေ့လား၊ မကြာခင်သိရမယ် .... မားတချက်ဆိုတာ တစ်ယောက်တည်းရှိတယ် .... "

မားတချက်က ချက်ချင်းအတွင်းအား ကျင့်စဉ်ကို ပြန်ကျင့်သည်။ ရှိသမျှ အင်အားကို စုစည်းသည်။

ဤကား ဟိုက်ဝူရန်အတွက် အခွင့်ကောင်းဖြစ်၏။ သို့သော် ဟိုက်ဝူရန် အခွင့်အရေးမယူ။ အတွင်းအားကျင့်နေစဉ် ဝင်တိုက်ခြင်းမှာ သိုင်းသမားကောင်းတို့၏ အပြုအမူမဟုတ်။



မားတချက် လှုပ်ရှားလာလေပြီ။

"ခွေးကောင် .... ဒီနေ့ မင်းမသေရင် ငါလူမလုပ်တော့ဘူး"

"ရပါတယ် .... လက်တွေ့က အဖြေပေးမှာပါ .... ဟဲ .... ဟဲ"

ဟိုက်ဝူရန်က မားကို အောက်စိုက်ထားပြီး မားတချက်ကို စိုက်ကြည့်၏။ မားတချက်က သူ၏အတွင်းအား အခြေအနေကို စူးစမ်းနေပြန်သည်။ စင်စစ် မားတချက်၏ အပြုအမူသည် မိုက်ကန်းသော အပြုအမူသာ ဖြစ်၏။ ဒဏ်ရာရပြီး သွေးထွက်များနေစဉ် အတွင်းအားကျင့်ခြင်းသည် သင့်လျော်သော အပြုအမူ မဟုတ်ချေ။ သို့သော် သေရေးရှင်ရေး အချိန်အခါ ဖြစ်နေ၍လည်း ဤသို့ မလုပ်လျှင်လည်း မဖြစ်ချေ။ အချိန်သည် နေရာရွေးနေရမည့်အချိန် မဟုတ်။

ဟိုက်ဝူရန်သည် မားတချက်၏ အပြုအမူကို မအားစက်စက်ကြီး ကြည့်နေ၏။ မားတချက်သည် သူ၏အပြောင်မြောက်ဆုံး သိုင်းကွက်ကို ထုတ်သုံးပေတော့မည်။ ဤသိုင်းကွက်သည်ကား ဟိုက်ဝူရန် တွေ့မြင်ချင်လွန်းသော သိုင်းကွက်ပင်တည်း။

◆◆◆

## အခန်း ၅၂

## နှင်းမြေပေါ်က လက်တစ်ဖက်

ဓားတချက်၏ ငြိမ်နေသော ကိုယ်သည် လှုပ်ခါပြီး ယိမ်းယိုင်လာ၏။ အရက်မူးနေသော လူနှင့်တူလှသည်။

ဟိုက်ဝူရန်သည် ဓားကို အောက်စိုက်ထားရင်း ဓားတချက်ကို စိုက်ကြည့်နေ၏။ မျက်ခြည်ပြတ်၍ မဖြစ်ချေ။ အရက်မူးလင်းယုန်တိုက်ကွက် စ,နေပြီ မဟုတ်လော။

ဓားတချက်သည် ဟိုသည် ယိမ်းယိုင်နေရာမှ ခုတ်ပိုင်းချက်တစ်ချက် ထုတ်လွှတ်လိုက်၏။ ဓားဦးကား နေရာမှန် မရှိသလို တုန်ခါနေသည်။

ဟိုက်ဝူရန်သည် ကြောက်ရွံ့ခြင်း၊ နောက်တွန့်ခြင်း မရှိဘဲ ငြိမ်သက်မြဲ ငြိမ်သက်နေ၏။

ဓားတချက်၏ ဒုတိယခုတ်ပိုင်းချက်ပေါ်လာပြန်သည်။ ပထမခုတ်ချက်နှင့် ခပ်ဆင်ဆင်ဖြစ်သော ခုတ်ပိုင်းချက်ပင်။ ခြေလှမ်းကား အရက်မူးသမားကဲ့သို့ ဟိုယိုင်သည်ယိုင် ဖြစ်နေသည်။

ထူးခြားဆန်းကြယ်သော သိုင်းကွက်နှင့် ဓားချက်များကို စတင်ဖော်ထုတ်နေခြင်းပင်။



နောက်တစ်ကွက်ဆိုလျှင် ထူးခြားဆန်းကြယ်ရုံမက ကြောက်စရာကောင်းသော ဓားချက်များ ပေါ်ထွက်လာမည်မှာ သေချာလှတော့၏။

ဟိုက်ဝူရန်သည် အောက်စိုက်ထားသော ဓားကို ထောင်မတ်လိုက်ရံတော့သည်။ ထို့နောက် ဓားရောင်ဝင်းခနဲ လက်သွား၏။ ဓားဦးသည် ဓားတချက်၏ ပခုံးပေါ် ဝဲကျသွားသည်။ သို့သော် ခုတ်ချက်မမှန် လွဲချော်သွား၏။

ဓားတချက်၏ ထူးခြားသော သိုင်းကွက်များ ဆက်တိုက်ပေါ်လာသည်။

ရုတ်တရက် ဓားတချက်၏ ဓားရိပ်များသည် တစ်ကိုယ်လုံးကို လွှမ်းခြုံရစ်ပတ်လာတော့သည်။ ဓားချက်တိုင်းသည် သေကွင်းသေကွက်သို့သာ ဦးတည်နေကြောင်း သတိပြုလိုက်မိ၏။ 'ရှီရှီ' ဓားသံနှစ်ချက် ဆက်တိုက် မြည်သွားသည်။ ဘယ်ပခုံးပေါ်မှ သီသီလေး ရှပ်ထွက်သွားသည်။

ဟိုက်ဝူရန် ချွေးပြန်လာတော့သည်။ အရက်မူး လင်းယုန်တိုက်ကွက် သုံးကွက်ကို ရှောင်တိမ်းပေးလိုက်ပြီးသည်နှင့် ထိုးစစ်စတော့သည်။

ဟိုက်ဝူရန်၏ ဓားသည် တုန်ခါပြီး မြောက်တက်သွားသည်။ ဓားဦးသည် မြွေလို တွန့်လိမ်နေ၏။ 'ရှီ' ဓားဦးသည် ဓားတချက် ရင်ဘတ်ထဲ တန်းဝင်သွားသည်။ ဤအကွက်သည် သံမဏိသိုင်းကွက်ထဲမှ တစ်ကွက်ဖြစ်သည်။

ဟိုက်ဝူရန်သည် သံမဏိသိုင်းကျမ်းကို လေ့ကျင့်ပြီးမှ အစွမ်း

ပိုထွက်လာခဲ့သည်။ အတွင်းအား ပိုမိုကောင်းမွန်ခဲ့၏။ ယခု တိုက်ကွက်သည် ထူးခြားခြင်း မရှိလှသော်လည်း အတွင်းအနှစ်သာရကား လျှို့ဝှက်ရက်စက်သော အကွက်ကလေးများ ပါဝင်နေ၏။ တစ်ချက်တည်းနှင့် ထိုးခြင်း၊ ခုတ်ခြင်း၊ ပက်ခြင်း၊ ရိုက်ခြင်း အကွက်များပါဝင်နေခြင်းတည်း။ တစ်ချက်ခုတ် လေးချက်ပြတ်တိုက်ကွက်ဟုဆိုသော် ရကောင်းသည်။

ဓားတချက် ဤအကွက်ကို သူမသိ၊ သာမန်အကွက်ဟုသာ ထင်ပြီး ရှောင်သည်။ တန်ပြန်တိုက်ကွက်ကို ထုတ်သည်။ သို့သော် ဟိုက်ဂူရန်၏ ဓားက လည်မျို၊ ဘယ်ပခုံး၊ ညာပခုံး၊ ဗိုက်စသည့် နေရာများသို့ ရိပ်ခနဲ ရိပ်ခနဲ ဝဲသွားရာမှ ရင်ဘတ်ထဲ တန်းဝင်လာသည်။

ဓားတချက်သည် လန့်ဖျပ်ပြီး ကာဝက် ပက်လိုက်ရသည်။ အချိန်မီကလေး ဖြစ်၏။ ဓား ဓားချင်း ရိုက်မိသံ ထန်းခနဲမြည်သွားသည်။ ဓားနှစ်ချောင်း ပူးရာမှ ပြန်ကွာသွားသည်။

သို့သော် ဟိုက်ဂူရန်၏ ဓားဦးက နောက်ဆုတ်သွားသယောင်နှင့် ဓားတချက်၏ မျက်လုံးနှစ်လုံးနှင့် ပခုံးနှစ်ဖက်ပေါ် ဆက်တိုက်ကျရောက်လာပြန်သည်။ ဓားတချက် မျက်လုံးပြူးသွား၏။ မာန်သွင်းသံပေးပြီး ထိုးခုတ်ချက်ကို အားကုန်သုံးပြီး ခုခံရသည်။ တစ်ချိန်တွင် ဓားဦးက ဟိုက်ဂူရန်၏ မျက်နှာပေါ် တန်းဝင်သွားသည်။ သို့သော် မှန်းချက် မကိုက်။ ဓား ဓားချင်းသာ ရိုက်မိသွားသည်။ မီးပွင့်များ ဝင်းခနဲ ပွင့်ဖြာသွား၏။

ဓားတချက် ဓားကိုရုပ်ရန်အားပြု၊ ဒိုက်စဉ်မှာပင် ဟိုက်ဂူရန်၏



ဓားက လျှပ်စီးပြက်သလို လက်ခနဲ လက်ခနဲ ဖြစ်သွားသည်။

"အို ...."

ဓားတချက် အထိတ်တလန့် အော်လိုက်မိ၏။ ရင်အုပ်နေရာမှ အင်္ကျီစပြတ်ထွက်သွားသည်။ သွေးများ ရဲခနဲ ဖြာကျလာ၏။ ရုပ်ထိသွားသော ဓားချက်ပင်။

ဟိုက်ဂူရန်က ကြောက်စရာကောင်းသော ဓားချက်ကို ထန်းခနဲမြည်အောင် ရိုက်ထုတ်လိုက်ပြန်၏။ ထို့နောက်တွင်မူ ဘယ်ဟာဟိုက်ဂူရန်၊ ဘယ်ဟာ ဓားတချက်ဟူ၍ မသိနိုင်လောက်အောင် ရှုပ်ထွေးသွား၏။ လူရိပ်များ တရိပ်ရိပ်၊ ဓားရောင်များတလက်လက်နှင့် လူနှစ်ယောက် ပူးနေရာမှ ကွာသွား၏။

"ဗုန်း .... အား"

ကိုယ်လုံးနှင့်မြေကြီး ထိခိုက်မိသံ၊ နာကျင်စူးရှစွာ အော်ဟစ်သံနှင့်အတူ နင်းမြေသည် ရဲခနဲဖြစ်သွားပြီး ဓားတချက်သည် မြေပြင်ပေါ်တွင် လူးလှိမ့်နေတော့၏။ လက်တစ်ဖက် မရှိသော ဓားတချက်သည် လက်နှစ်ဖက်မရှိသော ဓားတချက်ဖြစ်သွားလေပြီ။

ဓားတချက်သည် လဲကျနေရာမှ တလိမ့်လိမ့်ဖြစ်နေသည်။

လူးလှိမ့်သွားသော နေရာတိုင်း သွေးများရဲနေ၏။ အတန်ကြာမှ အယိမ်းယိမ်း အယိုင်ယိုင် ကုန်းထလာသည်။

ဟိုက်ဂူရန်က ရှေ့ကိုတိုးလာပြီး ခပ်ပြုံးပြုံး ကြည့်၏။ လက်ထဲမှ ဓားကို ဆုပ်ထားပြီး တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားနေသည်။

ယခုအချိန်၌ အသေသတ်ရန် လွယ်ကူ၏။

သို့သော် ဟိုက်ဂူရန် မသတ်ချင်ပေ။

"ခင်ဗျား .... ခင်ဗျားနာမည် ပြောစမ်းပါ"

ဓားတချက်က တုန်တုန်ယင်ယင် တောင်းဆိုသည်။ ဟိုက်ဝူရန်က မဖြေ။ စိုက်ကြည့်မြဲ စိုက်ကြည့်နေ၏။

"ဟော့လူ.... ခင်ဗျားနာမည် ဘယ်လူလဲ.... ကျုပ်အသေဖြောင့်အောင် ပြော .... ပြောစမ်းပါ"

"ခင်ဗျား မသေနိုင်သေးပါဘူး .... "

ဟိုက်ဝူရန်က ဓားကိုပြောင်းပြန် ပြန်ကိုင်ပြီး ဓားနောင့်နှင့် လှမ်းထိုးလိုက်သည်။

"အိုး .... အိုး"

ဓားတချက် လန့်အော်လိုက်၏။ ဟိုက်ဝူရန်က ရယ်သည်။

ဟိုက်ဝူရန်သည် ဓားတချက်၏ သွေးကြောတစ်ခုကို လှမ်းပိတ်လိုက်ခြင်းပင်။ ပခုံးမှ သွေးထွက်ရပ်သွားသည်။

"ခင် .... ခင်ဗျား .... တယ်ရက်စက်ပါလား"

ဓားတချက်က သွေးရူးသွေးတန်းပြော၏။ ဒေါသကြောင့် တစ်ကိုယ်လုံး တုန်ယင်နေသည်။

"ကျုပ်ကို အသေသတ်လိုက်ပါ .... ကျုပ်သေရဲတယ် .... သတ်ပါ .... သတ်ပါ .... ဒီအတိုင်းတော့ လုပ်မထားပါနဲ့ .... အိုး အိုး .... ကျွတ် .... ကျွတ်"

"ခင်ဗျားသေချင်လည်း ကျုပ်က မသတ်ချင်သေးဘူး .... ခင်ဗျား ရက်စက်သလို ကျုပ်က မရက်စက်တတ်ပါဘူး.... ခင်ဗျားရဲ့ အရက်မူး လင်းယုန်သိုင်းကွက်ဟာ.... အင်မတန် ပြောင်မြောက်တဲ့ သိုင်းကွက်တွေပါ.... နောက်လာနောက်သားတွေကို သင်ကြားပေးဖို့



လိုအပ်ပါ းတယ် .... "

"မင်း ဘာစကားပြောတာလဲ.... ခွေးတိရစ္ဆာန် .... ကဲ .... ပါ မင်း နာမည်ပြောစမ်းပါ .... "

ဟိုက်ဝူရန်က ဓားကို ဓားအိမ်ထဲ ပြန်ထည့်လိုက်၏။ လှည့်ထွက်ရန် ဟန်ပြင်ပြီးမှ မျက်နှာချင်း ပြန်ဆိုင်၏။ ဓားတချက်ကို စေ့စေ့ကြည့်သည်။

"ခင်ဗျား ကျုပ်နဲ့ယှဉ်ပြိုင်ခဲ့ဖူးပါတယ် .... "

"မဟုတ်တာ .... ဘယ်တုန်းကလဲ .... "

ဓားတချက်သည် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

"လွန်ခဲ့တဲ့ ဆယ်နှစ်က မပျော်ရွှင်ကျွန်းပေါ်မှာ"

"မဖြစ်နိုင်ဘူး .... "

"ခင်ဗျားဦးနောက် ပျက်နေပြီထင်တယ် .... "

"မစော်ကားပါနဲ့.... မပျော်ရွှင်ကျွန်းရဲ့ ရန်သူဟာ အသက်ရှင်ရှိး ထုံးစံမရှိဘူး .... "

"ကျုပ်ကတော့ ခုထိ အသက်ရှင်နေတာ ခင်ဗျားအမြင်ပဲ"

"ရှင်းပြစမ်းပါ .... "

ဟိုက်ဝူရန် အလွန်ပျော်နေသည်။ နှစ်ပေါင်းများစွာ စွဲကပ်နေသော ဝေဒနာကြီး ပျောက်ကင်းသွား သကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် တစ်လုံးချင်း ပြောသည်။

"လွန်ခဲ့တဲ့ ဆယ်နှစ်က အဖြစ်ဟာ .... ကျုပ်အဖို့တော့ လောလောဆယ်ဖြစ်နေသလိုပဲ.... ခင်ဗျားတို့အနေနဲ့ ပေါ့ပေါ့တန်တန် ရှိချင်မှ ရှိမယ်.... ခံရသူကတော့ တစ်သက်မမေ့နိုင်ဘူး.... ကျုပ်ဟာ

ခင်ဗျားတို့ရဲ့ အရက်မူးလင်းယုန် တိုက်ကွက်ထဲက ရုန်းထွက်ခဲ့ရတာဟာ.... မသေရုံတမည်ဘဲ၊ ခံစားရတဲ့ ဝေဒနာကလည်း နှစ်ရှည်လများပဲ .... ခင်ဗျားတို့ကတော့ ကျုပ်ကို သေပြီလို့ ယူဆခဲ့ကြတာပဲ .... ကျုပ်ကတော့ ခုချိန်ထိ မသေသေးပါဘူး .... ”

“နာမည်ကိုပြောပါ .... ”

“ဟိုက်ဝူရန် .... ”

ဓားတချက်သည် မိုးခြိမ်းသံလား အောက်မေ့လိုက်မိသည်။

“ဟိုက် .... ဝူ .... ရန်” ပါးစပ်ထဲမှ ပဲ့တင်ထွက်လိုက်မိသည်။

“ဟိုက်ဝူရန် .... ဟုတ်ပြီ ကျုပ်မှတ်မိပြီ .... မသေသေးဘဲကိုး”

“ခုတော့ .... ဆယ်နှစ်က အငြိုးကြီးကျေသွားပြီဆိုပါတော့၊ ဒါကြောင့် .... ခင်ဗျားကို ခွင့်လွှတ်လိုက်တာပါ .... ကဲ .... ခင်ဗျား သွားလိုရာသွားနိုင်ပါပြီ .... ခင်ဗျားလက်ကို ဖြတ်လိုက်နိုင်တဲ့အတွက် ကျုပ် ကျေနပ်ပြီ .... ”

“ကျေနပ်တယ် ဟုတ်လား .... ”

ဓားတချက်က မချိပြုံး ပြုံးသည်။ နောက်သို့ တစ်လှမ်းဆုတ်၏။ ညာခြေကို မြှောက်ပြီး ဆန့်ထုတ်လိုက်သည်။

ဖိနပ်ကြားထဲမှ ဓားတိုလေးတစ်ချောင်း ဝှစ်ခနဲမြည်ပြီး ပြေးထွက်လာသည်။

လျှပ်ရှားမှုမြန်သည်။

ပြင်းထန်သည်။

ဟိုက်ဝူရန် ဖြတ်ခနဲ ရှောင်ပေးလိုက်သည်။ ဓားတိုလေးသည် ပခုံးနားမှကပ်ပြီး လွင့်ထွက်သွားသည်။



ဟိုက်ဝူရန် ဒေါသထွက်လာသည်။

ဓားတချက်သည် ခွေးမြီးကောက်လို လူစားသာတည်း။

ဟိုက်ဝူရန်က ရွံမုန်းသော အကြည့်နှင့်ကြည့်ပြီး တစ်လုံးချင်း ပြောသည်။

“ခင်ဗျားဟာ ဆန်ကောလောက်မှ စောက်မနက်တဲ့ လူပဲ.... ခင်ဗျားတို့ရဲ့ မပျော်ရွှင်အဖွဲ့ဟာ ဆယ်နှစ်လုံးလုံး မကောင်းမှုတွေကို ကျူးလွန်ခဲ့တဲ့အဖွဲ့ပဲ .... ခုတော့ မကောင်းမှုဒဏ်ကို ခင်ဗျားခံရပြီ ဝဋ်ဆိုတာ နောင်မှ မဟုတ်ဘူး .... ချက်ချင်းလည်တတ်တယ် .... ခင်ဗျား အသက်ချမ်းသာ ခွင့်ရနေတာပဲ .... ကံကောင်းတယ်မှတ် ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုတာ ခင်ဗျားလို လူတွေကိုပြောတာ နားလည်လား ဟား ဟား .... ဟား”

ဟိုက်ဝူရန် ရယ်သံသည် နှင်းတောတစ်ခုလုံး ဖုံးလွှမ်းသွား၏။

ဓားတချက်သည် ရေမြွေဘဝသို့ ရောက်နေသဖြင့် ဘာမျှ စောဒက မတက်နိုင်တော့ချေ။

အချိန်အတော်ကြာအောင် ခေါင်းကြီး ငိုက်စိုက် ချထားရာမှ

“ဟိုက်ဝူရန် ခင်ဗျားမပျော်ရွှင်ကျန် ကို လာဦးမှာလား”

“လာချင်ပါတယ် .... ရောက်အောင် လာဖို့လည်း ရည်ရွယ်ချက်ရှိပါတယ် .... ”

“ကောင်းပြီ .... ခင်ဗျားအလာကို စောင့်ကြိုနေမယ်”

ဓားတချက်၏အသံသည် သိသိသာသာ ပျော့ပျောင်းသွားသည်။

ထို့နောက် ယိုင်ထိုးယိုင်ထိုးနှင့် ထွက်သွားသည်။

ဟိုက်ဝူရန်သည် တလှုပ်လှုပ်သွားနေသော ဓားတချက်၏ နောက်ကျောပြင်ကိုသာ ငေးကြည့်နေမိတော့သည်။

နှင်းပွင့်၊ နှင်းခဲတို့ကား တဖွဲဖွဲ တသဲသဲ ကြွေနေဆဲပါတည်း။

စာစဉ်(၈)ပြီး၏။

စာစဉ်(၉–ဇာတ်သိမ်းပိုင်း)ကို ဆက်လက်ဖတ်ရှုပါရန်

**တက္ကသိုလ်နေလင်းအောင်**